www.burmeseclassic.com




# ဝဏ္ဏအောင်

မှယုံမီ၏ဝမ်ကျားယန်

## သိုင်းလောကတစ်ခွင် ဖူးစာရှင်

www.burmeseclassic.com

www.burmeseclassic.com

၂၀၁၃–ခုနှစ်

ပထမအကြိမ်၊ အုပ်ရေ–၄၀၀
တန်ဖိုး ၁၀၀/–ကျပ်

ထုတ်ဝေသူ
ဒေါ်ခင်မာချို (ပန်းဝေဝေစာပေ)
အမှတ် (၃၆၀)၊ ဗိုလ်အောင်ကျော်လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်
ဦးဝင်းကျော်ထွန်း၊ (မုံရွေးပုံနှိပ်တိုက်)
အမှတ် (၁၄၀)၊ ၄၅–လမ်း၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

### ဒို့တာဝန်အရေးသုံးပါး

- ☆ ပြည်ထောင်စုမပြိုကွဲရေး — ဒို့အရေး
- ☆ တိုင်းရင်းသားစည်းလုံးမှုမပြိုကွဲရေး — ဒို့အရေး
- ☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

### ပြည်သူ့သဘောထား

- ☆ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ☆ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ☆ နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ☆ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

### နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- ☆ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
- ☆ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
- ☆ ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ☆ ဖြစ်ပေါ်လာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်အသစ်တရပ်တည်ဆောက်ရေး။

### စီးပွားရေးဦးတည်ချက်(၄)ရပ်

- ☆ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ☆ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
- ☆ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ☆ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

### လူမှုရေးဦးတည်ချက်(၄)ရပ်

- ☆ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
- ☆ အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- ☆ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။

www.burmeseclassic.com

www.burmeseclassic.com



## နိဒါန်း

ဟန်ကျူးမြို့သည် အနယ်နယ်အရပ်ရပ်မှ ခရီးသွားများနှင့် အလွန်စည်ကားသော မြို့တစ်မြို့ဖြစ်သည်။ ထို့ကြောင့် လူရှိသည် ဟန်ကျူးမြို့သို့ရောက်သည့်အခါ ခရီးမဆက်ဖြစ်သေးဘဲ သွားလာလည်ပတ်ရန် ခေတ္တတည်းခိုနေထိုင်လေသည်။

သူသည် ဟန်ကျူးမြို့၏နာမည်ကြီး ဘုံကျောင်းတစ်ကျောင်းဖြစ်သည့် ကျိန်ဘုံကျောင်းသို့ သွားရောက်လည်ပတ်၏။

ယင်းသို့လည်ပတ်စဉ် အစိမ်းရောင်ဝတ်ဆင်ထားသော မိန်းကလေးတစ်ဦးအား အမှတ်မထင် တွေ့မြင်ဆုံတွေ့ခဲ့ပြီး ...

သူ၏ဘဝခရီးလမ်းကြောင်းလည်း တစ်ဆစ်ချိုး ကွေ့ဝိုက်သွားလေတော့၏။

* * *

BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁)

ဟန်ကျူးမြို့သည် စည်ကားသိုက်မြိုက်သော မြို့ကြီးတစ်မြို့ ဖြစ်သည်။

ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များရှိရာ မြို့ဖြစ်၍ ...

ခရီးသည်များ၊ ကုန်သည်ပွဲစားများနှင့် ဒေသန္တရဗဟုသုတ ရှာဖွေကြသူများ ဝင်ထွက်သွားလာမစဲ ရှိကြပြီး နေ့ရော ညပါ သက်ဝင်လှုပ်ရှားနေသော မြို့ကြီးလည်း ဖြစ်သည်။

ဟန်ကျူးမြို့တွင် ဟန်ကျူးရေကန်နှင့် ထင်ရှားသော ဘုံကျောင်းများ၊ ရှေးဟောင်းအဆောက်အဦများ စသည်တို့သည် အနယ်နယ်အရပ်ရပ်မှ ခရီးသွားများကို ဖိတ်ခေါ်သလို ရှိနေပေသည်။

မြို့သူမြို့သားများသည် စိတ်သဘောထားကောင်းမွန် ဖော်ရွေမှုရှိကြသည်။



ထို့ကြောင့် ...

ဟန်ကျူးမြို့သို့ ရောက်လာသူတိုင်းသည် ပျော်ရွှင်မှု၊ ကျေနပ်အားရမှု ဖြစ်ရတတ်သည်။

တစ်နယ်တစ်ကျေးမှ လာခဲ့သော ခွေးလေးသည် ဟန်ကျူးမြို့သို့ ရောက်သောအခါ အခြားနေရာသို့ ထွက်မသွားဖြစ်တော့ဘဲ အခြေချနေထိုင်ရန် ဆုံးဖြတ်လိုက်လေသည်။

ဟန်ကျူးမြို့လောက် စားကျက်ကောင်းသည့်နေရာ မရှိဟု နားလည်သဘောပေါက်ထားခြင်းကြောင့်လည်း ဖြစ်၏။

သူ၏အတတ်ပညာဖြင့် ထိုမြို့၌ လုပ်ကိုင်စားသောက်လျှင် တစ်နှစ် နှစ်,နှစ်အတွင်း ချမ်းသာကြွယ်ဝသွားလိမ့်မည်ဟုလည်း ကောင်းစွာယုံကြည်မိလေသည်။

ခွေးလေးမှာ အလွန်လျင်မြန်ပါးနပ်သော ခါးပိုက်နှိုက်တစ်ယောက် ဖြစ်သည်မဟုတ်ပါလား။

✱

အချိန်ကာလအားဖြင့် တွက်စစ်လျှင် ...

www.burmeseclassic.com

www.burmeseclassic.com



ခွေးလေး ထိုမြို့သို့ရောက်ခဲ့သည်မှာ တစ်နှစ်တင်းတင်း ပြည့်သွားပြီဖြစ်၏။

သို့တိုင်အောင် ...

သူ၏မျှော်လင့်ရည်မှန်းချက်များမှာ ရေထဲအရုပ်ရေးသလို ဘာမျှအရာထင်ခြင်း မရှိသေးပါ။

တစ်နေ့နေ့တွင် အဆင်ပြေနိုးနိုးဖြင့် မရေရာသောနေ့ရက်များစွာကို စိတ်ပျက်စွာ ဖြတ်ကျော်နေရဆဲဖြစ်သည်။

ဝေတ်တစ်လှည့် ပြတ်တစ်လှည့် ဖြစ်နေဆဲဖြစ်၏။

ထိုသို့ဖြစ်ရသည်မှာ ခွေးလေး ညံ့ဖျင်းသောကြောင့် မဟုတ်ပါ။ သူ၏ကျွမ်းကျင်သော ခါးပိုက်နှိုက်ပညာဖြင့် တစ်နှစ်အတွင်း ငွေငါးသိန်းဖိုးမက နှိုက်ယူရရှိခဲ့သည်။

ငွေငါးသိန်းဆိုသည်မှာ နည်းနည်းနောနော ပမာဏမဟုတ်ပါ။ ငွေသုံးထောင်ပေးလျှင် အကောင်းစားအိတ်တစ်လုံးကိုပင် ဝယ်ယူရရှိနိုင်ပေသည်။

ငွေအများအပြားရခဲ့ပါလျက် ဝေတ်တစ်လှည့် ပြတ်တစ်လှည့် ဖြစ်နေရခြင်းမှာ ထိုမြို့တွင် ကြီးစိုးနေသော ဒုစရိုက်သမားများကြောင့် ဖြစ်သည်။



ထိုမြို့သည် စည်ကားသိုက်မြိုက်ပြီး ပျော်ရွှင်စရာကောင်းသည်ဖြစ်သလို နောက်ကွယ်တွင် ဒုစရိုက်သမားများ ကျင်လည်ကျက်စားလျက် ရှိနေကြသည်။

ထိုဒုစရိုက်သမားများသည် လူသစ်အဖြစ် အခြေချထားသော ခွေးလေးအား အနိုင်ကျင့်ကြသည်။

ခေါင်းပုံဖြတ်ကြသည်။

ခွေးလေးသည် မိမိရရှိသမျှထဲမှ အတော်များများကို ဆက်ကြေးအဖြစ် ပေးခဲ့ရသည်။

ထို့ကြောင့် ခွေးလေးမှာ မျှော်လင့်သည့်အတိုင်း ဖြစ်မလာဘဲ ဒုံရင်းအတိုင်းသာ ဖြစ်နေရခြင်း ဖြစ်ပေသည်။

✷

ယနေ့။

ယနေ့သည် ခွေးလေးအတွက် ပျော်ရွှင်စရာ အကောင်းဆုံးနေ့ဖြစ်သည်။ ဟန်ကျူးမြို့သို့ ရောက်ရှိအခြေချသည့် တစ်နှစ်တာကာလအတွင်း ကံအကောင်းဆုံး နေ့တစ်နေ့လည်း ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



အကြောင်းကား။

မြို့တောင်ဘက်ရှိ ဘုံကျောင်းသို့ လာရောက်ဝတ်ပြုသူတစ်ဦး၏ငွေအိတ်ကို စောစောစီးစီး နှိုက်ယူရရှိခြင်းကြောင့် ဖြစ်၏။

ခွေးလေးသည် ငွေအိတ်ကိုရသည်နှင့် သူစတည်းချသည့် မြို့စွန်ရှိ ရှောင်ကောင်းအရက်ဆိုင်လေးသို့ အပြေးအလွှားရောက်ရှိခဲ့သည်။

ရှောင်ကောင်းအရက်ဆိုင်သည် လူပေါင်းစုံ ဝင်ထွက်သွားလာလေ့ရှိသော ဆိုင်တစ်ဆိုင် မဟုတ်ပါလား။

ခွေးလေးသည် ရှောင်ကောင်းအရက်ဆိုင်သို့ရောက်သည့်အခါ ချောင်ကျကျစားပွဲတစ်လုံး၌ နေရာယူလိုက်သည်။

ထို့နောက် ... အရက်နှင့်စားစရာအချို့ မှာကြားပြီး ဟန်မပျက် စားသောက်နေလိုက်သည်။

ခဏကြာမှ ပတ်ဝန်းကျင်ကို တစ်ချက်အကဲခတ်ပြီး ...

နှိုက်ယူရရှိသော ငွေအိတ်ကလေးကို ပေါင်နှစ်လုံးကြား၌ အသာဝှက်ကာ ဖွင့်ကြည့်လိုက်သည်။

ငွေအိတ်ကလေးအတွင်း၌ ကြေးပြားအချို့၊ ငွေတုံးအနည်းငယ်နှင့် ရွှေဒင်္ဂါး ပြားငါးပြား ရှိနေသည်ကို တွေ့ရ၏။



အခြား စာရွက်ခေါက်ကလေးများလည်း ရှိနေ၏။

ခွေးလေး၏မျက်လုံးများ အရောင်တဖိတ်ဖိတ် တောက်ပသွားသည်။

ကြေးပြားများနှင့် ငွေတုံးလေးများသည် တန်ဖိုးများလှသည်မဟုတ်သော်လည်း ရွှေဒင်္ဂါးငါးပြားသည်ကား တန်ဖိုးကြီးလှသည် မဟုတ်ပါလား။

ခွေးလေးသည် စာရွက်ခေါက်လေးများကို ထုတ်ယူကာ ဖြန့်ကြည့်လိုက်သည်။

ဤတွင် ...

သူ လုံးဝမမျှော်လင့်မထားသော ဖြစ်ရပ်နှင့် ကြုံတွေ့လိုက်ရလေသည်။

ထိုစာရွက်ခေါက်လေးများမှ ရိုးရိုးစာရွက်ခေါက်လေးများ မဟုတ်ပါ။

တစ်သိန်းတန် ငွေလွှဲလက်မှတ်များ ဖြစ်နေခြင်းကြောင့်ပင်။

မည်သည့်ငွေတိုက်၌မဆို ငွေသားထုတ်ယူလဲလှယ်ခွင့်ရှိသည့် သိမ်းငှက်ငွေတိုက်၏ငွေလွှဲလက်မှတ်များဖြစ်သည်။

ခွေးလေးမှာ မျက်လုံးများ ဝိုင်းစက်သွားပြီး ...

www.burmeseclassic.com

www.burmeseclassic.com



"ဟား"

ဟု လွှတ်ခနဲ ရေရွတ်လိုက်မိလေသည်။

သူ၏ဘဝသည် အပြောင်းအလဲကြီး ပြောင်းလဲသွားရတော့မည် မဟုတ်ပါလား။

သူ့ဘဝတစ်သက်တာတွင် ဤကဲ့သို့ အချိုကြီး မည်သည့်အခါကမျှ မျှော်လင့်မိခြင်း မရှိခဲ့ပါချေ။

ခွေးလေး ဝမ်းသာအားရ ဖြစ်သွားပြီ။

"ငါတော့ ပွပြီ၊ ဒီမြို့က မြန်မြန်ပြေးမှ"

ဟု ရေရွတ်လိုက်ပြန်သည်။

မှန်ပေသည်။ ဤမြို့၌ ဆက်လက်နေထိုင်မည်ဆိုပါလျှင် မိုက်ကြေးခွဲနေသော ခုစရိုက်သမားများ၏လက်ထဲသို့ ရသမျှ ပေးအပ်လိုက်ရမည် မဟုတ်ပါလော။

ဟန်ကျူးမြို့၏အမှောင်ရိပ်နောက်ကွယ်၌ ခုစရိုက်ဂိုဏ်းအတော်များများရှိသည့်အနက် နဂါးဂိုဏ်းမှာ အင်အားအတောင့်တင်းဆုံး၊ နာမည်အကျော်ဆုံး ဖြစ်လေသည်။

ခွေးလေးမှာ နဂါးဂိုဏ်း၏နှိပ်စက်မှုကို ကျောကော့အောင် ခံခဲ့ဖူးသဖြင့် ထိတ်လန့်နေသည်။



ဟန်ကျူးမြို့သို့ရောက်လာသည့် ခရီးသည်တစ်ဦး၏ငွေများ ပျောက်ဆုံးသွားသည်ဟူသော သတင်းကြားသည်နှင့် နဂါးဂိုဏ်းမှလူများသည် ခိုးဝှက်တတ်သူများ၊ ခါးပိုက်နှိုက်များအား လိုက်လံရှာဖွေကာ မိုက်ကြေးခွဲကြတော့မည် ဖြစ်လေ၏။

ခွေးလေးက ...

"ငါရလာတဲ့ ငွေတန်ဖိုးက အတော်များတော့ မကြာခင် နဂါးတွေ သတင်းအနံ့ရသွားမှာပဲ၊ မကြာခင် တစ်မြို့လုံး ပိုက်စိတ်တိုက် ရှာကြမှာပဲ၊ သူတို့ထက်ဦးအောင် မြန်မြန်ထွက်ပြေးမှ"

ဟု တွေးလိုက်၏။

ပြေးမည်ဟု ဆုံးဖြတ်လိုက်သည်နှင့် ချက်ချင်း ထိုင်ရာမှ ထရပ်လိုက်၏။

အရက်နှင့် စားသောက်စရာများအတွက် ကျသင့်ငွေကို ပေးလိုက်၏။

ထို့နောက် ဆိုင်ထဲမှ ခပ်သွက်သွက် ထွက်လာခဲ့လေတော့သည်။

✷ ✷ ✷

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂)

နေခြည် ဖြာကျနေ၏။

ဝန်းကျင်တစ်ခုလုံး သာယာလှပနေ၏။

လမ်းကလေးတစ်ဖက်တစ်ချက်၌ စိမ်းလန်းသောသစ်တောများ ဖုံးလွှမ်းနေ၏။

အဝေးမှ ကျေးငှက်ကလေးများ၏ဘာသာဘာဝ တေးသီကျူးသံကို ကြားနေရ၏။

တောလမ်းတစ်လျှောက် လူသွားလူလာ ကင်းရှင်းကာ တိတ်ဆိတ်နေ၏။

ခွေးလေးက တမင် လူရှင်းသောတောလမ်းမှ ဖြတ်လာခဲ့ခြင်းဖြစ်၏။

လူသွားလူလာပြတ်သော ခရီးသွားလမ်းမကြီးမှ သွားမည်ဆိုပါလျှင် တစ်ဦးမဟုတ်တစ်ဦးက သူ့အား တွေ့မြင်လိမ့်မည်ဖြစ်၏။



ဤသို့ဆိုလျှင် ...

ငွေအများအပြား ခါးပိုက်နှိုက်ခံလိုက်ရသည့်ကိစ္စနှင့် ဆက်နွယ်ကာ သူထွက်ပြေးသွားပြီဖြစ်ကြောင်း နဂါးအဖွဲ့မှ သိရှိသွားပြီး ချက်ချင်းလိုက်လာကြလိမ့်မည် ဖြစ်လေသည်။

ထိုအချက်ကိုတွေးမိသဖြင့် အန္တရာယ်ကို ကြိုတင်ရှောင်ရှားသည့်အနေဖြင့် လူပြတ်သောတောလမ်းမှ ဖြတ်သန်းလာခဲ့ခြင်း ဖြစ်၏။

ငွေသည် လူသားတို့အပေါ်၌ ဩဇာလွှမ်းမိုးနိုင်သည်မှာ ငြင်းမရသောအချက်ဖြစ်၏။

ငွေမရှိသောအခါ ခွေးလေး မှိုင်တွေနေပြီး ယခုကဲ့သို့ ငွေအများအပြားရလာသောအခါ ခွေးလေးလို အလိုလိုနေရင်း ရွှင်လန်းနေလေ၏။

တောလမ်းကလေးအတိုင်း လေကလေး တချွန်ချွန်ဖြင့် လျှောက်လာခဲ့၏။

သူ့တွင် ငွေအများအပြား ရှိနေပြီဖြစ်ရာ ရှေ့ဆက်ရမည့် ဘဝခရီးလမ်းသည် သာယာဖြောင့်ဖြူးနေတော့မည်ဟု ယုံကြည်ထား၏။

www.burmeseclassic.com

www.burmeseclassic.com



မည်သို့ဆိုစေ လောကပေါ်တွင် မိမိကြမ္မာ မည်သို့ဖန်လာမည်ကို မသိနိုင်သည့်သဘော ခိုင်မြဲလေ၏။

ခွေးလေးက ပျော်စရာကောင်းသော ဘဝသစ်ကို ပိုင်ဆိုင်ရတော့မည်ဟု ယူဆထားသော်လည်း ရုတ်တရက် သစ်ပင်ကြားမှ ခုန်ထွက်လာသူသုံးယောက်အား တွေ့လိုက်ရသောအခါ ...

"ဟာ"

ခွေးလေး လွှတ်ခနဲအော်ကာ ခြေလှမ်းတုံ့ခနဲ ရပ်သွားလေ၏။

တောလမ်းပေါ်သို့ ရုတ်ခြည်း ရောက်ရှိလာသူသုံးဦးမှာ အနက်ရောင်အဝတ်အစားများ ဝတ်ဆင်ထား၏။

ဓားကိုယ်စီ ခါးချိတ်ထား၏။ သူတို့သည် ခွေးလေးအား ချက်ချင်းပင် ဝိုင်းရံထားကြလေ၏။ ခွေးလေး မျက်လုံးပြူးသွားသည်။

"ခင် ... ခင်ဗျားတို့"

ထစ်ထစ်ငေါ့ငေါ့ ရေရွတ်လိုက်၏။

ထိုလူသုံးယောက်အနက် တစ်ယောက်သည် ရုပ်ရည်ခက်ထန်ကြမ်းတမ်းပြီး မျက်နှာပေါ်တွင် ကန့်လန့်ဖြတ် ဓားဒဏ်ရာ အမာရွတ်ကြီးရှိ၏။



ထိုလူအား ခွေးလေး ကောင်းစွာသိရှိထားပါသည်။

ထိုလူမှာ နဂါးဂိုဏ်းမှ ဂိုဏ်းချုပ်၏ညာလက်ရုံး အမာရွတ်ဆိုသူ ဖြစ်၏။

အမာရွတ်သည် လက်မရွံ့လူသတ်သမားတစ်ယောက် ဖြစ်ကြောင်းလည်း ကျော်ကြား၏။

နဂါးဂိုဏ်းတွင် ရက်စက်ကြမ်းကြုတ်သော လူဆိုးလူမိုက်များစွာ ရှိ၏။ ထိုလူဆိုးလူမိုက်များသည်ပင် အမာရွတ်အား ကြောက်ရွံ့ကြရလေသည်။

အမာရွတ်သည် နဂါးဂိုဏ်းတွင် အရေးပါအရာရောက်သူဖြစ်ရကား ကိုယ်တိုင်ထွက်၍ လှုပ်ရှားခြင်းမရှိချေ။

သူ၏လက်အောက်မှ လူဆိုးလူမိုက်များကိုသာ တာဝန်ပေးခိုင်းစေလေ့ရှိ၏။

ယခု ... အမာရွတ်ကိုယ်တိုင် ပါလာသည်ကိုကြည့်လျှင် အလွန်အရေးကြီးသောကိစ္စတစ်ခု ရှိနေပြီဖြစ်ကြောင်း ထင်ရှားလေ၏။

ခွေးလေးသည် အမာရွတ်ကိုကြည့်ကာ ခေါင်းနပန်းကြီးသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



သူက ငွေအများအပြားရခဲ့ပြီး ထွက်ပြေးလာခြင်းသည် အမာရွတ်ကိုယ်တိုင် လိုက်လာရလောက်အောင် အရေးကြီးသော ကိစ္စဖြစ်နေပြီဟု နားလည်လိုက်သည်။

ခွေးလေးသည် ကြောက်ရွံ့ထိတ်လန့်သွားသော်လည်း ဟန်ဆောင်၍ ပြုံးလိုက်သည်။

ခါးကိုင်းသွားသည်အထိ ဦးညွှတ်ကာ အမာရွတ်အား နှုတ်ဆက်လိုက်သည်။

"အစ်ကိုကြီး အမာရွတ်ပါလား၊ ဂါရဝပြုပါတယ်ခင်ဗျာ၊ အစ်ကိုကြီး ဘယ်သွားကြမလို့လဲ"

အမာရွတ်နှင့်အတူ လိုက်ပါလာသူနှစ်ယောက်မှာ အမာရွတ်၏လက်စွဲတော် လူဆိုးလူမိုက်များဖြစ်ကြပြီး သရဲနှစ်ကောင်ဟု အမည်ရှိလေသည်။

သရဲနှစ်ကောင်အနက် သရဲကြီးက ...

"ဟေ့ကောင် ... အပိုတွေပြောမနေနဲ့၊ မင်းနောက်ကို ငါတို့လိုက်လာတာကွ"

ဟု ငေါက်လိုက်သည်။

"ဗျာ"



ခွေးလေး ဇက်ကလေးပုသွားသည်။

"ဟုတ်ပါပြီ၊ ငါ ငွေလွှဲလက်မှတ်တွေ ရသွားတဲ့သတင်း သူတို့ သိသွားကြပြီ"

ဟု စိတ်ထဲမှ ညည်းတွားလိုက်လေသည်။

သရဲကြီးက အော်လိုက်သည်နှင့် သရဲလေးက ...

"ခွေးလေး ... မင်းက လူလည်ကျချင်တယ် ဟုတ်လား"

ဟု ငေါက်လိုက်သည်။

"ဗျာ"

ခွေးလေး လှုပ်လှုပ်ရှားရှားဖြစ်သွားသည်။ သရဲလေးက ...

"ခွေးကောင် ... မင်း ခုမှ ဘာမသိချင်ဟန်ဆောင်နေတာလဲ၊ မင်း ဘာတွေလုပ်ခဲ့တယ်ဆိုတာ ငါတို့ မသိဘူးများ မှတ်နေသလား"

ခွေးလေး ခေါင်းငုံ့ထားလိုက်သည်။

သူ ချောင်ပိတ်မိနေပြီဖြစ်သည်။ သရဲလေးကပင် ...

"မင်း ... ဒီနေ့ ကျိန်ဘုံကျောင်းမှာ ဘာလုပ်ခဲ့သလဲ ပြောစမ်း"

"ဗျာ"

www.burmeseclassic.com

www.burmeseclassic.com



"ဟေ့ကောင် … လိမ်မယ်မကြံနဲ့ သေသွားမယ်၊ ဘာမှတ်သလဲ"

"ကျွန်တော်"

"ပြောစမ်း၊ ကျိုန်ဘုံကျောင်းမှာ ဘာလုပ်ခဲ့သလဲ"

သရဲလေးက ပြောပြောဆိုဆို ခွေးလေးအား ပါးရိုက်ချလိုက်၏။

'ဖြန်း'

ကျယ်လောင်သောမြည်သံ ထွက်ပေါ်လာသည်။

ခွေးလေးပါးပြင် ထူပူသွားပြီး လက်ငါးချောင်းရာကြီးအထင်းသား ပေါ်လွင်လာ၏။

ခွေးလေးက ကပျာကယာ နောက်ဆုတ်လိုက်သည်။

ထိတ်လန့်ကြောက်ရွံ့လွန်းသဖြင့် သူ၏မျက်လုံး ပြူးကျယ်နေသလို ခန္ဓာကိုယ်က တဆတ်ဆတ်တုန်ယင်နေသည်။

သရဲလေးက …

"ဟေ့ကောင် … မေးနေတာကို ဖြေစမ်း၊ အူကြောင်ကြောင်လုပ်မနေနဲ့ သေသွားမယ်"

ဟု ငေါက်ကာ ဆွဲထုတ်လိုက်သည်။



အမာရွတ်က အေးအေးဆေးဆေး လက်ပိုက်ကာ ကြည့်နေသည်။

သရဲကြီးနှင့်သရဲလေးတို့ သဘောကျ ခွင့်ပြုထားသည့်သဘောမျိုးဖြစ်ပေသည်။ ခွေးလေးက …

"ကျွန် … ကျွန်တော်"

စကား ထစ်ထစ်ငေါ့ငေါ့ဖြစ်ကာ ဆက်မပြောနိုင်ချေ။

သရဲကြီးက ကြားဝင်ငေါက်လိုက်သည်။

"ခွေးလေး … မင်း အသာအနာခံမလား၊ မှန်မှန်ပြောမလား၊ ကြိုက်တဲ့လမ်း ရွေးစမ်း"

ခွေးလေး ဘာမှမတတ်နိုင်တော့ချေ။

ကျိုန်ဘုံကျောင်းမှဖြစ်ရပ်ကို အမာရွတ်တို့ သိရှိနေပြီမဟုတ်ပါလား။ ထို့ကြောင့် …

"ကျွန် … ကျွန်တော် ပြောပြပါ့မယ် ခင်ဗျာ"

ဟု တောင်းပန်လိုက်သည်။ သရဲကြီး ကျေနပ်သွားသည်။

"ကောင်းပြီ၊ ကျိုန်ဘုံကျောင်းမှာ လူတစ်ယောက်ကို မင်းက ခါးပိုက်နှိုက်ခဲ့တယ်၊ ငွေအတော်များများ ရသွားတယ်၊ ကဲ … မင်း ဘာငြင်းချင်သေးလဲ"

www.burmeseclassic.com

www.burmeseclassic.com



ခွေးလေးက ...

"ကျွန် ... ကျွန်တော် မငြင်းတော့ပါဘူးခင်ဗျာ"

သရဲကြီး သဘောကျသွားသည်။

"ဒီလိုမှပေါ့ မင်းက ငွေတွေလည်းရရော ငါတို့ကို မပေးချင်တာနဲ့ ထွက်ပြေးဖို့ ကြိုးစားတာပဲ မဟုတ်လား"

"ကျွန် ... ကျွန်တော်"

"ဟေ့ကောင် ... မင်းမလိမ်နဲ့"

သရဲကြီးက မျက်လုံးကြီးပြူးကာ အော်ငေါက်လိုက်ခြင်းကြောင့် ခွေးလေး အသက်ထွက်လုမတတ် ကြောက်လန့်သွားလေသည်။

"ဟုတ် ... ဟုတ်ကဲ့၊ ကျွန် ... ကျွန်တော် ထွက်ပြေးဖို့ ကြံစည်မိခဲ့ပါတယ် ခင်ဗျာ"

အမှန်အတိုင်း ဝန်ခံလိုက်ရသည်။

"ထွီ"

သရဲကြီးက မြေပေါ် တံတွေးထွေးချလိုက်သည်။

"ခွေးလေး ငါတို့ကိုတောင် အာခံဖို့ ကြိုးစားတာ မင်း သေချင်လို့ပဲ၊ မင်းကို မှတ်လောက်သားလောက်အောင် ဆုံးမရလိမ့်မယ်"



ငေါက်လိုက်သလို သရဲလေးကလည်း ...

"ဟေ့ကောင် ... မင်းရလာတဲ့ငွေတွေ ထုတ်လိုက်စမ်း"

ဟု အော်ငေါက်လိုက်သည်။

ခွေးလေး မျက်နှာလေး ငယ်နေ၏။

ငွေအားလုံး ထုတ်ပေးရမည့်အပြင် အနိုပ်စက်ခံရဦးမည်ဖြစ်ကြောင်း နားလည်သဘောပေါက်ထားလေသည်။

ခွေးလေး ဆောက်တည်ရာမရ ဖြစ်နေသည်။

တစ်ချိန်လုံး ငြိမ်သက်စွာ အကဲခတ်နေသည့် အမာရွတ်က

"ဟေ့ ... အချိန်ကြာတယ်၊ ဒီကောင်က ထွက်ပြေးဖို့ ကြံစည်တယ်ဆိုတော့ သူ့ကိုယ်ပေါ်မှာ ငွေလဲလက်မှတ်တွေ ရှိနေမှာပဲ၊ ဒီကောင့်ကို အရင်ဆုံးရှင်းပစ်လိုက်ပြီးမှ သူ့ရဲ့ကိုယ်ပေါ်က အသာနှိုက်ယူရုံပဲ"

ဟု အမိန့်ပေးလေသည်။

အမာရွတ်သည် သရဲညီနောင်ထက် ပိုပြီး တွေးတောဆင်ခြင်တတ်သူဖြစ်ကြောင်း ထင်ရှားသည်။ သရဲလေးက ...

"ကောင်းပါပြီ အစ်ကိုကြီး"

ဟု ပြောကာ ဓားကို ဆွဲယမ်းလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဝင်းလက်တောက်သော ဓားရောင်များ ထွက်ပေါ်လာသည်။ သရဲလေးက ...

"သေပေတော့"

ဟု အော်ငေါက်ရင်း ဓားဖြင့် ခုတ်ပိုင်းလိုက်သည်။

သူတို့သည် အမာရွတ်အမိန့်ကို တစ်သဝေမတိမ်း နာခံတတ်ကြသူများဖြစ်ကြောင်း ထင်ရှားနေပါသည်။

"အမယ်လေးဗျ"

ခွေးလေး အထိတ်တလန့် အော်ဟစ်လိုက်သည်။ သို့သော် သရဲလေး၏ဓားချက်သည် သူ၏ကိုယ်ပေါ်သို့ ရောက်ရှိလာခြင်း မရှိပါချေ။

သရဲလေး၏ဓားခုတ်ချက်သည် လမ်းခုလတ်၌ပင် ရပ်တန့်သွားသည်။

သရဲလေးသည် အားမာန်အပြည့်ဖြင့် ခုတ်ပိုင်းချလိုက်တော့မည့်အသွင် ဓားကိုကိုင်မြှောက်ထားပြီး မလှုပ်မယှက်ဖြစ်သွားသည်။

ခွေးလေး ကြောင်အမ်းအမ်း ဖြစ်လာသည်။

အကယ်၍ သရဲလေးက ဓားဖြင့် ခုတ်ချလိုက်မည်ဆိုလျှင် မည်သည့်နည်းနှင့်မျှ ရှောင်တိမ်းနိုင်မည်မဟုတ်ဘဲ သေပွဲဝင်ရမည်



ဖြစ်ကြောင်း နားလည်သဘောပေါက်လေသည်။

ခွေးလေးသည် သရဲလေးတို့ကို မျက်လုံးပြူး၍ ကြည့်ရင်း တစ်ကိုယ်လုံး တုန်တုန်ယင်ယင်ဖြစ်နေတော့၏။

သရဲကြီးနှင့် အမာရွတ်တို့ မျက်မှောင်ကြုတ်သွားကြ၏။

သရဲကြီးက ...

"ဟေ့ကောင် ... ခုတ်ချလိုက်လေ"

ဟု သရဲလေးက တိုက်တွန်းလိုက်သည်။

သရဲလေးကား မလှုပ်မယှက် ...

သရဲကြီး အားမလိုအားမရ ဖြစ်သွား၏။

"မင်း ဘာလုပ်နေတာလဲ"

ပြောရင်း ရှေ့သို့ လှမ်းထွက်လိုက်၏။

ရုတ်တရက် ...

သရဲကြီး၏ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါသွားပြီး မလှုပ်မယှက် ဖြစ်သွား၏။

သူ ပါးစပ်အဟောင်းသား ဖြစ်နေ၏။

အဖြစ်အပျက်ကို မယုံကြည်နိုင်စွာ ကြည့်နေ၏။

အမာရွတ်လည်း အံ့သြသွား၏။

www.burmeseclassic.com

www.burmeseclassic.com



သို့ခသော် ...

သိုင်းပညာတတ်မြောက်ထားသူပီပီ တစ်စုံတစ်ယောက်က တိတ်တဆိတ် ချောင်းမြောင်းကာ လက်နက်ပုန်းများဖြင့် ပစ်ခတ်ပြီး သရဲကြီးနှင့်သရဲလေးတို့အား သွေးကြောပိတ်လိုက်ခြင်းဖြစ်ကြောင်း ရိပ်မိလိုက်သည်။

အမာရွတ် မျက်နှာပျက်သွား၏။

ထိုလူသည် အဆင့်မြင့်သိုင်းပညာရှင်တစ်ယောက် ဖြစ်ရမည်ဟု နားလည်လိုက်၏။

ထို့ကြောင့် ...

"ဘယ်သူလဲ"

ဟု အော်မေးလေ၏။

သူ၏အသံ ကျယ်လောင်စွာ ထွက်ပေါ်လာ၏။

မည်သို့ဆိုစေ နောက်ထပ် အော်ပြောခြင်း မပြုနိုင်ပါ။

တိုက်ခိုက်ရန်ဟန်ပြင်ခြင်း၊ ထွက်ပြေးရန်ဟန်ပြင်ခြင်းများလည်း မပြုလုပ်နိုင်ပါ။

အကြောင်းမှာ ... တိတ်တဆိတ် ပစ်လွှင့်လာသော လက်နက်ပုန်းလေးတစ်ခုက သူ၏ဝဲဘက်ပခုံးမှ သွေးကြောတစ်နေရာကို



ထိမှန်သွားပြီး သွေးကြောပိတ်ခံရကာ မလှုပ်မယှက် ဖြစ်သွားခြင်းပင်။

အမာရွတ်နှင့် သရဲညီနောင်တို့သုံးဦးစလုံး သွေးကြောပိတ်ခံရကာ မလှုပ်မယှက်ဖြစ်နေပြီတည်း။

ခွေးလေးက သူတို့သုံးယောက်ကို အတန်ကြာအောင် ငေးကြည့်နေမိ၏။

အမာရွတ်တို့ လုံးဝလှုပ်ရှားခြင်း မပြုကြတော့မှ ...

"သူတို့ ဘာဖြစ်သွားကြတာပါလိမ့်"

ဟု ရေရွတ်လိုက်၏။

မဝံ့မရဲဖြင့် အမာရွတ်တို့အနီးသို့ ချဉ်းကပ်သွားလိုက်ပြီး ခြေလက်များကို ကိုင်တွယ်ကြည့်လေ၏။

အမာရွတ်တို့သည် ကျောက်ရုပ်ပမာ တစ်ကိုယ်လုံးတောင့်တင်းကာ တောင့်တောင့်ကြီးဖြစ်နေ၏။

အော်ငေါက်ခြင်း၊ တိုက်ခိုက်ခြင်း မပြုနိုင်ရုံမက မျက်တောင်ပင် မခတ်နိုင်ပါချေ။

မိမိအား အန္တရာယ်မပြုနိုင်ကြတော့မှန်းသိလျှင် ခွေးလေးဝမ်းသာသွား၏။

www.burmeseclassic.com

www.burmeseclassic.com



အဘယ်ကြောင့် အမာရွတ်တို့ ယခုကဲ့သို့ ဖြစ်သွားကြသည် မသိပါ။

တွေးတောစဉ်းစားဖို့လည်း ဉာဏ်မမီပါ။

ကံကောင်းထောက်မပြီး အသက်ဘေးမှ လွတ်မြောက်သွားရသည်ဖြစ်ရကား ရှည်ရှည်ဝေးဝေး စဉ်းစားမနေဘဲ ထွက်ပြေးသွားရန် ဟန်ပြင်သွား၏။

သို့သော် ... သူ၏ခြေလှမ်းများ တုန့်ခနဲ ရပ်သွား၏။

ထွက်မပြေးသေးဘဲ အမာရွတ်တို့အား သေသေချာချာ ကြည့်လိုက်၏။

အမာရွတ်တို့သည် သူ့အား ဒုက္ခပေးနိုင်မည်မဟုတ်မှန်း သေချာစွာသိလိုက်ရလျှင် အမာရွတ်တို့အနီးသို့ ပြန်လည်ချဉ်းကပ်သွားသည်။

ထို့နောက် ...

အမာရွတ်နှင့် သရဲညီနောင်တို့၏ကိုယ်ပေါ်၌ ရှာဖွေကာ ရသမျှ သိမ်းဆည်းယူပြီးမှ ခပ်သွက်သွက် ပြေးထွက်သွား၏။

* * *



## အခန်း (၃)

ကြောင်နှစ်ကောင် တည်းခိုခန်း။

ကြောင်နှစ်ကောင် တည်းခိုခန်းအတွင်း၌ လုရီ ရှိနေ၏။

သူသည် အခန်းတွင်း၌ထိုင်ကာ ငေးငိုင်နေ၏။

သူ၏ဝမ်းဗိုက်ထဲ၌ ဂျိုကြိုတ်ကြိုတ်မြည်ကာ ဆာလောင်နေ၏။

သို့သော် ... သူက စားသောက်ခန်းမသို့သွားကာ စားသောက်ခြင်း မပြုပါ။

အကြောင်းမှာ သူ့တွင် ငွေတစ်ပြားတစ်ချပ်မှ မရှိခြင်းကြောင့် ဖြစ်၏။

လုရီ။

သူသည် ကျောင်းဟုန်မြို့သို့သွားရန် ခရီးထွက်လာခဲ့ခြင်း ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



လမ်းခရီး၌ သုံးစွဲရန်သာမက ကျောင်းဟုန်မြို့၌ သုံးနှစ်နေထိုင်မည်ဖြစ်ရာ ထိုနေထိုင်သော အချိန်ကာလအတွင်း၌ မပူမပင် သုံးစွဲနိုင်အောင် ငွေအလုံအလောက် ပါလာသည်။

ဟန်ကျူးမြို့သို့ရောက်တော့မှ ငွေတစ်ပြားတစ်ချပ်မှ မကျန်အောင် ဒုက္ခရောက်ရခြင်းဖြစ်သည်။

သူက မည်သူ့ကိုမျှ အပြစ်မတင်ပါ။

ကိုယ့်ကိုယ်ကိုယ်သာ အပြစ်တင်သည်။

"ငါ့အပြစ်ပဲ၊ ငါက ငေးမိတာကိုး"

ဟု ရေရွတ်လိုက်သည်။

မှန်ပေသည်။

သူက ငေးငိုင်မိလိုက်သဖြင့် သူ့ထံ၌ပါလာသမျှ ငွေအားလုံး ခါးပိုက်နှိုက်ခံလိုက်ခြင်း ဖြစ်သည်။

သူ ပြုံးလိုက်၏။

"တော်တော်ချောတဲ့ မိန်းကလေးပဲ"

ဟု ရေရွတ်လိုက်သည်။

သူက မိန်းကလေးတစ်ယောက်အား ငေးမောမိခဲ့ခြင်း ဖြစ်သည်။



သူသည် မိန်းကလေးအကြောင်း တွေးမိလေသောအခါ စိုက်ထဲ ဆာလောင်မွတ်သိပ်မှုများပင် ပျောက်သွားသည်။

သူ၏စိတ်အစဉ်သည် ထိုမိန်းကလေးအား တွေ့ခဲ့ရသည့် ကျိန်ဘုံကျောင်းဆီသို့ လွင့်မျောသွားပြန်သည်။

✷

ကျိန်ဘုံကျောင်း ...

ကျိန်ဘုံကျောင်းသည် ဟန်ကျူးမှ နာမည်ကြီးသော ဘုံကျောင်းတစ်ခု ဖြစ်သည်။

သူသည် ဟန်ကျူးမြို့သို့ ရောက်လာသောအခါ ကြောင်နှစ်ကောင် တည်းခိုခန်း၌ တည်းခိုခဲ့သည်။

သူ ကျောင်းဟုန်မြို့သို့သွားဖို့ အချိန်ရသေးသဖြင့် ဟန်ကျူးမြို့တွင် တစ်ရက်နှစ်ရက်အနားယူပြီး လည်ပတ်ရန် စိတ်ကူးထားသည်။

သူသည် ဟူပေခရိုင်မှ လာခဲ့ခြင်းဖြစ်သည်။ ဟူပေခရိုင်မှ ကျောင်းဟုန်မြို့သို့ခရီးသည် မိုင်ပေါင်းရာချီပြီး ကွာဝေးသည်။

www.burmeseclassic.com

www.burmeseclassic.com



သူသည် ကျောင်းဟုန်မြို့သို့ အချိန်မီ ရောက်ရှိနိုင်ရေးအတွက် လမ်းခရီးတစ်လျှောက် အနားမယူဘဲ နေ့ရောညပါ ခရီးနှင်လာခြင်းဖြစ်သည်။

ထို့ကြောင့် ထိုမြို့သို့ရောက်လာသောအခါ ပင်ပန်းနွမ်းနယ်နေပြီး အချိန်များလည်း ရသေးသဖြင့် အနားယူရန် ဆုံးဖြတ်လိုက်ခြင်း ဖြစ်သည်။

ကြောင်နှစ်ကောင်တည်းခိုခန်းအောက်ထပ်ရှိ စားသောက်ဆိုင်ခန်းမ၌ နံနက်စာ စားသောက်လိုက်သည်။

တစ်ဖန် ဆိုင်လုလင်တစ်ဦးကိုခေါ်ကာ ဟန်ကျူးမြို့အကြောင်း မေးမြန်းစုံစမ်းလေသည်။

ဆိုင်လုလင်သည် ဟန်ကျူးမြို့မှ ထင်ရှားသောနေရာများ သွားရောက်လည်ပတ်နိုင်သော နေရာများကို ပြောပြသည်။

စကားအဆုံးသတ်ကာနီးတွင် ...

"အစ်ကိုလေး ... ကျိန်ဘုံကျောင်းကို အလျှင်ဆုံးသွားပြီး ဝတ်ပြုရင် ကောင်းမယ်၊ ကျွန်တော်တို့ဆိုင်နဲ့ မဝေးဘူး"

ဟု ပြောလေသည်။

"ကောင်းသားပဲ"



စားသောက်ခကျသင့်ငွေကို ပေးချေလိုက်သလို ဆိုင်လုလင်အတွက်လည်း ငွေအနည်းငယ် ပေးလိုက်သည်။

ထို့နောက် ...

ဆိုင်ထဲမှ ထွက်လာ၏။

ဆိုင်လုလင်ပြောသလို ကျိန်ဘုံကျောင်းဆီသို့ အလျှင်ဆုံးသွားလိုက်သည်။

ဤတွင် ...

အစိမ်းရောင်ဝတ်ဆင်ထားသော မိန်းကလေးတစ်ဦးအား မမျှော်လင့်ဘဲ တွေ့ရလေသည်။

ထိုမိန်းကလေးအား သူ့အနေဖြင့် မည်သည့်အခါမျှ မေ့နိုင်တော့မည် မဟုတ်ချေ။

✱

ကျိန်ဘုံကျောင်းသည် ထင်ရှားသော ဘုံကျောင်းတစ်ခုဖြစ်သည်နှင့်အညီ နံနက်စောစောအချိန်မှစ၍ နေ့ဝင်မိုးချုပ်သည်အထိ လူစည်ကားနေတတ်၏။

www.burmeseclassic.com

www.burmeseclassic.com



[illegible]ရောက်ရှိလာသောအခါ ဘုံကျောင်းအတွင်း၌ လူစည်[illegible]ည်ကို တွေ့ရ၏။ လုရိက ဘုံကျောင်းအပြင်ဘက် သစ်ပင်အောက်မှနေပြီး အကဲခတ်ကြည့်နေ၏။

ပွဲတော်တစ်ခုပမာ စည်ကားနေသော ဘုံကျောင်းအတွင်းသို့ ဝင်သွားဖို့ စိတ်အိုက်နေမိသည်။ လူကြားထဲ တိုးရဝှေ့ရမည် မဟုတ်ပါလား။

လူအလွန်ရှုပ်သောကြောင့် သူ့ကျောင်းထဲ မဝင်သေးဘဲ လူရှင်းသည့်အချိန်ထိ စောင့်နေလိုက်၏။

မကြာပါချေ။ လုံးဝ လူရှင်းသွားသည်မဟုတ်ဘဲ အနည်းငယ် လူကျဲသွားသဖြင့် လုရိက ဘုံကျောင်းထဲ လှမ်းဝင်လိုက်သည်။

လုရိက အလောတကြီး ဝင်လိုက်သည်နှင့် ...

"အို ... အမေ့"

မိန်းကလေးတစ်ဦးအား ဝင်တိုက်မိသည်။ လုရိ ထိတ်လန့်သွားပြီး ကပျာကယာ နောက်ဆုတ်သည်။

လှမ်းကြည့်လိုက်သောအခါ အစိမ်းရောင်ဝတ်ဆင်ထားသော မိန်းကလေးတစ်ဦးအား ဝင်တိုက်မိခြင်းဖြစ်ရာ သူက တောင်းပန်ရမည်ဖြစ်သည်။



သို့သော် ... မိန်းကလေးအား တွေ့လိုက်ရသည်နှင့် လုရိသည် တောင်းပန်ဖို့ သတိမရသည့်အပြင် တစ်လောကလုံးကိုပါ မေ့၍ ငေးငိုင်သွားလေသည်။

မိန်းကလေးသည် အစိမ်းရောင်အဝတ်အစားများ ဝတ်ဆင်ထား၏။

ကျစ်ဆံမြီးလေး နှစ်ဖက်ကို ပခုံးပဲယာ တစ်ဖက်တစ်ချက်ချထားသည်။

မျက်လုံးဝိုင်းဝိုင်း၊ နှာတံစင်းစင်း၊ မျက်ခုံးကောင်းကောင်း အလွန်ချောမောလှပသော မိန်းကလေး ဖြစ်သည်။

မိန်းကလေးသည် သူမ၏ခြေထောက်ကို လုရိတက်နင်းခဲ့ခြင်းကြောင့် မကျေမနပ်ဖြစ်နေ၏။

"ဘယ်လိုလဲ ... လူတစ်ယောက်လုံးတောင် မမြင်ဘူးလား"

ဟု ရန်တွေ့လာ၏။

ထိုအခါမှ လုရိ သတိဝင်လာပြီး ...

"အို ... ဟို ... ကျုပ်က"

"ဒီလောက် လူတွေများတာ ရှင် ဘာကြောင့် အရမ်းတိုးသွားရတာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်"

သူသည် ထစ်ထစ်ငေါ့ငေါ့ဖြစ်နေပြီး မိန်းကလေး ရန်တွေ့သမျှ ခံနေရသည်။

သူမသည် လုရီကိုကြည့်ရင်း နှာခေါင်းရှုံ့သည်။

"ဟွန့် ... ဘယ်လိုလူမှန်း မသိဘူး"

သို့ ရေရွတ်၍ ဘာမှမပြောတော့ဘဲ ကုံကျောင်းထဲသို့ဝင်သွားသည်။

သူ သက်ပြင်းချမိသည်။

လူအများနှင့်ရောနှော၍ သူမ ပျောက်ကွယ်သွားတော့မှ ခေါင်းခါယမ်းသည်။

"ငါ ဘယ်လိုဖြစ်သွားရတာလဲ"

ဟုလည်း ကိုယ့်ကိုယ်ကို အပြစ်တင်မိသည်။

အမှန်အတိုင်းဆိုလျှင် မိန်းကလေးကို ကျေနပ်အောင်တောင်းပန်သင့်သည်။

ယခုတော့ သူမသည် သူ၏အသည်းနှလုံးကို ညို့ယူဖမ်းစားခဲ့သည်။

တစ်လောကလုံး မေ့သွားစေသည်။



အသက်ရှူ မှားစေခဲ့သည်။

ရူးသွပ်သူတစ်ယောက်ပမာ ခံစားစေခဲ့သည်။

လုရီမှာ တဒင်္ဂ တွေ့မြင်လိုက်ရသော မိန်းကလေးအား မမေ့မရအောင် စွဲလမ်းသွားလေ၏။

သူသည် မိန်းမချောလေးများစွာကို တွေ့ဖူးပါသည်။

အထူးသဖြင့် ရှောင်မေဆိုသော မိန်းမချောလေးတစ်ဦး၏ အရေးပေးမှုကို ခံခဲ့ရသူဖြစ်၏။

သို့သော် စိတ်မလှုပ်ရှားခဲ့ဖူးပါချေ။

မည်သည့်မိန်းကလေးမှ သူ့အား စိတ်လှုပ်ရှားအောင် မလုပ်နိုင်ကြပါ။

ယခု မမျှော်လင့်ဘဲ တွေ့လိုက်ရသည့် အစိမ်းရောင်ဝတ် မိန်းကလေးက သူ၏အသည်းနှလုံးကို ညို့ယူဖမ်းစားသွားပြီ ဖြစ်သည်။

ထိုမိန်းကလေးအား အမြဲတမ်း တွေ့လို မြင်လိုသောစိတ်များ၊ ရယူပိုင်ဆိုင်လိုသောစိတ်များ ဖြစ်ပေါ်လာသည်။

သူ၏ဆန္ဒသည် မည်သည့်နည်းနှင့်မျှ ပြည့်ဝမည် မဟုတ်ကြောင်း နားလည်ထားသည်။

www.burmeseclassic.com

www.burmeseclassic.com



လုရီသည် ဘုံကျောင်းအတွင်းသို့ ဝင်လိုက်သည်။

မိန်းကလေးအား တွေ့လိုတွေ့ငြား ရှာဖွေကြည့်သော်လည်း လူအများ ရှုပ်ယှက်ခတ်နေခြင်းကြောင့် အရိပ်အယောင်ပင် မတွေ့ရပါ။

လုရီမှာ ကစားစရာ အရုပ်များ ပျောက်ဆုံးသွားသည့် ကလေးတစ်ဦးပမာ ခံစားရသည်။

သူမအား တွေ့ရနိုးဖြင့် ဘုံကျောင်းထဲ ဝင်လိုက်သော်လည်း မတွေ့ရပါ။

လူအများသည် ခန်းမဆောင်ကြီးအတွင်းမှ မယ်တော်ရုပ်တုရှေ့တွင် ပန်းဆီမီး အမွှေးတိုင်များ ပူဇော်ကန်တော့ကြသည်။

လုရီသည် မယ်တော်ရုပ်တုကို တွေ့ရသောအခါ ကြည်ညိုသဒ္ဓါစိတ်များ ဖြစ်ပေါ်လာသည်။

ထို့ကြောင့် အများနည်းတူ ရှိခိုးကန်တော့လိုက်သည်။

မယ်တော်ရုပ်အား ပူဇော်ကန်တော့ပြီးနောက် ဘုံကျောင်းထဲမှ ပြန်ထွက်သွားဖို့သာ ရှိသည်။

သူသည် ဘုံကျောင်း၏ထွက်ပေါက်ဆီသို့ လူအများနှင့် ရောနှော၍ ထွက်လာခဲ့သည်။



ရုတ်တရက် ...

လူအများနှင့် ရောနှော၍ ထွက်လာသည့် အစိမ်းရောင်ဝတ် မိန်းကလေးအား တွေ့လိုက်ရသည်။

"ဟင်"

လုရီ လှုပ်လှုပ်ရှားရှား ဖြစ်သွား၏။

လုပ်သင့် မလုပ်သင့် ဝေခွဲမရဘဲ လူအများကို တိုးဝှေ့၍ သူမအနီးသို့ လှမ်းသွားသည်။

လုရီက တိုးဝှေ့လိုက်ခြင်းကြောင့် ...

"ဟေ့လူ ဘယ်လိုဖြစ်တာလဲ"

"ဟာ ... ဒီကောင်လေး တိုးလှချည်လား"

"ဖြည်းဖြည်းလုပ်ပါရှင့်"

မကျေမနပ်ပြောဆိုသံများ ထွက်ပေါ်လာ၏။

လုရီက ဘာဆိုဘာမှ ဂရုမစိုက်နိုင်ပါ။

အစိမ်းရောင်ဝတ် မိန်းကလေးအနီးသို့ အရောက်သွား၏။

သူမနှင့် မလှမ်းမကမ်းသို့ ရောက်ရှိသွားသောအခါ ဆူဆူညံညံအသံများကြောင့် သူမက လှည့်ကြည့်လာသည်။

လုရီကို မြင်တွေ့လိုက်ရသောအခါ မျက်မှောင်ကုတ်သိ၏

www.burmeseclassic.com

www.burmeseclassic.com



လုရီသည် သူမအနီးသို့ ချဉ်းကပ်သွားလိုက်ပြီး လက်နှစ်ဖက်ဆုပ်ကာ ဦးညွှတ်လိုက်၏။

"စောစောက ကျုပ်တိုးမိ တိုက်မိခဲ့တာကို ခွင့်လွှတ်ဖို့ တောင်းပန်ပါတယ်ဗျာ"

ဟု ပြောလိုက်၏။

"ရှင်"

သူမ ကြောင်အမ်းအမ်း ဖြစ်မိ၏။

သူ့ကို မျက်လုံးပြူး၍ကြည့်သည်။

အမှန်တော့ တောင်းပန်မည်ဆိုလျှင် ခြေထောက်ကို တက်နင်းမိကတည်းက တောင်းပန်ရမည် မဟုတ်ပါလား။

ယခုမှ အိပ်မက်တစ်ရေးနိုးပြီး တောင်းပန်လာသဖြင့် လုရီကို အူကြောင်ကြောင်နိုင်လှသူဟု သူမ ထင်မှတ်မိ၏။

သူမ နှာခေါင်းရှုံ့လိုက်ပြီး ...

"ဘယ်လို လူမှန်းလည်း မသိဘူး"

ဟု ရေရွတ်လိုက်၏။

ထိုစဉ် သူသည် လူသွားလမ်းကို ပိတ်ရပ်နေသလို ဖြစ်နေခြင်းကြောင့် လူတစ်ဦးက တွန်းတိုက်ပြီး ထွက်သွားသည်။



ထိုလူ ဝင်တိုက်မှုကြောင့် လုရီ ဒယီးဒယိုင်ဖြစ်ရသည်။

သူမသည် ပိုပြီး မျက်မှောင်ကုတ်မိ၏။

လုရီအား ဝင်တိုက်သူကို တစ်ချက်လှမ်းကြည့်သည်။

ထို့နောက် ...

သူက လဲမကျစေရန် ကိုယ့်ကိုယ်ကိုယ်ထိန်းရင်း ရှက်ကိုးရှက်ကန်းဖြင့် သူမအား လှမ်း၍ ပြုံးပြသည်။

"ဟွန့်"

သူမသည် နှာခေါင်းရှုံ့၍ လုရီကို ကျောခိုင်းကာ ထွက်သွားလေသည်။

သူသည် ဝန်းကျင်တစ်ခုလုံး မေ့ထားပြီး သူမအား ငေးကြည့်ရင်း ကျန်ရစ်ခဲ့သည်။

*

အခန်းတွင်ဝယ် အပ်ကျသံ ကြားရလောက်အောင်ပင် တိတ်ဆိတ်ငြိမ်သက်နေသည်။

လုရီက မလှုပ်မယှက် ထိုင်နေ၏။

www.burmeseclassic.com

www.burmeseclassic.com



တအံ့တွေ့ဆုံလိုက်ရသော အစိမ်းရောင်ဝတ် မိန်းကလေး အကြောင်း တွေးလိုက်သည့်အခါ စိုလ်ထဲဆာလောင်မွတ်သိပ်မှုများ ပင် ပျောက်ကွယ်သွားသည်။

သူမ မည်သူမည်ဝါမှန်း မသိရပါ။

သူမအား အာရုံရောက်နေ၍ ခါးပိုက်နှိုက် ခံလိုက်ရခြင်း ဖြစ်ပေသည်။

သူ့တွင် ငွေနှင့်ရွှေဒင်္ဂါး အနည်းငယ်မျှသာ ပါသော်လည်း မည်သည့်နေရာ၌မဆို လဲလှယ်ခွင့်ရှိသော သိမ်းငှက်ငွေတိုက်အာမခံ ငွေလွှဲလက်မှတ်များ ပါလာခဲ့၏။

ကျောင်းဟုန်မြို့၌ နေထိုင်ရမည့်အချိန်ကာလတစ်လျှောက် စားသောက်နေထိုင်ရေးအတွက် အသုံးပြုရမည့် ငွေကြေးဖြစ်သည်။

လုရှီသည် ငွေတစ်ပြားမှ မရှိတော့သဖြင့် စိတ်ပူမိသလို...

"ငွေထက် ပိုပြီးအရေးကြီးတာက ဆရာပေးလိုက်တဲ့စာပဲ၊ ငါ ဘယ်လိုလုပ်ရမလဲ"

ဟု ရေရွတ်မိပြန်သည်။ သူ၏ဆရာသည် သူ့အား စာတစ် စောင် ပေးလိုက်သည်။ ကျောင်းဟုန်မြို့မှကျူးထင်းဆိုသူအား ပေးဖို့ မိတ်ဆက်စာဖြစ်လေ၏။



သို့မှသာလျှင် ကျူးထင်းက သူ့အား လက်ခံထားလိမ့်မည် ဖြစ်၏။

လုရှီသည် တွေးတောရင်း ဆရာဖြစ်သူ ရှောင်ဖုံး၏မျက်နှာ ကို မြင်ယောင်လာသည်။

ရှောင်ဖုံး။

ရှောင်ဖုံးသည် သူ၏ဆရာဖြစ်သည်။

သူ့အား ကျောင်းဟုန်မြို့မှ ကျူးထင်းထံသို့ စေလွှတ်သူမှာ ရှောင်ဖုံးဖြစ်သည်။

ရှောင်ဖုံးနှင့် ပတ်သက်ပြီး ရှောင်မေကိုပါ သတိရလာသည်။

ထို့အပြင် ရှောင်ဖုံးနှင့် ပတ်သက်မိသည်များကို တွေးတော မိလာပြန်သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)

ထိုက်ယန်မြို့။

ထိုက်ယန်မြို့သည် ထိုက်ယန်ခရိုင်၏မြို့တော် ဖြစ်လေသည်။ မြို့တော်ဖြစ်သည်နှင့်အညီ စည်ကားလှပေ၏။

စားသောက်ဆိုင်၊ ဈေးဆိုင်၊ အပေါင်ဆိုင်၊ အာမခံဌာနနှင့် အခြားစီးပွားရေးများစွာ တည်ရှိ၍ အနယ်နယ် အရပ်ရပ်မှ ဝင်ထွက်သွားလာကြသူတို့ ရှိနေသည်။

ယနေ့ ထိုက်ယန်မြို့၏လမ်းမကြီးအတိုင်း ဖျင်ကြမ်းအင်္ကျီဝတ်ထားသူ လူတစ်ဦးလာနေသည်။

ထိုလူက လမ်းသွားလမ်းလာတို့နှင့် ရောနှော၍ လာခြင်းဖြစ်သော်လည်း အများနှင့်မတူ ထူးခြားနေသည်ကို တွေ့ရ၏။

ထိုလူက ကောက်ရိုးဖြင့် လုပ်ထားသောဖိနပ်ကို စီးထား၏။ ထီးတစ်ချောင်းဆောင်း၍ အိတ်တစ်လုံးကို ကျောပိုး၏။



ဝတ်ကောင်းစားလှဝတ်ထားကြသော မြို့သူမြို့သားတို့ကြား၌ ထိုလူက ဗျိုင်းတို့အလယ်ရောက်နေသည့် ကျီးကန်းတစ်ကောင်နှင့် တူလှပေတော့သည်။

ထိုလူမှာ လုရီဖြစ်၏။ လုရီက တောသားတစ်ဦးဖြစ်သည်။ ယခုမှ မြို့သို့ရောက်လာသူဖြစ်၏။ သူ မြို့သို့ရောက်လာရသော အကြောင်းကိစ္စမှာ ...

လုရီက ဟိုဟိုသည်သည်ကြည့်၍ အသစ်အဆန်းတို့ဖြစ်နေ၏။

မြို့သူမြို့သားများ၊ ဈေးဆိုင်များ၊ အဆောက်အဦများ အရာရာသည် သစ်လွင်၍ ကြီးကျယ်ခမ်းနားနေပေတော့၏။

လုရီကို မွေးဖွားသည့် ဆူးတောကျေးရွာလေးနှင့် ဆီနှင့်ရေပမာ ကွာခြားလှပေတော့သည်။

လုရီက အတန်ကြာ လမ်းလာပြီးမှ လမ်းဆုံလမ်းခွတစ်ခုသို့ ရောက်လျှင် လမ်းသွားလမ်းလာတစ်ဦးကို စုံစမ်းကြည့်၏။

"နောင်ကြီး ... သိုင်းဆရာကြီး ရှောင်ဖုံးရဲ့အိမ်ကို သိလား"

ထိုလူက ...

"ဆရာကြီးရှောင်ဖုံးလား၊ ဒီလမ်းအတိုင်း လျှောက်သွားရင်

www.burmeseclassic.com

www.burmeseclassic.com



ခြံဝင်းကျယ်ကြီးတစ်ခုကို တွေ့လိမ့်မယ်၊ အဲဒါ ဆရာကြီးရှောင်ဖုံးရဲ့ ခြံဝင်းပါပဲခင်ဗျာ”

ဟု လမ်းညွှန်ပေးလေသည်။

လုရီက ဦးညွှတ်လိုက်လေ၏။

ကျေးဇူးပါပဲဟုပြော၍ ထိုလူ ညွှန်ပြသော လမ်းအတိုင်း ဝင်သွား၏။

မကြာမီ ဆရာကြီးရှောင်ဖုံး၏အိမ်ရှေ့သို့ ရောက်သွား၏။

✸

“ယိ ... ယား”

ကျယ်လောင်သော ဗြာသံပေးသံတို့ ထွက်ပေါ်လာသည်။

ခြံဝင်းအတွင်းရှိ မြေကွက်လပ်ပေါ်၌ လူတချို့ သိုင်းလေ့ကျင့်နေ၏။

လုရီက ခြံဝင်းထဲဝင်ပြီး မလှမ်းမကမ်း၌ရပ်၍ သိုင်းလေ့ကျင့်နေသူတို့ကို ကြည့်နေမိသည်။

အချိန်မည်မျှ ကြာသွားသည်မသိ။



“မင်းက ဘယ်ကလဲ”

စကားသံ ထွက်ပေါ်လာမှ လုရီ သတိဝင်လာ၏။

လှည့်ကြည့်မိသည့်အခါ သူ့အနီးသို့ အဘိုးအိုတစ်ဦး ရောက်ရှိနေသည်ကို တွေ့ရ၏။

ထိုအဘိုးအိုက အဖြူရောင်ဝတ်ထားပြီး အိမ်ထိန်းကြီးတစ်ယောက်အသွင်ရှိသည်။

မှန်၏။ ထိုအဘိုးအိုက သိုင်းဆရာကြီးရှောင်ဖုံး၏အိမ်မှ အိမ်ထိန်းကြီး ချူထင်းဖြစ်သည်။

ချူထင်းက ထူးခြားနေသည်ကို လုရီကိုကြည့်၍မေးခြင်း ဖြစ်၏။ လုရီက ဦးညွှတ်၍ ဂါရဝပြု၏။

“ကျွန်တော့်အမည် လုရီလို့ခေါ်ပါတယ်၊ ဆူးတောရွာက လာတာပါ၊ ဆရာကြီးရှောင်ဖုံးကို တွေ့ချင်လို့ပါခင်ဗျာ”

ဟု ရိုရိုသေသေပြော၏။

အိမ်ထိန်းကြီးချူထင်း မျက်မှောင်ကုတ်သွားသည်။

“သခင်ကြီးကိုတွေ့ဖို့ ဆူးတောရွာကလာတာ ဟုတ်လား”

“ဟုတ်ပါတယ် ခင်ဗျာ”

“ဒါဆို မင်းက ဆူးတောရွာက ဆေးဆရာ လူကျောင်းနဲ့

www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုပတ်သက်နေလို့လဲ”

“ကျွန်တော်က ဆေးဆရာ လုကျော်ရဲ့သားပါခင်ဗျာ”

“ဪ ... ဪ”

ချိုထင်းက ဦးခေါင်းညိတ်၍ ...

“မင်းက ဆေးဆရာကြီးလုကျော်ရဲ့သားကိုး။ ကဲ ... လာ သခင်ကြီးနဲ့ သွားတွေ့ရအောင်”

“ကောင်းပါပြီခင်ဗျာ”

ချိုထင်း၏နောက်မှ လုရီ လိုက်ပါသွား၏။

✷

အဆောက်အဦကြီးမှာ ခမ်းနားထည်ဝါလွန်းလှသည်။

ဧည့်ခန်းတွင်း၌လည်း ထည်ဝါစွာ ပြင်ဆင်ထားသည်။

လုရီအဖို့ နတ်ဘုံနတ်နန်းဆီသို့ ရောက်ရှိသည်ဟုပင် ထင်မိ၏။

ချိုထင်းက လုရီကို ဧည့်ခန်း၌နေရာပေးပြီးလျှင် သိုင်းဆရာကြီး ရှောင်ဖုံးထံ သွားရောက်သတင်းပို့လိုက်သည်။



မကြာပါချေ။ ချိုထင်းနှင့်အတူ သိုင်းဆရာကြီး ရှောင်ဖုံး ပါလာ၏။

ရှောင်ဖုံးနှင့်ချိုထင်းကိုမြင်လျှင် လုရီက ထိုင်ရာမှထ၍ ဦးညွတ်၏။

ရှောင်ဖုံးက လုံရီကို အကဲခတ်ကြည့်ပြီးလျှင် ...

မင်းက ဆေးဆရာကြီးလုကျော်ရဲ့သားလားဟု မေး၏။

လုရီက ဦးညွတ်လိုက်သည်။

“ဟုတ်ပါတယ်ခင်ဗျာ”

ရှောင်ဖုံးက ပြုံးလိုက်သည်။

“မင်းအဖေရော နေကောင်းရဲ့လား”

“ကျွန်တော့်ဖေဖေ ကွယ်လွန်သွားပါပြီ”

“ဟေ”

လုရီက ဖခင်အကြောင်းတွေးမိသည့်အခါ စိတ်မကောင်းဖြစ်ရ၏။

ချက်ချင်း ခေါင်းငုံ့လိုက်သည်။

ရှောင်ဖုံးက အံ့သြသွားမိသည်။

“ဆေးဆရာကြီးလုကျော်င်း ကွယ်လွန်ရှာပြီကိုး”

www.burmeseclassic.com

www.burmeseclassic.com



ဟု ရေရွတ်မိသည်။

လုရီ ခေါင်းညိတ်လိုက်၏။

"ဟုတ်ပါတယ်၊ ဖေဖေက တောထဲမှာ ပရဆေးပင်တွေ ရှာရင်း ဝက်ဝံတစ်ကောင်ရဲ့ အကိုက်ခံရပြီး သေဆုံးခဲ့ရတာပါ"

"ဖြစ်မှဖြစ်ရလေကွယ်၊ အဲဒီ ဝက်ဝံဖြူကြီးကိုရော နှိမ်နင်းပြီးပြီလား"

"ဟုတ်ကဲ့ ... ပြီးပါပြီ၊ ကျွန်တော်တို့ ရွာသားတွေ စုပေါင်းတောနင်း ရှာကြပါတယ်၊ တွေ့တာနဲ့ သုတ်သင်လိုက်ပါတယ်"

"ကောင်းတယ် ... ကောင်းတယ်၊ အင်း ... မင်းအဖေဟာ တကယ့်လူတော်လူကောင်းတစ်ယောက်ပါ။ သူ့ ဆုံးရှုံးရတာ နစ်နာမှု တစ်ရပ်ပါပဲ"

ရှောင်ဖုံးက နှမြောတသစွာ ပြောသည်။ လုရီက ...

"ရွာသူရွာသားတွေကလည်း အဖေ့အတွက် ယူကျုံးမရဖြစ်ခဲ့ကြပါတယ် ခင်ဗျာ"

ရှောင်ဖုံးက ...

"အင်း ... ကျုပ်လည်း စိတ်မကောင်းပါဘူး၊ မင်းအဖေကို ကျေးဇူးဆပ်ခွင့်တောင် မကြုံလိုက်ရတာ ဝမ်းနည်းစရာပဲ"



ဟု ညည်းတွားသည်။

လုရီက ရှောင်ဖုံးကို မော့ကြည့်၏။

ရှောင်ဖုံးက ...

"ကျုပ်ဟာ လွန်ခဲ့တဲ့ ဆယ်နှစ်လောက်က လူဆိုး ဓားပြတချို့ကို လိုက်လံချေမှုန်းရင်း ရန်သူတွေရဲ့ထောင်ချောက်ထဲကိုမိပြီး ဒုက္ခရောက်ခဲ့တယ်၊ ဒဏ်ရာရခဲ့တယ်၊ မင်းအဖေနဲ့သာ မတွေ့ရင် ကျုပ်သေမှာ သေချာတယ်"

လုရီ ငြိမ်နေလိုက်၏။

ရှောင်ဖုံး ဆက်ပြော၏။

"မင်းအဖေဟာ ကျုပ်ကို ဆေးကုပေးတယ်၊ သူ့ကြောင့် ကျုပ် အသက်ချမ်းသာရာ ရခဲ့တယ်၊ ကျုပ်က ကျေးဇူးဆပ်ချင်လို့ ထိုက်ယန်မြို့ကို လိုက်ခဲ့ဖို့ခေါ်တယ်၊ သူဟာ ဇာတိရပ်ရွာက တစ်ဖဝါးမှ မခွာနိုင်အောင် သံယောဇဉ်တွယ်ခဲ့တယ်၊ တကယ်လို့ ဒီမြို့မှာ နေမယ်ဆိုရင် သူ့ဆေးပညာနဲ့ ထင်ရှားတဲ့ သမားတော်တစ်ယောက် ဖြစ်လာပြီး ချက်ချင်း ချမ်းသာလာမှာပဲ၊ သူဟာ တောရွာမှာပဲ ဆက်နေခဲ့တာမို့ လူမသိ သူမသိနဲ့ နောက်ဆုံး ဒုက္ခရောက်သွားရတယ်၊ သိပ်ကို နှမြောစရာကောင်းတယ်"

www.burmeseclassic.com



လုရိသည် ရှောင်ဖုံးအား ငေးကြည့်မိသည်။

ရှောင်ဖုံးကလည်း လုရိကို အကဲခတ်၍ ...

"မင်းအဖေ မရှိတော့ဘူးဆိုတော့ မင်းက ကျုပ်ဆီကို ဘယ်လိုကိစ္စရှိလို့လဲ၊ ရဲရဲသာ ပြောပါကွယ်"

ဟု မေးလာသည်။ သူ အားတက်မိ၍ ...

"ဖေဖေဟာ ကျွန်တော့်ကို တောထဲတောင်ထဲမှာ မကြီးစေချင်ဘူး။ မြို့ပြကြီးမှာ နေထိုင်ပြီး ဘဝတက်လမ်း ရှာရမယ်လို့ ပြောပါတယ်၊ သူကွယ်လွန်ခါနီးမှာ ဦးဆီကို သွားဖို့ မှာကြားသွားပါတယ် ခင်ဗျာ"

ဟု ပြောလိုက်သည်။

အိမ်ထိန်းကြီးချိုထင်းက ရှောင်ဖုံးအား လှမ်းကြည့်သည်။

လုရိပြောပုံအရဆိုလျှင် ရှောင်ဖုံးသည် အစစအရာရာ တာဝန်ယူရမည် မဟုတ်ပါလား။

လူတစ်ဦးကို တာဝန်ယူရသည်မှာ လွယ်ကူသည့်ကိစ္စ မဟုတ်ပါ။

လုရိကဲ့သို့ တောသားအတွက် ပို၍တာဝန်ကြီးမည်မှာ သေချာသည်။



ရှောင်ဖုံးကလည်း ချိုထင်း၏အကြည့်ကို သဘောပေါက်မိသည်။

မည်သို့ဆိုစေ လုရိ၏ဖခင် လုကျောင်း၏ကျေးဇူးတို့က သူ့အပေါ်၌ ရှိနေသောကြောင့် လုရိအား လက်ခံရန် ဆုံးဖြတ်လိုက်၏။

"အင်း ... မင်းအဖေက ကျုပ်အသက်ကို ကယ်ဖူးတော့ မင်းကို ပြန်ပြီး ကူညီရမှာပေါ့ကွာ၊ ကဲ ... မင်း ဘာတွေရည်ရွယ်လို့ ဘာတွေလုပ်မလဲဆိုတာ ပြောပါ"

"ကျွန်တော် မပြောတတ်ပါဘူးခင်ဗျာ၊ ဦးပဲ ကောင်းသလို စီစဉ်ပေးလိမ့်မယ်လို့ ဖေဖေက ပြောပါတယ်"

"သြော် ... ဒီလိုကိုး"

လုကျောင်းသည် ယုံကြည်စိတ်ချစွာဖြင့် သားဖြစ်သူအား မိမိလက်ထဲသို့ အပ်ခြင်းဖြစ်ကြောင်း သူနားလည်သည်။

လုရိက ကြမ်းပြင်ပေါ်၌ ချထားသော စက္ကူအိတ်ကိုဖွင့်၍ အထုပ်တစ်ထုပ်ကို ထုတ်လိုက်၏။ ပြီး ... ရှောင်ဖုံးအား လှမ်းပေး၍

"အဖေ မှာသွားတဲ့အတိုင်း သူကွယ်လွန်တာနဲ့ ကျွန်တော်တို့ပိုင်ဆိုင်သမျှပစ္စည်းတွေ ရောင်းချပြီး ငွေယူလာပါတယ်၊ ဦးလက်ခံပါ ခင်ဗျာ"

www.burmeseclassic.com

www.burmeseclassic.com



ဟု ပြော၏။

ရှောင်ဖုံး သက်ပြင်းချလိုက်၏။

ငွေက သူ့အတွက် အဓိကမဟုတ်ပါ။

သူသည် ကျိုကျိုတက် ချမ်းသာကြွယ်ဝသူတစ်ဦးဖြစ်၏။

သိုင်းသင်တန်းသားတို့ထဲမှ သင်တန်းကြေး တနင့်တပိုး ရှိသူဖြစ်၏။

လုရိကို သူ၏အိမ်၌ လက်ခံရမည်ဆိုသည့်အချက်က သူ့အတွက် အဓိကဖြစ်၏။

သင်တန်းသားတို့ ရှိကြသည်မှန်သော်လည်း နံနက်ပိုင်းမှ မွန်းတည့်ချိန်အထိသာ ခြံထဲသို့ လာရောက်လေ့ကျင့်ခွင့်ရှိသည်။

တစ်နေ့တာ ပြီး၍ မွန်းတည့်သည်နှင့် အားလုံး ပြန်ထွက်သွားရ၏။

ခြံထဲ၌ အလုပ်သမားရှိသော်လည်း အမျိုးသမီးတို့ကိုသာ ရွေးချယ်ခန့်ထား၏။

ယောကျ်ားဟူ၍ သူနှင့် ချို့ထင်းသာ ရှိသည်။

သူသည် အဘယ်ကြောင့် ခြံထဲ၌ ယောကျ်ားသားတို့နှင့် ကင်းရှင်းမှု ရှိစေရန် လိုလားနေပါသနည်း။



အကြောင်းမှာ သူ့တွင် အရွယ်ရောက်နေပြီဖြစ်သည့် ရှောင်မေဆိုသည့် တစ်ဦးတည်းသော သမီးလေးရှိခြင်းကြောင့် ဖြစ်ပါသည်။

ချို့ထင်းက သူ၏အခက်အခဲကို ကောင်းစွာ သဘောပေါက်မိ၏။

ရှောင်ဖုံးမှာ သမီးဖြစ်သူအား ငုံထားမတတ် ချစ်ပြီး သူ့အား စွန့်ခွာ၍ ချစ်သူနောက် လိုက်သွားမည်ကို တွေးတောပူပန်သူဖြစ်၏။

ထို့မျှမက ရှောင်မေနှင့် လိုက်ဖက်သည့် ယောကျ်ားမရှိ၊ အကုန်လုံးသည် သူ၏သမီးနှင့် မတူမတန်ဟု သဘောထားသူလည်းဖြစ်၏။

သူသည် အခြားကိစ္စတို့တွင် သဘောကောင်းသူ၊ တည်ကြည်ဖြောင့်မတ်သူ၊ တရားမျှတသူတစ်ယောက် ဖြစ်သော်လည်း သမီးနှင့်ပတ်သက်လာလျှင် အလွန်ပင် အတ္တကြီးသူ ဖြစ်သည်။

သူက လုရိပေးသည့် ငွေအိတ်ကို လက်မခံဘဲ ငြင်းပယ်၏။

"ကျုပ်အတွက် ငွေက အရေးမကြီးပါဘူးကွယ်၊ မင်းငွေကို မင်းပဲ သိမ်းထားလိုက်ပါနော်၊ မင်းအတွက် လိုအပ်လာနိုင်တယ်၊

www.burmeseclassic.com

www.burmeseclassic.com



ကျုပ်ဆီမှာ နေတဲ့အချိန်မှာ မင်းအတွက် ဘာမှလိုလေမှုမရှိအောင် ကျုပ် တာဝန်ယူပါ့မယ်၊ မင်းအဖေက ကျုပ်ကို အပ်ခဲ့တယ်ဆိုတော့ ကျုပ်ကလည်း စာပေပညာနဲ့ သိုင်းပညာတွေ သင်ကြားပေးမယ်၊ မင်း ကြိုးစားပါ၊ တစ်နေ့ လူတစ်လုံး သူတစ်လုံး ဖြစ်ရလိမ့်မယ်လို့ ကျုပ် အာမခံတယ်၊ ဟုတ်ပြီလား"

ဟု ပြော၏။

လုရီ ဝမ်းသာမိ၏။

"ဆရာကြီးကို ကျေးဇူးတင်ပါတယ်"

သူက လက်ဝှေ့ယမ်းပြလိုက်၏။

အမျိုးသမီးကြီးတစ်ယောက်က ဧည့်ခန်းအတွင်းသို့ ဝင်ရောက်လာ၏။ ရှောင်ဖုံးက ...

"သူ့ကို ခေါ်သွားပါ၊ သူ ဒီမှာနေလိမ့်မယ်၊ အခန်းတစ်ခန်း ပြင်ပေးလိုက်ပါ၊ စားသောက်စရာလည်း လိုလေသေးမရှိ စီမံပေးပါ"

ဟု အမိန့်ပေးလိုက်သည်။ အမျိုးသမီးကြီး အံ့သြမိ၏။

သို့သော် ရှောင်ဖုံးက ခေါ်သွားဖို့ ပြောနေ၍ ဘာမှမပြောဘဲ ...

"ကျုပ်နောက်ကို လိုက်ခဲ့ပါကွယ်"



လုရီအား ခေါ်ဆောင်သွားသည်။

လုရီသည်လည်း ရှောင်ဖုံးတို့အား ဦးညွှတ်ဂါရဝပြုပြီး လိုက်ပါသွားလေတော့သည်။

✷

လုရီသည် အိမ်ဖော်နောက်သို့ လိုက်ပါသွားပြီ ဖြစ်၏။ ရှောင်ဖုံးက သက်ပြင်းချ၍ ထိုင်ခုံတစ်လုံးတွင် ထိုင်ချ၏။ ချိုထင်းက အလိုက်သင့်ပင် ရေနွေးကြမ်း ငှဲ့ပေးသည်။

ရှောင်ဖုံးက ယူသောက်လိုက်ပြီးမှ ...

"ကျုပ် သူ့ကို လက်ခံလိုက်တာ အိမ်ထိန်းကြီး အတော်အံ့သြနေမယ် ထင်တယ်"

"ဟုတ်ပါတယ် သခင်ကြီး၊ ဘယ်တုန်းကမှ ယောကျ်ားပို့ တစ်ယောက်ကို ညအိပ်ညနေ အအိပ်မခံတဲ့ ရှောင်ဖုံးဟာ လုရီဆိုတဲ့ ကောင်လေးကို လက်ခံတယ်ဆိုတာ ထူးဆန်းနေတယ်၊ သူ့အတွက် အစစအရာရာ တာဝန်ယူဖို့ဆိုတဲ့ ကိစ္စကို သခင်ကြီး ပြန်စဉ်းစားစေ ချင်တယ်"

www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောၿ၏။ ရှောင်ဖုံးက ...

"သူ့အဖေက ကျုပ်အသက်ကို ကယ်တင်ခဲ့တဲ့ ကျေးဇူးရှိသေးတယ်"

ချိုထင်းက ...

"ဒါဆိုရင် တစ်နေရာရာ ပို့လိုက်လို့ရတာပဲ၊ သူ့မှာ ငွေပါလာတယ်၊ လိုအပ်ရင် သခင်ကြီး စိုက်ထုတ်ပေးနိုင်တယ်၊ တခြားအရပ်မှာ စီးပွားရေးတစ်ခုခု ထူထောင်ပေးရင်လည်း ရတာပဲ"

သူ ခေါင်းခါသည်။

"မဖြစ်ဘူး"

"ဘာဖြစ်လို့လဲ သခင်ကြီး"

"ကျုပ်အသက်ကို လုကျောင်း ကယ်ခဲ့တုန်းက ပြောဖူးတဲ့ စကားတစ်ခွန်း ရှိတယ်၊ သူဟာ သမားတော်အဖြစ် လူ့အသက်ကို ကယ်တင်ကောင်းတဲ့အလုပ်ကို လုပ်တယ်၊ ဒါပေမယ် သူ့သားက စိတ်မဝင်စားဘူး၊ ဒါကြောင့် အခွင့်ကြုံကြိုက်ရင် သိုင်းပညာသင်ပေးပါ၊ အများအကျိုးဆောင်ရွက်နိုင်းချင်တယ်လို့ ပြောတယ်၊ ကျုပ်ကလည်း သဘောကျခဲ့တယ်၊ ကျုပ်ဆီကိုလွှတ်လိုက်ပါ၊ ကျုပ်တတ်ထားတဲ့ပညာကို အိတ်သွန်ဖာမှောက် သင်ပေးမယ်လို့ ကတိပေးခဲ့တယ်"



ချိုထင်းက ...

"သခင်ကြီး ကတိပေးခဲ့တယ် ဟုတ်လား"

"ဟုတ်တယ်"

ချိုထင်း စိတ်မသက်မသာနှင့် သက်ပြင်းချ၏။

"ဒါဆို ... လုရီကို လက်ခံရမှာပေါ့"

ရှောင်ဖုံးက ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်၊ ဒါကြောင့်လည်း ကျုပ် လက်ခံထားတာပဲ"

"သခင်မလေးအတွက် ဘယ်လိုလုပ်မလဲ"

ချိုထင်းက မေးလိုက်၏။

ရှောင်ဖုံးသည် အတန်ကြာအောင် ငြိမ်ကျသွား၏။

ပြီးမှ ...

"တစ်အိမ်ထဲနေမှတော့ တစ်နေ့မဟုတ် တစ်နေ့ တွေ့ကြမှာပဲ၊ ဘာတတ်နိုင်မလဲ၊ သူတို့ကို မောင်နှမတွေလို သဘောထားအောင် ကြိုးစားရမှာပေါ့"

ချိုထင်း ဘာမျှမပြောနိုင်တော့ပါ။

* * *

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၅)

နေမွန်းတည့်တော့မည် ဖြစ်သည်။

ရှောင်မေသည် မြင့်မားလှသော အုတ်နံရံကြီးကို ငေး၍ ကြည့်နေမိသည်။

အုတ်နံရံသည် လေးဖက်လေးတန် ကာရန်ထားခြင်းပင်။

အုတ်နံရံအလယ်တွင် လှပစွာ ဆောက်လုပ်ထားသော အိမ်လေးတစ်ဆောင် ရှိနေ၏။

အိမ်လေး ပတ်ဝန်းကျင်၌ ရှောင်စုံပန်းများ စိုက်ပျိုးထားသည့် ရေကန်နှင့် ဧတောင်အတုတစ်ခု ရှိ၏။

ရွှေငါးလေးများနှင့် ကြက်တူရွေးများလည်း ရှိသည်။

အလွန်ပင် နေချင်စဖွယ်ကောင်းသောနေရာတစ်ခု ဖြစ်၏။

သို့သော် ကာရံထားသော နံရံကြီးက အရုပ်ဆိုးအကျည်းတန်လှသည်။



လှသော နယ်မြေလေးအား လောကနှင့် အဆက်အသွယ်ဖြတ်ထားကာ သီးခြားကမ္ဘာလေးဖြစ်အောင် ထိုနံရံကြီးတို့က ဖန်တီးထားသည် မဟုတ်ပါလား။

အရှေ့ဘက်တွင် ဝင်ပေါက်ထွက်ပေါက်တစ်ပေါက်သာ ရှိလေ၏။

ထိုတံခါးသည်လည်း အပြင်ဘက်မှသာ ဖွင့်၍ ပိတ်၍ရအောင် ပြုလုပ်ထား၏။

သူမ နံရံကြီးကို ငေးကြည့်နေစဉ်မှာပင် ...

'ယီ'

"အား"

အပြင်ဘက် ခပ်ဝေးဝေးမှ ဩသံပေးသံများ ထွက်ပေါ်လာသည်ကို ကြားရ၏။

ရှောင်မေ မျက်နှာပျက်သွား၏။

အလွန်စိတ်ပျက်သည့် လေသံဖြင့် ...

"သူတို့ သိုင်းလေ့ကျင့်နေကြတာ မပြီးတော့ဘူးလား။ နေမွန်းတည့်ချိန်တောင် ရောက်တော့မယ်"

ဟု ညည်းလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



သူမ၏မလှမ်းမကမ်းတွင် မိန်းကလေးတစ်ယောက်ရှိ၏။

ထိုမိန်းကလေးမှာ ရှောင်မေ၏အဖော် တင်းတင်းဆိုသည့် မိန်းကလေးဖြစ်၏။

သူမသည် ရှောင်မေ၏ကိစ္စအဝဝကို လိုလေသေးမရှိ ဆောင်ရွက်ရသူဖြစ်၏။

တင်းတင်းက ...

"သခင်မလေးရယ် ... သူတို့သင်တန်း ပြီးတော့မှာပါ၊ ဘာမှမကြာတော့ပါဘူး"

ဟု ဖျောင်းဖျ၏။

ရှောင်မေက ...

"ဒီသင်တန်းသားတွေ တစ်ယောက်မှမလာကြရင် ကောင်းမယ်"

ဟု နှုတ်ခမ်းကိုက်ကာ ပြော၏။

"ခစ် ခစ် ခစ်"

တင်းတင်းက ရယ်လိုက်၏။

ရှောင်မေ ကျွမြီးတိုသွားပြီး ...

"ညည်း ဘာရယ်တာလဲ"



ဟု ငေါက်လိုက်၏။

တင်းတင်းက ...

"သခင်ကြီးက သိုင်းသင်တန်းကျောင်းဖွင့်ပြီး ပို့ချခဲ့တာ ကြာပါပြီ၊ ဘာကြောင့် ပိတ်ပစ်ချင်ရတာလဲ သခင်မလေးရယ်၊ သိုင်း ပညာ ပြန့်ပွားစေချင်တဲ့ဆန္ဒ သခင်ကြီးဆီမှာ ရှိနေတာကို သခင်မလေးလည်း သိတာပဲ၊ သိုင်းပညာ ပြန့်ပွားပြီး အများအကျိုး တိုင်းပြည်အကျိုး ဆောင်ရွက်နိုင်မယ်ဆိုရင်"

"တော်ပါတော့ တင်းတင်းရယ်"

သူမက တားမြစ်သည်။

တင်းတင်းက ပြုံး၏။

"သခင်မလေး မကြိုက်ဘူးဆိုရင် မပြောတော့ပါဘူး။ ဒါပေမဲ့ ..."

သူမက ...

"မပြောတော့ဘူးဆိုပြီး ဆက်ပြောဦးမလို့လား။ ကြည့်စမ်း လေးဖက်လေးတန် နံရံတားဆီးထားတဲ့အလယ်မှာ ငါရောက်နေရတာ အကျဉ်းချခံနေတာနဲ့ အတူတူပဲ မဟုတ်လား။ ဒါ ဘာကြောင့်လဲ"

တင်းတင်းက ...

www.burmeseclassic.com

www.burmeseclassic.com



"သခင်မလေးကို သူစိမ်းယောကျာ်းပျိုတွေ တွေ့မှာ စိုးရိမ်လို့ပေါ့"

ဟု စကားထောက်ပေးသည်။ သူမ ခေါင်းခါ၏။

"ဒါ ... ဖေဖေက တမင်သက်သက် အယူသီးတာပဲ၊ ယောကျာ်းပျိုတွေ တွေ့တော့ရော ဘာဖြစ်ရမှာလဲ"

တင်းတင်းက ရယ်မောလိုက်ပြန်၏။

"သခင်မလေး ယောကျာ်းနောက် လိုက်မှာစိုးလို့ပဲ"

"ဘာ ဘာပြောတယ်"

သူမ လှုပ်လှုပ်ရှားရှားဖြစ်မိသည်။

ချက်ချင်းပင် တင်းတင်း၏ကျောပြင်ကို လက်သီးဖြင့် ထုနှက်လိုက်၏။

"အမယ်လေး ... နာတယ် မလုပ်ပါနဲ့ သခင်မလေး"

တင်းတင်းက အော်ဟစ်၍ အခန်းထဲ၌ လှည့်ပတ်ပြေး၏။

ရှောင်မေက ရပ်တန့်လိုက်၏။

သူမသည် ထိုင်ခုံတစ်လုံးတွင် ခြေပစ်လက်ပစ် ထိုင်ချပြီး

"ငါက ယောကျာ်းလေးတွေကို အငမ်းမရ ဖြစ်နေတာမှ မဟုတ်ဘဲ၊ ဖေဖေက သက်သက်စိုးရိမ်နေတာ"



ဟု မကျေမနပ် ပြန်ပြော၏။ တင်းတင်းက ...

"သခင်ကြီးက သခင်မလေးကို သိပ်ချစ်လို့ပါ၊ အပြစ်မမြင်ပါနဲ့ သခင်မလေးရယ်"

"အပြစ်မြင်တယ် ဟုတ်လား၊ ငါ့ကို အကျဉ်းသားလိုထားတာကရော"

"ဒါကတော့ သင်တန်းသားတွေ ရှိတဲ့အချိန်လေးပါ။ သူတို့ ပြန်သွားတာနဲ့ ဒီနေရာမှာ သခင်မလေး နေစရာမလိုဘဲ လွတ်လွတ်လပ်လပ် သွားချင်ရာ သွားလို့ရတာပေါ့"

"လွတ်လွတ်လပ်လပ်"

"ဟုတ်တယ်လေ"

"တော်စမ်းပါ၊ ခြံဝင်းထဲကနေ အပြင်မထွက်ရဘူးလို့ တားမြစ်ထားတာ လွတ်လပ်တဲ့ဘဝလား"

တင်းတင်း မည်သို့ပြောရမှန်းမသိ ဖြစ်သွားသည်။

သခင်ကြီးရှောင်ဖုံးသည် ရှောင်မေအား တင်းကျပ်စွာ ချုပ်ချယ်ထားသည်က အမှန်ပင်ဖြစ်၏။

သူမ၏ဘဝသည် လှောင်ချိုင့်ထဲမှ ငှက်တစ်ကောင်နှင့်ပင် တူနေ၏။

www.burmeseclassic.com

www.burmeseclassic.com



ရှောင်မေက ...

"ငါက ဘယ်ယောကျ်ားကိုမှ စိတ်မဝင်စားပါဘူး၊ ဖေဖေနဲ့ တစ်သက်လုံး နေသွားမယ်လို့ ကတိတွေ အထပ်ထပ်ပေးခဲ့တာမှ မယုံဘူး။ ညည်းတွေးကြည့် ... ငါ့ကို တစ်သက်လုံး စောင့်ရှောက်နိုင်မှာလဲ"

မှန်ပေသည်။

လူဟူသည် လောကမွေတာအရ သေဆုံးရမည် ဖြစ်၏။

သို့ပါလျက် ရှောင်ဖုံးက မျက်စိအောက်က အပျောက်မခံဘဲ ချုပ်ချယ်ထားသည်က တရားမျှတမှု ရှိပါသလော။

တင်းတင်းက ...

"သခင်မလေးရယ် ... သခင်ကြီးက ချစ်လွန်းလို့သာ ခုလိုလုပ်တာပါ။ သူ့လက်ထဲက သူတစ်ပါး လုယူမှာကို ဘယ်လိုမှ လက်မခံနိုင်ဘူးလေ"

"တော်ပါတော့ တင်းတင်းရယ်၊ ငါ မကြားချင်ပါဘူး။ ငါ ဒီအတိုင်းသာ ဆက်နေရမယ်ဆိုရင် ကြာရင် သေလိမ့်မယ်၊ ဒါမှမဟုတ်ရင် ထွက်ပြေးမိလိမ့်မယ်"

တင်းတင်း ထိတ်ထိတ်ပျာပျာ ဖြစ်မိ၏။



"ဟာ ... သခင်မလေး ဒီလိုမလုပ်ပါနဲ့၊ ကျွန်မ အရင်ဆုံး ဒုက္ခရောက်ပါလိမ့်မယ်"

ရှောင်မေ မျက်မှောင်ကုတ်မိပြီး ...

"ညည်းက ဘာကြောင့် ဒုက္ခရောက်ရမှာလဲ"

ဟု မေး၏။ တင်းတင်းက ...

"သခင်မလေးသာ တစ်ခုခုဖြစ်ရင် ကျွန်မကို အရင်ဆုံး သေဒဏ်အပြစ်ပေးမယ်လို့ သခင်ကြီးက ပြောပါတယ်"

"ခက်ပါလား"

သူမ ညည်းတွားလိုက်၏။

သူမ၏ဖခင်သည် ပြောသည့်အတိုင်း လုပ်မည့်သူဖြစ်ကြောင်း နားလည်၏။

သူမကြောင့် အပြစ်မဲ့သည့် တင်းတင်း ဒုက္ခရောက်မည်ကို မလိုလားပါ။

ထိုစဉ် ...

"ဒေါင် ... ဒေါင်"

အုတ်နံရံအပြင်ဘက်မှ သံချောင်းခေါက်သံများ ထွက်ပေါ်လာသည်ကို ကြားရသည်။

www.burmeseclassic.com

www.burmeseclassic.com



တင်းတင်းက ...

"ဟော ... သံချောင်းခေါက်နေပြီ၊ သင်တန်းသားတွေ ပြန်တော့မယ်"

ဟု ပြောလိုက်၏။

ရှောင်မေက ပတ်ဝန်းကျင်ကို တစ်ချက်ဝေ့ကြည့်ပြီး ...

"အင်း ... အချုပ်ခန်း ကျဉ်းကျဉ်းကနေပြီး ကျယ်ကျယ်ထဲကို ရွှေ့ရတော့မှာပေါ့လေ"

ဟု ရေရွတ်လိုက်၏။

✱

သံချောင်းခေါက်သံ ပျောက်ကွယ်သွားပြီဖြစ်၏။

ရှောင်မေနှင့်တင်းတင်းတို့သည် နံရံလေးဖက် ကာရံထားသည့် သီးသန့်နေရာလေးမှနေပြီး အပြင်ဘက် ခြံဝင်းထဲသို့ ထွက်ရန် အသင့်ပြင်ထား၏။

မကြာပါချေ။

"ချောက်"



တံခါးဖွင့်သံ ထွက်ပေါ်လာသည်ကို ကြားရ၏။

ရှောင်မေတို့ကြည့်နေစဉ်မှာပင် တစ်ချပ်တည်းသော သံတံခါးကြီး ပွင့်သွားပြီး လူတစ်ဦးဝင်လာသည်ကို တွေ့ရ၏။

ထိုလူမှာ အိမ်ထိန်းကြီး ချိုထင်းဖြစ်၏။

ရှောင်မေက မလှုပ်မယှက် ရပ်နေ၏။

ချိုထင်းသည် ရှောင်မေထံသို့ ခပ်သွက်သွက်လှမ်းလာကာ ဦးညွှတ်လိုက်၏။

"သခင်မလေး အပြင်ထွက်လို့ရပါပြီ၊ စားစရာတွေလည်း အသင့်ပြင်ထားပါတယ်၊ သခင်ကြီးလည်း စောင့်နေပါတယ်"

ဟု ပြောလိုက်၏။ ရှောင်မေ ပခုံးတွန့်သည်။

ထိုစကားသည် နေ့စဉ် သူမ ကြားနေရသောစကားမို့ ချိုထင်းမပြောလည်း အလွတ်ရထားပြီဖြစ်သည်။

ချိုထင်းက ထိုသို့ပြောပြီးလျှင် ဟင်းဟင်းအား ...

"မင်းလည်း သွားပြီး အနားယူနိုင်ပြီ"

ဟု ပြောလေ့ရှိ၏။

ထိုစကားနှစ်ခွန်းကို ပြောပြီးသည်နှင့် ရှောင်မေတို့ နေ့တက် အကျဉ်းချခံထားရသည့်အရေးမှ ကင်းလွတ်သွားပြီ ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



တံခါးပေါက် ဖြတ်ကျော်ကာ အပြင်ဘက်ထွက်သွားဖို့သာ ရှိ၏။

သို့သော် ...

ယနေ့တွင် ချိုထင်းသည် တင်းတင်းဘက်သို့လှည့်ကာ ပြောနေကျ စကားတစ်ခွန်းကိုမပြောဘဲ မိမိအား စိုက်ကြည့်နေသဖြင့် တစ်စုံတစ်ခုပြောလိုနေကြောင်း ရှောင်မေ သိလိုက်၏။

ရှောင်မေ အံ့သြသွား၏။ ထို့ကြောင့် ...

"ဦးလေးချိုထင်း ... ဘာပြောချင်လို့လဲ"

ဟု မေးလိုက်၏။ ချိုထင်းက ...

"သခင်မလေးကို ပြောစရာရှိလို့ပါ"

ရှောင်မေ ခေါင်းညိတ်လိုက်၏။

"ပြောစရာရှိရင် ပြောလေ"

ချိုထင်းက ...

"သခင်မရဲ့အစ်ကိုဝမ်းကွဲ ရောက်နေတယ်"

"ရှင်"

မမျှော်လင့်သောစကား ကြားလိုက်ရသည့်အခါ သူမ ပါးစပ်အပေါက်...



တင်းတင်းလည်း ရှေ့တိုးလာ၏။

ချိုထင်းက တည်ကြည်သောမျက်နှာထားဖြင့် ...

"သခင်မရဲ့အစ်ကိုဟာ ဟောဒီခြံဝင်းထဲမှာနေပြီး ပညာသင်ဖို့ ရောက်လာခြင်းဖြစ်တယ်၊ သခင်ကြီးက သခင်မတို့ နှစ်ဦးကို မိတ်ဆက်ပေးဖို့ စောင့်နေတယ်"

ဟု ပြောသည်။

သူနှင့်ရှောင်ဖုံးတို့သည် မဖြစ်မနေ လက်ခံလိုက်ရသည့် လုစီကြောင့် ကြိုတင်စည်းဝါးရိုက်ထားသည့်အတိုင်း သူမအား ပြောပြလိုက်ခြင်း ဖြစ်၏။

သူမက ရယ်မောလိုက်၏။

သူမက ကောက်ကာငင်ကာ ရယ်မောလိုက်ခြင်းကြောင့် ချိုထင်း ကြောင်အမ်းအမ်းဖြစ်သွား၏။

တင်းတင်းက ...

"သခင်မလေး"

ဟု လွှတ်ခနဲ ခေါ်လိုက်မိသည်။

ရှောင်မေက ရယ်လိုက်ပြီး ...

"ဦးလေးချိုထင်း ဘာတွေလာပြောနေတာလဲ"

www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလိုက်သည်။

သူမက ...

"ဦးလေးချိုထင်း ဖေဖေက ခွေမျိုးတွေအကြောင်း ပြောပြထားပြီးပါပြီ၊ ကျွန်မမှာ ဘယ်ကအစ်ကိုရှိရမှာလဲရှင့်"

ချိုထင်း ပင့်သက်ရှိုက်မိသည်။

"ကျုပ် တကယ်ပြောတာပါ၊ သခင်မမှာ အစ်ကိုဝမ်းကွဲတစ်ဦး ရှိပါတယ်၊ သူ့နာမည် လုရိလို့ ခေါ်တယ်၊ သူက ဒီမှာ လာနေမှာဆိုတော့ သခင်မနဲ့ အဖော်ရတာပေါ့"

"အဖော်"

"ဟုတ်ပါတယ်၊ သခင်မတို့မောင်နှမနှစ်ယောက် ဖြစ်သွားတာပေါ့"

သူမက အနည်းငယ်စဉ်းစားလိုက်ပြီး ...

"အခု သူ ဘယ်မှာလဲ"

ဟု မေးလိုက်သည်။

ချိုထင်းက ...

"ထမင်းစားခန်းမှာ စောင့်နေတယ်"

သူမ ခေါင်းညိတ်လိုက်သည်။



တင်းတင်းဘက်လှည့်ကာ ...

"တင်းတင်း"

"ဟုတ်ကဲ့ သခင်မ"

"ငါ့အတွက် စားသောက်စရာတွေ သွားယူခဲ့"

သူမ၏စကားကြောင့် ချိုထင်း မျက်လုံးပြူးသွားပြီး ...

"သခင်ကြီးက ထမင်းစားခန်းထဲမှာ စောင့်နေပါတယ်"

ဟု သတိပေးလိုက်သည်။

ရှောင်မေ ခေါင်းခါလိုက်သည်။

"ကျွန်မ မသွားတော့ဘူး"

"ဟင် ... ဘာဖြစ်လို့လဲ၊ သခင်မရဲ့"

ချိုထင်းက မေးလိုက်သည်။

သူမက ...

"ကျွန်မက ဘယ်ယောကျ်ားနဲ့မှ မတွေ့ချင်ဘူးလို့ ဖေဖေ့ကို ပြောပြလိုက်ပါ"

ဟု ပြတ်သားစွာ ပြောလိုက်၏။

✷ ✷ ✷

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၆)

အချိန်နာရီများ တရွေ့ရွေ့ပြောင်းလဲနေသည်။

လုရီတစ်ယောက် ရှောင်ခြံဝင်းသို့ရောက်ခဲ့သည်မှာ ၃ ရက်ရှိပြီဖြစ်၏။

ထို ၃ ရက်အတွင်း ဘာတစ်ခုမှလုပ်စရာမရှိဘဲ အေးအေးဆေးဆေး နေနိုင်ခဲ့သည်။

လုရီက ပန်းခြံပြုပြင်ရေးလုပ်ငန်းများကို ဝင်ရောက်လုပ်ကိုင်ပေးသော်လည်း ရှောင်ဖုံးက တားမြစ်ခဲ့သည်။

အခြားသောသင်တန်းသားများနှင့်အတူ သိုင်းပညာသင်ကြားနိုင်ရန် စီစဉ်ပေးသည်။

သို့ဖြင့် ...

လုရီသည် သိုင်းသင်တန်းသားတစ်ဦးအဖြစ်သို့ ရောက်ရှိသွားလေသည်။



ရှောင်ဖုံးသည် လုရီအပေါ် စေတနာထားကာ သိုင်းပညာသင်ပေးသလို စာပေလည်း သင်ပေးသည်။

လုရီကလည်း ကြိုးစားသင်ယူခဲ့သည်။

လုရီရောက်ရှိလာပြီး ငါးရက်မြောက်နေ့ မွန်းတည့်ချိန်တွင် အခြားသင်တန်းသားများ ထွက်ခွာသွားပြီး လုရီတစ်ဦးတည်း ကျန်ရစ်ခဲ့သောအခါ ရှောင်ဖုံးက ခေါ်ယူလိုက်၏။

လုရီသည် ရှောင်ဖုံးရှေ့သို့ရောက်သည့်အခါ ဂါရဝပြုလေ၏။

"အမိန့်ရှိပါခင်ဗျာ"

ရှောင်ဖုံးက ...

"ကျုပ် အရေးကြီးတဲ့စကား ပြောစရာရှိလို့ မင်းကို ခေါ်လိုက်ရတာပဲ"

"ဟုတ်ကဲ့ ပြောပါခင်ဗျာ"

"ကျုပ်မှာ သမီးတစ်ယောက်ရှိတယ်ဆိုတာ မင်းကို ပြောပြီးပြီနော်"

"ဟုတ်ကဲ့ခင်ဗျ"

ရှောင်ဖုံး သက်ပြင်းချလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်သမီးလေးဟာ ငယ်ရွယ်တဲ့အတွက် အတော်ကို ဖွတ်တရွတ်နိုင်တဲ့ မိန်းကလေးတစ်ယောက်ပါကွယ်၊ ကျုပ်ရဲ့ခြံဝင်းထဲမှာ သိုင်းသင်တန်းဖွင့်ထားတယ်ဆိုတော့ ရောက်လာကြတဲ့ သင်တန်းသားတွေထဲမှာ လူပေါင်းစုံ ပါဝင်နေတယ်ကွဲ့၊ လူတွေရဲ့စိတ်ဟာ ပြောရခက်တယ်မဟုတ်လား၊ ဒါကြောင့် မလိုလားအပ်တဲ့ပြဿနာတွေ မဖြစ်ပွားရအောင် ကျုပ်ရဲ့သမီးကို သင်တန်းသားတွေနဲ့ ခပ်ကင်းကင်းနေအောင် တားမြစ်ထားခဲ့တယ်"

လုရီ ခေါင်းညိတ်၏။

"ဒါ ... မှန်ပါတယ် ခင်ဗျာ"

ရှောင်ဖုံး ကျေနပ်သွား၏။

သူ၏စကားကို လုရီ လက်ခံသည်မဟုတ်ပါလား။

ရှောင်ဖုံးက ဆက်ပြောလေသည်။

"ဒါပေမဲ့ ... သမီးလေးဟာ သူ့ကို တမင်ချုပ်ချယ်ထားတယ်လို့ ထင်မှတ်နေတယ်ကွဲ့"

"ဗြော်"

"မင်းရောက်လာတဲ့အခါ မင်းနဲ့ မိတ်ဆက်ပေးဖို့ခေါ်တာတောင် မလာဘူး၊ သူ့ရဲ့သီးသန့်ဆောင်ကကို မသွားဘူး"



သူက ...

"ကျွန်တော်က သူ့ကို ဘယ်တော့မှ ဒုက္ခပေးမှာ မဟုတ်ပါဘူး"

ဟု ခိုင်ကျည်စွာ ပြောလိုက်၏။ ရှောင်ဖုံးက ...

"ကျုပ် ယုံကြည်ပါတယ်ကွယ်၊ မင်းကို အကူညီတစ်ခု တောင်းချင်လို့ ခုလိုခေါ်လိုက်ရတာပါ"

ထိုစကားကြောင့် သူ အံ့ဩသွား၏။

"ကျွန်တော့်ကို အကူအညီတောင်းမလို့ ဟုတ်လား"

ရှောင်ဖုံး ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်"

"ဟာ ... မဖြစ်နိုင်တာပဲ၊ ကျွန်တော်ကတောင် ဦးဆီက အကူအညီ ရယူနေရတာ မဟုတ်လား"

ရှောင်ဖုံး လက်ကာပြလိုက်သည်။

"ဒါက အရေးမကြီးပါဘူးကွယ်၊ မင်းတတ်နိုင်တာမျိုးပဲ ကျုပ်က အကူအညီတောင်းမှာပါ"

"ဟုတ်ကဲ့ ပြောပါခင်ဗျာ၊ ကျွန်တော် ကူညီနိုင်တာဆိုရင် ဘာမဆို ကူညီပေးပါ့မယ်"

www.burmeseclassic.com

www.burmeseclassic.com



ရှောင်ဖုံး ကျေနပ်သွား၏။

"တခြားတော့ မဟုတ်ဘူး၊ သမီးဟာ သူစိမ်းယောကျ်ား တစ်ယောက်အိမ်မှာ ရောက်နေတယ်ဆိုရင် သူ့ရဲ့ သိက္ခာနဲ့အဆောင် ထဲက ဘယ်တော့မှ ထွက်လာတော့မှာ မဟုတ်ဘူး၊ ဒါကြောင့် ... မင်းဟာ ကျုပ်ရဲ့တူသားတစ်ယောက်၊ သမီးရဲ့အစ်ကိုဝမ်းကွဲတစ် ယောက်ဖြစ်တယ်လို့ ပြောထားလိုက်ရင် အားလုံးအဆင်ပြေသွား လိမ့်မယ်"

သူက ...

"ဦးရယ် ... ဦးရဲ့သမီးဟာ ကျွန်တော့်ရဲ့ညီမလေးပဲပေါ့၊ မဟုတ်ဘူးလားဗျာ၊ ကျွန်တော်က သူ့ကို ညီမလေးတစ်ယောက်လို သဘောထားမှာပါ၊ ကျွန်တော်ကိုယ်တိုင်လည်း တစ်ဦးတည်းသော သားဆိုတော့ ... ဟင်း ဟင်း တစ်ကောင်ကြွက်လို ဖြစ်နေတာပေါ့၊ ညီမလေးတစ်ယောက်ရလိုက်တာ သိပ်ကောင်းတာပေါ့"

ဟု အားတက်သရော ပြောလိုက်သည်။

သူက ရိုးသားပွင့်လင်းစွာ ပြောဆိုနေခြင်းဖြစ်ကြောင်း ရှောင်ဖုံး နားလည်မိ၏။

ထို့အပြင် ...



သူသည် ရှောင်မေအတွက် အန္တရာယ်ရှိမည့်သူမဟုတ်မှန်း လည်း ယုံကြည်မိသည်။

"ကျုပ် အကူအညီတောင်းချင်တာက ကျုပ်သမီးနဲ့ တွေ့ရင် မင်းဟာ ကျုပ်ရဲ့တူဝမ်းကွဲဖြစ်တယ်၊ သူနဲ့ အစ်ကိုဝမ်းကွဲဖြစ်တယ် ဆိုတာ သူ ယုံကြည်အောင် ပြောလာဖို့ပါပဲ"

သေချာအောင် ထပ်ပြောလိုက်၏။

သူက ...

"ဘာမှမပူပါနဲ့ခင်ဗျာ၊ ကျွန်တော် သေသေချာချာ ပြော ပေးပါ့မယ်"

ရှောင်ဖုံးက ...

"ကောင်းပြီ ... မင်း ဝိဝိရိရိရှိပါစေ၊ သူ့ကို သွားတွေ့လိုက်ရ အောင်"

သူက ...

"စိတ်ချပါ ခင်ဗျာ"

ဟု ပြောကာ ရှောင်ဖုံးနောက်သို့ လိုက်ပါသွားလေ၏။

✷

www.burmeseclassic.com

www.burmeseclassic.com



အုတ်နံ့ရံလေးဘက် ကာရံထားသည့်အတွင်းဘက်၌ ပန်းယျှာဉ်လေးတစ်ခု ဖွင့်လှစ်ထားရှိခြင်းနှင့် လှပသော အဆောင်လေးတစ်ခုရှိနေသည်ကို တွေ့ရသောအခါ လုရီ အံ့သြသွားသည်။

"ဦးရဲ့သမီး ဒီမှာနေတယ် ဟုတ်လား"

ဟု လွှတ်ခနဲမေးလိုက်၏။

ရှောင်ဖုံးက ...

"ဟုတ်တယ်ကွဲ့၊ သူက အားလုံးနဲ့ ခပ်ကင်းကင်းနေချင်လို့တဲ့၊ အထူးသဖြင့် သူစိမ်းယောကျာ်းတွေနဲ့ပေါ့"

"ဪ"

သူသည် ပတ်ဝန်းကျင်ကို တစ်ချက်ဝေ့ကြည့်ပြီး ...

"နေရာလေးကတော့ မဆိုးပါဘူး၊ ဒါပေမဲ့ ... အုတ်နံ့ရံတွေက ရံထားတော့ အကျဉ်းထောင်တစ်ခုနဲ့ တူနေတာက အတော်ဆိုးတာပဲ"

ဟု မှတ်ချက်ချလိုက်သည်။

ရှောင်ဖုံး၏ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါသွား၏။

သူ့အား ဖျတ်ခနဲ လှမ်းကြည့်လိုက်၏။



"ကျုပ်သမီးနဲ့ တွေ့ရင်တော့ စကားကို ထိန်းသိမ်းပြောဖို့တော့ သတိထားရမယ်နော်"

"ဟုတ်ကဲ့ စိတ်ချပါဗျာ"

သူတို့ အဆောင်ထဲသို့ လှမ်းဝင်လိုက်သောအခါ မိန်းကလေးနှစ်ယောက် ရှိနေသည်ကို တွေ့လိုက်ရသည်။

ရှောင်မေနှင့် တင်းတင်းတို့ ဖြစ်ကြသည်။

ရှောင်မေသည် ဖခင်နှင့်အတူ လုရီတို့ တံခါးကို ဖြတ်ကာဝင်ရောက်လာကြသည်ကို အကဲခတ်ကြည့်နေပါ၏။

အဆောင်ထဲသို့ ရောက်လာတော့မှ ခရီးဦးကြိုပြုလိုက်၏။

"ဒီကနေ့တော့ ဖေဖေကိုယ်တိုင်လာခဲ့တာကိုး၊ ဦးလေးရှိုထင်း နေမျှားမကောင်းလို့လား"

ရှောင်ဖုံးက ...

"မဟုတ်ဘူး အိမ်ထိန်းကြီး၊ နေကောင်းပါတယ်၊ ဖေဖေက သမီးရဲ့အစ်ကိုနဲ့ မိတ်ဆက်ပေးချင်လို့လာတာ"

"ဪ"

ရှောင်မေက ခေါင်းညိတ်၍နေရာပေး၏။

"ထိုင်ပါဦး ဖေဖေ"

www.burmeseclassic.com

www.burmeseclassic.com



ရှောင်ဖုံးက လုရီကို မျက်ရိပ်ပြ၍ ထိုင်ခုံတစ်လုံး၌ ထိုင်သည်။

လုရီကလည်း ထိုင်လိုက်၏။ ရှောင်မေက လုရီကို မကြည့်ပါ။

"ဖေဖေကိုယ်တိုင် သမီးဆီလာတာ အကြောင်းထူးလို့လား" ဖခင်ဖြစ်သူအား မေးလိုက်၏။

ရှောင်ဖုံးက ...

"ဟုတ်တယ်၊ သမီးကို ဝမ်းသာစရာ ပြောစရာရှိလို့"

"ဝမ်းသာစရာဟုတ်လား ဖေဖေ"

"ဟုတ်တယ်"

ရှောင်မေက ပြုံးလိုက်သည်။

"ဘယ်လိုဝမ်းသာစရာများလဲ ဖေဖေ၊ သမီးကို ပြောပြပါ"

ရှောင်ဖုံးကလည်း ဟန်ဆောင်၍ ရယ်လိုက်သည်။

"ဒီလို သမီး၊ ဖေဖေက ညီဝမ်းကွဲတစ်ဦးနဲ့ သဘောချင်းမတိုက်ဆိုင်လို့ အဆက်အသွယ်ဖြတ်ခဲ့တာ ကြာပြီ၊ ဖေဖေ အိမ်ထောင်မကျခင်တည်းကဆိုပါတော့"

ရှောင်မေက ...



"ဖေဖေ့ညီနဲ့ အဆက်သွယ်ဖြတ်တာကို သမီးက ဝမ်းသာပေးရမှာလား"

သူမ ငေါ့လိုက်မှန်း ရှောင်ဖုံး သိသော်လည်း မသိဟန်ပြု၍ ဆက်ပြောလိုက်သည်။

"ဖေဖေ့ညီက ကွယ်လွန်ခါနီးအချိန်မှာ နောင်တရလို့ သူ့သားကို ဖေဖေ့ဆီ လွှတ်လိုက်တယ်၊ သူ့အပြစ်တွေကို ခွင့်လွှတ်ဖို့နဲ့ သူ့သားကို စောင့်ရှောက်ပေးဖို့ မှာသွားတယ်"

သည်တစ်ခါ လှုပ်လှုပ်ရှားရှား ဖြစ်ရသည်မှာ လုရီဖြစ်၏။

လုရီက ရှောင်ဖုံးကို မျက်လုံးပြူးကြည့်၍ တစ်ခုခုပြောရန် ပြင်လိုက်သည်။ ရှောင်ဖုံးက ရယ်လိုက်သည်။

သမီးကို သမီးရဲ့အစ်ကိုနဲ့ မိတ်ဆက်ပေးမလို့ဟု ပြော၍ လုရီ၏ပခုံးအား ပုတ်လိုက်သည်။

"လုရီ ... ဒါ မင်းရဲ့ညီမရှောင်မေပဲ"

"သမီး ... ဒါ သမီးအစ်ကို လုရီတဲ့၊ တစ်ဦးနဲ့တစ်ဦး ချစ်ချစ်ခင်ခင်နေကြရမယ်"

လုရီက ...

'ဟုတ်ကဲ့' ဟု ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ရှောင်မေက လုရီကိုကြည့်လိုက်၏။ သူမက လုရီကို ပြုံးပြ၍ ...

'ကျွန်မ အစ်ကိုတစ်ယောက်ရတာ ဝမ်းသာပါတယ်'... ဟု ပြော၏။

လုရီက ...

"ကျုပ်ကလည်း ညီမလေးတစ်ယောက် ရသလိုပါပဲ"

ရှောင်ဖုံးကလည်း ရယ်လိုက်သည်။

မည်သို့ဆိုစေ လုရီက ရိုးသားသောတောသားဖြစ်ရာ ကြာလျှင် အလိမ်ပေါ်လိမ့်မည်ဟု သိသည်။

ထို့ကြောင့် ...

"သမီးအစ်ကို သင်တန်းသားတွေနဲ့ရောပြီး သိုင်းလေ့ကျင့်ရလို့ ပင်ပန်းနေပြီ၊ ညနေကျရင် ထမင်းလက်ဆုံစားမယ်"

ပြော၍ ထိုင်ရာမှ ထလိုက်သည်။

လုရီအား လက်ကုတ်လိုက်သဖြင့် လုရီလည်း ထလိုက်သည်။

ရှောင်မေက ...

'စိတ်ချပါ၊ သမီးလာခဲ့မယ်' ဟု ပြောလိုက်သည်။



ထိုစကားကြား၍ ရှောင်ဖုံးက သူ၏အကြံ ဆောင်ပြီဟုတွေး၍ ဝမ်းသာသွားသည်။

✷

တင်းတင်း၏မျက်နှာတွင် စိုးရိမ်မှုတို့ အတိုင်းသားပေါ်၏။

သူမသည် ရှောင်မေကိုကြည့်၍ ...

သခင်မ ဒီနေရာက ထွက်မှာလားဟု မေးလိုက်သည်။

ရှောင်မေက ...

"ဟုတ်တယ်လေ"

"သခင်မပဲ အဆောင်ထဲကမထွက်တဲ့ တစ်သက်လုံးနေမယ်ဆို"

ရှောင်မေက ရယ်လိုက်သည်။

"ဟုတ်တယ်၊ ဦးချိုထင်း လာပြောတုန်းက ငါ ဒီလိုပဲ ဆုံးဖြတ်တာ၊ ခု ငါ့ရဲ့ဆုံးဖြတ်ချက်ကို ပြောင်းလိုက်ပြီ"

တင်းတင်းက ...

"သခင်မ ဘာလုပ်မလို့လဲ"

www.burmeseclassic.com

www.burmeseclassic.com



ရှောင်မေက ...

"ဒါက ဖေဖေ့ကို ကိုယ်ချင်းစာမှု ဖြစ်စေချင်တာ"

"သခင်မ"

တင်းတင်းက လွှတ်ခနဲ အော်လိုက်မိသည်။ ရှောင်မေက...

"ငါက အကျဉ်းသားတစ်ဦးလိုနေခဲ့ရတာ ဘယ်လောက်ကြာပြီလဲ၊ တို့အဖေက ချစ်ရာမရောက်ဘဲ နှစ်ရာရောက်နေတာဆိုတာ သဘောပေါက်သွားအောင် ငါ ကြိုးစားရလိမ့်မယ်"

ရှောင်ဖုံးက သဘောကောင်းသော်လည်း သံမဏိကဲ့သို့မာသူဖြစ်သည်ကို တင်းတင်း သိထားသည်။

ထို့အတူ သခင်မကလည်း ဖခင်သွေးပါသူမို့ ခေါင်းမာ၍ ဇွတ်တရွတ်နိုင်သူဖြစ်၏။

ယခု သခင်မ၌ အကြံအစည်ရှိနေသည်မှာ ထင်ရှားသည်။

သခင်မက သူမကို စိတ်လျှော်ထားသည့် ဖခင်ကို ကသိကအောင့်ဖြစ်အောင် ပြုလုပ်မည်မှာ သေချာသည်။

တင်းတင်းက မနေနိုင်ဘဲ 'သခင်မ ... စိတ်လိုက်မာန်ပါ မလုပ်သင့်ဘူး' ဟု သတိပေး၏။

သူမက ရယ်လိုက်သည်။



"မစိုးရိမ်ပါနဲ့ တင်းတင်းရယ်၊ စိတ်လိုက်မာန်ပါလုပ်ဖို့ မလိုဘူး"

"ဒါဖြင့် သခင်မ ဘာလုပ်မလို့လဲ"

သူမက လက်ကာပြလိုက်သည်။

'မလောနဲ့၊ အချိန်တန်ရင် သိရမှာပါ' ဟု ပြောလိုက်သည်။

✷

ရက်ပိုင်းအတွင်းပင် သူမနှင့် လုရိတို့ ရင်းနှီးသွားကြသည်။

သူမက လုရိကို အစ်ကိုလိုသဘောထားသလို လုရိကလည်း ညီမတစ်ယောက်လို သဘောထားသည်။

လုရိက သိုင်းကျင့်ရ၏။ စာသင်ကြားရသည်။

အားလပ်ချိန်၌ သူမနှင့် အတူနေထိုင်သည်။

ရှောင်ဖုံးနှင့်ချိုထင်းတို့က မျက်ခြည်မပြတ် အကဲခတ်သည်။

သို့ဖြင့် အချိန်တို့ တရွေ့ရွေ့ ကုန်ဆုံးခဲ့လေသည်။

✷ ✷ ✷

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၇)

စာဖတ်ခန်းအတွင်း၌ တိတ်ဆိတ်နေသည်။

ရှောင်ဖုံးသည် ပြတင်းအနီးရပ်၍ အပြင်သို့ကြည့်နေသည်။

မလှုပ်မယှက်ရပ်သဖြင့် ကျောက်ရုပ်ဟုပင် ထင်ရလိမ့်မည်။

သို့မှသော် ရှောင်ဖုံးသည် ကျောက်ရုပ်မဟုတ်ဘဲ မီးတောင်ကြီးပမာ ရှိပါသည်။

မှန်၏။ ရှောင်ဖုံး၏ရင်ထဲတွင် မီးတောက်နေသည်။

သမီးနှင့်ပတ်သက်၍ဖြစ်သည်။

သူ၏သမီးနှင့်လုရီ နီးကပ်စွာနေသည်ကို သဘောမကျနိုင်အောင် ဖြစ်နေသောကြောင့် ဖြစ်သည်။

ရုတ်တရက် ...

"ဒေါက် ... ဒေါက်"



တံခါးခေါက်သံ ထွက်ပေါ်လာသည်။

ရှောင်ဖုံးက နောက်လှည့်မကြည့်ဘဲ ...

"ဝင်ခဲ့"

ဟု ပြော၏။

'ကျွီ'

တံခါးပွင့်သွား၏။

မရှေးမနှောင်းမှာပင် ... ခြေသံများ ထွက်ပေါ်လာသည်။

အခန်းတွင်းသို့ လူတစ်ယောက် လှမ်းဝင်လာသည်။

ချိုထင်းဖြစ်၏။

ချိုထင်းသည် ရှောင်ဖုံးနှင့် မလှမ်းမကမ်းတွင် ခြေလှမ်းရပ်လိုက်၏။

လက်နှစ်ဖက်ဆုပ်ကာ ဦးညွှတ်လိုက်ပြီး ...

"သခင်ကြီးခင်ဗျာ ... ကျုပ်ကိုခေါ်တယ်ဆိုလို့ ရောက်လာပါပြီ"

ဟု ပြောလိုက်၏။

ရှောင်ဖုံး သက်ပြင်းချလိုက်သည်။

ထို့နောက် ...

www.burmeseclassic.com

www.burmeseclassic.com



ချိုထင်းဘက်သို့ လှည့်လိုက်ပြီး ...

"ဟုတ်တယ်၊ ကျုပ် ချိုထင်းကို မေးစရာရှိလို့"

ချိုထင်းက ဦးညွှတ်လိုက်သည်။

"သခင်ကြီး ... ဘာများသိချင်လို့လဲ ပြောပါဗျာ"

ရှောင်ဖုံးက ...

"ကျုပ်သမီးနဲ့လုရီတို့ ဘယ်လိုအခြေအနေရှိသလဲဆိုတာ ကျုပ် သိချင်တယ်၊ သူတို့ကို မျက်ခြည်မပြတ် စောင့်ကြည့်ပြီး အခြေအနေအရပ်ရပ်ကို ကျုပ်ဆီ သတင်းပို့ဖို့ အစီရင်ခံမယ်လို့ မှာထားတယ် မဟုတ်လား"

ချိုထင်း ခေါင်းညိတ်သည်။

"သခင်ကြီးဆီကို ကျုပ် မှန်မှန်သတင်းပို့ခဲ့ပါတယ်၊ သခင်ကြီးက ..."

သူ၏စကားမဆုံးမီ ရှောင်ဖုံးက ကြားဖြတ်ပြောလိုက်၏။

"ကျုပ်ဆီကို သတင်းပို့ပေးမယ့် သတင်းတွေဟာ ဘာမှ ကျေနပ်စရာ အကြောင်းမရှိဘူး၊ လုရီနဲ့ကျုပ်ရဲ့သမီးဟာ တကယ့် မောင်နှမရင်းခြားတွေလို နေထိုင်ကြတယ်ဆိုတဲ့ သဘောမျိုးချည်း ဖြစ်နေတယ်"



ရှောင်ဖုံးက မကျေမနပ်ပြောသည်။

ချိုထင်းက ...

"သူတို့ဟာ တစ်ဦးကိုတစ်ဦး မောင်နှမတွေလို သဘောထားကြတာ အမှန်ပါပဲ"

ဟု ပြော၏။

ရှောင်ဖုံး ခေါင်းယမ်းလိုက်သည်။

"ကျုပ်မယုံဘူး"

"ဗျာ"

ချိုထင်း ကြောင်အမ်းအမ်းဖြစ်သွားသည်။

ရှောင်ဖုံးက ..

"သမီးဟာ ရှောင်ဖုံးရောက်လာကာစက မိတ်ဆက်ပေးဖို့ သူ့ကို သွားခေါ်တာကို လုံးဝမလာဘဲ သီးသန့်အဆောင်ထဲမှာပဲ နေခဲ့တယ်မဟုတ်လား၊ ဒါဟာ ကျုပ်ကို အာခံဖို့စပြီး ကြိုးစားလိုက်တာပဲ၊ နောက်ပိုင်းကျတော့ သူက ဘာမှမပြောတဲ့အပြင် လိုက်လိုက်လျောလျော ဆက်ဆံလာတယ်၊ ဒါ ဘာသဘောလဲ၊ မရိုးသားဘူးဆိုတာ ကျုပ် သိတယ်"

ချိုထင်းသည် ရှောင်ဖုံးအား ငေးကြည့်နေမိသည်။

www.burmeseclassic.com

www.burmeseclassic.com



ရှောင်ဖုံးက ...

"ကျုပ်က သူ့ရဲ့ကောင်းကျိုးအတွက် လုပ်ကိုင်ခဲ့ပေမယ့် သူဟာ ကျုပ်ရဲ့စေတနာကို နားမလည်ဘဲ အပြစ်မြင်နေခဲ့တယ်၊ သမီးရဲ့စိတ်ဓာတ်ဟာ မာကျောတယ်ဆိုတာ ကျုပ် အလိုလိုသိနေတယ်"

ချိုထင်းက ...

"သခင်ကြီးခင်ဗျာ ... ကျုပ် ဘယ်လိုဆောင်ရွက်ပေးရမလဲဆိုတာ အမိန့်ရှိပါ"

ဟု ပြောလိုက်၏။

ရှောင်ဖုံးက ...

"လုရီကို မျက်ခြည်မပြတ်ကြည့်ထားပါ၊ ကျုပ်သမီးရဲ့ကိစ္စကိုတော့ ကျုပ်ကိုယ်တိုင်စီစဉ်မယ်၊ လုရီနဲ့ပတ်သက်ပြီး ထူးခြားမှုတစ်ခုရှိလာရင် ပြောပါ"

ချိုထင်း ဦးညွတ်လိုက်သည်။

"စိတ်ချပါ သခင်ကြီး၊ ကျုပ် မျက်ခြည်မပြတ် စောင့်ကြည့်နေပါ့မယ်"

ဟု ကတိပြုလိုက်သည်။



ရှောင်ဖုံးက ...

"တတ်နိုင်ရင် လုရီကို ရှောင်မေနဲ့ တပူးတွဲတွဲနေခွင့်မပေးနဲ့၊ သူ့ကို အကြောင်းတစ်ခုခုရှာပြီး အလုပ်ပေးထားလိုက်ပါ၊ ဥပမာ စာဖတ်ဖို့ စာကျက်ဖို့လိုမျိုးပေါ့"

"ဟုတ်ကဲ့ သခင်ကြီး"

"ကောင်းပြီ၊ ခင်ဗျား သွားနိုင်ပြီ"

ချိုထင်း ဂါရဝပြုကာ ထွက်ခဲ့၏။

အပြင်ဘက်သို့ရောက်လျှင် သက်ပြင်းချလိုက်လေသည်။

"သခင်ကြီးတော့ အမှားကြီး မှားနေပြီ"

ဟု ရေရွတ်လိုက်၏။

ရှောင်မေသည် လူသားတစ်ဦးဖြစ်သည်။

သူမအား ငှက်ကလေးတစ်ကောင်ပမာ ချုပ်နှောင်ထား၍ မရပါ။

လူသားတို့၏ပင်ကိုသဘာဝအရ လွတ်လပ်စွာ နေထိုင်လိုသည်။

ထို့ကြောင့် ရှောင်မေသည် ဖိနှိပ်ချုပ်ချယ်ထားသောအခါ ရုန်းထွက်ဖို့ ကြိုးစားသည်မှာ သဘာဝကျလှသည်။

www.burmeseclassic.com

www.burmeseclassic.com



သူမအား ချုပ်ချယ်ထားခြင်းသည် အရာရာအား စိတ်ခေါ် သကဲ့သို့ ရှိနေသဖြင့် ရှောင်ဖုံး အမှားကြီး မှားနေပြီဟု ရေရွတ်ခြင်း ဖြစ်၏။

မည်သို့ဆိုစေ ...

သူက ရှောင်ခြံဝင်းမှ အိမ်ထိန်းတစ်ဦးဖြစ်ကာ ရှောင်ဖုံး အတွက် သစ္စာရှိရှိ တာဝန်ထမ်းဆောင်ရမည်သာ ဖြစ်သည်။

မှိုထင်းသည် လုရိတစ်ယောက် ရှောင်မေနှင့်လွတ်လပ်စွာ နေထိုင်ရသည့်အချိန် နည်းပါးသွားအောင် ခိုင်းစေရမည်ဟုတွေးရင်း စာဖတ်ခန်းကို ကျောခိုင်းထွက်လာခဲ့သည်။

✱

မီးအိမ်မှအလင်းရောင်သည် သီးသန့်အဆောင်အတွင်း၌ ဖြာကျကာ လင်းလင်းချင်းချင်း ဖြစ်၍နေသည်။

အဆောင်အလယ်ရှိ စားပွဲပေါ်၌ စားစရာများ အသင့်ပြင် ထား၏။

[illegible] ပြင်ခင်းထား၏။



ရှောင်မေက ထိုင်ခုံ၌ ပျင်းရိစွာထိုင်နေသည်။

ညစာစားဖို့ စိတ်မဝင်စားကြောင်း ထင်ရှားလှသည်။

တင်းတင်းက ...

"သခင်မကြိုက်တဲ့ ငါးခေါင်းဟင်းချက်ထားတယ်၊ စားလိုက် ပါဦး သခင်မ"

ဟု တိုက်တွန်းလိုက်သည်။

ရှောင်မေ သက်ပြင်းချလိုက်သည်။

"ငါ မစားချင်ဘူး တင်းတင်းရယ်"

"ဘာဖြစ်လို့လဲ သခင်မ"

"ငါ့ရင်တွေ ပြည့်နေတယ်"

"ရှင်"

တင်းတင်း ကြောင်အမ်းအမ်းဖြစ်သွားသည်။ ရှောင်မေက

"ခုဆိုရင် သုံးရက်ရှိသွားပြီ"

"ဟုတ်တယ်၊ သခင်မ စားမဝင်အိပ်မပျော်ဖြစ်နေတာ သုံး ရက်ရှိသွားပြီ၊ ကျွန်မ သတိပြုမိတယ်"

ရှောင်မေ ခေါင်းယမ်းလိုက်၏။

"ငါက ဒါကိုပြောတာ မဟုတ်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



"ရှင်"

"အစ်ကိုလုရီနဲ့ ခါတိုင်းလို မတွေ့ရတာကို ပြောတာ"

တင်းတင်း ပြုံးလိုက်သည်။

"သခင်မရယ် ... အစ်ကိုကြီးဟာ တခြားသင်တန်းသားတွေ ထက်စာရင် နောက်ကျမှ ရောက်လာတာမဟုတ်လား။ ဒါကြောင့် တခြားသင်တန်းသားတွေကို မီအောင် သိုင်းပညာရော၊ စာပေပညာ ပါ သူများတွေထက် ပိုပြီးလေ့လာရမယ် မဟုတ်လား။ သခင်ကြီးရဲ့ အမိန့်ကြောင့် အိမ်ထိန်းကြီးက တာဝန်ယူပြီး ဆောင်ရွက်ပေးနေတာ ဖြစ်ပါတယ်"

ဟု ရှင်းပြလိုက်သည်။ ရှောင်မေ ခေါင်းခါလိုက်၏။

"ညည်း မသိပါဘူး၊ ဒါဟာ ဖေဖေ့ရဲ့စနက်ပဲ ဖြစ်ရမယ်"

တင်းတင်း မျက်လုံးဝိုင်းသွားသည်။

"ရှင်"

ရှောင်မေက ဆက်ပြောသည်။

"ဖေဖေ့အကြောင်းကို ငါ့ထက်ပိုပြီး ဘယ်သူမှသိကြမှာ မဟုတ်ဘူး၊ ဖေဖေဟာ အစ်ကိုကြီးနဲ့နီးစပ်သွားမှာကို စိုးရိမ်နေပုံရ တယ်"



တင်းတင်းက လက်မခံပါ။

"ဟာ ... မဖြစ်နိုင်တာ သခင်မလေးကလဲ၊ သခင်မလေးတို့ ဟာ မောင်နှမတွေပဲ မဟုတ်လား"

ထိုစကားကြားသည့်အခါ ရှောင်မေက ရယ်လိုက်၏။

တင်းတင်း ကြောင်အမ်းအမ်းဖြစ်သွားသည်။

"သခင်မလေး ဘာရယ်တာလဲ"

ဟု မေးလိုက်၏။ ရှောင်မေက ပြုံးပြရင်း ...

"သဘောကျလို့ရယ်တာ"

"ရှင်"

"တင်းတင်းရယ် ညည်းဟာ ငါနဲ့အတူနေပြီး ဒီလောက် ညံ့ ရသလား"

ရှောင်မေက မချင့်မရဲပြောသည်။

တင်းတင်း ခေါင်းကုတ်လိုက်၏။

"သခင်မလေးပြောတာ ကျွန်မ နားမလည်နိုင်ဘူး"

ရှောင်မေက နှာခေါင်းရှုံ့ကာ ...

"အေးလေ ... အဲဒီလိုနားမလည်တာပဲ ညည်းတို့ညံ့တယ် လို့ ပြောတာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



တင်းတင်းက ...

"ကျွန်မ တကယ်ကို နားမလည်တာပါ၊ ညှံ့တယ်ဆိုလို့ သခင်မလေးပြောရင်လည်း ခံရမှာပဲ"

သူမက ...

"အေး ... ညည်းနားမလည်ရင် ငါပြောပြမယ်၊ အစ်ကိုကြီးဟာ ငါ့ရဲ့အစ်ကိုဝမ်းကွဲတော်တယ်လို့ ဖေဖေက ပြောခဲ့တယ် မဟုတ်လား"

"ဟုတ်တယ်လေ၊ အဲဒါဘာဖြစ်လို့လဲ"

"အဲဒါ လိမ်ပြောတာ"

"ရှင်"

တင်းတင်း မျက်မှောင်ကြုတ်သွားပြီး ...

"သခင်ကြီးက လိမ်ပြောတာ ဟုတ်လား"

ဟု မေးလိုက်၏။

သူမက ...

"အဖေဟာ ငါ့ကို တမင်ညာပြောခဲ့တာပဲ၊ တကယ်ဆိုရင် ငါ့မှာ ဘယ်လိုညီအစ်ကိုမောင်နှမမှမရှိတာ ငါသိတာပဲ"

တင်းတင်းက ...



"လက်စသတ်တော့ သခင်ကြီးပြောတဲ့စကားကို သခင်မလေး မယုံဘဲဖြစ်နေတာကိုး"

ရှောင်မေက ခေါင်းခါရင်း ...

"ယုံနိုင်စရာမှမရှိတာပဲ၊ ငါက ဘာကြောင့် အစ်ကိုကြီးနဲ့ အရောတဝင်နေရသလဲဆိုတာ ညည်းသိလား"

ဟု တင်းတင်းကို ပြန်မေးသည်။

"ကျွန်မ မသိဘူး၊ ဒါပေမဲ့ သခင်မလေး ထူးဆန်းတယ်"

တင်းတင်းက အမှန်အတိုင်း ပြောလိုက်၏။

ရှောင်မေ ရယ်လိုက်၏။

"ဒါပေါ့၊ ငါက ရောချင်လို့ ရောတာမှမဟုတ်တာ၊ သူ့ရဲ့အကြောင်းကို သိချင်လို့၊ မောင်နှမချင်းဆိုတဲ့အနေမျိုးနေလိုက်တော့ အဖေလည်း ဘာမှမပြောနိုင်ဘူး၊ ငါကလည်း ကိုယ်သိချင်တာကို အနုနည်းနဲ့ စုံစမ်းနိုင်တာပေါ့၊ တစ်နေ့ကို စကားတစ်လုံးပဲ နှိုက်လို့ရတယ်ထားဦး၊ အခု သူရောက်လာတာ ဘယ်လောက်ကြာပြီလဲ"

တင်းတင်းက အနည်းငယ်စဉ်းစားလိုက်ပြီး ...

"တစ်နှစ်ကျော်သွားပါပြီ သခင်မလေး"

ရှောင်မေ ခေါင်းညိတ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"အေး ... တစ်နှစ်အတွင်းမှာ သူ့ရဲ့ ဘာမှမတော်တဲ့ သူစိမ်း ပြင်ပြင်ဆိုတာကို သိခဲ့ရတာပေါ့"

တင်းတင်းသည် စိုးရိမ်ပူပန်သောသဘောဖြင့် သူမကို ကြည့်လိုက်သည်။

ရှောင်မေက ...

"သူဟာ အတော့်ကို ရိုးသားဖြူစင်တဲ့ လူတစ်ယောက်ပါပဲ၊ သူ့ဆီက စကားနိုက်ထုတ်တာတောင် မသိရှာဘူး၊ ရိုးရိုးသားသား ပြောပြတယ်၊ သူ့ရဲ့ဘဝဟာ အင်မတန် ရိုးစင်းပြီး သနားစရာလည်း ကောင်းတယ်"

တင်းတင်းက ...

"သခင်မ ... သူ့ဆီက ဘာတွေများ သိခဲ့ရလို့လဲ"

ဟု မေးလိုက်၏။

ထိုအခါ ...

ရှောင်မေက ...

"သူဟာ ဟိုးဝေးလံလှတဲ့အရပ်က ဆူးတောကျေးရွာမှာ မွေးဖွားခဲ့သူဖြစ်တယ်၊ သူ့အဖေဟာ ဆေးဆရာတစ်ယောက်ဖြစ်တယ်၊ တစ်ချိန်က ဖေဖေ့ရဲ့အသက်ကို ကယ်ခဲ့ဖူးတာကြောင့် သူ့ရဲ့



အဖေ ကွယ်လွန်တဲ့အခါမှာ ဖေဖေ့ဆီကို မှီခိုဖို့ အားကိုးတကြီး လာခဲ့တာလို့ သိရတယ်"

တင်းတင်းက သက်ပြင်းချလိုက်သည်။

"ဒီလိုဆိုရင် လုရိုဟာ သခင်မအတွက် သူစိမ်းတစ်ရံစာ တစ်ယောက်ပဲကိုး"

ရှောင်မေက ...

"ဟုတ်တယ်"

တင်းတင်းက ...

"သခင်ကြီးက ဒါကိုသိလျက်နဲ့ ဘာကြောင့်များ သခင်မနဲ့ ရင်းရင်းနှီးနှီး နေထိုင်ခွင့်ပေးခဲ့ရတာလဲ"

ရှောင်မေ ရယ်လိုက်သည်။

ပြီးမှ ...

"တခြားမဟုတ်ဘူး၊ ဖေဖေဟာ လုရိုရဲ့အဖေ ပြုခဲ့ဖူးတဲ့ ကျေးဇူးကြောင့် ဒုက္ခရောက်နေတဲ့အခါ လက်ခံမထားလို့ မရဘူး၊ ငြင်းလို့မရဘဲ လက်ခံမယ်ဆိုတော့ ငါနဲ့တွေ့ဆုံပြီး ရင်းနှီးသွားမှာစိုးရိမ်တယ်၊ ဒါကြောင့် လုရိုဟာ ငါ့အစ်ကိုလို့ လိမ်ပြောခဲ့တာပဲ၊ ညီအစ်ကိုမောင်နှမဆိုရင် ဘယ်လိုပြဿနာမျိုးမှ မဖြစ်နိုင်တော့ဘူးလို့

www.burmeseclassic.com

www.burmeseclassic.com



ထင်နေတာ၊ တင်း ... ဟင်း ... ငါက အစ်ကိုတစ်ဦး မိုးပေါ်က ကျလာသလို ဖြုန်းစားကြီး ရလိုက်တာကို မျက်စိမှိတ်ပြီး ယုံကြည်မယ်လို့ ထင်နေတာ၊ ငါဟာ ဖေဖေ့စကားကို ဘယ်တော့မှ မယုံနိုင်ဘူးဆိုတာ ဖေဖေ မသိဘူးလေ"

ပြောလိုက်သည်။

တင်းတင်းက မကြာမီ ပြဿနာတစ်စုံတစ်ရာ ပေါ်လာမည်ဖြစ်ကြောင်း နားလည်လိုက်သည်။

"သခင်မ ... ရှေ့ဘာဆက်လုပ်မယ်လို့ စိတ်ကူးထားသလဲ"

မေးလိုက်သည်။

ရှောင်မေ ခေါင်းခါလိုက်သည်။

"ငါ ဘာမှလုပ်စရာမလိုဘူးလေ"

"ဟင် ... သခင်မ ဘာမှမလုပ်ဘူး"

"ဟုတ်တယ်၊ ငါ ဘာလုပ်ရမှာလဲ"

တင်းတင်းက ...

"လုရီအကြောင်းကို အမှန်အတိုင်း သိထားပြီပဲ၊ သခင်မ ဒီအတိုင်း နေမှာလား"

သခင်မ သက်ပြင်းချလိုက်သည်။



"ငါက လုရီအပေါ် အစ်ကိုတစ်ဦးအဖြင့် ယုံကြည်နေတယ်လို့ပဲ သဘောထားစေချင်ပါတယ်"

ပြောလိုက်သည်။

တင်းတင်း ခေါင်းယမ်းလိုက်သည်။

"သခင်မဟာ အလိမ်ခံမယ့်လူစားမျိုး မဟုတ်ပါဘူး"

သခင်မက တည်ကြည်သောမျက်နှာထားဖြင့် ...

"ခုတော့ ငါက အလိမ်ခံချင်နေပြီ"

"ဟင် ... သခင်မ ဘယ်လိုပြောလိုက်တာလဲ"

"ငါ အလိမ်ခံချင်နေပြီလို့ ပြောတာလေ"

"အို ... မဟုတ်တာ သခင်မကလဲ"

သခင်မက ...

"တင်းတင်း ညည်း ဘာမှမသိပါဘူး၊ လုရီဟာ ငါ့ရဲ့အစ်ကို မဟုတ်ပေမယ့် ငါက သူ့ကို အစ်ကိုတစ်ယောက်လို သဘောထားမိတယ်၊ ခြောက်သွေ့နေတဲ့ငါ့ဘဝဟာ သူရောက်လာမှပဲ စိုစိုပြည်ပြည် ဖြစ်လာတယ်၊ ငါ့စိတ်တွေ သာယာလာတယ်၊ ဒီလိုအခြေအနေမျိုး ပျက်သွားမှာ ငါ စိုးရိမ်မိတယ်"

တင်းတင်း ရယ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"သခင်မလည်း မရိုးတော့ဘူးထင်တယ်"

တင်းတင်းက ...

"သခင်မ ... ဒီလိုပျော်ရွှင်စွာနေတာမြင်ရတော့ ကျွန်မလည်း စိတ်ချမ်းသာတယ်၊ ဘာပြဿနာမှ မဖြစ်ပါစေနဲ့လို့ ဆုတောင်းရမှာပဲ"

ရှောင်မေ နှာခေါင်းရှုံ့လိုက်သည်။

"ညည်း ဆုတောင်းမနေနဲ့ ဆုတောင်းပြည့်မှာမဟုတ်ဘူး"

"ဘာဖြစ်လို့လဲ သခင်မ"

"ငါ သုံးရက်လုံးလုံး စားမဝင် အိပ်မပျော်တာ ဒီကိစ္စကြောင့်ပဲ"

တင်းတင်းက ရှောင်မေအား ကြည့်ကာ ...

'ဘာကိစ္စလဲဆိုတာ ပြောပြပါလား သခင်မ' ဟု ပြောသည်။

"ညည်းကလည်း ညံ့လိုက်တာ၊ ဒါတောင် မသိဘူးလား၊ ခုတလော အိမ်ထိန်းကြီးက အစ်ကိုလုရိကို မအားအောင် ခိုင်းနေတာ ဖေဖေ့အမိန့်ကြောင့် ငါတို့ကို တမင်ခွဲထားတဲ့သဘောပဲ"

ရှောင်မေက ရှင်းပြသည်။

တင်းတင်းက နားလည်သဘောပေါက်သွားဟန်ဖြင့် ...



"လက်စသတ်တော့ ဒီလိုကိုး"

ရှောင်မေက ခေါင်းညိတ်သည်။

"ဖေဖေက ငါတို့နှစ်ဦးကို မောင်နှမလို ရင်းနှီးစေချင်တယ်၊ တကယ်လည်း ရင်းနှီးရော သဘောမကျပြန်ဘူး"

တင်းတင်းက ...

သခင်မ ဒီလောက်တောင် သိနေတာ မကောင်းဘူးထင်တယ်ဟု ပြောလိုက်၏။

ရှောင်မေက သက်ပြင်းချသည်။

"ငါလည်း မသိချင်ဘူး၊ ဒါပေမဲ့ ... ဖေဖေက ငါ့ကို သူ့ရဲ့ သမီးဆိုတာ မေ့နေတယ်၊ သူ့သမီးက သူ့သွေးပါမှာပေါ့၊ သူ ဘာလုပ်တယ်ဆိုတာကို သိတာပေါ့၊ ခုတော့ သူလုပ်ပုံက ငါ့ကို ကောင်းကောင်းကြီး ဒုက္ခပေးနေပြီ"

ရှောင်မေ၏စကားကြောင့် တင်းတင်းက ပျာပျာသလဲ ဖျောင်းဖျသည်။

"သခင်မ ... သခင်ကြီးအပေါ် အထင်မလွဲသင့်ပါဘူး"

ရှောင်မေ ခေါင်းခါလိုက်သည်။

"ငါ အထင်မလွဲဘူး၊ ခံစားနေရတာ"

www.burmeseclassic.com

www.burmeseclassic.com



တင်းတင်း မျက်လုံးကလေး ဝိုင်းသွားသည်။

"ရှင်"

"ငါက အစ်ကိုလုရီနဲ့ ရင်းရင်းနှီးနှီးနေရတဲ့အခါ သာယာပျော်ရွှင်မှု ရှိခဲ့တယ်၊ သူက ငါ့အစ်ကိုမဟုတ်မှန်းလည်း သိတယ်ဆိုတော့ ငါလေ ... ငါ"

ရှောင်မေက စကားကို တစ်ပိုင်းတစ်စဖြင့် ရပ်ထားလိုက်၏။

တင်းတင်းက ...

'သခင်မ' ဟု လွှတ်ခနဲ ခေါ်လိုက်သည်။

ရှောင်မေက သက်ပြင်းချရင်း ...

'တင်းတင်း ... ငါ အစ်ကိုလုရီကို မတွေ့ရရင် မနေနိုင်ဘူး၊ ငါ သူ့ကို မေတ္တာရှိနေပြီ ထင်ပါရဲ့ဟယ်' ဟု ပြောလိုက်လေသည်။

* * *



## အခန်း (၈)

ညဉ့်နက်ပြီဖြစ်သည်။ သို့သော် တင်းတင်း အိပ်မပျော်နိုင်သေးပါ။ ရှောင်မေနှင့်ပတ်သက်ပြီး အတွေးကြွယ်၍ မဟုတ်ပါ။

ရှောင်မေကား နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားပြီဖြစ်သည်။

သခင်ကြီးရှောင်ဖုံး တိတ်တဆိတ်ရောက်လာပြီး သူမအားသီးသန့်ဆောင်အပြင်သို့ ခေါ်ထုတ်သွားခြင်းဖြစ်၏။

ညအချိန်မတော်ရောက်လာပြီး သီးခြားခေါ်ထုတ်သဖြင့် တင်းတင်း ထိတ်လန့်နေ၏။

ကောင်းကင်ပေါ်တွင် လဝန်းထိန်ထိန် သာနေသည်။

လရောင်ဖြင့် ဝန်းကျင်တစ်ခုလုံး သာယာလှပနေ၏။

ပန်းဥယျာဉ်တွင်းမှ မွှေးကြိုင်သင်းပျံ့သည့် ပန်းရနံ့များ လွင့်ပြန့်လာ၏။

www.burmeseclassic.com

www.burmeseclassic.com



တင်းတင်းသည် ရင်တထိတ်ထိတ်ဖြင့် ရှောင်ဖုံးအား ကြည့်၏။

ရှောင်ဖုံးက တည်ကြည်သော မျက်နှာထားဖြင့် တင်းတင်းအား စိုက်ကြည့်ပြီး ...

"တင်းတင်း ... မင်း ကျုပ်ခြံကိုရောက်တာ ဘယ်လောက်ကြာပြီလဲ"

ဟု မေးလိုက်၏။ တင်းတင်းက ...

"ကျွန်မ လူမှန်းသိတတ်စအချိန်ကစပြီး ရောက်ခဲ့တာပါရှင်"

ရှောင်ဖုံး ခေါင်းညိတ်လိုက်သည်။

ထို့နောက် တင်းတင်းအား တည်ကြည်စွာကြည့်လိုက်ပြီး...

"ကျုပ် မင်းအပေါ်မှာ အစစအရာရာ လိုလေသေးမရှိအောင် စောင့်ရှောက်ခဲ့တာ မင်းနားလည်မှာပေါ့"

"ဟုတ် ... ဟုတ်ကဲ့၊ နားလည်ပါတယ်ရှင်"

ရှောင်ဖုံး တစ်ချက်ပြုံးလိုက်သည်။

"ကောင်းပြီ၊ မင်း နားလည်တယ်ဆိုရင် ကျုပ် ကျေနပ်ပြီ၊ ကဲ ... မင်းကိုမေးမယ် မှန်မှန်ဖြေပါ"

"ဟုတ် ... ဟုတ်ကဲ့ရှင့်"



တင်းတင်းသည် ရှောင်ဖုံးအား ထိတ်လန့်နေသည်။

ရှောင်ဖုံးက ...

"တင်းတင်း ... ကျုပ်သမီး ရှောင်မေဟာ လုရီနဲ့ပတ်သက်ပြီး ဘယ်လိုသဘောထားမျိုး ရှိနေသလဲဆိုတာ အမှန်အတိုင်းပြောစမ်း"

"သူ ... သူတို့"

"သူတို့ ဘာဖြစ်သလဲ"

"မောင်နှမတွေလို ရှိကြတယ်ရှင်"

တင်းတင်း၏စကားကြားလျှင် ...

"ဟား ... ဟား ... ဟား"

သူက ဟားတိုက်ရယ်မောလိုက်၏။

သူ၏ရယ်သံသည် အေးစိမ့်နေပြီး ကျယ်လောင်စွာ ထွက်ပေါ်လာ၏။ ရှောင်ဖုံးက ...

"နင်က လိမ်ပြောချင်တာကိုး"

"ကျွန် ... ကျွန်မ"

"သူတို့ရဲ့အခြေအနေ ငါ့ကို မှန်မှန်ပြောစမ်း"

တင်းတင်းက ...

www.burmeseclassic.com

www.burmeseclassic.com



"သခင်မက လုရီဟာ သူ့ရဲ့အစ်ကိုဝမ်းကွဲမဟုတ်ဘဲ သူစိမ်းတစ်ရံစာဖြစ်နေတယ်ဆိုတာ သိထားပါတယ်ရှင်"

ပြောပြီး ခေါင်းငုံ့ထား၏။ ဤတွင် ...

"ဟား ဟား ဟား"

ရှောင်ဖုံးက ရယ်လိုက်ပြန်၏။

တင်းတင်း အံ့ဩသွားသည်။

သူမ၏စကားကြောင့် ရှောင်ဖုံး ဒေါသတကြီး ဖြစ်ရမည် မဟုတ်ပါလား။

ယခုတော့ ဒေါသမဖြစ်သည့်အပြင် ရယ်မောနေပြန်သည်။ အဘယ်ကြောင့် ရယ်ရသနည်း။

တင်းတင်းသည် အထိတ်တလန့်ဖြင့် ရှောင်ဖုံးကို ကြည့်လိုက်မိသည်။ ရှောင်ဖုံးက ...

"ငါထင်တဲ့အတိုင်း ဖြစ်နေတာကိုး၊ ကဲ ... သူက ဘာကြောင့် ဒီကိစ္စကို သိရတာလဲ"

ဟု မေးလာပြန်၏။

တင်းတင်း ခပ်သွက်သွက်ခေါင်းခါလိုက်သည်။

"ကျွန်မ မသိပါဘူးရှင်"



ပြောင်ပြောင်တင်းတင်းပင် ဘူးကွယ်လိုက်သည်။

သူသည် ရှောင်ဖုံးအား ကြောက်ရွံ့သည်မှန်သော်လည်း ရှောင်မေ ဒုက္ခရောက်ရမည်ကိုမူ စိုးရွံ့ပူပန်၏။ ထို့ကြောင့် ဇွတ်အတင်း ဘူးကွယ်လိုက်ခြင်း ဖြစ်သည်။

သို့သော် သူမ၏လိမ်ညာမှုသည် ထိရောက်မှုမရှိပါ။

ရှောင်ဖုံးက ...

"ဒီကိစ္စကို မင်းသိရမယ်"

တင်းတင်း၏စကားကို ရှောင်ဖုံးအနေဖြင့် လုံးဝမယုံကြည်ကြောင်း ထင်ရှားလှသည်။

တင်းတင်းကမူ ဇွတ်အတင်း ဘူးကွယ်၏။

"ကျွန်မ ... ကျွန်မ ... မသိ"

တင်းတင်းမှာ စကားကို ဆုံးအောင်ပင် မပြောနိုင်ပါ။

တစ်ပိုင်းတစ်စဖြင့် ရပ်သွားသည်။

ရှောင်ဖုံးက သူမအနီးသို့ လျှပ်တစ်ပြက် ချဉ်းကပ်ရောက်ရှိလာခြင်းကြောင့် ဖြစ်သည်။

ထိုမှုမက ရှောင်ဖုံး၏လက်တစ်ဖက်က တင်းတင်း၏လည်ထိပ်ပေါ် ရောက်လာ၏။

www.burmeseclassic.com

www.burmeseclassic.com



အကယ်၍ သူသာ ကုတ်ဆွဲလိုက်ပါက တင်းတင်းမှာ အော်ပင် အော်နိုင်မည်မဟုတ်ဘဲ တုံးခနဲသေဆုံးသွားမှာ သေချာသည်။

တင်းတင်း အသက်ရှူ မှားသွားသည်။

ရှောင်ဖုံးက တင်းမာသောမျက်နှာထားဖြင့် ...

"ပြောစမ်း၊ ရှောင်မေက ဒီကိစ္စကို ဘယ်လိုသိတာလဲ"

တင်းတင်း၏မျက်လုံးများ ပြာဝေနေ၏။

"ကျွန် ... ကျွန်မ ပြောပြပါ့မယ်ရှင်"

"ကောင်းပြီ ... ပြော"

တင်းတင်းက ...

"သခင်မလေးက အတော်ဉာဏ်ကောင်းပါတယ်၊ လုရိနဲ့ တရင်းတနှီးနေပြီး စကားနှိုက်ခဲ့တာပါ၊ လုရိက ရိုးသားတဲ့လူဆိုတော့ မရိပ်မိဘဲ တစ်လုံးစ နှစ်လုံးစ ပြောမိရာက အဖြစ်မှန် ပေါ်သွားတာပါ၊ သခင်မလေး သိတာကို လုရိ မရိပ်မိသေးပါဘူး"

ရှောင်ဖုံး မဲ့ပြုံး ပြုံးလိုက်သည်။

"ကျုပ် ထင်မိသားပဲ၊ သူ လုရိကို တရင်းတနှီးနေတာ အကြောင်းရှိရမယ်လေ၊ ကျုပ်သမီးဟာ ဒီလောက် မအပါဘူး၊ ကျုပ်ကိုယ်တိုင်က အထင်သေးသလို ဖြစ်သွားတယ်၊ တော်တော်လည်တဲ့



ကောင်မလေးပဲ"

သူ၏စကားသည် စိတ်ဆိုးနေသည်လော။

သို့မဟုတ် ခွင့်လွှတ်သည်းခံခြင်းလော။

တင်းတင်းမှာ မည်သို့မျှ ဝေခွဲမရနိုင်အောင် ဖြစ်သွားလေသည်။

ရှောင်ဖုံးက ဆက်ပြောသည်။

"ကောင်းပြီ၊ လုရိဟာ သူစိမ်းတစ်ရုံစာဖြစ်တာကို ရှောင်မေ သိတော့ ဘယ်လိုသဘောထားသလဲ ပြောစမ်း"

တင်းတင်း အကြပ်ရိုက်သွား၏။

ရှောင်မေသည် လုရိအပေါ် သံယောဇဉ် ငြိတွယ်နေကြောင်း သူမကို ဖွင့်ပြောထားသည် မဟုတ်လား။

အမှန်အတိုင်း ပြောလိုက်လျှင် မိုးမီးလောင်ပေလိမ့်မည်။

တင်းတင်းမှာ အတော်ပင် အကျပ်ရိုက်သွားလေ၏။

ရှောင်ဖုံးက ဆက်ပြော၏။

"မင်းက သူနဲ့ အနီးကပ်နေတာဆိုတော့ သိရမှာပေါ့"

မိမိဘက် မြားဦးလှည့်လာကြောင်း တင်းတင်း ကောင်းစွာ ရိပ်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



"သခင်ကြီးရှင့် ... သခင်မလေးဟာ ကျွန်မထက် ပိုပြီး ဉာဏ်အမြော်အမြင်နဲ့ ပြည့်စုံပါတယ်၊ လိမ္မာပါးနပ်ပါတယ်ရှင်၊ လူရဲ့ အကြောင်းကို သူသိပြီးမှပြောလို့ ကျွန်မ သိခဲ့ရတာပါ။ ဒါကြောင့် ဘယ်လိုသဘောထားတယ်ဆိုတာ ခန့်မှန်းလို့ မရပါဘူးရှင်"

တင်းတင်းက ဝိနည်းလွတ် ပြန်ပြောလိုက်သည်။

ရှောင်ဖုံး လက်ကိုပြန်လည်ရုပ်သိမ်းလိုက်၏။

တင်းတင်း ခုမှ သက်ပြင်းချနိုင်တော့၏။

အလျှောက်ကောင်း၍ အထောင်းသက်သာသွားသည် မဟုတ်ပါလား။

ရှောင်ဖုံးက တင်းတင်းကို စေ့စေ့ကြည့်ကာ ...

"မင်းပြောတာ အမှန်ပဲနော်"

တင်းတင်း ဦးညွတ်လိုက်သည်။

"အမှန်ပါပဲရှင်"

ရှောင်ဖုံး ခေါင်းညိတ်လိုက်သည်။

"ကောင်းပြီ၊ အခုလိုပြောပြတဲ့အတွက် မင်းကို ကျုပ် ဆုချီး မြှင့်ရမှာပေါ့"

"ရှင်"



တင်းတင်း အံ့သြသွားသည်။

ရှောင်ဖုံးက ပြုံးပြလိုက်သည်။

"မင်း ကျုပ်အပေါ်မှာ သစ္စာရှိရှိ တာဝန်ထမ်းရင် ကျုပ်က မင်းကို မြှောက်စားမှာပဲ၊ ကျုပ်ကို သစ္စာဖောက်ဖို့တော့ မစဉ်းစားနဲ့ ဒုက္ခရောက်သွားလိမ့်မယ်"

တင်းတင်းက ဦးညွတ်လိုက်၏။

"သခင်ကြီးအပေါ် ကျွန်မ သစ္စာမဖောက်ဝံ့ပါဘူးရှင်"

ရှောင်ဖုံးက ...

"အင်း ... မင်းမိဘတွေ မရှိတော့ပေမယ့် ဇာတိရပ်ရွာမှာ ဆွေမျိုးဉာတကာတော့ ရှိသေးတယ် မဟုတ်လား"

တင်းတင်း ခေါင်းညိတ်သည်။

"ဟုတ်ကဲ့၊ ရှိပါသေးတယ်ရှင်"

ရှောင်ဖုံးက ကျေနပ်သွားဟန်ဖြင့် ခေါင်းတဆတ်ဆတ်ညိတ် လိုက်၏။

"မင်းဆွေမျိုးတွေဆီ သွားမလည်ချင်ဘူးလား"

မမျှော်လင့်သည့်စကား ကြားလိုက်ရသောကြောင့် တင်း တင်းမှာ ဖော်မပြနိုင်အောင် ဝမ်းသာမိလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ပျာပျာသလဲပင် ဦးညွှတ်ကာ ...

"သခင်ကြီးသာ ခွင့်ပြုမယ်ဆိုရင် သွားချင်ပါတယ်"

ဟု ပြောလိုက်လေသည်။

ရှောင်ဖုံးက ...

"မင်းက ကျူပ်အကျိုးကို ဆောင်ရွက်တာကြောင့် လည်း ပတ်ခွင့်ပြုရမှာပေါ့။ မနက်ဖြန်ညနေ ခရီးထွက်ဖို့ ပြင်ထားပေတော့၊ သမီးကိုလည်း မနက်မိုးလင်းတာနဲ့ ကြိုပြီး ပြောပြထားလိုက်ပါ"

ဟု ပြော၏။

တင်းတင်း မြေပေါ် ဒူးထောက်ချလိုက်ပြီး ...

"သခင်ကြီးရဲ့ ကျေးဇူးကို ဘယ်တော့မှ မမေ့ပါဘူးရှင်"

ဟု တရိုတသေ ပြောလိုက်လေသည်။

*

ပတ်ဝန်းကျင်တစ်ခုလုံး ငြိမ်သက်တိတ်ဆိတ်နေ၏။

ညဉ့်နက်ပြီဖြစ်သည်။ ထို့ကြောင့် လူအများ အိပ်မောကျနေကြပြီ ဖြစ်သည်။



သို့သော် ရှောင်ဖုံး၏စာဖတ်ခန်းထဲမှ မီးရောင်များ ထွက်ပေါ်နေသဖြင့် ရှောင်ဖုံးကစ်ယောက် အိပ်စက်ခြင်းမပြုသေးကြောင်း ထင်ရှားနေသည်။

မှန်ပေသည်။

သူတစ်ယောက်တည်းသာမက အိမ်ထိန်းကြီးချိုထင်းသည်လည်း အိပ်စက်အနားယူခြင်း မရှိသေးပါ။

စာဖတ်ခန်းအတွင်း၌ ရှောင်ဖုံးနှင့်ချိုထင်းတို့ ရှိနေကြ၏။

သူတို့သည် တစ်စုံတစ်ခုသောအကြောင်းကိစ္စကို ပြောဆိုနေကြခြင်းဖြစ်သည်။

"အိမ်ထိန်းကြီး ... လုရီနဲ့တွေ့ပြီးပြီလား"

ရှောင်ဖုံးက မေးလိုက်၏။

အိမ်ထိန်းကြီးချိုထင်း ခေါင်းညိတ်လိုက်သည်။

"တွေ့ပြီးပါပြီ သခင်ကြီး၊ သူ့ကို အစ်အောက်မေးမြန်းခဲ့ပြီးပါပြီ"

ရှောင်ဖုံး ခေါင်းညိတ်လိုက်သည်။

"ကဲ ... ဘယ်လိုအခြေအနေရှိသလဲ ပြောစမ်းပါဦး"

ချိုထင်းက သူသိရှိသမျှကို ပြောပြသည်။

www.burmeseclassic.com

www.burmeseclassic.com



“လူရိုက်ကြည့်ရတာ ရိုးရိုးသားသားရှိတာ အမှန်ပဲ၊ သူဟာ သိုင်းပညာနဲ့ စာပေပညာကို ကြိုးကြိုးစားစား လေ့ကျင့်ပါတယ်၊ သူ့အဖေဟာ သူ့ကို လူတော်လူကောင်းတစ်ယောက် ဖြစ်စေချင်လို့ ရှောင်ခြံဝင်းကို စေလွှတ်လိုက်တယ်ဆိုတာကို သူ မမေ့ပါဘူး၊ သခင်ကြီးက လက်ခံတဲ့အတွက်လည်း အတော်ကို ကျေးဇူးတင်နေပုံရပါတယ်”

အိမ်ထိန်းကြီးချိုထင်း၏စကားကြောင့် ရှောင်ဖုံး ပြုံးလိုက်သည်။

“အိမ်ထိန်းကြီးက သူ့ဘက်လိုက်ပြီး ပြောဆိုနေတာကိုး၊ ကျုပ်က သူနဲ့ပတ်သက်ပြီး ကြားချင်တာက ဒီစကားမျိုး မဟုတ်ဘူးဗျ”

ချိုထင်းက တည်ကြည်သောမျက်နှာထားဖြင့် ...

“သခင်ကြီးခင်ဗျာ ... သူဟာ သခင်မလေးအပေါ်မှာ ကိုယ့်ညီမလေးတစ်ဦးလို သဘောထားတာ သေချာပါတယ်”

ရှောင်ဖုံးက ချိုထင်းကို စေ့စေ့ကြည့်လိုက်သည်။

“သူ့ဘက်က စိတ်ချရတယ်လို့ အိမ်ထိန်းကြီး ယုံကြည်ထားတာပေါ့”



ချိုထင်း ခေါင်းညိတ်လိုက်သည်။

“ဟုတ်ပါတယ် သခင်ကြီး”

“ဒါဆို ရယ်ဖို့ကောင်းနေပြီ၊ သူက ဘုမသိဘမသိနဲ့ ကျုပ်သမီးကလည်း ကျုပ်ကို အရွဲ့တိုက်ချင်တာနဲ့ တွေ့ပြီပေါ့”

သူက ...

“ကောင်းပြီ၊ ဒီကိစ္စကို ကျုပ်ကိုယ်တိုင် ပါဝင်ဖြေရှင်းရမှာပဲ၊ မိုးလင်းတာနဲ့ သူ့ကို ကျုပ်ဆီ လာတွေ့ပါစေ”

ချိုထင်း ဦးညွှတ်လိုက်သည်။

“စိတ်ချပါ သခင်ကြီး၊ ကျုပ် စီစဉ်ပေးပါ့မယ်”

ပြောပြီး ချိုထင်းက ထွက်ခွာသွားရန် ဟန်ပြင်သည်။ သို့သော် ရှောင်ဖုံးက ဆက်ပြောနေသဖြင့် အသာရပ်နေလိုက်ရ၏။

“အိမ်ဖော်မလေးတင်းတင်းကို ကျုပ် သဘောမကျတော့ဘူး၊ သူ့ကို ဇာတိရပ်ရွာပြန်ခွင့်ပေးမယ်လို့ ပြောထားတယ်၊ ကျုပ်တို့ခြံဝင်းထဲက ထွက်သွားပြီးရင် ကျုပ်တို့အကြောင်းကို တခြားလူတွေသိမှာ ကျုပ်မလိုလားဘူး”

ရှောင်ဖုံး ဘာဆိုလိုသည်ကို ချိုထင်း သိသည်။ ထို့ကြောင့်

“ကျုပ် တာဝန်ယူပြီး စီစဉ်လိုက်ပါ့မယ်”

www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလိုက်၏။

အိမ်ဖော်မလေး တင်းတင်းအနေဖြင့် ရှောင်ခြံဝင်းမှ ထွက်ခွာသွားခြင်းသည် လောကပေါ်မှ အပြီးအပိုင်ထွက်ခွာသွားခြင်းပင် ဖြစ်သည်။ ယင်းအတွက် ချိုထင်း စိတ်မကောင်းပါ။

ရှောင်ဖုံး၏ဆန္ဒအတိုင်း ဘာမဆိုဖြစ်မြောက်အောင် ဆောင်ရွက်ပေးရမည်မှာ သူ၏တာဝန်ပင် မဟုတ်ပါလား။

ရှောင်ဖုံးထံမှ စကားသံ ဆက်လက်ထွက်ပေါ်လာပြန်၏။

"ကျုပ်သမီးနဲ့ ပတ်သက်လာရင် ကျုပ်က ဘာမဆိုလုပ်ဖို့ ဝန်မလေးဘူး၊ လူရိုကို မျက်ခြည်မပြတ် စောင့်ကြည့်ထားပါ၊ သူဟာ ကျုပ်ကျေးဇူးရှင်ရဲ့သားဖြစ်ပေမယ့် ကျုပ်သမီးနဲ့ ပတ်သက်လာရင်"

ရှောင်ဖုံးသည် စကားကို နှစ်ခါထပ်ပြောကာ တစ်ပိုင်းတစ်စဖြင့် ရပ်ထားလိုက်၏။

ချိုထင်းသည် ရှောင်ဖုံးအား ငေးကြည့်နေ၏။

တင်းတင်း၏အလှည့်ပြီးလျှင် မိမိအလှည့်ရောက်လာလိမ့်မည်ဟု နားလည်ထားသည် မဟုတ်ပါလား။

* * *



## အခန်း (၉)

နံနက် မိုးစင်စင်လင်းလာပြီဖြစ်၏။

ညက စောစောစီးစီး အိပ်ရာဝင်ခဲ့သည့် ရှောင်မေမှာ နံနက်စောစော အိပ်ရာမှ နိုးလာ၏။

အိပ်ရာမှထလိုက်သည့်အခါ ပြုံးရွှင်ရွှင်ဖြင့် ဆီးကြိုနေသည့် တင်းတင်းအား တွေ့လိုက်ရလေသည်။

တင်းတင်းသည် ဝတ်ကောင်းစားလှ ဝတ်ဆင်ထားပြီး မှန်နှံ့သာများ ချယ်သလိမ်းကျံထားသည်ကို တွေ့ရသည်။

ရှောင်မေသည် တင်းတင်းအားကြည့်ကာ အံ့သြသွား၏။

"တင်းတင်း ... ဒီကနေ့ ညည်းက လှလို့ ပလို့ပါလား"

ခါတိုင်းထက် ထူးခြားနေသော တင်းတင်းအားကြည့်ကာ ရှောင်မေက ပြောလိုက်သည်။ တင်းတင်းက ရယ်ရင်း ...

"သခင်မကို ပြောမလို့"

www.burmeseclassic.com

www.burmeseclassic.com



ရှောင်မေ မျက်မှောင်ကုတ်သွားသည်။

"ဘာပြောမလို့လဲ၊ ပြောစမ်းပါဦး"

တင်းတင်းက စိတ်လက်ပေါ့ပါးစွာဖြင့် ...

"ကျွန်မကို သခင်ကြီးက ဓာတ်ရပ်ရွာကို သွားလည်ခွင့်ပြု ပေးမယ်လို့ ပြောတယ်"

"ဟင်"

ရှောင်မေ အံ့ဩနေသဖြင့် တင်းတင်းက ...

"တကယ်ပြောတာ သခင်မရဲ့၊ ဒီတစ်ခါ သခင်ကြီး ဘယ် လောက်သဘောကောင်းနေသလဲမသိဘူး၊ ကျွန်မကို ခွင့်သုံးလပေး မယ်လို့တောင် ပြောတယ်"

ရှောင်မေမှာ မယုံနိုင်အောင် ဖြစ်သွားရလေသည်။

"ညည်း တကယ်ပြောတာနော်"

"တကယ်ပေါ့ သခင်မရဲ့"

ရှောင်မေ သက်ပြင်းချလိုက်သည်။

"အင်း ... အဖေက ဘာတွေများ အကွက်ဆင်နေပြန်ပြီ လည်း မသိဘူး။ ညည်းကို ငါ့အနားက ဖယ်ထုတ်လိုက်တာပဲ ဖြစ် မယ်"



ထိုစကားကြောင့် တင်းတင်း ပါးစပ်ပိတ်သွားလေသည်။

ရှောင်မေက ...

"အဖေ တစ်ခုခုကြံစည်နေတာ သေချာပါတယ်၊ ကောင်းပြီ ... ငါလည်း ပြတ်ပြတ်သားသား ရင်ဆိုင်ရတော့မှာပဲ"

ဟု ပြော၏။

ယင်းသို့ ပြောဆိုနေကြစဉ်မှာပင် ...

'ဂျိမ်း'

တံခါးဖွင့်သံ ထွက်ပေါ်လာ၏။

တံခါးဖွင့်သံနှင့်အတူ ...

ခပ်သွက်သွက်လှမ်းလာသော ခြေသံများ ထွက်လာသည် ကိုလည်း ကြားလိုက်ရ၏။

မကြာပါချေ။ အဆောင်ထဲသို့ အိမ်ထိန်းကြီးရောက်လာ သည်ကို တွေ့ရလေသည်။

ရှောင်မေက မျက်မှောင်ကြုတ်ရင်း သူ့ကို လှမ်းကြည့် သည်။

"ဦးလေးချို့ထင်း စောစောစီးစီးပါလား၊ အရေးကြီးတဲ့ကိစ္စ ရှိပြီထင်တယ်"

www.burmeseclassic.com

www.burmeseclassic.com



ချိုထင်းက ဦးညွှတ်လိုက်၏။

"သခင်ကြီး ခေါ်ခိုင်းလိုက်လို့ပါ သခင်မ"

ရှောင်မေ အံ့ဩသွားသည်။

"စောစောစီးစီး အဖေက ခေါ်ခိုင်းလိုက်တယ် ဟုတ်လား"

"ဟုတ်ပါတယ် သခင်မ"

"ဘယ်လိုကိစ္စမျိုးလဲ"

ချိုထင်း ခေါင်းခါလိုက်သည်။

"ဒါတော့ ... သခင်ကြီး မပြောပြလိုက်ဘူး"

ရှောင်မေ ပြုံးလိုက်၏။

ပြီးနောက် တင်းတင်းဘက်လှည့်ကာ ...

"ငါထင်တဲ့အတိုင်းတော့ ဖြစ်လာပြီ၊ တကယ်လို့ အဖေက ညည်းကို ခွင့်ပေးရင် ညည်းက ဇာတိရပ်ရွာကို တကယ်ပြန်မှာလား"

ရှောင်မေ၏အမေးကို တင်းတင်းက ခေါင်းညိတ်၍ ဖြေ၏။

"ဟုတ်ကဲ့၊ ကျွန်မပြန်ချင်ပါတယ် သခင်မ"

ရှောင်မေ သက်ပြင်းချလိုက်သည်။ အမှန်တော့ တင်းတင်း အနေဖြင့် ပြန်ချင်လှသည်မဟုတ်ပါ။ ရှောင်ဖုံးထံသို့ လုရီရောက်လာပြီးနောက် အခြေအနေများ ရှုပ်ထွေးလာသဖြင့် တင်းတင်းသည် ရှောင်ထွက်သွားချင်နေခဲ့သည်။



သို့သော် ရှောင်မေက ခွင့်ပြုချင်ပုံမရပါ။

"တင်းတင်း ညည်း ဘယ်မှမသွားဘဲနေတာ အကောင်းဆုံးဖြစ်လိမ့်မယ်၊ ဒါပေမဲ့ ... ညည်းသွားချင်တယ်ဆိုရင် သွားပါ၊ ငါတားမှာမဟုတ်ဘူး၊ ညည်းအတွက် ပြောတယ်ဆိုတာ နားလည်ထားဖို့ လိုတယ်"

တင်းတင်းသည် အားတုံ့အားနာဟန်ဖြင့် ခေါင်းကလေးငုံ့ကာ ...

"ကျွန်မ ခဏလောက်ပြန်ချင်ပါတယ် သခင်မ"

တင်းတင်းက မဝံ့မရဲပြော၏။

ရှောင်မေ မကျေမနပ်ဖြစ်သွားသည်။

"ဒါတော့ ညည်းသဘောပဲ"

တစ်ဆက်တည်းပင် ရှောင်မေသည် အိမ်ထိန်းကြီးဘက်လှည့်ကာ ...

"ဦးလေးချိုထင်း ကျွန်မတို့ သွားကြစို့"

ချိုထင်း ပျာပျာသလဲ ဦးညွှတ်လိုက်၏။

"ကောင်းပါပြီ သခင်မ"

www.burmeseclassic.com

www.burmeseclassic.com



ပြောပြောဆိုဆိုပင် ချိုထင်းသည် ရှေ့မှ ထွက်သွားလေသည်။

✷

ရှောင်မေ ချိုထင်းနှင့်လိုက်သွားသည့်အခါ သီးသန့်ဆောင်အတွင်း၌ တင်းတင်းတစ်ဦးတည်းသာ ကျန်ရစ်ခဲ့သည်။

တင်းတင်းသည် ဝန်ထုပ်ဝန်ပိုးကြီးကျသွားကာ လွတ်လပ်သွားသလို ခံစားလိုက်ရ၏။

သူမသည် ရှောင်မေက တားမြစ်သည့်ကြားမှာပင် ဇာတိရပ်ရွာသို့ပြန်ရန် ဆုံးဖြတ်လိုက်သည်။

အကယ်၍ ...

ရှောင်ဖုံးသည် သူမအား ကောင်းသောသဘောဖြင့် ပြန်ခွင့် ပြုထားခြင်းမဟုတ်ဘဲ သူမအား ဖယ်ရှားပစ်လိုသောကြောင့် ပြန်ခွင့်ပြုခြင်းဖြစ်ကြောင်း တင်းတင်းသာ သိရှိခဲ့မည်ဆိုလျှင် ...

✷



စားပွဲပေါ်၌ စားသောက်ဖွယ်ရာများ စုံစုံလင်လင်ရှိ၏။

အငွေ့တထောင်းထောင်းထကာ ပူပူနွေးနွေး ရှိနေ၏။

ရှောင်မေကြိုက်တတ်သော စားသောက်ဖွယ်ရာများကို ချက်ပြုတ်ထားခြင်း ဖြစ်ပေသည်။

ထမင်းစားပွဲကို ရှောင်ဖုံး၏စာဖတ်ခန်းထဲ၌ပင် ပြင်ဆင်ထားခြင်းဖြစ်၏။ ရှောင်မေအား ခေါ်ဆောင်လာသော ချိုထင်းသည် စာဖတ်ခန်းသို့ ရောက်လာသောအခါ ...

"ကျုပ်ကိုခွင့်ပြုပါဦး သခင်မ"

ဟု နှုတ်ဆက်ကာ ပြန်လည်ထွက်ခွာသွားလေသည်။

ရှောင်မေ သက်ပြင်းချလိုက်သည်။

ဖြစ်လာသမျှကို ရင်ဆိုင်သွားရန် ဆုံးဖြတ်ပြီး စာဖတ်ခန်းတံခါးကို တွန်းဖွင့်၍ လှမ်းဝင်လိုက်လေသည်။

ရှောင်ဖုံးက အသင့်ကြိုဆိုနေသည်။

"လာ သမီး ... လာ"

ရှောင်မေသည် ဖခင်၏ပြုံးရွှင်ပျူငှာမှုကိုကြည့်ကာ ရင်ထဲလေးလံသွား၏။ ဖခင်တွင် အကြံအစည်တစ်ခုခု ရှိနေလိမ့်မည်ဟု

www.burmeseclassic.com

www.burmeseclassic.com



နားလည်လိုက်၏။ သို့သော် ရှောင်မေက ဟန်မပျက်ပင် ...

"ဖေဖေ ခေါင်းလိုက်တယ်ဆို"

ရှောင်ဖုံး ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ် သမီး၊ တို့သားအဖနှစ်ယောက် အတူတကွ ထမင်းလက်ဆုံမစားရတာ အတော်ကြာသွားပြီ မဟုတ်လား၊ ဒီနေ့ မနက်တော့ ထမင်းစားရင်း အေးအေးဆေးဆေး စကားပြောကြတာပေါ့"

ရှောင်မေက အသာအယာ ခေါင်းညိတ်လိုက်သည်။

"ဟုတ်ကဲ့ ဖေဖေ"

သားအဖနှစ်ဦး ထမင်းဝိုင်း၌ မျက်နှာချင်းဆိုင် ထိုင်လိုက်ကြ၏။

ရှောင်ဖုံးက စားပွဲပေါ်မှ ဟင်းလျာများကို ညွှန်ပြရင်း ...

"ကဲ ... စားလိုက်ပါဦး၊ သမီးကြိုက်တဲ့ဟင်းတွေ ဖေဖေ ချက်ခိုင်းထားတယ်"

"ဟုတ်ကဲ့"

ရှောင်မေက ဟင်းလျာများကို မှင်သေသေဖြင့် စားသောက်လိုက်သည်။



ရှောင်ဖုံးလည်း စားသောက်လိုက်သည်။

သူတို့သည် စားရင်းသောက်ရင်း တစ်ဦးကိုတစ်ဦး အကဲခတ်နေကြ၏။ နှစ်ဦးစလုံး၏ရင်ထဲ၌ အကြံကိုယ်စီ ပြောစရာစကားကိုယ်စီ ရှိနေသည် မဟုတ်ပါလား။

သူတို့သည် တို့ကနန်း ဆိတ်ကနန်း စားသောက်ကြပြီးနောက် လက်စသတ်လိုက်ကြ၏။

ထိုအခါမှ ရှောင်မေသည် ဖခင်ဖြစ်သူ ရှောင်ဖုံးကိုကြည့်ကာ

"ပူပူနွေးနွေးစားရတာ အတော်ကို စားကောင်းတာပဲ"

ဟု ပြောလိုက်၏။

ရှောင်ဖုံးက ကျေနပ်သဘောကျသွားဟန်ဖြင့် ဟက်ခနဲ ရယ်လိုက်သည်။

"သမီး စားလို့ကောင်းတယ်ဆိုရင် ဖေဖေ ကျေနပ်ပါပြီ"

ရှောင်မေက ခပ်ယွဲ့ယွဲ့ပြုံးကာ ...

"ဖေဖေ မနက်စောစောစီးစီး သမီးကိုခေါ်ခိုင်းလိုက်တာ ထမင်းကျွေးဖို့သက်သက်တော့ မဟုတ်ဘူးထင်တယ်၊ တခြားအရေးကြီးတဲ့ကိစ္စ ရှိနေလို့မဟုတ်လား"

ရှောင်မေက ပွင့်ပွင့်လင်းလင်းပင် မေးလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ရှောင်ဖုံး ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ် သမီး၊ သမီးကို ပြောစရာရှိလို့"

ပြောစရာရှိသည်ဆိုကတည်းက ရှောင်မေ နားလည်လိုက်ပြီဖြစ်သည်။

"အစ်ကိုကြီးလုရှီနဲ့ ပတ်သက်လို့လား"

ရှောင်မေက တွဲတိုးပင် မေးလိုက်၏။

ရှောင်ဖုံးက ရယ်ကျဲကျဲလုပ်ကာ ...

"ကြည့်စမ်း ... သမီး သိပ်ဉာဏ်ကောင်းတာပဲ၊ ဖေဖေပြောမယ့်ကိစ္စကိုတောင် ကြိုပြီး သိနေတာကိုး"

ရှောင်မေက အသာအယာပြုံးရင်း ...

"ဖေဖေရယ် သမီးဟာ ဖေဖေ့သမီးဆိုတာလည်း သတိထားဦးမှပေါ့"

ရှောင်ဖုံး ခေါင်းတဆတ်ဆတ်ညိတ်လိုက်သည်။ ပြီးမှ ...

"ဖေဖေတော့ သမီးကို သိပ်ပြီးသဘောကျသွားပြီ၊ ကဲ ... ပွင့်ပွင့်လင်းလင်းပဲ ပြောတော့မယ်၊ လုရှီဟာ သမီးနဲ့ သွေးသားမတော်စပ်ဘူး၊ အစ်ကိုဝမ်းကွဲတစ်ဦးဖြစ်တယ်လို့ လိမ်ပြောထားခဲ့တာကိုး သမီး သိနေပြီမဟုတ်လား"



ဟု မကွေ့မဝိုက်တော့ဘဲ လိုရင်းကို တွဲတိုးပြောချလိုက်လေသည်။

ရှောင်မေက မကွယ်မဝှက်ဘဲ အမှန်အတိုင်းပင် ဝန်ခံလိုက်၏။

"ဟုတ်ကဲ့၊ ဒီကိစ္စကို သမီးသိနေတာ ကြာပါပြီ"

"သမီးသိလျက်နဲ့ ... ဘာလို့ မသိချင်ဟန်ဆောင်နေရတာလဲ"

ရှောင်ဖုံးက နားမလည်နိုင်ဟန်ဖြင့် မေးသည်။ ရှောင်မေက

"သမီး ပျော်လို့ပါ"

"ဟင်"

ရှောင်မေ၏စကားကြောင့် ရှောင်ဖုံး ကြောင်အမ်းအမ်းဖြစ်သွားသည်။

သမီးဖြစ်သူ ရှောင်မေကို နားမလည်နိုင်စွာ ကြည့်လိုက်ပြီး

"ပျော်လို့ ဟုတ်လား၊ သမီး ဘာကြောင့်ပျော်တယ်ဆိုတာ ရှင်းပြပါလား"

ရှောင်မေ သက်ပြင်းချလိုက်သည်။

ပြီးမှ တည်ကြည်သောမျက်နှာထားဖြင့် ...

www.burmeseclassic.com

www.burmeseclassic.com



"ဖေဖေ ... သက်ရှိလူသားတစ်ဦးမဆိုထားနဲ့၊ တိရစ္ဆာန်တွေတောင် အထီးကျန်ဘဝကို ရွံ့မုန်းကြပါတယ်၊ သမီးဟာ လူသားတစ်ဦးပါ၊ လွတ်လွတ်လပ်လပ် ပျော်ပျော်ရွှင်ရွှင်နေချင်ပါတယ်၊ လှောင်ချိုင့်ထဲက ငှက်ကလေးတစ်ကောင်လို မနေချင်ပါဘူး"

ရှောင်မေ၏စကားကြောင့် ရှောင်ဖုံး မျက်နှာပျက်သွားသည်။

"သမီး ... ဖေဖေ ..."

ရှောင်ဖုံးက ရှင်းပြရန် ကြိုးစားသည်။ သို့သော် ရှောင်မေက သူ၏စကားကို ကြားဖြတ်ပြောလိုက်၏။

"အချုပ်ချယ်ခံဘဝနဲ့ သမီးနေခဲ့ရတာ နှစ်ပေါင်းအတော်ကြာခဲ့ပါပြီ၊ ဒါကြောင့် အစ်ကိုလုရီ ရောက်လာတဲ့အချိန်မှာ အဖော်တစ်ဦးရလာတယ်၊ ပျော်ရွှင်မှု ရလာတယ်၊ ဖေဖေက လိမ်ညာပြောထားမှန်းသိပေမယ့် ပျော်ရွှင်မှုလေးတွေ ပျောက်ကွယ်မသွားရအောင် တမင်မသိချင်ဟန်ဆောင်နေခဲ့တာပါ ဖေဖေ"

ရှောင်ဖုံး သက်ပြင်းချလိုက်သည်။

ထို့နောက် စိတ်မသက်မသာဟန်ဖြင့် ...

"သမီးကို ဖေဖေ အတွက်မှားသွားတယ်"



ရှောင်မေ ခေါင်းခါလိုက်သည်။

"မမှားပါဘူး ဖေဖေ၊ ဖေဖေဟာ သမီးအတွက် ပျော်ရွှင်မှုကို ရှာပေးတာပါ"

"ဘာ ... ဘယ်လို"

"အစ်ကို့ကို ဒီမှာခေါ်ထားတဲ့အတွက် အဖေ့ကို သမီး ကျေးဇူးတင်ပါတယ်၊ သမီးရဲ့ဘဝအတွက် အဖော်ကောင်းတစ်ဦးကို ရလိုက်တာပဲ မဟုတ်လား"

ရှောင်ဖုံး ခေါင်းခါ၏။

"မဟုတ်ဘူး သမီး၊ မဟုတ်ဘူး"

ရှောင်မေ မျက်ရည်လည်သွားသည်။

"ဘာဖြစ်လို့လဲ အဖေ"

"သူဟာ သမီးအတွက် အဖော်မွန်ကောင်းတစ်ယောက် ဖြစ်လာမှာ မဟုတ်ဘူး၊ သူဟာ ဒုက္ခသည်တစ်ဦးပဲ၊ အဖေက မလွဲသာမရှောင်သာလို့ လက်ခံခဲ့ရတာ၊ တစ်နေ့ကျရင် သူဟာ အဖေတို့ဆီက ထွက်သွားရမှာ၊ သူဟာ ခေတ္တတည်းခိုလာတဲ့ ဧည့်သည်တစ်ဦးပါ"

ရှောင်မေက နားမလည်နိုင်ဟန်ဖြင့် ...

"အစ်ကို ဒီကထွက်သွားရဦးမယ် ဟုတ်လား အဖေ"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်၊ အဖေထင်တယ် သူမကြာခင် ခရီးထွက်ရဦးမယ်"

ထိုစကားကြောင့် ...

ရှောင်မေက ရယ်လိုက်သည်။

သူမ၏ရယ်မောမှုကြောင့် ရှောင်ဖုံး ကျွံမြီးတိုသွားသည်။

"သမီး ဘာရယ်တာလဲ"

စိတ်တိုတိုနှင့် မေးလိုက်၏။ ရှောင်မေက အရယ်ရပ်ပြီး ...

"သဘောကျလို့ပါ"

ဟု ပြောလိုက်လေသည်။

"သမီး"

ရှောင်မေက ကြားဖြတ်ပြောလိုက်၏။

"တကယ်ပြောတာပါ။ သမီးသဘောကျလို့ပါ။ အစ်ကို သမီးနဲ့ ရင်းရင်းနှီးနှီးနေမှာကို အဖေ မလိုလားဘူး မဟုတ်လား၊ ဒါကြောင့် သူ့ကို အဝေးလွှင့်သွားအောင် လုပ်ဦးမှာမဟုတ်လား"

ရှောင်ဖုံး ပါးစပ်ပိတ်ထားလိုက်၏။

ရှောင်မေက ဆက်ပြောသည်။



"အဖေ ... အစ်ကိုရှိနေတာကြောင့် သမီးရရှိတဲ့ ပျော်ရွှင်မှုလေးကို ဖျက်ဆီးပစ်ဦးမှာလား၊ သမီးကို အထီးကျန်ဆန်တဲ့ ဘဝထဲမှာ ထားမှာလား၊ တစ်သက်လုံး အကျဉ်းချထားတော့မှာလား၊ သမီးဟာ လူသားတစ်ယောက် မဟုတ်တော့ဘဲ လှောင်ချိုင့်ထဲက ငှက်ကလေးတစ်ကောင်လို ဖြစ်နေပြီဆိုတာ အဖေ မစဉ်းစားတော့ဘူးလား"

ရှောင်မေသည် ပြောရင်း စိတ်ထိခိုက်ကာ အသံများပင် တုန်ယင်လာလေ၏။ ရှောင်ဖုံးက ခေါင်းခါယမ်းရင်း ...

"မဟုတ်ဘူး သမီး၊ အဖြေရှင်းပြမယ်၊ သူ့ကို အဖေ မောင်းထုတ်တာမဟုတ်ဘူး၊ သမီးနဲ့ ခွဲလိုက်တာလည်း မဟုတ်ဘူး၊ သူဟာ ဉာဏ်ထိုင်းတယ်၊ လူတစ်လုံး သူတစ်လုံးဖြစ်လာအောင် အချိန်ယူပြီး သင်ကြားပေးရလိမ့်မယ်၊ အဖေဟာ သူ့အတွက် အချိန်မပေးနိုင်ဘူး၊ ဒါကြောင့် သူ့ကို အဖေရဲ့မိတ်ဆွေတစ်ယောက်ဆီကိုလွှတ်ပြီး ပညာဆက်သင်နိုင်းဖို့ စီစဉ်ထားတာ၊ အဲဒီမှာ အခြေခံပညာရပ်တွေကို တစ်နှစ်လောက် သင်ကြားပြီးရင် အဖေ့ဆီကို ပြန်ခေါ်ပြီး ဆက်သင်ပေးဖို့ စီစဉ်ထားတာ၊ ဒါဟာ သူရောက်လာကတည်းက စီစဉ်ထားတာ၊ သူကိုယ်တိုင်လည်း သဘောတူတယ်၊ သမီးမယုံရင် သူ့ကို မေးနိုင်ပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



အမှန်တော့ ထိုအကြံသည် ယခုမှပေါ်လာခြင်းဖြစ်ပြီး ဖွတ်မိုတ်လိမ်ညာပြောလိုက်ခြင်းဖြစ်သည်။

ထိုစကားကြောင့် ရှောင်မေ ဇဝေဇဝါဖြစ်သွားသည်။

"အစ်ကိုရောက်လာကတည်းက အဖေစီစဉ်ထားတာ ဟုတ်လား"

ရှောင်ဖုံး ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ် သမီး၊ သူကိုယ်တိုင် ဒီအစီအစဉ်ကို သဘောတူခဲ့တာ"

ရှောင်မေ အနည်းငယ် စိတ်ဝင်စားသွားသည်။

"အစ်ကို့ကို ဘယ်ကိုလွှတ်မှာလဲဟင်"

"ကျောင်းဟုန်မြို့ကိုလွှတ်မလို့၊ အဲဒီမှာ အဖေ့ရဲ့မိတ်ဆွေတစ်ယောက်ရှိတယ်"

ရှောင်မေ မျက်မှောင်ကြုတ်သွား၏။

"ကျောင်းဟုန်မြို့ဆိုတော့ အဝေးကြီးပေါ့၊ အဲဒီမှာ အဖေရဲ့မိတ်ဆွေရှိတယ်လို့ တစ်ခါမှလည်း မပြောဘူးပါလား၊ ခုမှ ဘယ်က ဘယ်လို ပေါ်လာတာလဲ"

ရှောင်မေက သက်ာမကင်းသော လေသံဖြင့် ပြောသည်။



ရှောင်ဖုံး မျက်နှာပျက်သွား၏။

သို့သော် ...

ချက်ချင်းပင် ဣန္ဒြေဆည်ကာ ...

"သမီး ဘာကြောင့် ဒီလောက်တောင် အဖေ့အပေါ်မှာ မယုံသင်္ကာဖြစ်ရတာလဲ"

ရှောင်မေ သက်ပြင်းတစ်ချက်ချလိုက်သည်။

"သမီး အဖေ့ကိုယုံကြည်ပါတယ်၊ အဖေကသာ သမီးကို မယုံကြည်တာပါ"

"သမီး တော်တော့"

ရှောင်ဖုံး စိတ်တိုသွားသည်။

ရှောင်မေက မချိတင်ကဲလေသံဖြင့် ...

"တင်းတင်းကိုလည်း ဓာတ်ရုပ်ရွာပြန်ခိုင်းတယ်၊ အစ်ကို့ကိုလည်း တစ်နယ်တစ်ကျေးကိုပို့တယ်၊ ဒါတွေဟာ သမီးရဲ့ပျော်ပိုက်မှုကို ဖျက်ဆီးပစ်နေတာ၊ သမီးကို အထီးကျန်ဖြစ်အောင် လုပ်နေတာ မဟုတ်လား"

ရှောင်ဖုံး၏မျက်နှာညို့းကျသွားသည်။ သမီးဖြစ်သူ ရှောင်မေကို ကရုဏာသက်စွာကြည့်ရင်း ...

www.burmeseclassic.com

www.burmeseclassic.com



"သမီး ... သမီးကို အဖေ ဘယ်လောက်ချစ်မြတ်နိုးတယ် ဆိုတာ သမီး နားမလည်တော့ဘူးလား၊ သမီးကို မျက်စိအောက်က အပျောက်မခံနိုင်ဘူး၊ သမီးနဲ့ ပတ်သက်လာရင် ဘယ်သူ့ကိုမှ အဖေ စိတ်မချဘူး၊ အဖေ့ဆီကနေပြီး သမီးကို ခေါ်ထုတ်သွားမယ့်အဖြစ် မျိုးကို ဘယ်တော့မှ လက်ခံမှာမဟုတ်ဘူး"

ရှောင်မေကလည်း ခပ်အေးအေးပင် ပြန်ပြောလိုက်၏။

"သမီးကို အဖေ သိပ်ချစ်တယ်ဆိုတာ သမီးသိပါတယ်၊ ဒါပေမဲ့ အဖေ့ရဲ့သမီးအပေါ် ချစ်တဲ့စိတ်ဟာ တစ်ဖက်စွန်းရောက်လွန်း နေပြီ"

ရှောင်မေ၏စကားကြောင့် ...

"တော်တော့သမီး၊ အဖေ့ကို ဘာမှဝေဖန်စရာမလိုဘူး"

သခင်ကြီးရှောင်ဖုံး ဒေါ်ပွပြီး ထအော်လိုက်၏။

ရှောင်မေကား ဆုံးဖြတ်ထားပြီးဖြစ်ရာ အလျှော့ပေးရန် လုံးဝ စိတ်မကူးတော့ချေ။

"သမီးလည်း ရှေ့ဆက်ပြီး အကျဉ်းသားတစ်ယောက်လိုနေ နိုင်တော့မှာ မဟုတ်ဘူး"

"ဘာ ... ဘာပြောတယ်"



"သမီး သီးသန့်အဆောင်ထဲမှာ မနေနိုင်တော့ဘူး အဖေ"

"သမီး"

ရှောင်ဖုံး ထိုင်ရာမှ ထလိုက်၏။

သားအဖနှစ်ယောက် တစ်ယောက်ကိုတစ်ယောက် စိုက် ကြည့်လိုက်ကြသည်။

"သမီး ... အဖေ့ဘဝမှာ တစ်ကြိမ်အမှားကျူးလွန်ခဲ့မိပြီး အရှက်တကွဲအကျိုးနည်း ဖြစ်ခဲ့ရတယ်၊ နောက်နောင် ဒီလိုအဖြစ်မျိုး ကို ဘယ်နည်းနဲ့မှ အဖြစ်ခံနိုင်မှာမဟုတ်ဘူး၊ ဒါကြောင့် သမီးအနေနဲ့ အဖေ့စကားကို တစ်သဝေမတိမ်း နားထောင်ရလိမ့်မယ်"

ရှောင်ဖုံးက ပြတ်ပြတ်သားသား ပြောလိုက်၏။

ရှောင်မေကလည်း ခေါင်းမာ၏။

"သမီးကလည်း အကျဉ်းသားဘဝနဲ့ မနေနိုင်ပါဘူး"

အလျှော့မပေးဘဲ ပြန်ပြောသည်။

သားအဖနှစ်ယောက် ထိပ်တိုက်ရင်ဆိုင် တွေ့ကြပြီဖြစ်၏။

အတန်ကြာအောင် တိတ်ဆိတ်သွား၏။

စာဖန်ခန်းသည် ပေါက်ကွဲတော့မည့် မီးတောင်ကြီးတစ်ခု နှင့်ပင် တူလာလေသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် မိဘနှင့်သားသမီးဖြစ်ရာ ရှောင်ဖုံးကပင် အလျှော့ပေးလိုက်ရလေသည်။

"ကောင်းပြီ၊ သမီးကို ချုပ်ချယ်ထားသလိုမဖြစ်အောင် အဖေ စီစဉ်ပေးမယ်၊ ဒါပေမဲ့ ... အဖေ့စကားကိုတော့ သမီး နားထောင်ရမယ်"

ရှောင်မေ ခေါင်းခါလိုက်သည်။

"ခုမှတော့ မရှိတော့ဘူး အဖေ၊ သမီး ဆုံးဖြတ်ပြီးပြီ"

ထိုစကားကြောင့် ရှောင်ဖုံး အထိတ်တလန့် ဖြစ်သွားသည်။

"ဘာ ... သမီး ဘယ်လိုပြောလိုက်တယ်"

"အဖေ ... သမီး အစ်ကို့အပေါ်မှာ မေတ္တာသက်ဝင်နေမိပြီ၊ ဒါကြောင့် ... သူနဲ့လက်ထပ်ပေးပါ၊ ဒါမှမဟုတ်ရင်"

ရှောင်မေသည် စကားတစ်ပိုင်းတစ်စဖြင့် ရပ်လိုက်ပြီး ...

"သမီး ကိုယ့်ကိုယ်ကိုယ် အဆုံးစီရင်ပစ်ဖို့ ဆုံးဖြတ်ပြီးပြီ"

ဟု ပြောလိုက်လေ၏။ ရှောင်ဖုံးမှာ ဘာပြန်ပြောရမှန်း မသိအောင်ဖြစ်ကာ ပါးစပ်အဟောင်းသား ဖြစ်သွားလေတော့၏။

* * *



## အခန်း (၁၀)

ရှောင်ဖုံးသည် ပါးစပ်အဟောင်းသား ဖြစ်နေ၏။

သမီးဖြစ်သူအား မယုံကြည်နိုင်စွာဖြင့် မျက်လုံးပြူး၍ ကြည့်နေမိ၏။

သူ၏သမီးမှ ဟုတ်ပါလေစဟု သံသယဝင်လာမိလေသည်။ သူမသည် မည်သည့်နေရာမှ ခွန်အားသတ္တိများ ရရှိလာပါသနည်း။

လုရိကပင် သွေးထိုးပေးခဲ့ခြင်းလော။

ရှောင်ဖုံး အတွေးများဖြင့် ငိုင်ကျနေစဉ်မှာပင် ...

"သမီး သွားတော့မယ် အဖေ"

ရှောင်မေက နှုတ်ဆက်ကာ ထွက်သွားရန် ဟန်ပြင်လိုက်၏။ ထိုအခါမှ ရှောင်ဖုံးလည်း သတိပြန်ဝင်လာပြီး ...

"သမီး ... ခဏနေဦး"

www.burmeseclassic.com

www.burmeseclassic.com



ဟု ဟန့်တားလိုက်လေသည်။

ထွက်ခွာရန် ဟန်ပြင်နေသော ရှောင်မေ၏ခြေလှမ်းများ ရပ်တန့်သွား၏။

ထို့နောက် ဖခင်ကို လှည့်ကြည့်၏။ ဖခင်ရှောင်ဖုံးက ...

"သမီး ဘယ်လိုဆုံးဖြတ်ထားတာလဲ သမီးရယ်၊ အဖေ့ဂုဏ်သိက္ခာကိုလည်း ထောက်ထားပါဦးကွယ်"

သမီးဖြစ်သူကို လေပြည်ထိုးသည်။

သမီးဖြစ်သူ ရှောင်မေက ...

"သမီး ဆုံးဖြတ်ပြီးပြီ အဖေ"

ယတိပြတ်လေသံဖြင့် ပြောလိုက်၏။

ရှောင်ဖုံး မျက်မှောင်ကုတ်သွားသည်။

"သမီးက သူနဲ့ လက်ထပ်မယ် ဟုတ်လား"

ရှောင်မေ ဆတ်ခနဲ ခေါင်းညိတ်ပြ၏။

"ဟုတ်ပါတယ် အဖေ"

"သူဟာ ဘာမှအသုံးမကျ အရာမဝင်တဲ့ ကျေးတောသားတစ်ယောက်ပဲ မဟုတ်လား"

လူရိုကို နှိမ့်ချသည့်လေသံဖြင့် ပြော၏။



ရှောင်မေ မခံမရပ်နိုင်ဖြစ်သွားသည်။

ရှောင်ဖုံးကို လှမ်းကြည့်ကာ ...

"အဖေ ... သူဟာ အဖေ့ရဲ့အသက်ကို ကယ်ခဲ့ဖူးတဲ့ ဆေးဆရာကြီးလုကျောင်းရဲ့သား မဟုတ်လား။ သူတို့ရဲ့ကျေးဇူး ဖေဖေ့အပေါ်မှာ ရှိနေတာပဲ၊ သူ့ကို အသုံးမကျတဲ့ လူတစ်ယောက်လို့ မပြောသင့်ပါဘူး၊ အဖေသာ တကယ်တမ်း ကျေးဇူးပြန်ဆပ်ချင်တယ်ဆိုရင် အစ်ကိုကို လူတစ်လုံး သူတစ်လုံးဖြစ်လာအောင် ပညာသင်ပေးရမယ်၊ သမီးကိုယ်တိုင် သူ့အပေါ် မေတ္တာသက်ဝင်နေတော့ လက်ထပ်ပေးလိုက်ပေါ့"

ရှောင်မေ၏ရွတ်တရွတ်အပြုအမူကြောင့် ရှောင်ဖုံး စိတ်မာတ်ကျသွားသည်။

"ဒီလိုတော့မပြောပါနဲ့ သမီးရယ်"

မည်သို့ပင်ဖြစ်စေ ရှောင်မေသည် ယတိပြတ် ဆုံးဖြတ်ထားပြီဖြစ်သည်။

ယခုတစ်ကြိမ် သူမ နောက်ဆုတ်လိုက်ပါက တစ်သက်လုံး အကျဉ်းစံဘဝဖြင့် နေသွားရတော့မည်ဖြစ်ကြောင်း နားလည်ထားသည် မဟုတ်ပါလား။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် ဖြစ်ချင်ရာဖြစ် နောက်ဆုတ်ရန် စိတ်မကူးတော့ချေ။

"သမီး ဆုံးဖြတ်ပြီးပြီလား"

ရှောင်ဖုံးက မေးလိုက်သည်။

"ဟုတ်ကဲ့၊ ဆုံးဖြတ်ပြီးပါပြီ ဖေဖေ"

ရှောင်မေက မဆိုင်းမတွပင် ပြန်ဖြေ၏။

"သမီးရဲ့ဆုံးဖြတ်ချက်ကို မပြင်နိုင်တော့ဘူးလား"

"ဝမ်းနည်းပါတယ် ဖေဖေ၊ သမီး မပြင်နိုင်တော့ပါဘူး"

"သမီးရယ်"

ရှောင်ဖုံး ညည်းတွားလိုက်သည်။ သူမက ...

"တကယ်လို့ သမီးရဲ့ဆန္ဒကို ဖေဖေ မလိုက်လျောနိုင်ဘူးဆိုရင် သမီး ဒီလူ့လောကမှာ ဆက်ပြီး အသက်ရှင်နေတော့မှာ မဟုတ်ပါဘူး"

ရှောင်ဖုံးက ...

"သမီး ဘာကြောင့် စိတ်လိုက်မာန်ပါ လုပ်ချင်ရတာလဲ၊ သူဟာ သမီးနဲ့ သင့်တော်တဲ့လူစားမျိုးမှ မဟုတ်တာ"

သူမက ဖခင်ဖြစ်သူအား စိုက်ကြည့်လိုက်သည်။



"ဖေဖေက သဘောမတူဘူးပေါ့"

ဟု မေးလိုက်၏။

ရှောင်ဖုံး အဖြေမပေးဝံ့ဘဲ ဖြစ်သွားသည်။

သဘောမတူလျှင် ကိုယ့်ကိုယ်ကိုယ် အဆုံးစီရင်ပစ်မည်ဟု သူမက ခြိမ်းခြောက်လာသည့်အတွက် မဟုတ်ပါလား။ သူမက ...

"ဖေဖေ သဘောတူတယ်၊ မတူဘူးဆိုတာ ပြောပါ၊ သမီး ဒီစာဖတ်ခန်းထဲက ထွက်မသွားခင်မှာ အဖြေကို သိချင်တယ်"

သူမသည် ဖခင်ဖြစ်သူထက်ပင် ပိုပြီး ပြတ်သားနေသည်။

ရှောင်ဖုံးက ဘာမှမပြောနိုင်ဘဲ တွေတွေကြီးရပ်နေ၏။

သူမက ...

"ဖေဖေ ဘာမှမပြောဘူးဆိုရင် သဘောမတူဘူးလို့ သမီး မှတ်ယူလိုက်ရတော့မှာပဲ၊ သမီးကို သွားခွင့်ပြုပါဦး"

စကားဆုံးလျှင် ခပ်သွက်သွက် လှမ်းထွက်သွားသည်။

ရှောင်ဖုံး မနေနိုင်တော့ပါ။

"သမီး"

ဟု အော်ပြောရင်း ကပျာကယာ ပြေးလိုက်သွားကာ သူမ၏ရှေ့မှ လမ်းပိတ်ဟန့်တားလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



သူမ ခြေလှမ်းရပ်လိုက်သည်။

ရှောင်ဖုံးကိုမကြည့်ဘဲ မျက်နှာလွှဲထားလိုက်သည်။

ရှောင်ဖုံးက ...

"သမီး ဘာကြောင့် ဒီလောက်တောင် လာလောနေရတာလဲ၊ ဖေဖေ့ကို စဉ်းစားဖို့ အချိန်မပေးတော့ဘူးလား"

သူမက ...

"ဖေဖေဟာ သမီးအတွက် တစ်ချိန်လုံး စဉ်းစားနေမယ့်လူဆိုတာ သမီးနားလည်ထားပါတယ်၊ ထပ်ပြီးစဉ်းစားနေဖို့ အချိန်လိုဦးမှာလား"

ရှောင်ဖုံးသည် သမီးဖြစ်သူနှင့်ကျမှ လက်မှိုင်ချရတော့သလို ဖြစ်ရ၏။

သူမသည် သူ၏အတ္တအောက်တွင် နှစ်ပေါင်းများစွာ နေထိုင်ခဲ့ရ၏။

ယခု သူမက တွန်းလှန်လာသောအခါ တားဆီးမရဖြစ်နေ၏။ သူမ၏ရင်ထဲမှ ခံစားချက်များသည် ရေကာတာကျိုးပေါက်သွားသည့်အလား ထွက်ပေါ်လာခြင်း ဖြစ်သည်။

ရှောင်ဖုံးသည် အရှုံးပေးရတော့မလို ဖြစ်လာသည်။



သူက ငြင်းဆန်လိုက်သည်နှင့် သူမက တဖောက်ကန်း ပြုလုပ်တော့မည်ဖြစ်ကြောင်း သဘောပေါက်ထား၏။

ရှောင်ဖုံးသည် သမီးဖြစ်သူအား ပြုံးပြလိုက်ပြီး ...

"သမီးရယ် ... ဒီလိုကိစ္စတွေဆိုတာ လတ်တလော ဆုံးဖြတ်လို့ရတဲ့ ကိစ္စတွေမှမဟုတ်တာ၊ အချိန်ယူပြီး စဉ်းစားရမယ် မဟုတ်လား၊ သမီးအပေါ်မှာ ဖေဖေ့ရဲ့သဘောထားဟာ အတော့်ကို ဆိုးရွားသလိုဖြစ်နေတာကို သတိပြုလိုက်ပါပြီကွယ်၊ သမီးကို ချုပ်ချယ်မထားတော့ပါဘူး"

ချော့မော့လိုက်သည်။ သူမက ...

"သမီးက ချုပ်ချယ်တဲ့ကိစ္စကို ပြောနေတာ မဟုတ်ပါဘူး၊ သမီးရဲ့အိမ်ထောင်ရေးကိစ္စကို ပြောနေတာပါ"

"သမီး"

"သမီးနဲ့အစ်ကိုလုရီကို သဘောတူတယ်၊ မတူဘူးဆိုတာပဲ ပြောပါတော့"

ရှောင်ဖုံး ဘာမှမတတ်နိုင်တော့ပါ။

သမီးဖြစ်သူအား ဖျောင်းဖျ၍ရတော့မည် မဟုတ်သလို လှည့်စား၍လည်း မရနိုင်တော့ကြောင်း သဘောပေါက်မိ၏။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် ...

"သမီးက တကယ်ပဲ သူ့ကို လက်ထပ်မှာလား"

ဟု မေးလိုက်၏။

ရှောင်မေ ခေါင်းညိတ်လိုက်သည်။

"သမီး ဆုံးဖြတ်ပြီးပါပြီ"

ရှောင်ဖုံး သက်ပြင်းချလိုက်ပြီး ...

"သမီး ဆုံးဖြတ်ပြီးပြီဆိုရင် ဖေဖေက ဘာတတ်နိုင်မှာလဲ"

ရှောင်မေ စိတ်လှုပ်ရှားသွားသည်။

"ဖေဖေ သဘောတူတယ်ပေါ့ ဟုတ်လား"

ရှောင်ဖုံး လက်ကာပြလိုက်သည်။

"ဖေဖေ့ဆုံးဖြတ်ချက်ကိုမပြောခင် သမီးကို ရှင်းပြချင်သေးတယ်၊ သမီး နားထောင်စေချင်တယ်"

ရှောင်မေ ခေါင်းညိတ်သည်။

"ဟုတ်ကဲ့ ပြောပါ ဖေဖေ"

ရှောင်ဖုံးက တည်ကြည်သော မျက်နှာထားဖြင့် ...

"ဖေဖေဟာ သိုင်းလောကမှာ လူရိုသေ ရှင်ရိုသေဘဝကို ပိုင်ဆိုင်ထားတဲ့ လူတစ်ယောက်ဆိုတာ သမီး သိပါတယ်၊ သမီးရဲ့



အိမ်ထောင်ဘက်ဟာ အညတရတစ်ယောက်ဖြစ်နေရင် ဖေဖေတို့ ဂုဏ်သိက္ခာကျလိမ့်မယ်၊ ဒါဟာ အထူးသတိထားရမယ့် အချက်ဖြစ်တယ်"

ရှောင်မေ ခေါင်းညိတ်လိုက်သည်။

"သမီး နားလည်ပါတယ် ဖေဖေ"

ရှောင်ဖုံးက ဆက်ပြောလိုက်၏။

"တကယ်တော့ လုရှိထက်ပိုပြီး မျိုးရိုးဂုဏ်မြင့်မြတ်တဲ့လူ အရည်အချင်းရှိတဲ့လူသာလျှင် သမီးရဲ့အိမ်ထောင်ဘက် ဖြစ်သင့်တယ်"

ရှောင်မေ သက်ပြင်းချလိုက်သည်။

"သမီးက အစ်ကိုလုရှိအပေါ်မှာပဲ မေတ္တာသက်ဝင်နေတာ၊ အခြား ဘယ်သူတစ်ဦးတစ်ယောက်ကိုမှ စိတ်ဝင်စားတာမှမဟုတ်တဲ့ ဖေဖေရယ်"

ရှောင်ဖုံး ခေါင်းညိတ်လိုက်သည်။

"ဖေဖေ့စိတ်ကြိုက်မဟုတ်ဘဲ သမီးစိတ်ကြိုက် ရွေးပြီးပြီဆိုတော့ ဖေဖေလည်း ဘာမှမပြောလိုတော့ပါဘူး၊ လုရှိဟာ ဖေဖေ့ ကျေးရူးရှင်ရဲ့သားဖြစ်နေတော့ မကန့်ကွက်တော့ပါဘူး"

www.burmeseclassic.com

www.burmeseclassic.com



ထိုစကားကြားသည့်အခါ ရှောင်မေ ဝမ်းသာသွားသည်။

"ဖေဖေ တကယ်ပြောတာနော်"

ရှောင်မေက ဝမ်းသာအားရ မေးလိုက်၏။

ရှောင်ဖုံး ခေါင်းညိတ်လိုက်သည်။

"တကယ်ပြောတာပေါ့ သမီးရယ်၊ ဒါပေမဲ့ ..."

"ဒါပေမဲ့ ဘာဖြစ်သလဲ ဖေဖေ"

ရှောင်မေက ပြန်မေးသည်။ ရှောင်ဖုံးက ...

"အခုအခြေအနေအတိုင်းတော့ သမီးတို့ကို လက်ထပ်မပေးနိုင်သေးဘူး"

"ဟင်"

ရှောင်မေ ထိတ်ထိတ်ပျာပျာဖြစ်သွားသည်။

"ဖေဖေ ... သမီးကို လှည့်စားဖို့ ကြိုးစားမယ်ဆိုရင်တော့ သမီး လက်ခံမှာမဟုတ်ဘူးနော်"

သတိပေးလိုက်သည်။

ရှောင်ဖုံး ပြုံးလိုက်သည်။

"သဘောတူတယ်လို့ ပြောပြီးသားပဲကွယ်၊ ဘာကြောင့် လှည့်စားရမှာလဲ၊ စကားကို ဆုံးအောင်နားထောင်ပါဦး"



ရှောင်ဖုံးက ဆက်ပြောလိုက်သည်။

"ဖေဖေ့ရဲ့သားမက် ဘယ်သူလဲလို့ သိုင်းလောကသားတွေက မေးမြန်းလာကြရင် ဖေဖေတို့ လက်မထောင်နိုင်မှ ဖြစ်လိမ့်မယ်၊ ဒါကြောင့် လုရှီကို ထိပ်တန်းသိုင်းပညာရှင်တစ်ယောက်ဖြစ်လာအောင် လုပ်ပေးရမယ်၊ စာပေပညာလည်း ကျွမ်းကျင်လာအောင် သင်ကြားပေးရမယ်၊ ဒါကိုတော့ သမီး သဘောတူမှဖြစ်မယ်"

ရှောင်မေ တွေဝေသွားသည်။

မိမိ၏ဆန္ဒကို သဘောတူမည်ဆိုရင် ဖခင်ဘက်သို့လည်း လှည့်ကြည့်သင့်သည် မဟုတ်ပါလား။

ရှောင်ဖုံးက ဆက်ပြောသည်။

"လုရှီဟာ လူတော်တစ်ယောက်ပါ၊ သူ့ကို လမ်းညွှန်ပေးမယ်ဆိုရင် ဂုဏ်သိက္ခာရှိတဲ့လူတစ်ယောက် ဖြစ်လာမှာပါ၊ ဒီလိုအခြေအနေရောက်မှ သမီးတို့ကို လက်ထပ်ပေးလိုက်မယ်ဆိုရင် သမီးတို့နှစ်ယောက်ဟာ နေနဲ့လ ရွှေနဲ့မြလို လိုက်ဖက်ညီသွားလိမ့်မယ်"

ရှောင်ဖုံး၏ကျိုးကြောင်းညီညွတ်သောစကားကြောင့် ရှောင်မေမှာ ငိုင်ကျသွားလေသည်။

သူမကိုယ်တိုင်ကလည်း မိန်းမသားတစ်ယောက်ဖြစ်ရာ

www.burmeseclassic.com

www.burmeseclassic.com



ဝုဏ်မနေကို မက်မောသောစိတ် မသိမသာ ကိန်းအောင်းလျက် ရှိနေသည်သာ။

ရှောင်ဖုံး၏စကားသံက ဆက်လက်ထွက်ပေါ်လာပြန်လေ၏။

"သမီး ကြာကြာမစောင့်ရပါဘူး၊ ဖေဖေ့ကို တစ်နှစ်ခွဲလောက် အချိန်ပေးပါ၊ လုရှီဟာ တကယ့်လူတော်တစ်ဦးဖြစ်လာအောင် ဖေဖေ တာဝန်ယူပါတယ်"

ရှောင်မေသည် ဖခင်ဖြစ်သူ ရှောင်ဖုံးအား ဖျတ်ခနဲ ကြည့်လိုက်၏။

"ဖေဖေကိုယ်တိုင် သူ့ကို သင်ပေးမှာလား"

ရှောင်ဖုံး ခေါင်းခါယမ်းလိုက်သည်။

"ဖေဖေ့ထက် တော်တဲ့လူတစ်ယောက်ဆီကို ပို့ပေးလိုက်ပါ့မယ်၊ အဲဒီလူဆီမှာ တစ်နှစ်လောက်နေပြီးရင် ဖေဖေ့ထက်တောင် သာသွားဦးမှာ သေချာပါတယ်"

ရှောင်မေ မျက်မှောင်ကြုတ်သွားပြန်သည်။

ဖခင်၏စကား ဖြစ်နိုင်ချေ ရှိ မရှိ တွေးတောစဉ်းစားနေလိုက်ခြင်း ဖြစ်သည်။



ရှောင်ဖုံးက ဆက်ပြောသည်။

"သမီးရယ် ... ဖေဖေ ကတိပေးပါတယ်၊ လုရှီဆီကို သမီးသွားပြီး လည်ပတ်ချင်တယ်ဆိုရင်လည်း သုံးလတစ်ကြိမ်လောက် သွားဖို့ ခွင့်ပြုမှာပါ"

ရှောင်မေ သက်ပြင်းချလိုက်သည်။ ဖခင်၏စကားက လက်မခံနိုင်စရာ မရှိပါ။

"ဒီလိုဆိုရင်တော့ သမီး သဘောမတူနိုင်စရာ မရှိပါဘူး ဖေဖေ"

သမီးထံမှ ထိုစကားကြားသည့်အခါ ရှောင်ဖုံးသည် အလွန်ပင် ဝမ်းသာသွားလေသည်။

"ဝမ်းသာလိုက်တာ သမီးရယ်၊ အင်းလေ ... တစ်ချိန်လုံး ဖေဖေ စိတ်ပူခဲ့ရသမျှ ခုတော့ စိတ်အေးရပြီပေါ့၊ သမီးလေးကို အိမ်ထောင်ချပေးပြီးရင် သေမယ်ဆိုလည်း သေပျော်ပါပြီကွယ်"

ရှောင်မေမှာ နေမထိထိုင်မသာ ဖြစ်သွားသည်။

"အို ... ဒီလိုမပြောပါနဲ့ ဖေဖေရယ်"

ရှောင်မေက စိတ်မကောင်းစွာ ပြန်ပြောသည်။

ရှောင်ဖုံးက ပြုံးရင်း ...

www.burmeseclassic.com

www.burmeseclassic.com



"ဖေဖေဟာ သမီးအပေါ်မှာ ဖေဖေ့ရဲ့အသက်ထက် တောင် ပိုပြီးချစ်မြတ်နိုးတယ်ဆိုတာ ယုံကြည်ပါကွယ်"

"သမီး ယုံပါပြီ ဖေဖေ"

လှိုက်လှိုက်လှဲလှဲပြောရင်း ...

ရှောင်မေသည် ဖခင်ဖြစ်သူ၏ရင်ခွင်ထဲ တိုးဝင်လိုက်၏။

ရှောင်ဖုံးက အလိုက်သင့်ပင် ထွေးပွေ့ထားလိုက်လေသည်။

* * *



## အခန်း (၁၁)

ယနေ့ ...ရှောင်ဖုံးက သိုင်းသင်တန်းအား တစ်ရက်ပိတ်လိုက်၏။ ထို့ကြောင့် သင်တန်းသားတို့ ပြန်သွားကြရာ ခြံထဲ၌ တိတ်ဆိတ်နေ၏။

လုရီသည် အဘယ်ကြောင့် သင်တန်းပိတ်ရသည်ကို စဉ်းစားရင်း ရှောင်ဖုံးခေါ်နေသည်ဟု ရှိုထင်း လာပြောသဖြင့် ချက်ချင်းသွားလိုက်၏။

စာဖတ်ခန်းအတွင်း ဝင်လိုက်သည့်အခါ ရှောင်ဖုံးက ပြုံးရွှင်စွာ စောင့်ကြိုပြီး ...

"လာ ... လာ ... ဒီမှာထိုင်"

နေရာထိုင်ခင်း ပေး၏။ လုရီ အံ့သြသွားသည်။

ဒီခြံဝင်းသို့ရောက်လာစဉ်က ရှောင်ဖုံးသည် လိုလိုလားလား လက်ခံခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် နောက်ပိုင်းတွင် သူ့အပေါ် ဆက်ဆံမှုမှာ အေးစက်စက် ဖြစ်သွား၏။

မျက်နှာသာမပေးသည့်အပြင် သိုင်းပညာလေ့ကျင့်မှုနှင့် ပတ်သက်၍လည်းကောင်း၊ စာပေပညာနှင့် ပတ်သက်၍လည်းကောင်း၊ ညှို့ဖျင်းသည်၊ စိတ်ဝင်စားမှုမရှိဟု မကြာခဏ ဆူပူကြိမ်းမောင်းသည်။

ထို့ကြောင့် ချိုထင်းကလည်း ရှောင်မေနှင့်ပတ်သက်ပြီး မကြာခဏ သတိပေးခဲ့သည် မဟုတ်ပါလား။

ချိုထင်း၏သတိပေးစကားကို ပြန်လည်ကြားယောင်မိသည်။

ချိုထင်းက ...

"လုရီ မင်းအပေါ် သခင်ကြီးက သားသမီးလို သဘောထားပြီး သိုင်းပညာနဲ့ စာပေပညာ သင်ပေးတဲ့ ကျေးဇူးကို ဘယ်တော့မှ မမေ့နဲ့၊ မင်းအဖေက သခင်ကြီးရဲ့အသက်ကို ကယ်ဖူးတယ်ဆိုပြီးလည်း မမောက်မာနဲ့၊ တတ်နိုင်ရင် သခင်မလေးနဲ့ ကင်းကင်းနေပါ၊ သခင်ကြီးဟာ သူ့သမီးကို နေပြည်တော်က မင်းညီမင်းသား တစ်ယောက်[illegible] ရည်ရွယ်ထားတာ"



ဟု ပြောဖူး၏။ ယခု ...

ရှောင်ဖုံးက ပြုံးရွှင်နေသည့်အခါ အကြောင်းထူးတစ်ခု ရှိပြီဖြစ်ကြောင်း လုရီ သတိပြုမိ၏။

"ရေနွေး သောက်လိုက်ဦး"

သူက ရေနွေးကြမ်း တစ်ခွက်ကိုပင် ငှဲ့ထည့်ပေးလိုက်၏။

"နေ ... နေပါစေ ခင်ဗျာ"

လုရီ ကပျာကယာ တောင်းပန်၏။ ရှောင်ဖုံးက ...

"သောက်ပါ၊ ဘာမှအားနာစရာ မလိုပါဘူး"

အတင်းတိုက်နေသဖြင့် လုရီ မတတ်သာဘဲ ယူသောက်လိုက်ရ၏။

"ကျေးဇူးတင်ပါတယ် ခင်ဗျာ"

ဟုလည်း ပြောလိုက်၏။ ရှောင်ဖုံးက ...

"မင်းကို ကျုပ်က တွေ့ချင်တယ်လို့ အိမ်ထိန်းကြီး လာပြောတယ် မဟုတ်လား"

လုရီ ခေါင်းညိတ်သည်။

"ဟုတ်ပါတယ် ခင်ဗျာ"

ရှောင်ဖုံးက ...

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ် အရေးကြီးတဲ့စကား ပြောစရာရှိလို့ ခေါ်ခိုင်းလိုက်တာပဲ"

"ဟုတ်ကဲ့ ... ပြောပါခင်ဗျာ"

သူက ချက်ချင်း မပြောသေးဘဲ လက်နှစ်ဖက်နောက်ပစ်ကာ ပြတင်းပေါက်အနီးသို့ လှမ်းသွားလိုက်၏။

ပြတင်းပေါက်မှတစ်ဆင့် အပြင်ဘက်သို့ ငေးမျှော်ကြည့်လိုက်သည်။

လုရီက ရှောင်ဖုံးပြောလာမည့်စကားကို နားစွင့်မိ၏။

အတော်လေးကြာမှ ရှောင်ဖုံးက ...

"လုရီ ... မင်းက ကျုပ်သမီးအပေါ်မှာ ဘယ်လိုသဘောထားတယ်ဆိုတာ ပြောပြပါဦး"

ဟု မေးလာ၏။

"ဗျာ"

မမျှော်လင့်သည့် စကားကြောင့် သူ ကြောင်အမ်းအမ်း ဖြစ်သွားရသည်။ ရှောင်ဖုံးက ...

"လုရီ ... ကျုပ် ပွင့်ပွင့်လင်းလင်းပြောရရင် ကျုပ်သမီးနဲ့ မင်းကို လက်ထပ်ပေးချင်တယ်"



"ဗျာ"

သူ ပါးစပ်အဟောင်းသား ဖြစ်သွားရသည်။

ရှောင်ဖုံးက သူ့ဘက်သို့ လှည့်လာပြီး ...

"ကဲ ... မင်း ဘယ်လိုသဘောထားသလဲ ပြောစမ်းပါဦး"

ဟု မေးသည်။ လုရီက ...

"ကျွန် ... ကျွန်တော်"

စကား ထစ်ထစ်ငေါ့ငေါ့ဖြင့် မည်သို့ပြောရမှန်းမသိ ဖြစ်မိ၏။ ရှောင်ဖုံး ပြုံးလိုက်၏။

"ဘာလဲ သူများတကာတွေက မင်းကို သားရေပေါ်အိပ်သားရေနားစားလို့ ပြောမှာစိုးနေတာလား"

"ဗျာ"

သူက တဗျာထဲ ဗျာနေသည်။ ရှောင်ဖုံးက ...

"ကိစ္စမရှိပါဘူး၊ မင်းအဖေရဲ့ကျေးဇူး ကျုပ်အပေါ်မှာ ရှိတယ်ဆိုတော့ ကျုပ်က လိုက်လျောရမှာပေါ့လေ"

လုရီ မနေနိုင်ပါချေ။

"ဟာ ... ကျွန်တော်က ဒီလိုလူစားမျိုး မဟုတ်ပါဘူးခင်ဗျာ"

ဟု ပြောလိုက်မိ၏။

www.burmeseclassic.com

www.burmeseclassic.com



ရှောင်ဖုံး၏စကားတို့သည် ရှိခဲ့ဖူးသည့် ကျေးဇူးတရားကြောင့် သမီးဖြစ်သူအား အရချိုင်သည့်သဘောမျိုး သက်ရောက်နေသည် မဟုတ်လော။

ရှောင်ဖုံးက ...

"ဒါဖြင့် ... မင်းက ဘယ်လိုလူစားမျိုးလဲ၊ ကျုပ်သမီးအပေါ် ဘယ်လိုသဘောထားလဲ ပြောစမ်းပါဦး"

ဟု မျက်နှာတည်တည်ဖြင့် မေးလာသည်။ လုရီက ...

"ကျွန် ... ကျွန်တော်ဟာ ဖေဖေမှာကြားတဲ့အတိုင်း ကျွန်တော့်ဘဝတက်လမ်းအတွက် သိုင်းပညာနဲ့စာပေပညာသင်ကြားဖို့ လာခဲ့တာပါခင်ဗျာ၊ ဦးသမီးအပေါ်မှာ ကိုယ့်ညီမအရင်းတစ်ယောက်လို သဘောထားပါတယ်၊ မရိုးသားတဲ့စိတ် လုံးဝမရှိပါဘူးခင်ဗျာ"

ဟု ရှင်းပြလိုက်သည်။

လုရီအား အနီးကပ် မျက်ခြည်မပြတ် စောင့်ကြည့်နေခဲ့သဖြင့် သူ၏စိတ်သဘောကို ရိပ်မိပြီး ဖြစ်သည်။

သူကိုယ်တိုင် ဖွင့်ပြောလိုက်သည့်အခါ ကျေနပ်သွား၏။

လက်ထပ်ဖို့ကိစ္စသည် လုရီ၏သဘောမပါဘဲ ရှောင်မေ သဘောတစ်ခုတည်းသာဖြစ်ကြောင်း သဘောပေါက်၏။



ရှောင်ဖုံး သက်ပြင်းချလိုက်၏။ သို့တိုင် ...

"လက်စသတ်တော့ မင်းက ညီမလေး တစ်ယောက်လို သဘောထားတာကိုး"

"ဟုတ်ပါတယ်၊ ဒါ ... အမှန်ပါပဲ ခင်ဗျာ"

"ကောင်းတယ်၊ မင်းသဘောထားကို ကျုပ် ကျေနပ်ပါတယ်၊ ဒါပေမဲ့ ... မင်းကို ကျုပ်သမီးနဲ့ လက်ထပ်ပေးရလိမ့်မယ်"

"ဗျာ"

"ဘာလဲ ... မင်းက ကျုပ်သမီးကို လက်မထပ်ချင်ဘူးလား"

"ကျွန် ... ကျွန်တော်"

သူ မည်သို့ပြောရမှန်းမသိ ဖြစ်နေသည်။

ရှောင်ဖုံးက ...

"ကျုပ်သမီးက မင်းအပေါ်မှာ မေတ္တာသက်ဝင်နေတယ်၊ ဒါကြောင့် ... မင်းတို့နှစ်ယောက်ကို လက်ထပ်ပေးရလိမ့်မယ်"

"ဒုက္ခပါပဲဗျာ"

သူက ခေါင်းကုတ်၍ ညည်းတွားလိုက်သည်။

ရှောင်ဖုံး စိတ်ထဲမှ ကြိတ်၍ ပြုံးမိ၏။

သို့သော် မျက်နှာထား တင်းတင်းဖြင့် ...

www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ … မင်းက ကျုပ်သမီးကို လက်မထပ်နိုင်ဘူးလား"

ဟု ဝေါက်လိုက်၏။

လုရီ တံတွေးမျိုချလိုက်သည်။

"ဦးရယ် … ကျွန်တော် ပြောပါရစေဦးဗျာ"

ရှောင်ဖုံးက …

"မင်း ဘာပြောချင်သေးလို့လဲ"

လုရီက …

"ကျွန်တော်ဟာ သိုင်းပညာနဲ့စာပေပညာ သင်ကြားရဦးမှာပါ။ ကျွန်တော့်ရဲ့ရည်ရွယ်ချက်လည်း မပြည့်ဝသေးဘူး၊ ဖေဖေ့ရဲ့ဆန္ဒလည်း မဖြည့်ဆည်းနိုင်သေးပါဘူး၊ အခုချိန်မှာ အိမ်ထောင်ပြုလိုက်မယ်ဆိုရင် …"

"မင်းရည်ရွယ်ချက်တွေ ဘယ်တော့မှ ပြည့်နိုင်မှာ မဟုတ်ဘူးလို့ မင်းက ထင်နေတာပေါ့ ဟုတ်လား"

လုရီက စကားတစ်ပိုင်းတစ်စဖြင့် ရပ်လိုက်၍ ရှောင်ဖုံးကရှေ့ဆက်ပြောပေးသည်။

လုရီ ခေါင်းညိတ်သည်။

"ဟုတ်ပါတယ် ခင်ဗျာ"



ရှောင်ဖုံး ပြုံးမိသည်။

"ကောင်းတယ်၊ မင်းကိုတော့ ကျုပ် သဘောကျသွားပြီ၊ မင်းလိုလူစားမျိုးမှ သဘောမတူဘူးဆိုရင် ဘယ်သူနဲ့ သဘောတူရမလဲ"

"ဟာ"

"မင်း … ငြင်းလို့မရဘူး"

"ဦး … ကျွန် … ကျွန်တော်"

ရှောင်ဖုံး လက်ကာပြလိုက်၏။

"နေဦး၊ ကျုပ် စကားမဆုံးသေးဘူး"

"ဟုတ် … ဟုတ်ကဲ့"

လုရီ ငြိမ်နေလိုက်သည်။

ရှောင်ဖုံး ဆက်ပြောသည်။

"ကျုပ်လည်း ဘယ်လိုပဲ သဘောတူတူ ခုလိုအခြေအနေမျိုးနဲ့ သဘောမတူနိုင်သေးဘူး၊ မင်းကို လူတစ်လုံး သူတစ်လုံး ဖြစ်လာအောင် မြေတောင်မြှောက်ပေးရဦးမယ်၊ တစ်နေ့ကျရင် မင်းဟာ ထင်ရှားတဲ့ သိုင်းပညာရှင် စာပေပညာရှင်တစ်ဦး ဖြစ်လာရမှာပေါ့၊ ဒီလိုအချိန်ရောက်မှ မင်းတို့ကို လက်ထပ်ပေးနိုင်မှာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



လုရီက ခေါင်းငုံ့ထားသည်။ ရှောင်ဖုံးက ...

"ဒါပေမဲ့ ... မင်းတို့ ဒီမှာဆက်ထားဖို့ မဖြစ်ပြန်ဘူး။ မင်းတို့ နှစ်ယောက် အနေနီးကြရင် အိုးချင်းထား အိုးချင်းထိ ကြိုးချင်းထား ကြိုးချင်းငြိ ဆိုသလို"

"ဟာ ... ကျွန်တော်က သူ့ကို ကိုယ့်ညီမလေးတစ်ဦးလို သဘောထားတာပါ"

လုရီက အလန့်တကြား ပြော၏။

အမှန်တကယ်လည်း သူ၏စိတ်ထဲ၌ ရှောင်မေအပေါ် ညီမလေးတစ်ယောက်ကဲ့သို့ သဘောထားခြင်းသာ ဖြစ်သည်။

မရိုးမသား သဘောထား၍မရပါ။

အိမ်ထောင်သည်အဖြစ် ရွေးချယ်ဖို့ ပို၍ပင် စိတ်ကူး၍ မရချေ။

ရှောင်ဖုံးအား ကြောက်ရွံ့နေ၍သာ ပြတ်ပြတ်သားသား မငြင်းဝံ့ခြင်းဖြစ်၏။ ရှောင်ဖုံးက ...

"ခုချိန်မှာတော့ မင်းဟာ ငြင်းလို့မရဘူး၊ မင်းအတွက် ကောင်းမယ်ထင်လို့ ကျုပ် စီစဉ်ထားတာကို မင်းက လက်ခံရမယ်၊ ကဲ ... မင်း ဘာပြောချင်လဲ"



"ကျွန် ... ကျွန်တော်"

လုရီ မည်သို့ပြောရမှန်းမသိ ဖြစ်နေ၏။

ရှောင်ဖုံးသည် စိတ်ကြိုက် အကွက်ဆင်ကျုံးသွင်းပြီး ...

"မင်း ဒီမှာမနေရဘူး၊ ကျုပ်ရဲ့မိတ်ဆွေတစ်ယောက်ဆီ သွားပြီး သိုင်းပညာနှင့် စာပေပညာသင်ရမယ်"

ဟု ပြောသည်။

လုရီ ဆတ်ခနဲ ခေါင်းထောင်လာ၏။

"ကျွန် ... ကျွန်တော် ဘယ်သွားရမှာလဲ"

ဟု မေး၏။

ရှောင်ဖုံးက ...

"ဒီကနေ မိုင်သုံးရာကျော်ဝေးတဲ့ ကျောင်းဟုန်မြို့ကို သွားရမယ်"

ဟုပြောကာ လုရီ မည်သို့တုံ့ပြန်လာမည်နည်းဟု အကဲခတ်ကြည့်နေသည်။

လုရီ၏မျက်လုံးများ အရောင်တဖိတ်ဖိတ် လင်းလက်တောက်ပလာသည်။

ချက်ချင်းခေါင်းညိတ်ပြီး ...

www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပါပြီခင်ဗျာ၊ ကျွန်တော် သွားပါ့မယ်"

ဟု ပြောလိုက်သည်။

ရှောင်ဖုံးပင် အံ့သြသွားသည်။

"မင်း တကယ်သွားမှာလား"

"တကယ်ပါခင်ဗျာ"

လုရီက ရှောင်မေနှင့်ဝေးလျှင် ပြီးရောဟူသော သဘော ထားနေကြောင်း ရှောင်ဖုံး ရိပ်မိသဖြင့် ကျေနပ်သွားသည်။

လုရီနှင့်ပတ်သက်ပြီး မကျေနပ်စရာအကြောင်း တစ်စက် ကလေးမှ မတွေ့ရပါ။

သို့သော် …

သမီးနှင့်ပတ်သက်၍ကား ခွကျလှ၏။

ရှောင်မေသည် လုရီနှင့် တကယ်လက်မထပ်ပေးလျှင် ကိုယ့်ကိုယ်ကိုယ် အဆုံးစီရင်မည်ဟု ခြိမ်းခြောက်ခဲ့သည် မဟုတ်ပါ လား။

ထို့ကြောင့် လုရီသည် သူ့အတွက် အလွန်ကြီးမားသော အနှောင့်အယှက်တစ်ခုဖြစ်သည်ဟု ရှောင်ဖုံး သတ်မှတ်ထားခြင်း ဖြစ် သည်။



လုရီ ကျောင်းဟုန်မြို့သို့သွားရောက်ကာ သိုင်းပညာနှင့်စာ ပေပညာ သင်ကြားပြီး ကျွမ်းကျင်တတ်မြောက်ထားမည်ဆိုပါလျှင် သူ ကတိပေးထားသည့်အတိုင်း လက်ထပ်ပွဲကျင်းပပေးရမည် ဖြစ် သည်။

ထိုကိစ္စကို ကြာကြာအချိန်ဆွဲထား၍မရပါ။

လုရီအား ကျောင်းဟုန်မြို့သို့လွှတ်ကာ ပညာသင်ကြားနိုင်း သည့် အချိန်ကာလအတွင်းမှာ ဖြစ်ပေါ်သော အခက်အခဲကို ပြီးပြတ် အောင် ဖြေရှင်းရမည်ဖြစ်သည်။

ရှောင်ဖုံးက …

"ကောင်းပြီ၊ မင်းသွားမယ်ဆိုရင် အိမ်ထိန်းကြီးကို ခရီးထွက် ဖို့ စီစဉ်ခိုင်းလိုက်မယ်၊ မင်း ကြိုးစားပါ၊ ကျုပ်ရဲ့ဂုဏ်ကို ထိခိုက်အောင် မလုပ်နဲ့"

"ဟုတ်ကဲ့၊ ကျွန်တော့်ကို စိတ်ချပါခင်ဗျာ၊ ကျွန်တော့်ကြောင့် ဦး နာမည်မပျက်စေရဘူးလို့ ကတိပေးပါတယ်"

ရှောင်ဖုံးက …

"ကောင်းတယ်၊ တကယ်လို့ ကျုပ်သမီးက မေးရင်လည်း သူ နားလည်သဘောပေါက်အောင် ရှင်းပြလိုက်ပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"စိတ်ချပါ ခင်ဗျာ"

ရှောင်ဖုံးက ...

"ကဲ ... မင်း ဘာပြောစရာရှိသလဲ"

ဟု မေးလိုက်သည်။ သူ ခေါင်းခါလိုက်သည်။

"ဘာမှမရှိပါဘူးခင်ဗျာ၊ ဒါပေမဲ့ ..."

"ဒါပေမဲ့ ... ဘာဖြစ်လဲ"

"ကျွန်တော် ခရီးထွက်ရမယ်ဆိုရင် မြန်မြန်သွားပါ့မယ်"

သူ ရယ်မောလိုက်သည်။

"စိတ်ချ ... စိတ်ချ၊ မင်းဆန္ဒအတိုင်း ဖြစ်ရစေမယ်၊ ကဲ ... ခရီးမသွားခင် သွားအနားယူပါဦး"

"ကျေးဇူးပါပဲခင်ဗျာ"

လုရီ တစ်ဖက်ခန်းအပြင်သို့ရောက်သောအခါ လှောင်အိမ်မှ လွတ်သော ငှက်ကလေးပမာ လွတ်လပ်သွားသည်ဟု ခံစားရသည်။

မည်မျှပင်ဝေးသည်ဖြစ်စေ၊ ကျောင်းဟုန်မြို့သို့ သွားမည်ဟု ဆုံးဖြတ်လိုက်သည်။

* * *



## အခန်း (၁၂)

ရှောင်ဖုံးသည် စားပွဲခုံထိုင်ကာ စာတစ်စောင်ရေး၏။

ထိုစဉ် ခြေသံများနှင့်အတူ အိမ်ထိန်းကြီးက စာဖတ်ခန်း ဝင်လာသည်။ သူ ခေါင်းမော့ကြည့်ပြီး ...

"အိမ်ထိန်းကြီးလာတာနဲ့ အတော်ပဲ၊ အားလုံးစီစဉ်ပြီးပြီလား"

ဟု မေးလိုက်သည်။ ချို့ထင်း ဦးညွှတ်လိုက်သည်။

"ဟုတ်ကဲ့၊ အားလုံးစီစဉ်ပြီးပြီ"

"သူက ဘယ်တော့သွားမယ်လို့ ပြောလဲ"

"ဒီကနေ့ပဲ သွားလို့ရရင် သွားချင်တယ်လို့ ပြောပါတယ်"

ထိုစကားကြားလျှင် ရှောင်ဖုံး ပြုံးလိုက်သည်။

"ငရဲပြည်ကို သွားရမယ်ဆိုတာသိရင် ဘယ်လိုနေမလဲ မသိဘူး"

www.burmeseclassic.com

www.burmeseclassic.com



ချိုထင်း သက်ပြင်းချသည်။

"သခင်ကြီးခင်ဗျာ ... ဒီကောင်လေးကို ကျောင်းဟုန်မြို့ကို လွှတ်မယ်ဆိုရင် ကျုပ် တစ်ခုပြောချင်တယ်"

ရှောင်ဖုံးက ...

"ဆိုစမ်းပါဦး၊ အိမ်ထိန်းကြီးက ဘာများပြောချင်လို့လဲ"

ချိုထင်းက တည်ကြည်သောမျက်နှာထားဖြင့် ...

"သခင်ကြီး ... ဒီကိစ္စကို ပြန်ပြီးစဉ်းစားကြည့်စေချင်တယ်"

"ဘာဗျ"

ရှောင်ဖုံး လှုပ်လှုပ်ရှားရှား ဖြစ်သွားသည်။

"ကျုပ်က ပြန်ပြီးစဉ်းစားကြည့်ရမယ် ဟုတ်လား"

"ဟုတ်ပါတယ် သခင်ကြီး၊ ဒီကောင်လေးကို ကျောင်းဟုန်မြို့လွှတ်လိုက်တာ သေမင်းလက်ကို ဝကွက်အပ်လိုက်တာပဲ မဟုတ်လား၊ သူ့ရဲ့အဖေဟာ သခင်ကြီးအပေါ် အသက်ကယ်ခဲ့ဖူးတဲ့ ကျေးဇူးရှိပါတယ်၊ လုရီကို သုတ်သင်ဖယ်ရှားပစ်မယ်ဆိုရင် ..."

အိမ်ထိန်း၏စကားမဆုံးခင် ရှောင်ဖုံးက ဒေါသတကြီး အော်ငေါက်လိုက်သည်။

"ခင်ဗျား ပါးစပ်ပိတ်ထားစမ်း"



ချိုထင်းက ...

"သခင်ကြီးဟာ ကျေးဇူးမသိတဲ့ လူတစ်ယောက်ဖြစ်သွားမှာကို ကျုပ်မလိုလားဘူး၊ တကယ်လို့ ကျုပ်မှာ အမှားရှိရင်လည်း ခွင့်လွှတ်ဖို့ တောင်းပန်ပါတယ်"

ဟု ပြောလိုက်သည်။

ရှောင်ဖုံး လက်မခံချေ။

"ကျုပ်သမီးနဲ့ ပတ်သက်လာရင် ဘယ်သူ့မျက်နှာကိုမှ မထောက်နိုင်ဘူး၊ ဒါ ကျုပ်သဘောသားပဲ၊ လုရီဟာ ကျုပ်အတွက် အနှောင့်အယှက်ဖြစ်နေပြီ၊ ကျုပ်အတွက် ဘေးဖြောင့်ခလုတ်ဖြစ်လာပြီဆိုရင် ဘယ်သူ့ကိုမှ ချမ်းသာမပေးနိုင်ဘူး၊ အားလုံးကို သုတ်သင်ပစ်ရမှာပဲ"

ဟု ပြတ်သားစွာ ပြောလေသည်။

ချိုထင်းက ...

"သခင်ကြီး ... ဒီလိုလုပ်မယ်ဆိုရင်"

"တော်ပြီ၊ ကျုပ်ကို မိကျောင်းမင်း ရေကင်းပြစရာ မလိုဘူး၊ အိမ်ထိန်းကြီးမကျေနပ်ဘူးဆိုရင် ကျုပ်ခြံဝင်းထဲက အချိန်မရွေး ထွက်သွားနိုင်တယ်"

www.burmeseclassic.com

www.burmeseclassic.com



ရှောင်ဖုံးက အဆုံးစကားပြောသဖြင့် ချိုထင်း ရှေ့ဆက်ပြောစရာအကြောင်း မရှိတော့ချေ။

အကယ်၍ ...

သူက သဘောထားမတိုက်ဆိုင်သဖြင့် ရှောင်ခြံဝင်းမှ ထွက်သွားမည်ဆိုလျှင် အသက်ရှင်လျက် ထွက်သွားရမည်မဟုတ်ကြောင်း ချိုထင်း နားလည်ထားသည်။

သူက ရှောင်ဖုံး၏လျှို့ဝှက်ချက်ကို သိထားသည်မဟုတ်ပါလား။ ချိုထင်းက ဦးညွတ်ဂါရဝပြုပြီး ...

"သခင်ကြီး ... ကျုပ် ပြောမှားဆိုမှားရှိရင် ခွင့်လွှတ်ပါ၊ ကျုပ်ဟာ သခင်ကြီးအပေါ်မှာ သစ္စာရှိရှိနဲ့ တစ်သက်လုံး တာဝန်ထမ်းဆောင်သွားမှာပါ"

ပြောလေသည်။

ရှောင်ဖုံး ကျေနပ်သွားသည်။

"အိမ်ထိန်းကြီး ... ကျုပ် တစ်ခါမှားခဲ့ပြီးပြီ၊ နောက်တစ်ခါ မမှားချင်တော့ဘူး။ ကျုပ်သမီးအတွက် ကျုပ် ဘာမဆို လုပ်ရဲတယ်၊ ကျုပ်အပေါ် သဘောပေါက်နားလည်စေချင်တယ်"

ဟူ၍ပြောလေသည်။



တစ်ဆက်တည်းပင် ...

"သူ သွားမယ်ဆိုရင် သူရောက်လာစဉ်က ယူလာတဲ့ ငွေတွေအပြင် နောက်ထပ် ငွေအလုံအလောက်ထည့်ပေးလိုက်ပါ၊ ဟောဒီစာကိုလည်း ယူသွားပြီး ကျောင်းဟုန်မြို့က ကျူးထင်းလက်ထဲ ထည့်ပေးဖို့ မှာလိုက်ပါ"

ဟူ၍ပြောလေသည်။

တစ်ဆက်တည်းပင် ...

"သူသွားမယ်ဆိုရင် သူရောက်လာစဉ်က ယူလာတဲ့ ငွေတွေအပြင် နောက်ထပ် ငွေအလုံအလောက် ထည့်ပေးလိုက်ပါ၊ ဟောဒီစာကိုလည်း ယူသွားပြီး ကျောင်းဟုန်မြို့က ကျူးထင်းလက်ထဲ ထည့်ပေးဖို့ မှာလိုက်ပါ"

သူရေးထားသောစာကို သေသေချာချာပိတ်ကာ ချိုထင်း၏လက်ထဲ ထည့်လိုက်သည်။

✷ ✷ ✷

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၃)

'ဒေါက် ဒေါက် ဒေါက်'

တံခါးခေါက်သံများ ထွက်ပေါ်လာသဖြင့် လုရီက အခန်းတံခါးကို ဖွင့်ပေးလိုက်သည်။

ထိုအခါ ဆိုင်လုလင်တစ်ဦး ရောက်ရှိလာသည်ကို တွေ့ရလေသည်။ ဆိုင်လုလင်က လုရီအား ဦးညွှတ်လိုက်ပြီး ...

"ဒီကနေ့ ကျိန်ဘုံကျောင်းကိုသွားရင်း အစ်ကိုလေး ခါးပိုက်နှိုက်ခံရတယ်လို့ သတင်းကြားတယ်၊ အဲဒါ တကယ်ပဲလား"

ဟု မေးလိုက်သည်။

ထိုဆိုင်လုလင်သည် ကျိန်ဘုံကျောင်းသို့သွားရန် တိုက်တွန်းခဲ့သည့် လုလင်ဖြစ်သည်။ လုရီ သက်ပြင်းချလိုက်သည်။

"ဟုတ်တယ် ညီလေး၊ ကျုပ် ငေးနေမိတာနဲ့ ခါးပိုက်နှိုက်ခံရတာပဲ"



ရှက်ရှက်နှင့် ပြောလိုက်သည်။ ဆိုင်လုလင်က ...

"အစ်ကို့ပိုက်ဆံတွေ အကုန်ပါသွားလား"

"အေးကွ"

"ဒါဆိုဆက်ပြီး"

"ဟင်း ဘာဖြစ်လို့လဲ ..."

ဆိုင်လုလင်က အားနာသောလေသံဖြင့် ...

"ကျွန်တော်တို့ဆိုင်ရှင်က အတော်ဆိုးတယ်ဗျ၊ အစ်ကို့စားသောက်ခနဲ့ တည်းခိုခမပေးနိုင်ရင် မလွယ်ဘူး"

ပြောလိုက်သည်။

"ဒုက္ခပါပဲကွာ"

လုရီ ညည်းတွားလိုက်သည်။ ဆိုင်လုလင်က ...

"အစ်ကိုလေး ... ဒီမြို့မှာ အသိမိတ်ဆွေ မရှိဘူးလား"

"ဟင့်အင်း"

"ဒါဆို ... ကျသင့်ငွေတွေရှင်းဖို့ ဘယ်လိုလုပ်မလဲ"

လုရီက ...

"ညီလေး ... ဆိုင်ရှင်ကို သွားခေါ်လိုက်ပါလား၊ သူ့ကို အကျိုးအကြောင်း ပြောကြည့်တာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



ဆိုင်လုလင်က ခေါင်းခါယမ်းလိုက်သည်။

"ရမယ်မထင်ဘူး၊ အင်းလေ သွားခေါ်ပေးပါ့မယ်"

ပြောကာ ထွက်သွားသည်။

လုရီ ကြာကြာမစောင့်လိုက်ရပါ။

ဆိုင်ရှင်တို့ ရောက်ရှိလာကြသည်။

ဆိုင်ရှင်၏မျက်နှာမှာ ကြောက်စရာကောင်းအောင် ခက်ထန်နေသည်။ လုရီအား ခြေဆုံးခေါင်းဆုံး ကြည့်လိုက်ပြီး ...

"မင်းက အခန်းခနဲ့စားသောက်ခတွေ မပေးနိုင်ဘူးဆို ..."

ခက်ထန်စွာ မေးလိုက်သည်။

လုရီ ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်ခင်ဗျာ၊ ကျွန်တော့်ရဲ့ငွေတွေ ခါးပိုက်နှိုက်ခံလိုက်ရလို့ တစ်ပြားတစ်ချပ်မှ မရှိတော့လို့ပါ"

ပိုင်ရှင်က ...

"မင်း ဘာပဲဖြစ်ဖြစ် ငါနဲ့မဆိုင်ဘူး၊ ငါ့ဆိုင်မှာနေပြီး စားသောက်တည်းခိုခ ကျသင့်ငွေကိုတော့ ပေးရမှာပဲ"

"ကျွန်တော် ..."

"မင်း မပေးနိုင်ရင် ဒုက္ခရောက်သွားလိမ့်မယ်"



လုရီ ငိုင်သွားသည်။ ပိုင်ရှင်က ...

"မင်း ငွေမပေးနိုင်ရင် ပစ္စည်းတွေကို သိမ်းရလိမ့်မယ်"

"ဒီလိုတော့ မလုပ်ပါနဲ့"

"ဘာကွ ... မလုပ်ရဘူး ဟုတ်လား၊ ဒါဖြင့် မင်းကို မြို့တော်ဝန်ဆီကို ဖမ်းချုပ်ခိုင်းရမယ်"

"ဒီလိုလည်း မလုပ်ပါနဲ့"

ကပျာကယာ တောင်းပန်လိုက်သည်။

ပိုင်ရှင်က ...

"ဒါဖြင့် မင်းရဲ့ပစ္စည်းတွေ သိမ်းရမယ်"

ဘာမှမတတ်နိုင်တော့ဘဲ အလျှော့ပေးလိုက်ရသည်။

"ကောင်းပါပြီ၊ ပစ္စည်းတွေကို ယူပါတော့ဗျာ"

ပိုင်ရှင်သည် အခန်းတွင်းသို့ လှမ်းဝင်လာသည်။

ထို့နောက် ...

ဆိုင်လုလင်အား လုရီ၏ပစ္စည်းများကို သိမ်းဆည်းကာ စုပုံစေလိုက်သည်။

လုရီ၏ပစ္စည်းအားလုံးကို သိမ်းကျုံးကာ မတန်တဆ ဈေးဖြတ်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



တည်းခိုခနှင့်စားသောက်ခကိုဖွတ်ယူကာ ငွေအနည်းငယ် အမ်းပေးလေသည်။ လုရီ ဘာမှမကတ်နိုင်ဘဲ လက်ခံလိုက်ရသည်။

ပိုင်ရှင်က ...

"ကဲ ... မင်းသွားနိုင်ပြီ၊ ဒီအခန်းကို နောက်ထပ် ဧည့်သည် ရောက်လာရင် ငှားရမှာ"

ဟု မောင်းထုတ်လိုက်သည်။

လုရီသည် ခေါင်းငိုက်စိုက်ချကာ တည်းခိုခန်းထဲမှ ထွက်လာခဲ့သည်။

✷

တည်းခိုခန်းသည် အနောက်ဘက်တွင် ကျန်ရစ်ခဲ့ပြီဖြစ်၏။

လုရီသည် လူစည်ကားလှသောလမ်းမပေါ်သို့ ရောက်လာပြီဖြစ်သည်။

ယခု ... အဝတ်အထည် ကိုယ်တစ်ခုဘဝသို့ ရောက်ရပြီဖြစ်ရာ သူ၏အခြေအနေသည် မျက်လှည့်ပြလိုက်သလို မယုံနိုင်ဖွယ်ရာ ပြောင်းလဲသွားလေသည်။



လုရီသည် ဆိုင်ရှင်ပေးလိုက်သော ငွေစအနည်းငယ်ကို ကြည့်ကာ ...

"ငါ ဘာလုပ်ရမလဲ"

စိတ်ထဲမှ ရေရွတ်လိုက်သည်။ မည်သို့ပင်ဖြစ်စေ ...

ကျောင်းဟုန်မြို့သို့ရောက်အောင် သွားရမည်ဖြစ်သည်။

လုရီ သက်ပြင်းချလိုက်သည်။

"ငါ့ရဲ့ငွေတွေ ဆုံးရှုံးသွားတာ အရေးမကြီးဘူး၊ ဆရာပေးလိုက်တဲ့ မိတ်ဆက်စာပါ ခါးပိုက်နှိုက်ခံလိုက်ရတာ အတော်ဆိုးတယ်၊ မတတ်နိုင်ဘူးလေ၊ ကျောင်းဟုန်မြို့ရောက်မှပဲ အခြေအနေကြည့်ပြီး ပြောပြရမှာပဲ"

ယင်းသို့ ဆုံးဖြတ်ပြီးနောက် ...

လုရီသည် လေးလံသောခြေလှမ်းများဖြင့် ရှေ့ဆက်လှမ်းသွားရာ တဖြည်းဖြည်း ဝေး၍ဝေး၍ သွားလေတော့သည်။

✷ ✷ ✷

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၄)

လေပြည်လေညင်း ငွေ့ယမ်းတိုက်ခတ်လာသည်။

အနံ့ရှူးရှုပြင်းထန်သော တောပန်းရနံ့များသည် လေပြည်နှင့်အတူ လွင့်ပျံ့လာသည်။

တောလမ်းလေး၏ဝဲယာ တစ်ဖက်တစ်ချက်ရှိ စိမ်းလန်းသော သစ်ပင်ကြီးများ ဖုံးလွှမ်းလျက် ရှိ၏။

ကျေးငှက်ကလေးတို့သည်လည်း ပင်ယံမြင့်ထက်၌ နားခိုကာ ဘာသာဘာဝ တေးသီကျူးကြ၏။

ဝန်းကျင်တစ်ခုလုံး သာယာလှပနေပါသည်။

ထိုအချိန်ဝယ် တောလမ်းအတိုင်း ကဆုန်ပေါက်ကာ ပြေးလာနေသူတစ်ယောက်ကို တွေ့မြင်ရမည်ဖြစ်သည်။

ထိုလူသည် ကြောက်လန့်တကြား ပြေးလာခြင်းမျိုးတော့ မဟုတ်ပါချေ။



ဝမ်းသာအားရ ကဆုန်ပေါက်ပြေးလာခြင်းမျိုး ဖြစ်၏။

ထိုလူမှာ ခွေးလေးဖြစ်သည်။

ခွေးလေးသည် လမ်းကွေ့တစ်နေရာသို့ရောက်လျှင် ခြေလှမ်းရပ်တန့်လိုက်ရ၏။ ထို့နောက် ...

"ဟား ဟား ဟား"

သဘောကျစွာ ရယ်လိုက်၏။

သူက ဟန်ဆောင်ရယ်မောခြင်း မဟုတ်ပါ။

အူလှိုက်သည်းလှိုက် ရယ်မောလိုက်ခြင်း ဖြစ်၏။

ရယ်ရလွန်းသဖြင့် ဗိုက်ကျောများပင် နာလာသည်။

မျက်ရည်များပင် စီးကျလာ၏။

ခွေးလေးက အတန်ငယ် ရယ်လိုက်ပြီးမှ ...

"အမယ်လေး ... ရယ်ရလွန်းလို့ ဗိုက်တောင်နာတယ်၊ ဘယ်နှယ့် ငါ့ဆီက အနိုင်ကျင့် လုယူဖို့ လာတဲ့လူတွေ ခုတော့ သူတို့ဆီက ငါက နှိုက်ယူလာနိုင်သေးတယ်"

ဟု ပြော၍ လက်ဝါးနှစ်ဖက် ဖြန့်လိုက်၏။

ထိုအခါ ... သူ၏လက်ထဲ၌ ငွေအိတ်ကလေးသုံးအိတ်ရှိနေသည်ကို တွေ့မြင်ရမည်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



မှန်လေသည်။

သူက လူရိုထံမှ ငွေအိတ်ကို နှိုက်ယူခဲ့၏။

ထိုအကြောင်းကို သိသွား၍ အမာရွတ်နှင့် သရဲညီနောင်က လုယူရန် လိုက်လာကြ၏။

သူသည် လူရိုထံမှ ရခဲ့သည့် ငွေတို့ကို မပေးရသည့်အပြင် အမာရွတ်နှင့်သရဲညီနောင်တို့ထံမှပင် ငွေအိတ်များကို နှိုက်ယူလာနိုင်ခဲ့သည် မဟုတ်ပါလား။

သူက ငွေအိတ်သုံးအိတ်ကို ဖွင့်ကြည့်မိသည်။

ငွေတုံးနှင့်ရွှေတုံးလေးများ ထွက်ကျလာ၏။

သူ ကျေနပ်သွားသည်။ သို့သော် ...

"သူတို့နဲ့ ဝေးရာပြေးရမယ်၊ နို့မဟုတ်ရင် မလွယ်ဘူး"

ဟု ရေရွတ်လိုက်၏။ ထို့နောက် ... တောလမ်းလေးအတိုင်း ကဆုန်ပေါက်၍ ပြေးသွား၏။

✷

ခွေးလေး အဝေးသို့ ရောက်သွားပြီ ဖြစ်၏။



ထိုအချိန်တွင် သစ်ပင်တစ်ပင်နောက်ကွယ်မှ မိန်းကလေး တစ်ဦး လှမ်းထွက်လာ၏။

ထိုမိန်းကလေးမှာ အစိမ်းရောင်ဝတ်ထားပြီး ကျစ်ဆံမြီး ရှည်နှစ်ဖက်အား ဝဲယာပခုံးနှစ်ဖက် ခွဲချထား၏။

ပါးချိုင့်ခွက်လေးနှင့် ချစ်စဖွယ်ကောင်းသူလေး ဖြစ်၏။

သူမသည် ခွေးလေးထွက်သွားရာဘက် မျှော်ကြည့်ပြီး ...

"တော်တော်ဆိုးတဲ့လူ"

ဟု ရေရွတ်လိုက်၏။

ထို့နောက် ... ခွေးလေးထွက်သွားမည့်လမ်းကို တွက်ဆလိုက်၏။

သူလာသည့်လမ်းအတိုင်း ဆက်သွားရင် ကြားစခန်းကို မွန်းလွဲလောက် ရောက်လိမ့်မည်။ တစ်ခုခုစားဖို့ စဉ်းစားမည်။ ကြားစခန်းမှာ ခဏနားမှာ သေချာ၏။

သူမသည် ထိုသို့တွက်ချက်ပြီးနောက် တောအုပ်ထဲ ဝင်သွား၏။ တစ်ဖန် သစ်ပင်ချုံနွယ်များကြားမှ ဖြတ်ကာ သမင်ပျိုမလေးအလား လျှင်မြန်စွာ ပြေးသွားလိုက်၏။

မကြာပါချေ။

www.burmeseclassic.com

www.burmeseclassic.com



သူသည် ခွေးလေးအား တောင်ကျော်ကာ ရွှေ့သို့ရောက်သွားလေသည်။

ထိုအတိုင်း ရပ်တန့်ခြင်းမပြုဘဲ ဆက်ပြေးသွားသည်။

များမကြာမီ ...

လမ်းဆုံလမ်းခွတစ်ခုနှင့် ခရီးသည်များ ခေတ္တရပ်နားလေ့ရှိသော ကြားစခန်းတစ်ခုသို့ ရောက်သွားသည်။

✷

ကြားစခန်းလေး။

ကြားစခန်းလေးပွဲ စည်ကားနေသည်။

ခရီးဝေးမှလာကြသော ခရီးသည်များ၊ ကုန်သည်ပွဲစားများသည် ထိုစခန်းလေးသို့ရောက်လျှင် ခေတ္တရပ်နားကာ အနားယူစားသောက်ကြသည်။

လိုအပ်သည့်ပစ္စည်းများကို ဝယ်ယူကြသည်။ ရိက္ခာဖြည့်တင်းကြရသည်။

ထို့နောက် လိုရာခရီးဆက်ကြသည်။



ကြားစခန်းလေးတွင် စားသောက်ဆိုင်များ ဆိုင်အသုံးအဆောင်ရောင်းသော ဆိုင်များဖြင့် စည်ကားနေပါသည်။

နေမွန်းတည့်ချိန်ကို ကျော်သွားပြီဖြစ်၏။

ခွေးလေးသည် ကြားစခန်းသို့ရောက်သောအခါ ဗျော်တစ်လုံးလုံး ဖြစ်နေပါသည်။

ခရီးပြင်းနှင်လာခြင်းကြောင့် ပင်ပန်းနေသလို ဗိုက်ထဲဆာလောင်နေပြီဖြစ်သည်။

ခွေးလေးသည် စည်ကားသော ကြားစခန်းကိုကြည့်ပြီး —

“ခုလောက်ဆို ငါ့နောက်ကို လိုက်လာနိုင်မည် မဟုတ်ဘူး၊ ဒီမှာ ခဏလေးရပ်နားပြီး စားသောက်မယ်၊ ပြီးရင်ဖြင့် မြင်းတစ်ကောင်ဝယ်ပြီး ခရီးဆက်မယ်”

ကြားစခန်းလေးမှာ လူရှင်းသောက် စားသောက်ဆိုင်တစ်ဆိုင်သို့ လှမ်းဝင်လိုက်သည်။

ခွေးလေးက ဆိုင်ထဲသို့အဝင် ရုတ်တရက် ဝဲဘက်နေရာမှ လှမ်းဝင်လာသည့် မိန်းကလေးတစ်ဦးနှင့် ဝင်တိုက်မိသည်။

“ဟင်”

“အို”

www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်သား လွှတ်ခနဲ ရေရွတ်လိုက်ကြ၏။

ခွေးလေးက မိန်းကလေးကို မျက်လုံးပြူးကြည့်သည်။

သူမမှာ အစိမ်းရောင်ဝတ်၍ ကျစ်ဆံမြီးနှစ်ဖက်ကို ပခုံးပေါ် ချထားသည့် မိန်းမလေးတစ်ယောက်ဖြစ်သည်။

သူမက မကျေမနပ်ဖြင့် ...

"ရှင် ဘယ်လိုလုပ်တာလဲ၊ လူတစ်ယောက်လုံးတောင် မမြင်ဘူးလား"

ဟု ငေါက်လိုက်၏။ ခွေးလေးက ...

"အံမာ ... ခင်ဗျားက ဝင်တိုက်တာလား၊ ကျုပ်က ဝင်တိုက်တာလား"

ဟု ပြန်ပြော၏။ သူမက ...

"ရှင် ဝင်တိုက်ပြီး ဒါ ဘာသဘောလဲ"

"ကျုပ်က ..."

"တော်ပြီ၊ ရှင်နဲ့ ပြောလို့လည်း အပိုပဲ"

သူမသည် ခြေသံပြင်းစွာနင်း၍ ဆိုင်ထဲ ဝင်သွားသည်။

သူက ...

"သူကလည်း ဝင်တိုက်သေးတယ်၊ သူကပဲ ရန်လုပ်သေး"



ဟု မကျေမနပ် ရေရွတ်မိ၏။ သူကိုယ်တိုင်လည်း ဆိုင်ထဲဝင်သွား၏။ မိန်းကလေးက စားပွဲတစ်လုံး၌ အကျအနထိုင်၍ မှာကြားစားသောက်နေပြီဖြစ်၏။

သူမသည် ခွေးလေးအား လုံးဝဂရုမစိုက်ချေ။

ခွေးလေးသည် ဂရုမစိုက်ဘဲ ချောင်ကျကျစားပွဲ၌ သွားထိုင်၍ မှာကြားစားသောက်လိုက်၏။

မည်သို့ဆိုစေ ... စားသောက်ရင်း တစ်ချက်တစ်ချက် သူမဆီသို့ အကြည့်ရောက်သွား၏။

ဤတွင် သူမ၏စားပွဲ၌ ဟင်းခွက်များ ပြည့်လျှံနေသည်ကို တွေ့မြင်ရသဖြင့် မျက်လုံးပြူးသွားသည်။

"ဒီကောင်မလေး စားနိုင်လှချည်လား"

ဟုလည်း ရေရွတ်လိုက်မိ၏။

အမှန်တော့ သူမသည် လောဘတကြီး စားသောက်ခြင်းမျိုး မဟုတ်ဘဲ ဟင်းတစ်ခွက်လျှင် တစ်ဇွန်း နှစ်ဇွန်းမျှသာ စားသောက်နေခြင်း ဖြစ်သည်။

သူမက စားရသည်ကိုပင် သဘောမကျ ဖြစ်နေပုံရ၏။

ခွေးလေး နှာခေါင်းရှုံ့လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"ကြီးကျယ်လိုက်တာ၊ သူ့ကိုယ်သူ ဘာများမှတ်နေလည်း မသိဘူး၊ သခင်မလေးတစ်ယောက်ဆိုရင် ခက်မယ်"

ဟု စိတ်ထဲ ရေရွတ်လိုက်၏။

သူမက နောက်ထပ် ဟင်းတစ်ခွက်ပြီးတစ်ခွက် မှာနေသည်ကို တွေ့ရပြန်၏။ သူသည် သူမအား ကြည့်မရတော့ပါ။

ထို့ကြောင့် ...

"တခြားဆိုင်မှာ သွားစားတာပဲ ကောင်းမယ်"

ဟု ရေရွတ်၍ ဆိုင်လုလင်တစ်ယောက်အား ခေါ်ကာ ...

"ဘယ်လောက်ကျလဲဟေ့"

ဟု ပြောလိုက်၏။ ဆိုင်လုလင်က ကျသင့်ငွေကို တွက်ပြသည်။ ခွေးလေးက ရယ်လိုက်၏။

"မင်းတို့ဆိုင်က အတော်ကို ဈေးချိုတာပဲ၊ မင်းကို ဆုငွေပေးရဦးမယ်"

ဟု ပြော၍ ငွေနှိုက်လိုက်၏။

သူ၏လက်က အိတ်ထဲ ရောက်သည်နှင့် ...

"ဟိုက်"

လွှတ်ခနဲ အော်လိုက်သည်။ ဆိုင်လုလင်က ...



"ဘာဖြစ်လို့လဲဗျာ"

ဟု မေးလာ၏။ သူသည် မည်သို့ပြောရမှန်းမသိ ဖြစ်နေ၏။ သူ၏လက်သည် အိတ်ထဲမှ ပြန်ထွက်မလာတော့ပါ။

ဆိုင်လုလင် မျက်မှောင်ကုတ်သွားပြီး ...

"ဘာများဖြစ်လို့လဲဗျာ"

ဟု ထပ်မေးလိုက်သည်။ သူက မျက်လုံးပြူးနေ၏။

မျက်နှာကြီး ရှုံ့မဲ့၍ ဟိုကြည့်သည်ကြည့် ကြည့်မိသည်။

ထို့နောက် သူ၏အကြည့်သည် အစိမ်းရောင်ဝတ် မိန်းကလေးထံတွင် ရပ်တန့်လေ၏။

"သင်းပဲဖြစ်မယ်"

ဟု ပြောသည်။

"ဗျာ"

ဆိုင်လုလင်သည် သူ၏စကားကို နားမလည်အောင်ဖြစ်မိသည်။ သူ၏မျက်နှာကြီး နီမြန်းသွား၏။ ထိုင်ရာမှ ဝုန်းခနဲ ထလိုက်သည်။ ဆိုင်လုလင်ကို တွန်းဖယ်၍ သူမထံသို့ လှမ်းသွားလိုက်၏။

* * *

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၅)

အစိမ်းရောင်ဝတ်မိန်းကလေးက ဟင်းပွဲတစ်ရာဖြင့် ပွဲတော်တည်နေကာ နယ်စားတစ်ယောက်ပမာ ရှိ၏။

သူမသည် စားသောက်သော်လည်း မည်သည့်ဟင်းကိုမှ သဘောကျပုံ မရချေ။ ထိုအချိန်မှာပင် ...

"မင်း ဘာပြောမလဲ"

ခွေးလေးက အော်ငေါက်ကာ အနီးသို့ ရောက်လာသည်။

သူမက လှည့်ကြည့်လိုက်၏။

ဘီလူးသရဲ စီးသကဲ့သို့ ရှိနေသည့် ခွေးလေးကို မြင်လျှင် မျက်မှောင်ကုတ်သွားပြီး ...

"ရှင် ဘာတွေလာပြောနေတာလဲ"

ဟု မေးလိုက်၏။

သူ နှာခေါင်းရှုံ့လိုက်၏။



"ဘာတွေလာပြောနေတာလဲ ဟုတ်လား၊ မင်းက ငါ့ကို ဝင်တိုက်ပြီး ခါးပိုက်နှိုက်သွားတာ ဘာပြောမလဲ"

"ဘာရှင့်"

သူမက ဝုန်းခနဲ ထရပ်လိုက်၏။

သူတို့နှစ်ယောက် အချင်းများသည်နှင့် အခြားသော လူတို့က လှမ်းကြည့်လာကြ၏။ ခွေးလေးက ...

"ငါဆိုင်ထဲဝင်လာတုန်းက မင်းက ငါ့ကို ဝင်တိုက်ပြီး ခါးပိုက်နှိုက်သွားတာ ငါမသိဘူး မှတ်နေသလား"

"ရှင် ... ရှင် ဘာတွေလာပြောနေတာလဲ၊ ဒါ ကျွန်မကို သက်သက် အရှက်ခွဲတာပဲ"

သူမသည် ဆိုင်လုလင်တို့ဘက်လှည့်၍ အကူအညီတောင်းလိုက်သည်။

"ကျွန်မကို မတရားစွပ်စွဲနေတာကို ရှင်တို့ ဒီအတိုင်းလက်ပိုက်ကြည့်နေမှာလားရှင်"

ဤတွင် ဆိုင်လုလင်တို့ လှုပ်လှုပ်ရွရွ ဖြစ်ကုန်ကြ၏။

ခွေးလေး၏စကားထက် သူမ၏စကားကို ပို၍ဂရုစိုက်ကြမည် မဟုတ်ပါလား။

www.burmeseclassic.com

www.burmeseclassic.com



ဆိုင်လုလင်များထဲမှ ဗလကောင်းသူက ...

"ဟေ့လူ ... ခင်ဗျား ဘာကြောင့် မတရားစွပ်စွဲတာလဲ၊ ခင်ဗျား စားသောက်ခ မပေးချင်လို့ မဟုတ်လား၊ ရုတ်ရုတ်ရုတ်ရုတ် မလုပ်နဲ့ ဒုက္ခရောက်သွားမယ်၊ ကဲ ... ငွေရှင်းပြီး ဆိုင်ထဲက ထွက်သွားရင် ကောင်းမယ်"

ဟု အော်ငေါက်လိုက်၏။ သူက ...

"ကျုပ်က ဘယ်ငွေနဲ့ရှင်းရမှာလဲ၊ ကျုပ် ငွေတွေကို ..."

သူ၏စကားမဆုံးမီ ထိုလူက လက်သီးဆုပ်ကို ထောင်ပြ၍ အော်ငေါက်လိုက်၏။

"ဟေ့လူ ... ညဏ်မများနဲ့ ကျသင့်ငွေ ပေးစမ်း"

"ကျုပ်"

"ပေးမလား၊ မပေးဘူးလား၊ အသားနာချင်လို့လား"

"ကျုပ်၊ ကျုပ်ငွေတွေ ခါးပိုက်နှိုက် ခံလိုက်ရပြီ"

"အံမယ် ... ဒါမျိုး ရိုးနေပြီ၊ ကျုပ်တို့ဆိုင်မှာ ဒီလိုလာပြီး တစ်ပတ်ရိုက်လို့ ရမယ်မထင်နဲ့"

ဆိုင်လုလင်များသည် သူ့အား ဝိုင်းတားလိုက်ကြ၏။

သူ ခေါင်းနားပန်းကြီးသွား၏။



မိန်းကလေးက သူ၏ငွေကို နှိုက်ယူသည်ကို ဖြေရှင်း၍မရနိုင်ပါ။

ထိုးကြိတ်ကြမည့် ဆိုင်လုလင်များ၏အန္တရာယ်က ရှိနေပြီမဟုတ်ပါလား။ သူက ကပျာကယာ လက်ကာပြရင်း ...

"ကျုပ် ... ကျုပ် ရှင်းပြပါရစေဦးဗျာ"

ဟု တောင်းပန်လိုက်၏။

ဆိုင်လုလင်တို့နှင့် အခြားလူများသည် သူ့ထံသို့ အာရုံရောက်သွားကြ၏။

မိန်းကလေးကိုပင် တဒင်္ဂမေ့လျော့သွားကြသည်။ ထိုစဉ်...

"ကဲ ... ကဲ ... တော်ကြပါတော့"

ဆိုင်ရှင်က လာပြီး ဟန့်တားသည်။

ဆိုင်ရှင်ကိုမြင်လျှင် ဆိုင်လုလင်များ ဘေးသို့ ရှဲသွား၏။

ဆိုင်ရှင်က ခွေးလေးအနီးသို့ ချဉ်းကပ်သွားပြီး ...

"ခင်ဗျားကသာ ဟိုမိန်းကလေးကို မတရားစွပ်စွဲနေတာ၊ သူက ခင်ဗျားအပေါ် စိတ်ကောင်းရှိပါတယ်ဗျာ၊ သူ့အတွက်အပြင် ခင်ဗျားအတွက်ပါ ရှင်းပေးသွားတာပဲ၊ ပြီးတော့ ... ငွေမရှိရင် ခင်ဗျား ဒုက္ခရောက်မှာဆိုပြီး ဟောဒီမှာ ပေးသွားသေးတယ်"

www.burmeseclassic.com

www.burmeseclassic.com



ပြောပြောဆိုဆို ငွေအိတ်တစ်လုံး လှမ်းပေးလိုက်၏။

ထိုအိတ်ကိုမြင်လျှင် အမာရွတ်၏အိတ်ဖြစ်ကြောင်း သူ ချက်ချင်း မှတ်မိသည်။

အိတ်ကို ဆတ်ခနဲ ဆွဲယူ၍ ဖွင့်ကြည့်လိုက်၏။

အထဲ၌ ငွေတုံးနှင့်ရွှေတုံးလေးများ ရှိနေပါ၏။

အမာရွတ်နှင့်သရဲညီနောင်တို့ထံမှ ရလာခဲ့ခြင်း ဖြစ်၏။

လုရီထံမှ ရလာသော ငွေလွှဲလက်မှတ်တို့ကိုမူ မတွေ့ရ။

သူမသည် လုရီ၏ပစ္စည်းများကိုသာ ယူ၍ အမာရွတ်တို့ ပစ္စည်းတို့ကို သူ့အား ပေးခဲ့ခြင်း ဖြစ်သည်။

ခွေးလေး ဒေါပွသွားသော်လည်း ...

"ခုက္ခပါပဲဗျာ၊ ကျုပ်အပေါ် စေတနာထားတဲ့ လူကိုမှ ဒုက္ခပေးသလို ဖြစ်နေပါပြီ"

ဟု ပြော၍ သူမအား လှမ်းကြည့်လိုက်သည်။

သူမကား ဆိုင်ထဲ၌ ရှိမနေတော့ပါ။

သူက ...

"သူ ဘယ်ရောက်သွားပြီလဲ"

ဟု မေး၏။



ဆိုင်ရှင်က ...

"ထွက်သွားပြီလေ"

သူက ...

"ဟာ ... မဖြစ်သေးပါဘူး၊ ကျုပ် လိုက်တောင်းပန်မှပဲ"

ဟု ပြောလိုက်၏။

အကြောင်းမသိသည့် ဆိုင်ရှင်က ...

"ကောင်းတယ် ... မြန်မြန်လိုက်"

ဟုပင် တိုက်တွန်းလိုက်၏။

ခွေးလေးက ငွေအိတ်ကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်၍ ဆိုင်အပြင်သို့ ပြေးထွက်လိုက်လေ၏။

ဆိုင်အပြင်ရောက်၍ ဆိုင်လုလင်တို့၏အနီးရာယ်နှင့် ဝေးသောနေရာသို့ရောက်လျှင် ဟိုဟိုသည်သည် အကဲခတ်မိ၏။

သူမကို အရိပ်အယောင်မျှပင် မတွေ့ရတော့ပါ။

သူ ဒေါသဖြစ်လွန်းသဖြင့် အသားများပင် တဆတ်ဆတ် တုန်ယင်လာသည်။

"တောက်"

ခံပြင်းစွာဖြင့် တက်ခေါက်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"တောက် … မင်း ဘယ်လောက်ပြေးနိုင်မလဲ၊ ကြည့်ကြ သေးတာပေါ့ကွာ"

ဒေါသတကြီး ကြုံးဝါးပြီး တစ်ဟုန်ထိုး ပြေးထွက်သွားလေ တော့၏။

အစိမ်းရောင်ဝတ်မိန်းကလေးသည် မည်သူဖြစ်သနည်း။

အဘယ်ကြောင့် လုရီ၏ငွေအိတ်ကိုသာ ရွေးယူသွားရပါသ နည်း။

အကယ်၍ …

သူမသည် ခွေးလေး ထွက်ပြေးလာခဲ့သော ဟန်ကျူးမြို့သို့ ဦးတည်ထွက်ခွာသွားသည်ကိုသာ သိမည်ဆိုလျှင် ခွေးလေးလိုက်ပဲ့ ပါမည်လော။

အမှန်တော့ …

သူမသည် ငွေအိတ်ကိုယူ၍ ဟန်ကျူးမြို့သို့ ပြန်သွားသည် မှာ …

ပထမပိုင်း ပြီး၏။

ဒုတိယပိုင်း (ဇာတ်သိမ်း) ဆက်လက်ဖတ်ရှုပါရန်။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၆)

ကြားစခန်းလေးသည် အနောက်ဘက်တွင် ကျန်ရစ်ခဲ့ပြီ ဖြစ်သည်။

ခွေးလေးက ကြားစခန်းမှထွက်ကာ အစိမ်းရောင်ဝတ် မိန်းကလေးအား ရှာဖွေနေခဲ့သည်။

မိန်းကလေးမှာ ပျောက်ချင်းမလှ ပျောက်ဆုံးသွားပြီး ရှာမတွေ့တော့ချေ။

ခွေးလေးသည် အကြီးအကျယ် စိတ်ပျက်သွားသည်။

လမ်းဘေးရှိ ကျောက်တုံးကြီးတစ်တုံးပေါ်၌ ထိုင်ချပြီး နဖူးပေါ်မှချွေးများကို သုတ်လိုက်၏။

အသက်ပြင်းပြင်းရှူကာ အမောဖြေရှင်း ကြားစခန်းမှ စားသောက်ဆိုင်သို့အဝင် မိန်းကလေးက သူ့အား ဝင်တိုက်သွားပုံကို ပြန်လည်မြင်ယောင်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



“လူချင်းဝင်တိုက်ပြီး ငါ့ဆီက ငွေအိတ်ကို နှိုက်ယူသွားတာပဲ”

“တောက်”

မကျေမနပ် တက်ခေါက်လိုက်သည်။

ထိုစဉ် ...

ခရီးသည်အချို့ လာနေသည်ကို တွေ့လိုက်ရ၏။

သူ ဝမ်းသာသွား၏။

ခရီးသည်များထံ ချဉ်းကပ်သွားပြီး ...

“မိတ်ဆွေတို့ ဒီဘက်ကိုလာရင်း မိန်းကလေးတစ်ယောက်ကို မတွေ့မိဘူးလားဗျာ”

အစိမ်းရောင်ဝတ်မိန်းကလေး၏ပုံသဏ္ဌာန်ကို ပြောပြကာ မေးမြန်းလိုက်သည်။

ခရီးသည်များက အချင်းချင်းကြည့်လိုက်ပြီး တစ်ဦးက ...

“မိတ်ဆွေပြောတဲ့မိန်းကလေးကို ကျုပ်တို့ တွေ့လိုက်မိပါတယ်၊ သူဟာ ဟန်ကျူးမြို့ဘက်ကို ခရီးနှင်သွားတယ်ဗျ”

ဟု ပြောလိုက်၏။

“ဗျာ”



သူ ပါးစပ်အဟောင်းသားဖြစ်သွား၏။

ခရီးသည်များသည် ခွေးလေးက ဘာမှမပြောနိုင်တော့ဘဲ ငိုင်နေသည်ကိုမြင်လျှင် အချင်းချင်း မျက်ရိပ်ပြကာ ရှေ့ခရီးဆက်သွားကြ၏။

သူသည် အတန်ကြာငိုင်နေပြီးမှ သတိဝင်လာ၏။

“သူက ဟန်ကျူးမြို့ကို ပြန်သွားတယ်ဆိုပါလား”

ဟု ရေရွတ်လိုက်သည်။

ဟန်ကျူးမြို့တွင် ကြောက်စရာကောင်းသော နဂါးဒုစရိုက်ဂိုဏ်း ရှိနေပါ၏။

နဂါးဂိုဏ်းသည် သူ၏အကြောင်း သိထားပြီဖြစ်သည်။

ယခုအချိန်လောက်ဆိုလျှင် သဲကြီးမဲကြီး လိုက်ရှာနေမည်မှာ သေချာလှသည်။

ဟန်ကျူးမြို့သို့သွားဖို့ စိတ်မကူးရဲပါချေ။

“ခွေးကောင်မလေး ... ဟန်ကျူးကို ငါ မပြန်ရဲတာကို သူသိလို့ပဲဖြစ်ရမယ်”

ဟု ကျိန်ဆဲလိုက်သည်။

လုရီထံမှ နှိုက်ယူခဲ့သော ငွေများကို မည်သည့်နည်းနှင့်မျှ

www.burmeseclassic.com

www.burmeseclassic.com



ပြန်မရနိုင်မှန်း နားလည်လိုက်သည်။

ထိုအခါ ...

မိန်းကလေးပေးခဲ့သော အမာရွတ်တို့၏ငွေများကိုပင် ကျစ်ကျစ်ပါအောင် သိမ်းထားမိသည်။

"အမာရွတ်တို့ဆီက ငွေနိုက်ယူလာမိတာ ကံကောင်းသွားတယ်"

ဟု ရေရွတ်လိုက်သည်။

သို့သော် ... ကံကောင်းခြင်းမဟုတ်ဘဲ ထူးခြားမှုတစ်ခုကြောင့်ဖြစ်ကြောင်း ချက်ချင်းဆင်ခြင်လာမိသည်။

တောလမ်းပေါ်တွင် အမာရွတ်နှင့်သရဲညီနောင်တို့က သူ့အား သုတ်သင်ပစ်ဖို့ ကြိုးစားခဲ့ကြသည်။

အမာရွတ်တို့သည် တိုက်ခိုက်ရန်ဟန်ပြင်ပြီးမှ ကျောက်ရုပ်ပမာ မလှုပ်မယှက်ဖြစ်သွားသည်မှာ အံ့သြစရာကောင်း၏။

ခွေးလေးသည် သိုင်းပညာမတတ်သော်လည်း သိုင်းလောကနှင့် သိုင်းသမားများအကြောင်းကို တီးမိခေါက်မိသည်။

"အမာရွတ်တို့ကို တစ်ယောက်ယောက်က သွေးကြောပိတ်လိုက်တာပဲ ဖြစ်မယ်"



ဟူသောအသိ ဝင်ရောက်လာ၏။

တောလမ်း၌ မတွေးမိဘဲ ယခုမှ တွေးမိခြင်းဖြစ်သည်။

ခွေးလေးသည် လမ်းဘေးမှကျောက်တုံးပေါ်သို့ ပြန်လည်ထိုင်ချလိုက်သည်။

တစ်ဖန် ...

ကြုံတွေ့ခဲ့သော အဖြစ်အပျက်များကို ခေါင်းအေးအေးထားကာ စဉ်းစားလိုက်သည်။

အမာရွတ်နှင့်သရဲညီနောင်သည် သိုင်းပညာတတ်ထားပြီးလက်မရွံ့သူများ ဖြစ်ကြသည်။

သူတို့အား အလစ်အငိုက်ဖမ်းကာ သွေးကြောပိတ်ဖို့ ဆိုသည်မှာ လွယ်ကူသော ကိစ္စတစ်ခုမဟုတ်ချေ။

ထိုသွေးကြောပိတ်သူသည် အမာရွတ်တို့ထက် အဆများစွာ သာသူသာလျှင် ဖြစ်ရမည်။

ထိုသူမှာ မည်သူဖြစ်သနည်း။

ခွေးလေးက အပြန်ပြန်အလှန်လှန် စဉ်းစားလိုက်သည်။

ထိုသူမှာ သူ၏အသက်ကိုကယ်ခဲ့သူ သူ၏ကျေးဇူးရှင်မဟုတ်ပါလား။ သူသည် ခါးပိုက်နှိုက်တစ်ယောက်ဖြစ်၍ သူ့အား

www.burmeseclassic.com

www.burmeseclassic.com



ကူညီမည့်သူ မရှိသလောက်ပင်။ ခွေးလေးက စဉ်းစားရင်း နောက်ဆုံးတွင် အစိမ်းရောင်မိန်းကလေးထံသို့ပင် ရောက်သွားသည်။

"သူဟာ ငါ့ဆီမှာ ငွေလွှဲလက်မှတ်ရှိနေတာကို သိနေတယ်၊ အမာရွတ်တို့ဆီက ငွေတွေနှိုက်ယူလာတာကိုလည်း သိနေတယ်"

အမာရွတ်တို့၏ငွေများ သူ့အား ပေးခဲ့ပြီး လုရီ၏ငွေအိတ်ကိုယူကာ ဟန်ကျူးမြို့သို့ ပြန်သွားသည်။

အခြေအနေအရပ်ရပ်တို့သည် အမာရွတ်တို့လက်ထဲမှ သူ့အား ကယ်တင်ခဲ့သူမှာ အစိမ်းရောင်ဝတ် မိန်းကလေးဖြစ်ကြောင်း ညွှန်ပြနေသည်ကို ခွေးလေး သတိပြုလာမိသည်။

တွေးရင်းတွေးရင်း ...

"ဟုတ်ပြီ၊ သူ့ကို ငါ ကျိုန်ဘုံကျောင်းမှာ တွေ့ခဲ့တာပဲ"

ဟု ရေရွတ်ကာ ထခုန်လိုက်သည်။

ကျိုန်ဘုံကျောင်း၌ မိန်းကလေးနှင့်လုရီတို့ အခန့်မသင့်ဖြစ်ခဲ့သည်ကို သူ တွေ့မြင်ခဲ့ရပြီး ကျိုန်ဘုံကျောင်းအထွက်လမ်းတွင် မိန်းကလေးအား ငေးနေသည့် လုရီ၏ငွေအိတ်ကို သူက နှိုက်ယူလာခြင်းဖြစ်သည်။

"လက်စသတ်တော့ ငါ့အကြောင်းကို သူက သိနေတာကိုး၊



ငါ့ကိုကယ်ခဲ့တာလည်း သူပဲ၊ ငွေအိတ်ပြန်နှိုက်သွားတာလည်း သူပဲ"

ယခု ...

မိန်းကလေးက အဘယ်ကြောင့် ငွေအိတ်အား ပြန်လည်နှိုက်ယူသွားသည်ကို ခွေးလေး နားလည်သဘောပေါက်လိုက်ပြီဖြစ်သည်။

"သူဟာ မူလပိုင်ရှင်လက်ထဲကို ငွေအိတ်ပြန်ရောက်သွားစေချင်တဲ့ ဆန္ဒရှိနေတာပဲ၊ ဒါကြောင့် ဟန်ကျူးမြို့ကို ပြန်သွားတာပေါ့"

ခွေးလေးသည် ဟန်ကျူးမြို့သို့ ပြန်သွားမည်မဟုတ်ပါ။

မိန်းကလေးကိုလည်း လိုက်ရှာတော့မည် မဟုတ်ပါ။

အဖိုးတန်ငွေလွှဲလက်မှတ်များ လက်ထဲရောက်ပြီးမှ ပြန်လည်ဆုံးရှုံးသွားသည်ကိုလည်း မည်သို့မှ သဘောမထားပါ။

ဒုက္ခရောက်မသွားဘဲ လူကောင်းပကတိ ရှိနေသည်ကိုပင် ကံကောင်းသည်ဟု တွေးလိုက်၏။

ထိုမျှမကသေး။

"ရေအဆုံး ကုန်းတစ်ဝက်ဆိုတဲ့ စကားရှိတာပဲ၊ ငွေလွှဲလက်မှတ်တွေ ပါသွားပေမယ့် အမာရွတ်တို့ရဲ့ငွေအိတ်ကို ငါ ရလိုက်တာ အမြတ်ပဲ"

www.burmeseclassic.com

www.burmeseclassic.com



ဟု သဘောထားလိုက်၏။

ငွေလွှဲလက်မှတ်များနောက်သို့ လိုက်မည်ဆိုလျှင် တစ်ပြားတစ်ချပ်မှ ရမည်မဟုတ်သည့်အပြင် အသက်ပါ ဆုံးရှုံးသွားနိုင်ကြောင်း နားလည်သဘောပေါက်ပြီဖြစ်သည်။

ခွေးလေးသည် ရသမျှနှင့် ကျေနပ်ရောင့်ရဲကာ အဝေးသို့ ထွက်သွားရန် ဆုံးဖြတ်လိုက်သည်။

*

ဟန်ကျူးမြို့သို့သွားရာလမ်းသည် ညီညာဖြောင့်တန်းစွာ ရှိနေ၏။ အစိမ်းရောင်ဝတ်မိန်းကလေးသည် ကိုယ်ဖော့ပညာ အသုံးပြုကာ ပြေးလွှားလာခဲ့ရာ မိုးမချုပ်မီ ဟန်ကျူးမြို့သို့ ရောက်လာခဲ့သည်။ သူမသည် ကြောင်နှစ်ကောင်တည်းခိုခန်းသို့ ဦးတည်သွားလိုက်သည်။

တည်းခိုခန်းအောက်ထပ်၌ လူရှင်းနေသည်။

မိန်းကလေးသည် ဆိုင်လုလင်တစ်ယောက်ထံတွင် လုရီ၏ ပုံပန်းသဏ္ဌာန်ကိုပြောကာ မေးမြန်းလိုက်သည်။



ဆိုင်လုလင်က ...

"အစ်မလေးမေးတဲ့လူဟာ ဒီကနေ့မနက်အထိ ကျွန်တော်တို့ဆီမှာ တည်းခိုခဲ့ပါတယ်၊ ခုတော့ မရှိတော့ပါဘူး"

ဟု ပြောပြသည်။

မိန်းကလေး စိတ်ပျက်သွားသည်။

"သူ ဘယ်သွားသလဲဟင်"

ဟု မေးလိုက်၏။

ဆိုင်လုလင်က ...

"ကျောင်းဟုန်မြို့ကိုပြန်မယ့် ခရီးသည် တစ်ယောက်ပါ ပါပေမဲ့ ... သူ့ရဲ့ငွေတွေ ကျိန်ဘုံကျောင်းမှာ ခါးပိုက်နှိုက်ခံလိုက်ရလို့ ခရီးဆက်နိုင်ပါ့မလားမသိဘူး"

လုရီ၏ပစ္စည်းများအား ဆိုင်ရှင်က သိမ်းယူထားလိုက်ပုံကို စိတ်မကောင်းစွာဖြင့် ရှင်းပြသည်။ မိန်းကလေးက ...

"ကျွန်မနာမည်က ဝမ်လိန်လို့ခေါ်ပါတယ်ရှင်၊ ခါးပိုက်နှိုက်ခံရတဲ့ ..."

သူမက လုရီ၏အမည်ကို မသိသဖြင့် စကားတစ်ပိုင်းတစ်စဖြင့် ရပ်သွား၏။

www.burmeseclassic.com

www.burmeseclassic.com



ဆိုင်လုလင်က ...

"အဲဒီအစ်ကိုလေးနာမည်က လုရိပါခင်ဗျာ"

ဟု ပြောပြလေသည်။

အစိမ်းရောင်ဝတ်မိန်းကလေး (ဝါ) ဝမ်လိန်က ...

"ဩော် ... အင်း လုရိ ... လုရိ့ သူ့ရဲ့မိတ်ဆွေပါ။ သူ ခါး ဗိုက်နှိုက်ခံရပြီး ဒုက္ခရောက်နေတယ်လို့ သတင်းကြားလို့ ကူညီဖို့ လာခဲ့တာပါ။ ဒီလိုလုပ်ပါလား။ သူ့ရဲ့ပစ္စည်းတွေကို ကျွန်မ ရွေးယူပြီး သူ့နောက်ကို လိုက်သွားမယ်လေ၊ မကောင်းဘူးလား"

လုလင်က ...

"ဒါဆိုရင် ဆိုင်ရှင်နဲ့ တွေ့လိုက်ပါလား အစ်မလေး"

"ကောင်းပြီ၊ တွေ့တာပေါ့"

ဝမ်လိန်က သဘောတူလိုက်သည်။

ထို့နောက်တွင် ...

ဝမ်လိန်သည် လုရိ၏ပစ္စည်းများကို ပြန်လည်အရေးယူနိုင်သည့်အပြင် လုရိ၏အကြောင်းကို ဆိုင်ရှင်သိသယောက် သိသွားခဲ့ရသည်။

* * *



အခန်း (၁၇)

ဝမ်လိန်က လွတ်လွတ်လပ်လပ်မဟုတ်ဘဲ အိတ်တစ်လုံးကို ကျောပိုးထားရပြီဖြစ်သည်။

ထိုအိတ်ထဲ၌ လုရိ၏ပစ္စည်းတို့ပါ၏။

သူမက ကျောင်းဟုန်မြို့သို့ လိုက်သွားရန် ဆုံးဖြတ်၏။ ကြောင်နှစ်ကောင်တည်းခိုခန်းမှ သူမ ထွက်လာသောအခါ အလင်းရောင်ပျောက်၍ အမှောင်ထုကြီးစိုးချိန်ဖြစ်၏။

အိမ်တိုင်းလိုလို မီးထွန်းထားပြီဖြစ်၏။ ဝမ်လိန် သက်ပြင်းချလိုက်၏။

လုရိ၏ငွေတို့ ပြန်ရဖို့ သူမ ပြေးလွှားနေရသည် မဟုတ်လား။ ဘာကြောင့် လုရိအား ကူညီချင်ရပါသနည်း။

ဝမ်လိန်က သူ့ဘာသာ ပြန်၍မေးမိသော်လည်း အဖြေရှာမရပါ။

www.burmeseclassic.com

www.burmeseclassic.com



သူမက တည်းခိုခန်းကို ကျောခိုင်း၍ လမ်းမကြီးအတိုင်း လျှောက်လာသည်။

ထိုစဉ် ...

ရှေ့မှ မီးပုံကိုင်ထားသည့်လူတစ်စု ထွက်လာ၏။

ထိုလူတို့က ဝမ်လိန်ထံသို့ ဦးတည်၍ လာကြသည်။

ဝမ်လိန်သည် ခြေလှမ်းရပ်တန့်သွားသည်။

ထိုလူတို့က သူမအနီးသို့ရောက်ရှိလာပြီး ဝိုင်းထားကြ၏။

တစ်ဖန် ... လှပသော ဝေါစင်တစ်ခု ရောက်ရှိလာသည်။

လူသန်ကြီး ၄ ဦးက ဝေါစင်ကိုထမ်း၍ ဝမ်လိန်၏အနီးတွင် ရပ်လိုက်ကြသည်။

ဝမ်လိန်က ခေါင်းခါ၏။ သူမက စိတ်ပျက်သောအသံဖြင့် ဒုက္ခပါပဲနော်ဟု ညည်းတွားလိုက်မိသည်။

ထိုစဉ် ... အဖြူရောင်ဝတ်ထားသူ အဘွားအိုတစ်ဦးက သူ့ အနီးသို့ရောက်ရှိလာ၍ ဦးညွှတ်လိုက်သည်။

သခင်မကို ဂါရဝပြုပါတယ်ဟု ရိုသေစွာပြောလာသည်။

ဝမ်လိန်က ပခုံးတွန့်လိုက်သည်။

ဘွားဘွားကျူလိုက်လာတာကိုဟု ပြောလိုက်လေသည်။



အဘွားအိုက ...

“ဟုတ်ပါတယ် သခင်မ”

ဝမ်လိန်က ‘ကျွန်မ အိမ်မပြန်ချင်ဘူး’ ဟု ပြော၍ လှည့် ထွက်ရန် ဟန်ပြင်လိုက်သည်။

“သခင်မ”

အဘွားအိုက ဟန့်တားလိုက်သည်။

ဝမ်လိန်က ခြေလှမ်းရပ်လိုက်သည်။

အဘွားအိုက ...

“သခင်မကြီးက သခင်မလေးရဲ့စိတ်နဲ့ နေမကောင်းဖြစ်နေ တယ်၊ သမားတော်ပင့်ပြီး ဆေးကုနေရတယ်၊ သခင်မ အိမ်ကိုပြန် လိုက်ခဲ့ရင် ကောင်းပါလိမ့်မယ်”

ဟု ပြောသည်။

ဝမ်လိန်က စိတ်ညစ်သွားမိသည်။

“မေမေ နေမကောင်းဘူး ဟုတ်လား”

“ဟုတ်ကဲ့၊ သခင်မကို တွေ့ချင်နေတယ်၊ သခင်မသာ ပြန် လိုက်မလာရင် သခင်မကြီးရောဂါ စိုးရိမ်ရလို့ပါ”

ဝမ်လိန်က ...

www.burmeseclassic.com

www.burmeseclassic.com



မေမေ အတော်ဖြစ်နေတာကိုဟု ရေရွတ်လိုက်မိသည်။

အဘွားအိုက ...

"ဟုတ်ကဲ့၊ သခင်မကြီးက စိုးရိမ်ရလို့ပါ သခင်မလေး"

ဝမ်လိန်က သက်ပြင်းချလိုက်သည်။

"ကျွန်မကြောင့် မေမေ နေမကောင်းဖြစ်တာ စိတ်မကောင်းပါဘူး၊ သမားတော်ကြီးဟန်လှေကို ခေါ်မပြဘူးလား"

အဘွားအိုက ...

"အခု သမားတော်ကြီးဟန်လှေက ပြုစုစောင့်ရှောက်နေပါတယ်"

ဤတွင် ...

"ခစ် ... ခစ် ... ခစ်"

သူမက ရယ်လိုက်၏။ အဘွားအိုက ကြောင်သွားလေ၏။

သခင်မ ဘာရယ်တာလဲဟု မေးလိုက်သည်။

သူမ ...

"သဘောကျလို့ ရယ်တာပါ ဘွားဘွား"

"သခင်မကြီး နေမကောင်းဖြစ်တာကို သခင်မလေးက သဘောကျတယ် ... ဟုတ်လား"



သူမက ခေါင်းခါလိုက်သည်။

"ဒီလိုမဟုတ်ဘူး၊ မေမေ့အနားမှာ သမားတော်ကြီးရှိနေတော့ ဘာမှပူစရာမလိုဘူးတွေးမိလို့ပါ"

"သမားတော်ကြီးက ဘယ်လိုရောဂါမျိုးမဆို ပျောက်အောင် ကုပေးနိုင်တဲ့ ပြိုင်ဘက်ကင်း သမားတော်ကြီးပဲဟာ"

အဘွားအိုက ...

"သခင်မ ... ဒီလိုတော့မပြောပါနဲ့၊ သခင်မကြီးရဲ့ဝေဒနာက စိတ်ကြောင့်ဖြစ်တာပါ။ သခင်မလေး အိမ်ကထွက်သွားလို့ စိတ်ပူပြီး အိပ်ရာထဲလဲရတာပါ"

"စိတ်ဝေဒနာကို ကုဖို့မလွယ်ဘူး၊ သခင်မ အိမ်ပြန်လိုက်မှပဲ သခင်မကြီးရဲ့ရောဂါ ပျောက်မယ်လို့ သမားတော်ကြီးက ပြောလို့ပါ"

"စိတ်ရောဂါ ဟုတ်လား"

"ဟုတ်ပါတယ် သခင်မ"

"ဒါဆို ကျွန်မလည်း ကုချင်လို့"

"ဟင်"

"ကျွန်မလည်း စိတ်ရောဂါခံစားနေရတယ် ဘွားဘွားကျူရဲ့"

www.burmeseclassic.com

www.burmeseclassic.com



"သခင်မလေး"

အဘွားအို လှွတ်ခနဲ အော်လိုက်၏။

ဝမ်လိန် ရယ်လိုက်သည်။

"တကယ်ပြောတာပါ ဘွားဘွားရဲ့၊ ကျွန်မဟာ အိမ်ထောင် မပြုချင်တဲ့အတွက် စိတ်ရောဂါ ခံစားနေရတာပေါ့။ အိမ်မှာတောင် မနေနိုင်ဘဲ ထွက်ပြေးလာခဲ့ရတာပါ"

အဘွားအိုက ...

"သခင်မလေးရယ် ... ဒါကတော့ သခင်မလေးကောင်းစားဖို့ သခင်မကြီးက စီစဉ်ခဲ့တာပါ၊ မိဘဆိုတာ သားသမီးကို ဆင်စီးပြီး မြင်းရံစေချင်တာပဲ မဟုတ်လား"

ဝမ်လိန်က ...

"ကျွန်မကို ဘာမှမပြောဘဲ မေမေက ကိုယ့်သဘောနဲ့ကိုယ် လုပ်ခဲ့တာကို။ တစ်ကြိမ်တစ်ခါမှ မတွေ့ဖူးဘူး၊ ဘယ်လိုရုပ်သွင်မျိုး ရှိတယ်ဆိုတာတောင် မသိရတဲ့ သိမ်းငှက်မင်းသားလေးကို ကျွန်မက လက်ထပ်ရမယ်ဆိုတော့ ကျွန်မ ဘယ်လိုခံစားရမလဲဆိုတာ စဉ်းစားကြည့်ပါဦး"

အဘွားအိုက ...



"သခင်မလေးသဘောမကျရင် သခင်မကြီးက အတင်း စီစဉ်မှာ မဟုတ်ပါဘူး၊ အိမ်ကိုပြန်လိုက်ခဲ့ပါ၊ ဒီကိစ္စကို အေးအေးဆေးဆေး တိုင်ပင်ဆွေးနွေးလို့ရပါတယ်"

ဖျောင်းဖျလိုက်၏။

ဝမ်လိန် ရယ်လိုက်ပြန်သည်။

အဘွားအိုက ...

"သခင်မလေး"

အလန့်တကြား ပြောလေသည်။

ဝမ်လိန်က ...

"ကျွန်မ မပြန်တော့ဘူး"

ထိုစဉ် ...

"ဒီလိုလုပ်လို့မရဘူး၊ မင်း ပြန်လိုက်ခဲ့ရလိမ့်မယ်"

အသံသြသြကြီး ထွက်ပေါ်လာသည်။

လူရိပ်တစ်ခုသည် ဝမ်လိန်တို့အနီးသို့ ရောက်ရှိလာသည်။

ထိုလူရိပ်မှာ ခန္ဓာကိုယ်ပိန်ပိန်ပါးပါးရှိသော အဘိုးအိုတစ်ဦး ဖြစ်သည်။

ထိုအဘိုးအိုကိုမြင်လျှင် ဝမ်လိန် မျက်နှာပျက်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဦးလေးဝမ်လုံ"

ဟု လှမ်းခေါ်လိုက်၏။

ဝမ်လုံဆိုသော အဘိုးအိုကိုမြင်လျှင် ဘွားဘွားကျုံနှင့်တကွ ကျန်လူအားလုံး ဦးညွှတ်လိုက်ကြသည်။

အမှန်က ဝမ်လိန်သည် မြောက်ပိုင်းတွင် လျှမ်းလျှမ်း တောက်ကျော်ကြားသည့် ဝမ်မိသားစု၏သခင်မလေး ဖြစ်၏။

သူမ၏မိခင် ဝမ်ကျင်က သမီး၏ရှေ့ရေးကို မျှော်တွေး၍ အိမ်ထောင်ချပေးရန် ဆုံးဖြတ်ခဲ့၏။

ဤတွင် အိမ်ထောင်မပြုလိုသည့် သူမက အိမ်မှထွက်ပြေး လာခြင်းဖြစ်သည်။

သူမထွက်ပြေးသဖြင့် ဝမ်ကျင်က အိပ်ရာထဲလဲတော့သည်။

ထို့ကြောင့်လည်း ဝမ်မိသားစုတွင် ဩဇာရှိသော ဝမ်ကျင် ၏အစ်ကို ဝမ်လုံနှင့်ဝမ်မိသားစု၏အထိန်းတော်ကြီး ဘွားကျုံတို့က သူမကို လိုက်လံရှာကြခြင်းဖြစ်၏။

ဝမ်လိန်က သူမကိုချစ်၍ အလိုလိုက်ခဲ့သော မိခင်နှင့်ဘွား ကျုံတို့ကို ကြောက်လန့်ခြင်းမရှိပါ။

သို့သော် ဦးလေးဖြစ်သူကို ကြောက်လန့်ရိုသေရ၏။



ဝမ်လုံကို ဝမ်အမျိုးအနွယ်တစ်ခုလုံးက ကြောက်လန့်ရိုသေ ရသည်မဟုတ်ပါလား။

ဝမ်လုံက ...

'ဝမ်လိန် အတော်ဆိုးပါလား၊ မင်းအမေ ဘာဖြစ်နေပြီလဲ ဆိုတာ မသိဘူးလားကွ'... ဟု အပြစ်တင်လိုက်သည်။

သူမက မဲ့၍ ...

"မေမေ ကျွန်မကို အိမ်ထောင်ပြုပေးမှာကိုရော ဦးလေး ဘာမှမပြောဘူးလား"

ဝမ်လုံ ...

"ဒါက မင်းကို ကောင်းစားစေချင်လို့ လုပ်တာပဲ"

"ကျွန်မမှ အိမ်ထောင်မပြုချင်သေးတာ"

"စကားမရှည်နဲ့၊ လူကြီးက ကောင်းမယ်ထင်လို့ စီစဉ်တာ"

သူမ ...

ကျွန်မ အိမ်ထောင်မပြုချင်ဘူးဟု ပြောလိုက်သည်။

ဝမ်လုံ ...

"စကားမရှည်နဲ့၊ အိမ်ထောင်မပြုချင်လည်း အိမ်ရောက်ရင် မင်းအမေကို ငါ ပြောပေးမယ်၊ ခုပြန်လိုက်ခဲ့ရမယ်၊ ကိုယ့်စိတ်နဲ့ကိုယ်

www.burmeseclassic.com

www.burmeseclassic.com



လျှောက်သွားတာ ကောင်းတယ်လို့ ထင်လား၊ ဝမ်မိသားစု သိက္ခာကျတယ်၊ ခုချက်ချင်း ပြန်လိုက်ခဲ့ရမယ်"

သူမ ...

ကျွန်မ မလိုက်ဘူးဟု ပြောလိုက်သည်။

သူမက ဝမ်လုံကိုမကြည့်ဘဲ ခေါင်းငုံ့ထား၏။ ဝမ်လုံက ဒေါပွ၍သွား၏။

"ပြန်မလိုက်ဘူး ဟုတ်လား။ မင်းကို ကြိုးတုပ်ပြီး ခေါ်ရမလား"

သူမ အလန့်တကြားဖြစ်ရ၏။ ဝမ်လုံက သူမကို မရမက ခေါ်တော့မည်ကို သိလိုက်၏။

သူရောက်လာပြီးမှ ထွက်ပြေး၍ လွတ်မည်မဟုတ်ပါ။

သူမက အနည်းငယ်စဉ်းစား၍ ...

"ဦးလေး ... ကျွန်မကို အိမ်ပြန်ရောက်လို့ အိမ်ထောင်ပြုပေးမယ်ဆိုရင် ကျွန်မကိုယ်ကျွန်မ အဆုံးစီရင်ပစ်မှာ" ဟု ပြောသည်။

"ဘာ ... ဘာပြောတယ်"

ဝမ်လုံ မျက်လုံးပြူးသွားရသည်။

ချက်ချင်း ရှေ့တိုးလာသည်။



ဝမ်လိန်အား စားမတတ် ဝါးမတတ် စိုက်ကြည့်ပြီး ...

"ဝမ်လိန် ... ငါတို့ ဝမ်အမျိုးအနွယ်ဟာ လူကြီးသူမစကားကို မြေဝယ်မကျနားထောင်ရတယ်၊ ကလန်ကဆန်လုပ်တဲ့လူ တစ်ယောက်မှမရှိဘူး၊ ပြီးတော့ ... ကိုယ့်ကိုယ်ကိုယ် အဆုံးစီရင်တဲ့လူလည်း မရှိဘူး၊ မင်း ဝမ်အမျိုးအနွယ်ရဲ့ဂုဏ်သိက္ခာကို ဖျက်ဆီးပစ်မယ်ဆိုရင် ငါ ဘယ်နည်းနဲ့မှ လက်ခံနိုင်မှာမဟုတ်ဘူး"

ဟု ငေါက်လိုက်၏။

ဝမ်လိန်သည် ဝမ်လုံအား ကြောက်နေသည်ဖြစ်သော်လည်း အိမ်ထောင်မပြုလိုသဖြင့် အကြောက်အကန် ငြင်းလိုက်၏။

ဝမ်လုံ၏မျက်နှာ နီမြန်းသွား၏။

"မင်းက လူကြီးမိဘတွေစီစဉ်တာကို လက်မခံဘူးပေါ့ ဟုတ်လား"

ဝမ်လိန် ဘာမှမပြောဘဲ နေလိုက်၏။

ဝမ်လုံက ...

"ကောင်းပြီ၊ ဝမ်မိသားစုမှာ စည်းကမ်းတစ်ခုရှိတယ်၊ မိသားစုရဲ့စည်းကမ်းကို မလိုက်နာနိုင်တဲ့လူဟာ အကြီးအကဲနဲ့သိုင်းပညာပြိုင်ခွင့်ရှိတယ်၊ အနိုင်ရမယ်ဆိုရင် မိသားစုရဲ့စည်းကမ်းကို

www.burmeseclassic.com

www.burmeseclassic.com



လိုက်နာစရာမလိုဘဲ ကိုယ့်သဘောနဲ့ကိုယ် လုပ်နိုင်တယ်၊ ရှုံးရင်တော့ ကြီးလေးတဲ့အပြစ်ဒဏ်ခံရမယ်"

ဟု ပြောလိုက်သည်။

အမှန်တော့ ...

ဝမ်လိန်သည် တူမလေးဝမ်လိန်အား အလွန်ပင် ချစ်မြတ်နိုးသည်။

ဝမ်လိန်ငယ်စဉ်ကပင် လက်ပေါ်မှ မချခဲ့သူဖြစ်သည်။

ဝမ်လိန်ငယ်စဉ်ကပင် ဖခင်ဖြစ်သူ ကွယ်လွန်သွားသောအခါ ဝမ်လုံက ပို၍ပင် ဂရုစိုက်ခဲ့သည်။

ကိုယ်တိုင် အိမ်ထောင်မရှိ လူပျိုကြီးဖြစ်ပြီး တူမလေးဝမ်လိန်အား သမီးရင်းပမာ သဘောထားသူဖြစ်သည်။

သို့သော် ...

ဝမ်မိသားစု စည်းကမ်းနှင့် ပတ်သက်လာသောအခါ ကျောသားရင်သား မခွဲခြားဘဲ ပြတ်ပြတ်သားသား အရေးယူ ဆောင်ရွက်လိုက်ခြင်းဖြစ်၏။

ဝမ်လိန်သည် ဝမ်လုံကို ချစ်ကြောက်ရိုသေပြီး ဝမ်မိသားစု၏စည်းကမ်းကို လေးစားသည်။



သူမ အိမ်ထောင်မပြုလိုသေး၍သာ ငြင်းဆန်နေရခြင်း ဖြစ်သည်။

ဝမ်လုံက ပြတ်ပြတ်သားသား ပြောသောအခါ သူမ ဘာမှ မတတ်နိုင်တော့ပါချေ။

ဝမ်မိသားစုတွင် ဝမ်လုံ၏သိုင်းပညာ အတော်ဆုံးဖြစ်ရာ မည်သည့်နည်းနှင့်မျှ ယှဉ်ပြိုင်၍ရမည်မဟုတ်ကြောင်း သဘောပေါက်ထား၏။

ဝမ်လုံ၏သိုင်းပညာသည် မမှန်းဆနိုင်သဖြင့် မကျေနပ်ဘဲ ယှဉ်ပြိုင်ပါက အရေးနိမ့်ရမည်သာ ဖြစ်သည်။

ဝမ်လုံက ...

"ဝမ်လိန် ... အိမ်ကိုပြန်လိုက်မလား၊ ငါနဲ့ သိုင်းပညာယှဉ်ပြိုင်မလား ကြိုက်တဲ့လမ်းကိုရွေးပါ"

ဟု ပြောလိုက်သည်။

ဝမ်လိန်က နှုတ်ခမ်းစူပြီး ...

"ကျွန်မက သိုင်းပညာ ယှဉ်ပြိုင်ရမယ်ဆိုရင်ရော ဦးလေးက အလျှော့ပေးမှာမို့လား"

ဟု ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟေ"

ဝမ်လုံ ကြောင်အမ်းအမ်းဖြစ်သွား၏။

သူမက မျက်လုံးပြူးကာ ကြည့်လိုက်ပြီး ...

"ငါက ဘာကြောင့် အလျှော့ပေးရမှာလဲ"

ဟု ပြောလိုက်သည်။

သူမက ...

"ဦးလေးက အလျှော့မပေးဘဲ ကျွန်မ ဘယ်လိုလုပ်ပြီးနိုင်မှာလဲ၊ ကျွန်မပြိုင်လို့လည်း အပိုပဲပေါ့"

သူမ၏စကားကြောင့် ဝမ်လုံက ငိုအားထက် ရယ်အားသန်ဖြစ်သွားသည်။

သို့သော် ရယ်မောခြင်းမပြုဘဲ မျက်နှာထားတင်းတင်းထားလိုသည်။

"အပိုတွေပြောမနေနဲ့၊ မင်းက ငါနဲ့မယှဉ်ဘူးဆိုရင် အိမ်ပြန်လိုက်ရမယ်၊ ကဲ ... ဝေါစင်ပေါ်တက်"

ဟု အော်လိုက်သည်။

သူမက ..

"လူကြီးက ကလေးကို အနိုင်ကျင့်တယ်"



ဟု ရေရွတ်လိုက်သည်။

"ဘာ ... ဘာပြောတယ်"

ဝမ်လုံ လှုပ်လှုပ်ရှားရှားဖြစ်သွားသည်။

သူမက ဘာမှမသိချင်ယောင်ဆောင်ကာ ဝေါစင်ပေါ်သို့ လှမ်းလိုက်သည်။

အားလုံး ဝမ်းသာသွားကြသည်။

သူမသည် အိမ်သို့ပြန်ရတော့မည် မဟုတ်ပါလား။

သူမ ကြောက်သူမှာ ဝမ်လုံတစ်ယောက်သာ ရှိသည်ဟု အားလုံးယုံကြည်ထားသည်။

သို့သော် ...

ဝမ်လုံကတော့ ထိုသို့မထင်မှတ်ပါ။

သူမသည် သူ့အား တစ်စက်ကလေးမှ ကြောက်လန့်ခြင်းမရှိဟု ယုံကြည်ထား၏။

လူကြီးက ကလေးကို အနိုင်ကျင့်တယ်ဆိုသော စကားကြောင့် မခံချိမခံသာဖြစ်သွား၏။

မည်သို့ဆိုစေ ...

သူမ အိမ်ပြန်ဖို့အရေးကြီးသည်ဟု သဘောထားကာ

www.burmeseclassic.com

www.burmeseclassic.com



ဘာမှမပြောဘဲနေလိုက်သည်။

သူမက ဝေါစင်ပေါ်သို့တက်လိုက်ပြီး ယင်းကာကို ချလိုက်သည်။

လူသန်ကြီးလေးယောက်က ညင်ညင်သာသာပင် ထမ်းလိုက်ကြသည်။

ဘွားဘွားကျူ (ဝါ) အထိန်းတော်ကြီးကျူခန်က ဝမ်လုံအားလှမ်းကြည့်၏။ ဝမ်လုံက ခေါင်းညိတ်ပြလိုက်လျှင် ...

"သွားစို့"

ဘွားဘွားကျူခန်က ယင်သားများကို အမိန့်ပေးလိုက်သည်။

ထို့နောက် ...

သူမသည် ရှေ့ဆုံးမှဦးဆောင်ကာ ထွက်သွားသည်။ ဝမ်မိသားစုမှ အစောင့်အရှောက်များသည် ဝေါစင်ကို ခြံရံကာ လိုက်သွားကြ၏။

အိမ်ပြေးမလေးဝမ်လိန်၏အိမ်ပြန်ခရီး စလေပြီဖြစ်၏။

* * *



## အခန်း (၁၈)

မီးအိမ်ကိုင်ထားသော အစောင့်အကြပ်များသည် နှစ်ယောက်တစ်တွဲဖြင့် ရှေ့မှ လမ်းပြသွားကြသည်။

ထိုအစောင့်အကြပ်များနောက်မှ ကျူခန် လိုက်ပါလာ၏။

ကျူခန်၏နောက်မှ ဝေါစင်ထမ်းထားသော လူသန်ကြီးများလိုက်ပါလာကြသည်။

ဝမ်လုံက နောက်ဆုံးမှ လိုက်ပါလာသည်။

ကျူခန်တို့သည် ဝမ်လိန် အိမ်ပြန်တော့မည်ဖြစ်၍ ဝမ်းသာနေကြ၏။

သို့သော် ...

ဝမ်လုံကတော့ ဝမ်းမသာနိုင်ချေ။

ဝမ်လိန်သည် လွယ်လွယ်နှင့် အလျှော့ပေးလိမ့်မည် မဟုတ်ကြောင်း နားလည်ထားခြင်းကြောင့် ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



လမ်းခရီး၌ ထွက်ပြေးလိမ့်မည်ဟုလည်း ယုံကြည်ထား၏။

ထို့ကြောင့် ...

နောက်ဆုံးမှ ခပ်ခွာခွာ လိုက်ခဲ့ခြင်းဖြစ်၏။ ဝမ်လိန်ထွက်ပြေးသည်နှင့် သူက. လက်ရဖမ်းမည်သာ ဖြစ်သည်။

သူတို့လူစုသည် ညအချိန်ဖြစ်သော်လည်း အနားမယူဘဲ ခရီးဆက်သွားကြလေသည်။

မကြာပါချေ။

ဟန်ကျူးမြို့ပြင်သို့ ရောက်ရှိသွားကြသည်။ ကောင်းကင်-ပေါ်၌ လဝန်းထိန်ထိန်သာနေပါသည်။

ကြယ်ကလေးများသည် ဝင်းလက်တောက်ပနေလေ၏။ တိမ်ဖြူကင်းစင်ပြီး သာယာလှပသော ညတစ်ညဖြစ်သည်။

အေးမြသောလေများ တိုက်ခတ်နေ၏။ မွှေးပျံ့သောပန်းရနံ့များလည်း ပျံ့လွင့်နေသည်။

ဝန်းကျင်တစ်ခုလုံး သာသာယာယာရှိသော်လည်း ဝမ်လုံ၏ရင်ထဲ၌ကား ပူလောင်နေသည်။

သူက တစ်ချိန်လုံး ဝမ်လုံအကြောင်း စဉ်းစားလာခဲ့မိခြင်းကြောင့် ဖြစ်၏။



"ငါတူမလေး ငယ်သေးတယ်၊ ကလေးစိတ်ပဲရှိသေးတာ သူ့ကို အိမ်ထောင်ချပေးလို့ သင့်ပါ့မလား"

ဝမ်လိန်ကိုချစ်သောစိတ်ကြောင့် ထိုသို့အတွေးဝင်လာ၏။

"ဝမ်လိန်က အိမ်ထောင်မပြုချင်သေးဘူး၊ အတင်းအိမ်ထောင်ချပေးလိုက်ရင် မချစ်မနှစ်သက်တဲ့လူနဲ့ ပေါင်းသင်းနေရလို့ တစ်သက်လုံး စိတ်ဆင်းရဲနေရရှာတော့မယ်"

ဟု တွေးမိပြန်သည်။

ဝမ်လိန်ကို ချစ်မြတ်နိုးသော်လည်း ကရုဏာသက်မိသော်လည်း ဝမ်မိသားစု၏စည်းကမ်းကို ဖောက်ဖျက်၍ မရပါချေ။

ဝမ်မိသားစုတွင် သူက အကြီးအကဲတစ်ဦးဖြစ်၏။ သူ့လို အကြီးအကဲတစ်ဦးကိုယ်တိုင်က စည်းကမ်းကိုလိုက်နာခြင်းမရှိဘဲ ဖောက်ဖျက်ကျူးလွန်သည်ဆိုပါလျှင် ငယ်သားများအား မည်သို့မျှ ထိန်းသိမ်း၍ရနိုင်တော့မည် မဟုတ်ပါချေ။

ထိုအချက် သူ့အား ချုပ်နှောင်ထားသလို ဝမ်လုံ ခံစားနေရ၏။

ဝမ်လိန်အတွက် စိတ်မကောင်းသော်လည်း စည်းကမ်းနှင့် ပတ်သက်လာလျှင် အလျှော့မပေးနိုင်သဖြင့် ...

www.burmeseclassic.com

www.burmeseclassic.com



"မတတ်နိုင်ဘူးလေ၊ ဒီကိစ္စကို သူ့အမေက ဖန်တီးခဲ့တာပဲ၊ သူ့ဘာသာကြည့်ပြီး ဖြေရှင်းပေါ့။ ကိုယ့်သမီးလေး တစ်သက်လုံး စိတ်ဆင်းရဲရမယ့်ကိစ္စကို ဆက်လုပ်ချင်လည်းလုပ်ပေါ့"

ညီမဖြစ်သူအပေါ် အပြစ်ပုံချလိုက်သည်။

အချိန်များ တရွေ့ရွေ့ကုန်ဆုံးသွား၏။ ညသန်းခေါင်အချိန်သို့ပင် ရောက်ရှိလာသည်။

ဝမ်လုံတို့လူစုမှာလည်း တောအုပ်တစ်ခုသို့ ရောက်ရှိလာ၏။

ထိုစဉ် ...

ရှေ့မှသွားနေသော ကျူခန်တို့လူစု ခြေလှမ်းရပ်တန့်သွားသည်ကို တွေ့မြင်လိုက်ရ၏။

ဝမ်လုံ မျက်မှောင်ကြုတ်သွားသည်။

"ဘာဖြစ်တာပါလိမ့်"

တွေးကာ ဝေါစင်ကိုကျော်ဖြတ်ပြီး ရှေ့သို့ ခပ်သွက်သွက် ပြေးသွားလိုက်သည်။

ထိုအခါ ကျူခန်တို့က သူ့အား စောင့်နေကြသည်။

ဝမ်လုံက ...



"ဘာဖြစ်လို့လဲ"

မေးလိုက်၏။ ကျူခန်က ဦးညွှတ်ရင်း ...

"ညဉ့်လည်း နက်ပါပြီ၊ တောလမ်းကိုလည်း ရောက်နေပြီဆိုတော့ ခရီးမဆက်ဘဲ အနားယူရင်ကောင်းမလားလို့ပါ"

ဝမ်လုံ မဲ့ပြုံးပြုံးလိုက်သည်။

"ကျူခန် ... ခင်ဗျား ဘာညာဏ်များချင်လို့လဲ"

"ရှင်"

"ဝမ်လိန်ပင်ပန်းနေမှာကို ခင်ဗျား စိုးရိမ်နေတယ်မဟုတ်လား၊ ခင်ဗျားဟာ မစားမသောက်ဘဲနဲ့တောင် သုံးရက်သုံးည ခရီးပြင်နှင်နိုင်တဲ့လူတစ်ဦးဆိုတာ ကျုပ်မသိဘူး မှတ်နေသလား"

ကျူခန် ခေါင်းငုံ့ထားလိုက်သည်။

ဝမ်လုံက ...

"ဝမ်လိန်က အာလူးပူတစ်လုံးနဲ့တူတယ်၊ လက်ထဲ ကြာကြာကိုင်ထားရင် လက်အပူလောင်လိမ့်မယ်၊ ဝမ်မိသားစုဆီကို ပြန်ရောက်သွားမှ စိတ်အေးရလိမ့်မယ်၊ ဝမ်လိန်လည်း ဘာကြောင့် ပင်ပန်းမခံနိုင်ရမှာလဲ၊ ကျုပ် အခုပဲ ဝေါစင်ဘေးက ဖြတ်လာတာ ဘာခေါ ခေါဟောက်ပြီး အိပ်နေလေရဲ့၊ ကဲ ... ရှေ့ဆက်သွားကြမယ်"

www.burmeseclassic.com

www.burmeseclassic.com



မျက်နှာတင်းတင်းဖြင့် ပြောလိုက်သည်။

ကျူးခန်က ...

"ကောင်းပါပြီ ဦးရီးတော်"

ယခုတစ်ကြိမ် ...

ဝမ်လုံသည် ဝေါစင်နောက်မှမလိုက်တော့ဘဲ ရှေ့မှ ဦးဆောင်ကာ သွားလေသည်။

ရှေ့တွင် တောအုပ်ကြီးတစ်ခုရှိနေသည် မဟုတ်ပါလား။

ညအချိန်မတော် တောအုပ်ထဲမှ ဖြတ်သန်းသွားရသည်မှာ သင့်တော်သောကိစ္စတစ်ခု မဟုတ်ပါ။

အန္တရာယ်တစ်စုံတစ်ခုဖြစ်ပေါ်လာလျှင် ရင်ဆိုင်ဖြေရှင်းနိုင်ရန် ဝမ်လုံက ဦးဆောင်သွားလိုက်ခြင်း ဖြစ်သည်။

ကျူးခန်တို့လူစုက ဝမ်လုံ၏နောက်မှ လိုက်သွားကြ၏။

သို့ဖြင့် ...

သူတို့သည် နက်ရှိုင်းသော တောအုပ်ကြီးကို ဖြတ်သန်းသွားကြလေသည်။

"အောက်အီးအီးအွတ်"

ကြက်တွန်သံတို့ ထွက်လာသည်။



အရှေ့ဘက်၌ ရောင်နီထွက်လာပြီဖြစ်၏။ တစ်ညတာ အချိန်က ကုန်ဆုံးတော့မည်။ နေ့သစ်တစ်နေ့ အစပျိုးလာ၏။

ဝမ်လုံတို့လူစုက တောအုပ်ကိုဖြတ်၍ ခရီးနှင်နေဆဲတွင် အလင်းရောင်က တစ်စနှင့်တစ်စ လင်းလာသည်။

အမှောင်ထုက တဖြည်းဖြည်းနောက်ဆုတ်သွားသည်။

မကြာပါချေ ဝန်းကျင်တစ်ခုလုံး လင်းလက်သွား၏။

သူက ဝန်းကျင်ကို အကဲခတ်၍ ကြည့်သည်။

ဝမ်လိန်က ဝေါစင်ထဲ၌ ငြိမ်၍လိုက်လာသည်ကို သင်္ကာမကင်းဖြစ်၍လာ၏။

ဒီကောင်မလေး ငြိမ်လှချည်လားဟု တွေးမိ၏။

ဝမ်လိန်က မတတ်နိုင်သဖြင့် လိုက်လာရသော်လည်း အခွင့်အရေးရသည်နှင့် ထွက်ပြေးလိမ့်မည်ကို သိနေသည်။

ဝမ်လိန် ထွက်ပြေးမည်ဟူသော သံသယစိတ်ကြောင့် ဝမ်လိန် ငြိမ်၍နေသည်ကို သတိပြုမိခြင်းဖြစ်၏။

သူက လက်ယမ်းပြလိုက်၍ ...

အားလုံးခဏနားကြမယ်ဟု ပြောလိုက်၏။

အထိန်းတော်ကြီးတို့လူစု ချက်ချင်းရပ်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



လူသန်ကြီး ၄ ဦးက ဝေါစင်ကို မြေပေါ်ချလိုက်၏။

သူက ဝေါစင်အနီးသို့သွား၍ ...

ဝမ်လိန် အပြင်ထွက်ခဲ့ပါလားဟု ပြော၏။

အထဲမှ တုံ့ပြန်သံမကြားရဘဲ ငြိမ်သက်နေ၏။

ဝမ်လုံက ...

"ဝမ်လိန်"

မသက်သာဘဲ ယင်းကာကို ဆွဲဖွင့်၏။

ဤတွင် အထဲ၌ အိတ်တစ်ခုသာရှိပြီး ဝမ်လိန်ကို မတွေ့ ရ။

"ဟိုက်"

သူ လွှတ်ခနဲ ရေရွတ်မိ၏။

ဝမ်လိန် ထွက်ပြေးချေပြီ။

မည်သည့်အချိန်က ထွက်ပြေးသည် မသိပါ။ သူက ဝေါစင်ကို စစ်ဆေးကြည့်မိတော့ ခေါင်မိုးကိုဖောက်၍ ထွက်ပြေးခြင်းဖြစ်၏။

သူက ဝန်းကျင်ကို အကဲခတ်ကြည့်၏။ ဝဲယာတစ်ဖက်၌ သစ်ပင်ကြီးများမှ သစ်ကိုင်းတို့က ထိုးထွက်အုပ်မိုးနေသည်။

ဝမ်လိန်သည် အမိုးကိုဖောက်၍ အပေါ်၌ အုပ်မိုးနေသည့်



သစ်ကိုင်းကိုဆွဲခိုရှိနေခဲ့ခြင်းဖြစ်သည်ကို သိလိုက်သည်။

သူက မကျေမနပ်ဖြစ်၍သွား၏။

ဒီကောင်မလေးထွက်ပြေးပြီဟု ရေရွတ်မိသည်။

ကျူးခန်က ချက်ချင်းပင် ဝေါစင်အနီးသို့ရောက်လာသည်။

ဝေါစင်အတွင်း သခင်မမရှိတော့သည်ကိုသိရလျှင် ...

သခင်မလေး မရှိတော့ပါလားဟု ရေရွတ်မိသည်။

သူက ...

'သူထွက်ပြေးပြီ၊ လိုက်ရှာကြမယ်' ဟုပြော၍ ပြေးထွက်၏။

ကျူးခန်တို့လူစုလည်း ပြေးလိုက်သွားကြ၏။ သူတို့က ဝမ်လိန် ထွက်ပြေးခြင်းကြောင့် ဗျာများသွားကြသည်။

သို့သော် ...

သူတို့အားလုံးစိတ်ထဲ၌ ကျိတ်၍ ဝမ်းသာနေသည်မှာ အံ့ဩစရာကောင်းလှ၏။

* * *

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၉)

ကျောင်းဟုန်မြို့။

ကျောင်းဟုန်မြို့သည် စည်ကားသောမြို့တစ်မြို့ဖြစ်သည်။

လုရီက လမ်းခရီး၌ မြင်းခြံသုံးစွဲ၍ ခရီးပြင်းနှင်လာရာ ၉ လပိုင်း ၁၅ ရက်မိုင်မီ ကျောင်းဟုန်မြို့သို့ ရောက်လာ၏။

ထိုမြို့သို့ အချိန်မီရောက်လာသဖြင့် လုရီ စိတ်သက်သာရ၏။

လမ်းခရီး၌ ငွေနှင့်ပစ္စည်းတို့ ဆုံးရှုံးရသော်လည်း လိုရာခရီးသို့ ရောက်လာပြီမဟုတ်ပါလား။

လုရီက ဆရာကြီးရှောင်ဖုံး ပြောလိုက်သော လိပ်စာအတိုင်း ရှာဖွေရာ မကြာမီ မြို့အနောက်ပိုင်းခြံတစ်ခုသို့ ရောက်လာ၏။

ခြံမှာ ကြီးမားကျယ်ဝန်းလှ၏။

တစ်အိမ်နှင့်တစ်အိမ်နှင့် ဝေးလွန်းသည့်နေရာဖြစ်သည်။



စည်ကားခြင်းကင်းမဲ့၍ လူပြတ်လှ၏။

မြို့တွင်းနှင့်မဆိုင်ဘဲ လူမနေသည့် မြို့စွန်အရပ်ကဲ့သို့ဖြစ်၏။

ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်နေသည်။

လုရီက ချုံတူထပ်စွာ ဖုံးနေသည့် ခြံကိုကြည့်၍ စိတ်ပျက်၏။

ဆရာကြီးရဲ့မိတ်ဆွေက ဘယ်လိုလူမျိုးပါလိမ့်။ ဆရာကြီးနဲ့ အတော်ကို ကွာတာပဲဟု ရေရွတ်မိသည်။

မှန်ပေသည်။

ရှောင်ဖုံးသည် အသန့်အပြန့်ကိုကြိုက်ပြီး စည်းကမ်းစနစ်တကျနေတတ်သူဖြစ်သည်။

ယခု ...

ရှောင်ဖုံး၏မိတ်ဆွေ ကျူးထင်းမှာ ဖြစ်သလိုနေတတ်သူတစ်ယောက်နှင့် တူ၏။

ခြံဝင်းတစ်ခုလုံး ရှုပ်ပွကာ ချုံနွယ်ပိတ်ပေါင်းများ ဖုံးလွှမ်းနေသည်က ကျူးထင်းမှာ မည်ကဲ့သို့သောလူစားဖြစ်မှန်း ဖော်ပြနေသည် မဟုတ်ပါလော။

www.burmeseclassic.com

www.burmeseclassic.com



လုရီ သက်ပြင်းချလိုက်၏။

"ရှောင်ဖုံးဟာ အကြောင်းမရှိဘဲနဲ့တော့ ဒီလိုမိတ်ဆွေမျိုး ထားမှာမဟုတ်ဘူး"

ဟု ဆင်ခြင်ရင်း ခြံအတွင်းသို့ ဝင်လာခဲ့၏။

မြက်ပင်များ ဖုံးလွှမ်းနေသော ကျောက်ခင်းလမ်းလေးအတိုင်း ဖြတ်သန်းလာရာ မကြာမီ ခြံဝင်းအလယ်တွင် ပျက်စီးယိုယွင်းစပြုနေပြီဖြစ်သော အိမ်အိုကြီးတစ်လုံး ရှိနေသည်ကို တွေ့လိုက်ရ၏။

လုရီ ခြေလှမ်းတုံ့ခနဲ ရပ်သွား၏။

အိမ်အိုကြီးကိုကြည့်ရင်း ကြက်သီး ဖျန်းခနဲ ထသွား၏။ ထိုအိမ်အိုကြီးသည် ရုတ်တရက်ကြည့်လျှင် မကောင်းဆိုးဝါးတစ်ကောင် ငုတ်တုတ်ထိုင်နေသည်နှင့် တူလှသည်မဟုတ်လား။

လေငွေ့ယမ်း တိုက်ခတ်လာသောအခါ ခေါင်မိုးသွပ်ပြားများမှ မြည်သံများ ထွက်လာသည်။

ပြတင်းတံခါးများလည်း ဝိတ်လိုက်ပွင့်လိုက်ဖြစ်သွားပြီး တကျိကျိအသံများ ထွက်ပေါ်လာ၏။

လုရီ ခေါင်းခါလိုက်သည်။

"ငါ နေရာမှားပြီး ဝင်လာတာဖြစ်မယ်"



ဟု ရေရွတ်လိုက်သည်။

သို့သော် ...

နေရာမမှားနိုင်ကြောင်း သူ ကောင်းစွာသိရှိထားသည်။ ကျောင်းဟုနံမြို့ရောက်လာပြီး မြို့ခံလူတစ်ယောက်ထံ၌ စုံစမ်းခဲ့စဉ်က ...

"ကျောင်းဟုနံမြို့အနောက်ဘက် မြို့ပတ်လမ်းက ကျူးထင်း ဟုတ်လား"

ဟု တအံ့တသြ ပြန်မေးလာ၏။

လုရီက ဟုတ်မှန်ကြောင်း ပြောသောအခါ ...

"သြော် ... ဒီလူကြီးမှာ မိတ်ဆွေအပေါင်းအသင်း ရှိသေးတာကိုး၊ အတော်ကို ထူးဆန်းတဲ့လူကြီးဗျ။ ဟဲ ... ဟဲ ... ဟောဒီလမ်းအတိုင်းသွားပါ"

ဟု ကျူးထင်း၏အိမ်ကို ညွှန်ပြခဲ့သည်မဟုတ်လား။

ကျူးထင်းအား မြို့ခံလူများက လူထူးဆန်းကြီးတစ်ဦးဟု သတ်မှတ်ထားကြ၏။

လုရီ အံ့သြခဲ့ရပြီး ယခု ခြံအတွင်းသို့ ရောက်လာတော့မှ အံ့သြစရာမလိုတော့မှန်း နားလည်သဘောပေါက်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



လုရီ အဲဆောက်အဦကြီးအား အတန်ကြာငေးကြည့်နေပြီး မှ ...

"ရှောင်ဖုံးက ငါ့ရဲ့ဘဝတက်လမ်းအတွက် ငါ့ကို လွှတ်လိုက် တာပဲ၊ ဘာပဲဖြစ်ဖြစ် ကျူးထင်းနဲ့ သွားတွေ့ရမယ်"

ဟု ဆုံးဖြတ်လိုက်သည်။

အိမ်ဟောင်းကြီးထဲသို့ ခပ်သွက်သွက် လှမ်းသွားလိုက်၏။

ထိုအိမ်ကြီး၏တံခါး ဟောင်းလောင်းဖွင့်ထား၏။

လုရီသည် အိမ်ရှေ့၌ရပ်ကာ လူသူတစ်စုံတစ်ယောက်မှ မတွေ့ရချေ။

လုရီသည် တစ်ခဏစောင့်ဆိုင်းနေပြီးမှ ...

"အိမ်ရှင်တို့ ... အိမ်ရှင်တို့"

ဟု ခေါ်လိုက်သည်။

သူ၏အသံ ကျယ်လောင်စွာ ထွက်ပေါ်လာ၏။

မရှေးမနှောင်းမှာပင် ...

"ဘယ်သူလဲ"

အိမ်ထဲမှ ခြောက်သွေ့အက်ကွဲသော စကားသံထွက်လာ သည်။



ခြေသံများနှင့်အတူ လူတစ်ယောက်ထွက်လာသည်ကို တွေ့လိုက်ရသည်။

ထိုလူကိုမြင်လျှင် ...

"အောင်မယ်လေး"

သူ ထိတ်လန့်ကာ လွှတ်ခနဲအော်လိုက်၏။

မှန်ပေသည်။

ထိုလူသည် ကြောက်မက်ဖွယ်ကောင်းအောင် အရုပ်ဆိုး သော ခါးကုန်းကြီးတစ်ယောက်ဖြစ်နေသည် မဟုတ်လား။

ခါးကုန်းကြီးမှာ ရုပ်ဆိုးသည့်အပြင် မျက်စိတစ်ဖက် လပ် နေသေး၏။ တစ်လုံးတည်းသော မျက်လုံးဖြင့် လုရီအား စိုက်ကြည့် လိုက်ပြီး ...

"မင်း ဘယ်သူလဲ၊ ဘာကိစ္စလဲ"

ဟု ခပ်ထန်ထန်မေးလိုက်၏။

သူ ချက်ချင်းပင် ထွက်ပြေးလိုစိတ်များ ဖြစ်ပေါ်လာ၏။

သို့သော် ...

"ကျွန် ... ကျွန်တော် လုရီပါ၊ ဆရာကြီးကျူးထင်းနဲ့ တွေ့ ဖို့ လာတာပါခင်ဗျာ"

www.burmeseclassic.com

www.burmeseclassic.com



ဟု ကြောက်ကြောက်လန့်လန့်ဖြင့် ပြောလိုက်၏။

ခါးကုန်းကြီးက ...

"ဘာပြောတယ်၊ အစ်ကိုကြီးကျူးထင်းကို တွေ့ချင်လို့ လာတာ ဟုတ်လား"

ဟု မေးလာ၏။

သူ၏လေသံသည် အံ့သြသံစွက်နေကြောင်း သူ အမှတ်မထင် သတိပြုမိသည်။

သူ ခေါင်းညိတ်လိုက်၏။

"ဟုတ် ... ဟုတ်ပါတယ်ခင်ဗျာ"

ခါးကုန်းကြီးက ...

"ဘာကိစ္စလဲ"

ဟု မေးလာပြန်သည်။

သူက လှုပ်ရှားနေသောစိတ်ကို ထိန်းချုပ်ရင်း ...

"ကျွန်တော့်ကို ဆရာကြီးရှောင်ဖုံးက လွှတ်လိုက်လို့ပါ ခင်ဗျာ"

ဟု ပြောလိုက်သည်။

ခါးကုန်းကြီး ခေါင်းခါလိုက်သည်။



"ဘယ်က ရှောင်ဖုံးလဲ၊ ကျုပ်မသိဘူး၊ သွား သွား ... ဒီမှာ လာပြီး မနှောင့်ယှက်နဲ့"

ဟု အော်ငေါက်မောင်းထုတ်လေသည်။

"ဗျာ"

သူ ကြောင်အမ်းအမ်းဖြစ်သွား၏။

ရှောင်ဖုံးက စေလွှတ်လိုက်သဖြင့် သူ့အား လှိုက်လှဲစွာ ကြိုဆိုလိမ့်မည်ဟု ထင်မှတ်ထားခဲ့သည်။

ယခုတော့ ...

သူ့အား လုံးဝဂရုမစိုက်ဘဲ မောင်းထုတ်နေပြီမဟုတ်ပါလား။

"ကျွန်တော်က"

သူ၏စကား စမည်ကြံကာရှိသေးသည် ခါးကုန်းကြီးက အော်လိုက်ပြန်သည်။

"မင်း ဒီနေရာက မြန်မြန်ထွက်စမ်း"

သူ ဘာမှမတတ်နိုင်တော့ပါ။

"ကောင်းပါပြီခင်ဗျာ၊ ထွက်ဆိုလည်း ထွက်ပါ့မယ်"

ဟု ပြောကာ လှည့်ထွက်လာရသည်။

www.burmeseclassic.com

www.burmeseclassic.com



သူက ခြေလှမ်း သုံးလေးလှမ်းမျှသာ ထွက်ရပါသေး၏။ နောက်ကျောဘက်မှ စကားသံများ ထွက်ပေါ်လာသည်ကို ကြားရသည်။

"ညီလေး ဘာတွေဖြစ်နေတာလဲ"

"ကောင်လေးတစ်ယောက် လာရှုပ်နေလို့ပါ။ အစ်ကိုကြီးကို တွေ့ချင်တယ်လို့ လာပြောတယ်"

"ဘယ်သူများလဲ"

"မသိဘူး။ ဆရာကြီးရှောင်ဖုံးက လွှတ်လိုက်တယ်လို့ ပြောတာပဲ"

"ရှောင်ဖုံး ဟုတ်လား၊ နေဦး ဒီကောင်လေးကို ပြန်ခေါ်လိုက်စမ်း"

"ဟုတ်ကဲ့ အစ်ကိုကြီး"

စကားသံများအဆုံးတွင် ခါးကုန်းကြီးသည် တစ္ဆေသရဲတစ်ကောင် တိတ်တဆိတ်လှုပ်ရှားပုံမျိုးဖြင့် သူ၏ရှေ့သို့ ဖျတ်ခနဲ ရောက်လာပြီး လမ်းပိတ်ဟန့်တားလိုက်၏။

သူ ခြေလှမ်းများ တုံ့ခနဲရပ်လိုက်သည်။

ခါးကုန်းကြီးက ...



"နေဦး ... မင်း သွားလို့မရသေးဘူး"

ဟု ပြောလာ၏။

သူက ...

"ကျွန်တော်က ဆရာကြီးကျူးထင်းနဲ့ တွေ့ရမှာလား"

ဟု မေးလိုက်သည်။

ခါးကုန်းကြီး ခေါင်းညိတ်၏။

"လာလိုက်ခဲ့"

လုရီအား ခေါ်သွား၏။

လုရီလည်း လိုက်သွားရသည်။

ခါးကုန်းကြီးက လုရီအား အိမ်ထဲသို့ခေါ်ဆောင်သွားခြင်း ဖြစ်၏။

လုရီသည် မဝံ့မရဲဖြင့် လိုက်ပါသွား၏။

အိမ်ထဲသို့ရောက်သောအခါ ကြမ်းပြင်ပေါ်၌ ဖုံထူထပ်စွာရှိနေသည်ကိုလည်းကောင်း၊ တုတ်တန်းများပေါ်၌ ကြပ်ခိုးများ စွဲနေသည်ကိုလည်းကောင်း၊ ပရိဘောဂများသည် ဟောင်းနွမ်းဆွေးမြည့်နေသည်ကိုလည်းကောင်း၊ အဆိုးဝါးဆုံးမှာ မြွေကြွက်ကြီးများ တဝုန်းဝုန်းဖြင့် ပြေးလွှားနေသည်ကို တွေ့လိုက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့အပြင် ...

မကောင်းသော အနံ့အသက်များလည်း ထွက်ပေါ်နေသည်။

လုရီ အသက်အောင့်ထားလိုက်သည်။

အိမ်ထဲရောက်လျှင် ကျိုးပဲ့နေသော ထိုင်ခုံတစ်လုံးပေါ်၌ ဖျင်းရိစွာထိုင်နေသော အဘိုးအိုတစ်ဦးအား တွေ့လိုက်ရ၏။

ထိုအဘိုးအိုမှာ အရိုးစုတစ်ခုပမာ အရိုးပေါ်အရေတင် ဝိန်ချုံးနေသူဖြစ်၏။

အသားကလည်း မည်းကြုတ်ကြုတ်ရှိနေလေ၏။

မျက်လုံးများလည်း ကြွက်တစ်ကောင်၏မျက်လုံးနှင့် တူနေသည်။

လုရီသည် ထိုလူအား မြင်တွေ့လိုက်လျှင် စိတ်ထဲ မနှစ်မြို့အောင် ဖြစ်သွား၏။

ခါးကုန်းကြီးက ထိုလူအား ဂါရဝပြုလိုက်ပြီး ...

"အစ်ကိုကြီး ခေါ်လာပါပြီ"

ဟု ပြောလိုက်၏။

ဤတွင် ...



ထိုမသင်္ကာစရာကောင်းသူမှာ ကျူးထင်းဆိုသူဖြစ်ကြောင်း သိလိုက်ရ၏။

ကျူးထင်းက လုရီအား ကြည့်လိုက်ပြီး ...

"မင်းနာမည် လုရီ၊ မင်းကို ရှောင်ဖုံးက လွှတ်လိုက်တာ မဟုတ်လား"

ဟု မေးလိုက်၏။

လုရီ ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ် ခင်ဗျာ"

ကျူးထင်းက ...

"ရှောင်ဖုံးဆိုတဲ့နာမည် အများကြီးရှိတာပဲ၊ ဘယ်က ရှောင်ဖုံးလဲ ပြောစမ်းပါဦး"

လုရီက ...

"ထိုက်ယန်မြို့က သိုင်းဆရာကြီးရှောင်ဖုံးပါ ခင်ဗျာ"

ကျူးထင်းက ...

"လက်စသတ်တော့ ရွှေလက်ဝါးသိုင်းသမားကြီး ရှောင်ဖုံးကို ပြောနေတာကိုး"

လုရီ ငြိမ်နေလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကျူးထင်းနှင့်ရှောင်ဖုံးတို့ သိကျွမ်းနေသည်မှာ ထင်ရှားနေသည်။

ကျူးထင်းက ...

"သူက ဘာသဘောနဲ့ လွှတ်လိုက်တာလဲ၊ ပြောပါဦး"

ဟု မေးလိုက်၏။

လုရှိလည်း ..

"ဦးဆီမှာ သိုင်းပညာသင်ဖို့ ကျွန်တော့်ကို လွှတ်လိုက်တာပါ ခင်ဗျာ"

"ဟေ"

လုရှိစကားကြောင့် ကျူးထင် လှုပ်လှုပ်ရှားရှားဖြစ်သွား၏။ လုရှိကို မျက်လုံးပြူးကာ ကြည့်လိုက်သည်။

တစ်ဖန် ခါးကုန်းကြီးကို ကြည့်လိုက်၏။

ခါးကုန်းကြီးကလည်း သူ့အား ကြည့်လိုက်၏။ ထို့နောက် နှစ်ယောက်သား ရယ်မောလိုက်ကြသည်။

"ဟား ... ဟား ... ဟား"

"ဟား ... ဟား ... ဟား"

သူတို့၏ရယ်မောသံ ကျယ်လောင်စွာ ထွက်ပေါ်လာ၏။



လုရှိ ကြောင်အမ်းအမ်းဖြစ်သွားသည်။

ကျူးထင်းနှင့် ခါးကုန်းကြီးတို့သည် အဘယ်ကြောင့် ဟားတိုက်ရယ်မောနေကြပါသနည်း။

"ဦး ... ဦးတို့က ..."

စကားသံ ထစ်ထစ်ငေါ့ငေါ့ဖြင့် မည်သို့ပြောရမှန်းမသိ ဖြစ်၍နေသည်။

ကျူးထင်းတို့သည် အတန်ကြာရယ်မောလိုက်ပြီးမှ ...

"ရှောင်ဖုံးက ငါ့ဆီမှာ သိုင်းပညာသင်ဖို့ မင်းကို လွှတ်လိုက်တယ် ဟုတ်လား"

သေချာအောင် မေးသည့်သဘောဖြင့် ထပ်မေးလိုက်၏။ လုရှိ ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်ခင်ဗျာ"

"မင်း အမှန်အတိုင်း ပြောနေတာလား"

ကျူးထင်းက ...

"ကောင်းပြီ၊ မင်းရဲ့စကားကို ဘယ်လိုသက်သေပြမလဲ၊ ပြောပါဦး"

"ကျွန်တော်"

www.burmeseclassic.com

www.burmeseclassic.com



လုရီသည် ခါးပိုက်နှိုက်ခံရသော ငွေများနှင့်အတူ ပါသွားသည့် ရှောင်ဖုံး၏မိတ်ဆက်စာကို မြင်ယောင်လာ၏။

ထိုမိတ်ဆက်စာသာရှိမည်ဆိုပါလျှင် အစစအရာရာ အဆင်ပြေနိုင်သည် မဟုတ်ပါလား။ ကျူးထင်းက ...

"ပြောစမ်းပါဦးကွ၊ မင်းကို ရှောင်ဖုံးက လွှတ်လိုက်တယ်ဆိုတာကို ကျုပ် ဘယ်လိုယုံကြည်ရမှာလဲ၊ မင်းဟာ ကျုပ်တို့ကို ဒုက္ခပေးဖို့လာတဲ့ လူတစ်ဦးရော မဖြစ်နိုင်ဘူးလား"

ခါးကုန်းကြီးက ...

"အစ်ကိုကြီး ... ကျုပ်တို့ကို လာပြီး ဒုက္ခပေးတယ်ဆိုရင်တော့ ကျုပ် သည်းခံနေမှာ မဟုတ်ဘူး"

ဟု ဝင်ပြောလိုက်သည်။

လုရီ ခေါင်းနားပန်း ကြီးသွားသည်။

ကျူးထင်းနှင့် ခါးကုန်းကြီးတို့သည် သူ့အား အချိန်မရွေး ဒုက္ခပေးနိုင်သူများဖြစ်ကြောင်း နားလည်ထား၏။

လုရီ ကပျာကယာ လက်ကာပြလိုက်ပြီး ...

"ကျွန် ... ကျွန်တော်က ဒုက္ခပေးဖို့ လာခဲ့တာ မဟုတ်ပါဘူး ခင်ဗျာ"



ဟု တောင်းပန်လိုက်၏။

ခါးကုန်းကြီးက ...

'ငါ့ကို လိမ်လို့ရမယ်မထင်နဲ့၊ ဒါမျိုးက ရိုးနေပြီ၊ ပြော မင်း ဘာအကြံနဲ့ လာတာလဲ' ဟု ပြော၏။

လုရီက ...

"ကျွန်တော့်ရဲ့ဆရာရှောင်ဖုံးက လွှတ်လိုက်တာပါ၊ ဆရာကြီးကျူးထင်းဖို့ စာရေးပေးလိုက်ပါတယ်၊ ဒါပေမဲ့ ... လမ်းမှာ ကျွန်တော့်ငွေတွေ ခါးပိုက်နှိုက်ခံရလို့ အဲဒီစာ ပါသွားလို့ပါ"

အဖြစ်မှန်ကို ရှင်းပြလိုက်သည်။

ကျူးထင်းနှင့်ခါးကုန်းကြီးတို့ တစ်ဦးကိုတစ်ဦး ကြည့်မိ၏။

လုရီသည် ရိုးအ,သူဖြစ်သည်ဟု သူတို့ အကဲခတ်မိသည်။

သို့သော် ...

"မင်းမှာ ဘာသက်သေခံ အထောက်အထားမှ မပါဘဲ ကျုပ်တို့ လက်မခံနိုင်ဘူး"

ကျူးထင်းက ပြောလိုက်၏။

လုရီ ခေါင်းငုံ့ထားလိုက်သည်။

ခါးကုန်းကြီးက ...

www.burmeseclassic.com

www.burmeseclassic.com



"ဟေ့ကောင်လေး ထွက်မသွားသေးဘူးလား"

ဟု ငေါက်လိုက်၏။

လုရီ သက်ပြင်းချလိုက်သည်။

သိုင်းပညာမသင်ရလည်း မထူးဟု သူတို့နှင့်ဝေးလျှင် ပြီးရောဟု သဘောထား၍ ...

"ကောင်းပါပြီခင်ဗျား၊ ကျွန်တော် သွားပါ့မယ်"

ဟု ပြော၏။

ခါးကုန်းကြီးက ...

"နောက်ထပ်လာရင် သေဖို့သာပြင်ထား"

ဟု ပြောသည်။

လုရီလည်း ဆက်မနေရဲဘဲ အပြေးတစ်ပိုင်း ထွက်လာသည်။

* * *



အခန်း (၂၀)

လုရီ ထွက်သွားပြီဖြစ်သည်။

ကျူးထင်းက မလှုပ်မယှက်ထိုင်နေ၏။

မကြာပါချေ။

ခါးကုန်းကြီး အိမ်ထဲသို့ ပြန်လည်ဝင်ရောက်လာသည်။

ကျူးထင်းက ...

"သူ ... ထွက်သွားပြီလား"

ဟု မေးလိုက်သည်။

ခါးကုန်းက ခေါင်းညိတ်လိုက်သည်။

"သွားပြီ အစ်ကိုကြီး"

သူက လုရီနောက်သို့ နောက်ယောင်ခံလိုက်ကြည့်ပြီး ဖြစ်သည်။

ကျူးထင်းက ...

www.burmeseclassic.com

www.burmeseclassic.com



'ဒီကောင်လေးကို ဘယ်လိုသဘောရသလဲ' ဟု မေးလိုက်၏။ ခါးကုန်းက ...

"ရိုးအတဲ့ ကောင်လေးပဲ"

ဟု မှတ်ချက်ချလိုသည်။ ကျူးထင်းက ...

"ဒီကောင်လေးက ရိုးသားပုံရတယ်၊ ဒါပေမဲ့"

"သူပြောတဲ့စကားက သံသယဖြစ်စရာရှိတယ် အစ်ကိုကြီး"

ခါးကုန်းက ပြောလိုက်၏။ ကျူးထင်းက ခေါင်းညိတ်သည်။

"ကောင်လေးက ရိုးသားစွာ ပြောတာလား ဒါမှမဟုတ် လာလိမ်ပြောတာလား၊ ကျုပ်တောင် တွေဝေသွားရတယ်"

ခါးကုန်းက ...

"ရှောင်ဖုံးနဲ့ပတ်သက်ရင် ဒီလိုပါပဲ၊ ကျုပ်က သူ့ကို သဘောမကျဘူး၊ ခပ်ကင်းကင်းနေနိုင်လေ ကောင်းလေပဲ"

ကျူးထင်းက ...

"ကျုပ်သိပါတယ် ညီလေးရယ်၊ အင်း ... နှစ်တွေတောင် အတော်ကြာခဲ့ပြီပဲ၊ ဘာကြောင့်များ ရှောင်ဖုံးက ကျုပ်နဲ့ပတ်သက်ချင်ရတာလဲ၊ ဒီကောင်လေးကို လွှတ်လိုက်ရိုးမှန်ရင် အကြောင်းရှိရမယ်"



ခါးကုန်းကြီးသည် အနည်းငယ် စဉ်းစားလိုက်ပြီး ...

"အစ်ကိုကြီး ဘာမှမပူနဲ့ ဒီကိစ္စကို ကျုပ် ဖော်ထုတ်မယ်"

ဟု ပြောလိုက်၏။

ကျူးထင်း ကျေနပ်သွားသည်။

"ကောင်းတယ်၊ ဒီကိစ္စရဲ့နောက်ကွယ်မှာ လျှို့ဝှက်ချက်တစ်ခုခုရှိနေလိမ့်မယ်၊ ဘယ်လိုကိစ္စလဲဆိုတာ ကျုပ် သိချင်တယ်"

ခါးကုန်းကြီးက ...

"စိတ်ချ၊ မကြာခင် အစ်ကိုကြီး သိရစေမယ်"

စကားဆုံးလျှင် အိမ်ထဲမှ ခပ်သွက်သွက် ထွက်သွားသည်။

ကျူးထင်းတစ်ယောက်တည်း ကျန်ရစ်ခဲ့သည့်အခါ တစ်အိမ်လုံး အပ်ကျသံပင် ကြားရအောင် တိတ်ဆိတ်ငြိမ်သက်၏။

သူက ငြိမ်သက်စွာ ထိုင်နေ၏။

ကျဉ်းမြောင်းသော သူ၏မျက်လုံးတို့သည် ရီဝေနေ၏။

သူက ရှောင်ဖုံး၏အကြောင်းကို စဉ်းစားနေလိုက်၏။

ရှောင်ဖုံး ...

သိုင်းလောက၌ ရွှေလက်ဝါးရှင်ဟု ကျော်ကြားသော ရှောင်ဖုံးနှင့်ကျူးထင်းတို့ ပတ်သက်ခဲ့ကြဖူးပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျူးတင်းသည် စဉ်းစားရင်း ရှောင်ဖုံးနှင့် ပတ်သက်ခဲ့ရသည့် အဖြစ်အပျက်များကို ပြန်လည်မြင်ယောင်လာသည်။

✱

'ဂျိမ်း'

မိုးချုန်းသံ ထွက်ပေါ်လာ၏။

ကောင်းကင်ပေါ်တွင် လျှပ်နွယ်လျှပ်ပန်းများ တဖျပ်ဖျပ်ဝင်းလက်သွား၏။

ညို့မှိုင်းနေသည့် မိုးကောင်းကင်ကြီးအား မကောင်းဆိုးဝါးလက်သည်းရှည်ကြီးတို့ဖြင့် ကုတ်ဆွဲလိုက်သည့်အလား။

မိုးချုန်းသံနှင့် မရှေးမနှောင်းမှာပင် ...

'ဝေါ ဝေါ ဝေါ'

'ဝှီး ဝှီး ဝှီး ဝှီး'

လေပြင်းတို့ တိုက်ခတ်နေ၏။

'ဖြောင်း'

'ဝုန်း'



ခြောက်သွေ့သည့် သစ်ကိုင်းတို့သည် လေပြင်းဒဏ်ကို မခံနိုင်ဘဲ ကျိုးကျကုန်၏။

အေးစိမ့်မှုက ဝန်းကျင်ဟာစ်ခုလုံး ဖုံးလွှမ်းသွား၏။

မကြာပါချေ။

'ဝေါ ဝေါ ဝေါ'

'ဖြောင်း ဖြောင်း ဖြောင်း'

မိုးသီးမိုးပေါက်တို့သည် ကမ္ဘာမြေတစ်လွှား ကျရောက်လာသည်။

မိုးဦးကျကာလ ...

မိုးအစကောင်းသည်ဟု ဆိုရမည်ဖြစ်၏။

သည်းထန်စွာ ရွာချလိုက်သည့် မိုးစက်တို့ကြောင့် မြေပြင်တွင် တစ်ခဏအတွင်း အိုင်ထွန်းသွားပြီး ရွှံ့ဗွက်အိုင်နှင့် ရေစီးကြောင်းတို့ ဖြစ်ပေါ်လာ၏။

မိုးကန့်လာကာကြီး ကာစီးလိုက်သဖြင့် ဝန်းကျင်တစ်ခုလုံး မှုန်ဝါးသွား၏။

ထိုအချိန်မှာပင် ...

တစ်ခုသော တောအုပ်အလယ်၌ ဆောက်လုပ်ထားသည့်

www.burmeseclassic.com

www.burmeseclassic.com



အိမ်လေးတစ်လုံးရှိပြီး ထိုအိမ်လေးမှ မီးရောင်များ ထွက်ပေါ်နေသည်ကို မြင်ရမည်ဖြစ်သည်။

လူသူမနီးသည့် တောကြီးအတွင်း၌ အိမ်တစ်လုံးရှိသည်မှာ ၎င်းမီးရောင်များ ထွက်ပေါ်နေသည်မှာ၎င်း ထူးဆန်းလှသည်။

✱

တံခါးမကြီးနှင့် ပြတင်းတံခါးတို့ ပိတ်ထားသော်လည်း ကြို့ကြားမှ တိုးဝင်လာသော လေအေးများကြောင့် တုတ်တန်း၌ ချိတ်ဆွဲထားသည့် မီးအိမ်မှာ လှုပ်ယမ်းနေသည်။

မီးရောင်၏နောက်ကွယ်၌ ဖြစ်ပေါ်နေသည့် အရိပ်တို့က မီးအိမ်လှုပ်သည်နှင့် ရှည်လိုက်တိုလိုက် ဖြစ်နေ၏။

မီးရောင်ဖြင့် စားပွဲတစ်လုံး၌ လူလေးယောက် ဝိုင်းဖွဲ့ထိုင်နေကြသည်ကို မြင်ရမည်ဖြစ်၏။

ထိုလူတို့သည် အနက်ရောင်အဝတ်အစားများ ဝတ်ဆင်ထားကြပြီး လူသေကောင်အလား ဟန်မူရာ ကင်းမဲ့သည့်မျက်နှာ ရှိကြ၏။

အကယ်၍ ...



ထိုလူလေးယောက် ယခုကဲ့သို့ စုဝေးနေကြသည်ကို တွေ့ရလျှင် သိုင်းလောကသားတို့ အကြီးအကျယ် တုန်လှုပ်ကြလိမ့်မည်ဖြစ်သည်။

သူတို့သည် သိုင်းလောကအား နည်းအမျိုးမျိုးဖြင့် ဒုက္ခပေးကြသည့် လူဆိုးကြီးများ ဖြစ်ကြသည် မဟုတ်ပါလား။

ထိုလူတို့အနက် ဝဲဘက်၌ ထိုင်နေသူမှာ စုထုံဟု အမည်ရှိသူဖြစ်၏။

စုထုံသည် တောင်ပင်လယ်မှလာခဲ့သူဖြစ်ပြီး အဆိပ်ပညာနှင့် ပတ်သက်လျှင် ကျွမ်းကျင်လှသဖြင့် သိုင်းလောကသားများက သူ့ကို တောင်ပင်လယ်အဆိပ်ဘုရင်ဟုပင် တင်စားခေါ်ကြသည်။

သူကျွမ်းကျင်သောအဆိပ်ဖြင့် သိုင်းလောကအား နှောင့်ယှက်နေသူဖြစ်ပြီး သူ့လက်ချက်ဖြင့် သေခဲ့ရသည့် အမြူရောင်သိုင်းသမားများ ရှိပေ၏။

သိုင်းလောကသားတို့သည် စုထုံကိုတွေ့သည်နှင့် သုတ်သင်ပစ်ရန် သန္နိဋ္ဌာန်ချထားကြ၏။

စုထုံနှင့်ကပ်လျက်ထိုင်နေသူမှာ ကျိုမဆိုသူဖြစ်သည်။

ကျိုမသည် တောတန်းဒေသမှ လာခဲ့သူဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



မကောင်းမှုမှန်သမျှ လက်မရှောင်စတမ်း ပြုလုပ်သောလူဆိုးကြီးတစ်ယောက်လည်း ဖြစ်သည်။

သူသည် ဟူအမ်ခရိုင်အတွင်း အာမခံဌာနတစ်ခုကို တိုက်ခိုက်ခဲ့ပြီး အာမခံဌာနမှ လူများကို တစ်ယောက်မကျန် သုတ်သင်ခဲ့သူဖြစ်၍ သိုင်းလောကသားတို့၏အလိုရှိခြင်း ခံနေရသူဖြစ်သည်။

သို့တိုင် သူ့ကို ဖမ်းကြသည့် သိုင်းသမားတို့သာလျှင် သေကြရပြီး သူသည် ယခုတိုင် အသက်ရှင်နေ၏။

ဤသည်မှာ ကျိုမု၏ထူးခြားထက်မြက်သည့် လက်နက်ပုန်းပစ်ပညာကြောင့် ဖြစ်သည်။

ကျိုမုသည် လက်နက်ပုန်းပစ် ဝိဇ္ဇာတစ်ယောက်အဖြစ် ထင်ရှား၏။

ကျိုမုနှင့် မျက်နှာချင်းဆိုင် ထိုင်နေသူမှာ ရှောင်လင်မှ ဘုန်းကြီးလူထွက် လိုကျင်ဖြစ်သည်။

လိုကျင်သည် အရက်သောက်သည်၊ မိန်းမလိုက်စားသည်၊ အပျော်ကျူးသူ ဖြစ်၏။

ထို့ကြောင့် ...

အကျင့်ပျက်သော လိုကျင်ကို ရှောင်လင်က လက်မခံဘဲ



မောင်းထုတ်လိုက်သောအခါ လိုကျင်သည် သိုင်းလောကထဲ ဆင်း၍ ထင်ရာစိုင်းတော့သည်။

သို့ဖြင့် သိုင်းသမားဆိုးတစ်ယောက် ဖြစ်လာ၏။

လိုကျင်၏နံဘေး၌ ထိုင်နေသူမှာ ခါးကုန်းကြီးတစ်ဦးဖြစ်သည်။

ခါးကုန်းကြီးသည် သိုင်းလောက၌ ထွက်ပေါ်လာတည်းက ကြေးစားလူသတ်သမားတစ်ယောက်အဖြစ် ရပ်တည်လာခဲ့သူဖြစ်၏။

သူ၏လက်ချက်ကြောင့် သေကြရသူ မနည်းတော့ပါ။

နေပြည်တော်မှ အာဏာပိုင်တို့ကပင် သူ့ကို အသေရရ အရှင်ရရ ဖမ်းနိုင်လျှင် ဆုငွေပေးမည်ဟု ကြေညာသည်အထိ သတင်းကြီးသူဖြစ်သည်။

တောင်ပင်လယ် အဆိပ်ဘုရင်စုထုံ ...။

လက်နက်ဝိဇ္ဇာ ကျိုမု။

အကျင့်ဆိုး လိုကျင်နှင့် ကြေးစားခါးကုန်းကြီးတို့သည် သိုင်းလောက၌ မည်သူ့ကိုမျှ အမှုမထားဘဲ ကိုယ့်သဘောနှင့်ကိုယ် ထင်ရာစိုင်းနေကြသူများ ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုကြောက်မက်ဖွယ်ကောင်းသည့် သူတို့သည် တောနက်ထဲမှ အိမ်လေးတစ်လုံး၌ စုရုံးရောက်ရှိနေကြသည်မှာ အဘယ်ကြောင့်နည်း။

ခါးကုန်းကြီးတို့သည် ငြိမ်သက်စွာထိုင်ရင်း တံခါးပေါက်ဆီသို့ မမှိတ်မသုန် ကြည့်နေကြ၏။ မကြာပါချေ။

'ဒေါက် ဒေါက်'

မိုးသံလေသံကြားမှ တံခါးခေါက်သံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရသည်။

ခါးကုန်းကြီးတို့ ခေါင်းထောင်လာကြသည်။

အကျင့်ပျက် လိုကျင်က ...

"ဝင်ခဲ့ပါ"

ဟု ပြောလိုက်၏။ လိုကျင်စကားသံနှင့် မရှေးမနှောင်းပင်

'ကျွီ'

လူတစ်ယောက်သည် တံခါးတွန်းဖွင့်၍ အိမ်ထဲဝင်လာသည်ကို တွေ့မြင်လိုက်ရသည်။

* * *



အခန်း (၂၁)

သစ်လုံးတို့နှင့် ဆောက်လုပ်ထားသော အိမ်ကလေး။

ထိုအိမ်လေးမှာ အကျင့်ပျက် လိုကျင်ပိုင်ထားသော အိမ်ဖြစ်သည်။

လိုကျင်သည် သိုင်းလောက၌ ကျင်လည်ရင်း မိန်းမချောလေးများကို တွေ့လျှင် အဓမ္မဖမ်း၍ ဤအိမ်လေးသို့ ခေါ်လာပြီး ပျော်ပါးတတ်သည်။

ထို့နောက် ကျေနပ်အားရလျှင် အပြတ်ရှင်းပြီး ခြေရာဖျောက်ပစ်တတ်၏။

သူ၏မကောင်းမှုမှာ ကမ်းကုန်နေသည်။

ကျန်လူများသည်လည်း ထိုနည်းနှင်နှင်ပင်။

လိုကျင်သည် အိမ်ထဲသို့ ဝင်လာသူအား လှမ်းကြည့်ပြီး ...

"ကျူးထင်း ... ခင်ဗျား နောက်ကျတယ်"

www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလိုက်၏။

အိမ်ထဲဝင်လာသူမှာ ကျူးထင်းဖြစ်ပါ၏။

ကျူးထင်းအား သိုင်းလောကတို့က လင်းတဟု ခေါ်ကြသည်။

ကျူးထင်းသည် ပြည်နယ်ပေါင်းစုံ ဆယ့်သုံးခုမှ အလိုရှိနေသည့် ဓားပြကြီးတစ်ယောက်ဖြစ်၏။

ကျူးထင်းက မိုးကာဝတ်ရုံကိုချွတ်၍ တိုင်တစ်လုံး၌ ချိတ်ထားလိုက်သည်။ ထို့နောက် လိုကျင်တို့ထံ လှမ်းလာသည်။

"ကျုပ်က သေချာအောင်စုံစမ်းနေရလို့ နောက်ကျသွားတာပါဗျာ"

ဟု ပြော၍ လွတ်နေသည့် ခုံတစ်လုံး၌ ဝင်ထိုင်ချလိုက်၏။

လိုကျင်က အရက်တစ်ခွက် ငှဲ့ပေးလိုက်သည်။

ကျူးထင်းက အရက်ခွက်ကို ယူကာ သောက်ချလိုက်၏။

ကျန်လူတို့က သူ့အား စိုက်ကြည့်နေကြသည်။

သူက အားလုံးကို ဝေ့ကြည့်လိုက်ပြီး ...

"မိတ်ဆွေတို့ ခုလို စုံစုံလင်လင်ရောက်နေတာကို ကျေးဇူးတင်ပါတယ်"



ဟု ပြောလိုက်၏။

သူတို့သည် ကိုယ့်သဘောနှင့်ကိုယ် နေကြသူများ။ ကိုယ့်အကြောင်းနှင့်ကိုယ် နာမည်ကြီးကြသူများ ဖြစ်သည်။

တစ်ယောက်ကိုတစ်ယောက် အမှုမထားကြသူများလည်း ဖြစ်သည်။

သူတို့ စုရုံးရောက်လာသည်မှာ လိုကျင်က ဖိတ်ကြားခြင်းကြောင့် ဖြစ်၏။

လိုကျင်အား ကျူးထင်းက အကူအညီတောင်းခဲ့မှုကြောင့်လည်း ဖြစ်၏။

ကျန်လူတို့ ရောက်လာသည်မှာလည်း လိုကျင် ဖိတ်ခေါ်ခြင်းကြောင့် ဖြစ်၏။

လိုကျင်က ငွေသိန်းပေါင်းများစွာ ရရှိနိုင်သည့်အပြင် ဖြိုင်ဖက်ကင်း သိုင်းကျမ်းတစ်ဆူကိုပါ ရရှိမည့်ကိစ္စတစ်ခုအား အတူလက်တွဲဆောင်ရွက်ရန် ဖိတ်ခေါ်ခဲ့သည် မဟုတ်ပါလား။

ထိုကိစ္စတွင် ... ကျူးထင်းက အခရာဖြစ်ကြောင်း သိထား၏။

သူသည် အားလုံးကို ဝေ့ကြည့်ပြီး ...

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်က အလုပ်ကြီးတစ်ခု လုပ်ဖို့ စီစဉ်ထားပါတယ်၊ ကျုပ် တစ်ယောက်တည်းနဲ့ မဖြစ်နိုင်လို့ မိတ်ဆွေတို့ကို အကူအညီတောင်း လိုက်ရတာပါ"

ဟု စကားစလိုက်၏။

စုထုံက ...

"ကျုပ်တို့ စောင့်နေရတာ ကြာသွားပြီ၊ ခင်ဗျားက ဘယ်လို ကိစ္စကို ဆောင်ရွက်မယ်ဆိုတာ ပွင့်လင်းစွာပြောရင် ကောင်းမယ်"

ဟု ပြောသည်။

ကျိုမုက ...

"ဟုတ်တယ်၊ ကျုပ်က အချိန်ဖြုန်းနေတာကို သဘောမကျ ဘူးဗျ"

သူ၏သဘောထားကို ပွင့်လင်းစွာ ပြောသည်။

ခါးကုန်းကြီးက ဘာမှမပြောပါ။

ကျူးထင်းကိုသာ မျက်တောင်မခတ် စိုက်ကြည့်နေသည်။

လိုကျင်ကလည်း ...

"ဟုတ်တယ် မိတ်ဆွေ၊ ကျုပ်က အားလုံးစိတ်ဝင်စားလာ အောင် ပြောပြ မနည်းစုရုံးထားရတာ၊ ဟောဒီပုဂ္ဂိုလ်တွေ ပါလာမှ



မိတ်ဆွေရဲ့ကိစ္စ အောင်မြင်နိုင်မယ်လို့ ပြောခဲ့တယ် မဟုတ်လား။ အခု အားလုံးရောက်နေပါပြီ၊ ပြောစရာရှိတာ ပြောပါဗျာ"

ကျူးထင်း ခေါင်းညိတ်လိုက်သည်။

"စိတ်ချ ... ကျုပ် ပြောပါ့မယ်၊ မိတ်ဆွေတို့ကို ခုလို ဖိတ် ခေါ်လိုက်ရတာကတော့ နှစ်ပေါင်းများစွာ တိမ်မြုပ်ပျောက်ကွယ်နေ တဲ့ ထင်းစန်းဂိုဏ်းရဲ့ပြိုင်ဘက်ကင်း သိုင်းကျမ်းနဲ့ အဖိုးတန်ရတနာ တွေကို ရယူဖို့ပါပဲ"

ထိုစကားကြားလျှင် လှုပ်လှုပ်ရှားရှား ဖြစ်သွားကြ၏။

ကျိုမုက ...

"ထင်းစန်းဂိုဏ်းဟုတ်လား၊ ထင်းစန်းဂိုဏ်း ပျက်စီးသွားခဲ့ တာ နှစ်ပေါင်းတစ်ရာကျော်ပြီပဲ"

စုထုံက ...

"ထင်းစန်းဂိုဏ်းရဲ့ ပြိုင်ဘက်ကင်းသိုင်းကျမ်းနဲ့ ရှေးဟောင်း ရတနာပစ္စည်းတွေ လိုချင်မက်မောလို့ လောကသားတွေက ဝိုင်း တိုက်ခိုက်ခဲ့တာကြောင့် ထင်းစန်းဂိုဏ်း ပျက်စီးသွားခဲ့ရတာပဲ၊ ပြိုင် ဘက်ကင်းသိုင်းကျမ်းရှိပေမယ့် သစ္စာဖောက်တွေ ရှိနေတာကြောင့် ချွတ်ဆီးခံလိုက်ရတာလို့ သတင်းတွေ ထွက်ပေါ်ခဲ့သေးတယ်

www.burmeseclassic.com

www.burmeseclassic.com



လိုကျင်က ...

"လက်စသတ်တော့ ခင်ဗျားက ထင်းစန်းဂိုဏ်းနဲ့ ပတ်သက်နေတာကိုး၊ ဒါဟာ သိုင်းလောကသားတိုင်း စိတ်ဝင်စားခဲ့ကြတဲ့ကိစ္စပဲ၊ ဒါပေမဲ့ ..."

သူက စကားတစ်ပိုင်းတစ်စဖြင့် ရပ်ထားလိုက်၏။ ခါးကုန်းကြီးက ကြားဝင်ပြောလိုက်၏။

"ဒါပေမဲ့ ... ခုထိ ထင်းစန်းဂိုဏ်းရဲ့ပြိုင်ဘက်ကင်းသိုင်းကျမ်းကိုရော ရတနာပစ္စည်းတွေကိုရော ဘယ်သူမှ ရှာမတွေ့ကြသေးဘူး"

ကျူးထင်းက ...

"ဟုတ်ပါတယ်ဗျာ၊ ဘယ်သူမှ မတွေ့သေးတဲ့ပစ္စည်းကို ရှာတွေ့လိုက်တာကြောင့်လည်း မိတ်ဆွေတို့ကို ဖိတ်ခေါ်လိုက်ရတာပါ"

"ဟင်"

"ဟာ"

"ဘယ်လိုပြောလိုက်တယ်"

စုထုံတို့ လှုပ်လှုပ်ရှားရှားဖြစ်သွားကြသည်။



လိုကျင်က ...

"ဘာဗျ၊ ရှာလို့တွေ့ပြီ ဟုတ်လား"

မယုံကြည်နိုင်သောလေသံဖြင့် မေးလေသည်။

ကျူးထင်း ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်ဗျာ"

ကျိမုက ...

"မိတ်ဆွေ ... ကျုပ်တို့ကို သေသေချာချာ ရှင်းပြရင်ကောင်းမယ်ထင်တယ်"

စုထုံက ...

"ဟုတ်တယ်ဗျ"

ထောက်ခံလိုက်သည်။

ကျူးထင်း ပြုံးလိုက်သည်။

"မိတ်ဆွေတို့အားလုံး စိတ်ဝင်စားတယ်ဆိုတာသိရလို့ ဝမ်းသာပါတယ်ဗျာ၊ ဒီကိစ္စကိုမပြောခင် အရေးကြီးတဲ့စကားကို အရင်ဆုံးပြောချင်ပါတယ်"

လိုကျင်က ...

"ဘာများလဲဗျ"

www.burmeseclassic.com

www.burmeseclassic.com



မေးလိုက်သည်။

ကျူးထင်းက …

"ကျုပ်တို့ငါးယောက် အတူတကွ လက်တွဲဆောင်ရွက်မှသာလျှင် အောင်မြင်မယ်လို့ ကျုပ် ယုံကြည်ထားပါတယ်၊ ဒါကြောင့် အချင်းချင်း သစ္စာရှိကြဖို့နဲ့ အကျိုးအမြတ်ရလာရင် ညီတူညီမျှခွဲဝေယူဖို့ သဘောတူ ကတိပြုနိုင်ကြမှ ဖြစ်ပါလိမ့်မယ်"

ဟုပြောကာ အားလုံးကို ဝေ့ကြည့်လိုက်သည်။

လိုကျင်က …

"ဟုတ်တယ်၊ ကျုပ်တို့အချင်းချင်း ယုံကြည်စိတ်ချမှုရှိကြမယ်၊ သစ္စာရှိကြမယ်၊ အကျိုးအမြတ်ကို ညီတူညီမျှခွဲဝေဖို့ သဘောတူကြမယ်ဆိုရင် အောင်မြင်မှာပါ"

ကျူးထင်းက …

"ဟုတ်ပါတယ်ဗျာ၊ ကျုန်တဲ့မိတ်ဆွေတွေလည်း သဘောတူနိုင်ကြမယ်လို့ ထင်ပါတယ်"

ကျိုမု၊ စုထုံနှင့် ခါးကုန်းကြီးတို့က ခေါင်းညိတ်သဘောတူလိုက်ကြသည်။

"ကျုပ်တို့ သဘောမတူနိုင်စရာအကြောင်း မရှိပါဘူး"



"ဟုတ်ပါတယ်ဗျာ"

ဆိုးချင်တိုင်း ဆိုးသွမ်းနေကြသူများ၊ သူတော်ချင်းချင်း သတင်းလွှေ့လွှေ့ ပေါင်းဖော်မိကြပြီဖြစ်သည်။

လူဆိုးလူမိုက်တို့၏သစ္စာတရားသည် ယုံကြည်ရမည်လား။

ကျူးထင်းက ရယ်လိုက်သည်။

"အားလုံး သဘောတူကြတယ်ဆိုရင် ဝမ်းသာပါတယ်ဗျာ၊ ကဲ … ကျုပ်တို့အားလုံး ညီရင်းအစ်ကိုတွေလို သဘောထားပြီး မူးပေါင်းဆောင်ရွက်ကြမယ်ဆိုတာ ကတိပြုရင်း သစ္စာပြုကြရအောင်"

စကားဆုံးလျှင် အရက်ခွက်ငါးခွက်ထဲသို့ အရက်များ ထည့်လိုက်၏။ အားလုံး အရက်ခွင်ကိုယ်စီ ကိုင်ကြသည်။

ထို့နောက် သစ္စာမဖောက်ဘဲ အတူတကွ လက်တွဲဆောင်ရွက်ကြရန် သစ္စာပြုကာ အရက်ကိုယ်စီ မော့သောက်လိုက်ကြသည်။

သစ္စာပြုပြီးသောအခါ ကျူးထင်းက တည်ကြည်သော မျက်နှာထားဖြင့် …

"ထင်းစန်းဂိုဏ်းဟာ အတွင်းသစ္စာဖောက်တွေနဲ့ လောဘသားတွေကြောင့် ပျက်စီးသွားခဲ့ရပေမယ့် ဂိုဏ်းချုပ်ဟာ ကြိုတင်ခြိမ်ထားတဲ့တိုင်း ပြိုင်ဘက်ကင်းသိုင်းကျမ်းနဲ့ အဖိုးတန်ရတနာတွေကို

www.burmeseclassic.com

www.burmeseclassic.com



သိမ်းဆည်းသိုဝှက်ထားနိုင်ခဲ့တယ်၊ ဒါကြောင့် ဘယ်သူမှ ရမထားခဲ့တာပဲ၊ ထင်းစန်းဂိုဏ်း ပြိုကွဲတဲ့နောက်ပိုင်း နှစ်အတော်ကြာသည့်တိုင်အောင် သိုင်းလောကသားတွေဟာ သဲကြီးမဲကြီး ရှာခဲ့ကြပေမယ့် ဘယ်သူမှ တွေ့မသွားကြဘူး၊ နောက်ဆုံး စိတ်ပျက်လက်ပျက်နဲ့ လက်လျှော့သွားခဲ့ကြတယ်၊ မူလ ထင်းစန်းဂိုဏ်းတည်ရှိခဲ့တဲ့ နေရာဟာလည်း ချုံနွယ်ပိတ်ပေါင်းတွေ ဖုံးလွှမ်းသွားပြီး တောကြီးမျက်မည်းတစ်ခုလို ဖြစ်သွားခဲ့တယ်”

ခါးကုန်းကြီးက ...

“ဒါကို သိုင်းလောကသားတိုင်း သိထားကြသလို ကျုပ်တို့လည်း သိထားကြပါတယ်ဗျာ”

လိုရင်းကိုသာ ပြောစေလိုသည့် သဘောမျိုးပြောလေ၏။ ကျန်လူများက ခေါင်းညိတ်ကြ၏။ ကျူးထင်းက ...

“မကြာသေးမီက မုဆိုးတစ်ယောက်ဟာ အမဲလိုက်ရင်း ထင်းစန်းဂိုဏ်းတည်ရှိတဲ့နေရာကို ရောက်သွားတယ်၊ သူမရောက်ခင် သုံးလေးရက်လောက်က မုန်တိုင်းကျတော့ သစ်ပင်ကြီးတွေ လဲပြိုနေတာ တွေ့ရတယ်၊ အဲဒီသစ်ပင်ကြီးတစ်ပင်ဟာ အမြစ်က ကျွတ်ပြီး လဲနေကတယ်၊ သစ်ပင်ကြီးမှာ မြေကျင်းကြီးတစ်ခုလိုဖြစ်နေပြီး



အဖိုးတန်ရတနာတွေ ပြန့်ကျဲနေတာကို တွေ့ခဲ့တယ်”

လိုကျင်၏မျက်လုံးများ ဝင်းလက်တောက်ပြောင်လာ၏။

ထင်းစန်းဂိုဏ်းရဲ့လျှို့ဝှက်ချက်ကို မတော်တဆ တွေ့ခဲ့တာပေါ့”

ဟု ပြောလေ၏။

ကျူးထင်း ခေါင်းညိတ်လိုက်၏။

“ဟုတ်တယ်၊ ဒီသတင်းဟာ သိုင်းလောကရဲ့ ထိပ်တန်းသိုင်းအဖွဲ့ကြီးတစ်ခုဆီ ရောက်သွားတယ်၊ ဒီအဖွဲ့ကလူတွေ ချက်ချင်းရောက်လာပြီး ရတနာတွေရော၊ ပြိုင်ဘက်ကင်းသိုင်းကျမ်းကိုပါ သိမ်းသွားကြတယ်”

ကျိုမုက ...

“အဲဒါ ဘယ်ဂိုဏ်းကလဲ”

ဟု မေးလိုက်၏။

ကျူးထင်းက ...

“ဝူတန်ဂိုဏ်းကပါဗျာ”

ထိုစကားကြားလျှင် အားလုံး မျက်နှာပျက်သွားကြ၏။

ဝူတန်ဂိုဏ်းသည် သိုင်းလောက၏ရှေ့ဆောင်အထင်ကရ

www.burmeseclassic.com

www.burmeseclassic.com



သိုင်းအဖွဲ့ကြီးတစ်ခု ဖြစ်နေသည် မဟုတ်ပါလား။

ကျူးထင်းက စကားဆက်လိုက်၏။

"ဝူတန်ဂိုဏ်းဟာ အစဉ်အလာအရ ထင်းစန်းဂိုဏ်းရဲ့မိတ်ဆွေအဖွဲ့ကြီးဖြစ်တယ်၊ ဒါကြောင့် သူတို့ဟာ ထင်းစန်းဂိုဏ်းရဲ့ရတနာပစ္စည်းတွေနဲ့သိုင်းကျမ်းကို ထိန်းသိမ်းစောင့်ရှောက်ဖို့ တာဝန်ယူလိုက်တယ်၊ ရှောင်လင်၊ ဝူဖီး၊ ငိုမီ၊ ခွန်လွန် အစရှိသည့် သိုင်းအဖွဲ့ကြီးတွေကလည်း သဘောတူခဲ့ကြတယ်"

ကိုမှ မျက်မှောင်ကြုတ်လိုက်၏။

"ကျုပ်တို့လည်း သိုင်းလောကမှာ ကျင်လည်ကျက်စားခဲ့ကြတာပဲ၊ ဒီသတင်းကို ဘာကြောင့် မကြားမိတာလဲ"

စုထုံက ...

"ဟုတ်တယ်၊ ဒီသတင်းမှန်ရိုးရှိရင် ကျုပ်တို့ ကြားသိရမှာပေါ့"

ဟု ပြောလေသည်။ ကျူးထင်းက ...

"ဒါဟာ ထိပ်တန်းလျှို့ဝှက်ချက်အဖြစ် အမှောင်ချထားလို့ပါပဲ၊ ထိပ်သီးသိုင်းဂိုဏ်းကြီးတွေမှာတောင် ဂိုဏ်းချုပ်တွေနဲ့ အရေးပါတဲ့ လူတချို့လောက်သာ သိကြတာ၊ သတင်းပေါက်ကြားသွားရင် မလိုလားအပ်တဲ့ပြဿနာတွေ ပေါ်ပေါက်လာမှာကို စိုးရိမ်လို့ ဖုံးဖိထားကြတာ"



ကိုမှုက ...

"ခင်ဗျားကရော ဘယ်လိုလုပ်ပြီး သိသလဲ"

ဟု မေးလေ၏။

ကျူးထင်းက ...

"ဝူတန်ဂိုဏ်းနဲ့ ရင်းနှီးနေတဲ့ အဖြူရောင်သိုင်းထိပ်သီး သိုင်းသမားကြီးတစ်ယောက်ဆီက သတင်းရခဲ့တာပါ"

"ဘာဗျ"

"အတော်ကို အံ့ဩစရာကောင်းတယ်"

ကိုမှုနှင့်စုထုံတို့ မယုံကြည်နိုင်သောလေသံဖြင့် ပြောလေသည်။

ကျူးထင်းက တည်ကြည်သောမျက်နှာဖြင့် ...

"ဟုတ်တယ်၊ တကယ့်ကို မယုံနိုင်စရာ ကောင်းပါတယ်၊ သူတို့ဟာ လူအနည်းငယ်နှင့် သိုင်းကျမ်းရယ် ပစ္စည်းတွေကို သယ်သွားဖို့ စီစဉ်သွားကြတာဟာ ပိုလို့တောင် မယုံနိုင်စရာကောင်းပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလေသည်။

ကိုမှုံ၊ စုထုံ၊ ခါးကုန်းနှင့် လိုကျင်တို့သည် ကျူးထင်း၏စကားကို သံသယဖြစ်သော်လည်း ရှေ့ဆက်ကြားလာမည့်အကြောင်းချင်းရာများကို သိလိုနေကြသည်။

ကျူးထင်းက ဆက်ပြောလိုက်သည်။

"သိုင်းဂိုဏ်းကြီး ၅ ဂိုဏ်းဟာ လူအင်အားနဲ့ လှုပ်ရှားကြမယ်ဆိုရင် မသင်္ကာစရာတွေ ဖြစ်ပေါ်လာညပီး အဖြစ်မှန်ကို ရိပ်မိသွားမှာ စိုးရိမ်ကြတယ်"

"ဒါကြောင့် ဂိုဏ်းကြီး ၅ ဂိုဏ်းကို ကိုယ်စားပြုတဲ့ ဒုဂိုဏ်းချုပ် ၅ ယောက်နဲ့ လူရိုသေ ရှင်ရိုသေ သိုင်းသမားနှစ်ဦး စုစုပေါင်း ၇ နှစ်ယောက်ဟာ တိတ်တဆိတ် လှုပ်ရှားပြီး ထင်းစန်းဂိုဏ်းရဲ့သိုင်းကျမ်းနဲ့ ရတနာတွေကို ဂူတန်ဂိုဏ်းကို သယ်ယူသွားကြလိမ့်မယ်၊ သူတို့ဟာ မထင်မရှား ရုပ်ဖျက်ပြီး မြင်းလှည်းတစ်စီးနဲ့ ကုန်သည်ပွဲစားတွေအသွင် လှုပ်ရှားကြမှာ ဖြစ်တယ်"

ခါးကုန်းကြီးက ...

"ကျုပ်တို့က သူတို့ကို ကြားဖြတ်တိုက်ခိုက်ကြမယ်ပေါ့"

ဟု ပြော၏။



ကျူးထင်းက ခေါင်းညိတ်လိုက်လေ၏။

"ဟုတ်ပါတယ်ဗျာ"

ကျူးထင်းက ...

"သူတို့ ဘယ်လိုလှုပ်ရှားမယ်ဆိုတာရော ခင်ဗျား သိထားပြီးပြီလား"

ကျူးထင်းက ...

"၉ လပိုင်း ၁၅ ရက်နေ့မှာ စတင်လှုပ်ရှားကြမယ်လို့ ကျုပ်သိထားပြီးပါပြီ"

စုထုံက ...

"ခင်ဗျား သေချာလှချည်လား"

ကျူးထင်း ပြုံးလိုက်၏။

"ရတနာတွေကို သယ်ဆောင်မယ့် အဖွဲ့ထဲမှာ ပါဝင်တဲ့လူကိုယ်တိုင်က ကျုပ်ကို သတင်းပေးထားလို့ပါဗျာ"

"အဲဒီလူက ဘယ်သူလဲ"

ကျူးထင်း လက်ကာပြလိုက်၏။

"ဝမ်းနည်းပါတယ်၊ သူ့နာမည်ကို လျှို့ဝှက်ထားရလိမ့်မယ်"

ကျူးထင်းက ...

www.burmeseclassic.com

www.burmeseclassic.com



"ဒီလူ ဘယ်သူဆိုတာ အရေးမကြီးဘူးလေ၊ ခင်ဗျားဘက်က သေချာရင် ကျုပ်တို့ ကြားဖြတ်တိုက်ခိုက်ကြတာပေါ့၊ ဒီလိုအခွင့်အရေးမျိုးဆိုတာ ရခဲတယ်"

ဤတွင် စုထုံ၊ ကျူးထင်းနှင့် ခါးကုန်းကြီးတို့လည်း သဘောတူကြ၏။

ကျူးထင်းက ...

"သိုင်းအကျော်အမော်တွေက ရတနာပစ္စည်းနဲ့သိုင်းကျမ်းကို ဘယ်နေ့မှာ ဘယ်လမ်းက သယ်ကြမယ်ဆိုတာကို ကျုပ် သိပြီးပြီ"

"စောင့်ရှောက်ပြီး လိုက်ကြမယ့်လူတွေက ခေသူတွေမဟုတ်တော့ သူတို့ကို ရင်ဆိုင်ဖို့ ကျုပ်တို့ တာဝန်ခွဲဝေယူရမယ်၊ ကိုယ့်တာဝန် ကိုယ်ကျေပွန်အောင် ဆောင်ရွက်နိုင်ရင် ထင်းစန်းဂိုဏ်းရဲ့ပစ္စည်းတွေက ကျုပ်တို့လက်ထဲ ရောက်လာပြီပေါ့"

သူတို့က အချင်းချင်း ညီညွတ်သွားကြ၏။

မည်သို့မည်ပုံ လုယက်မည်ဆိုသည်ကို တိုင်ပင်ဆွေးနွေးလိုက်၏။

တာဝန်ကိုယ်စီခွဲဝေယူလိုက်ကြ၏။



အတွင်းသစ္စာဖောက်ရှိခဲ့သဖြင့် ထင်းစန်းဂိုဏ်းကြီး ပြိုကွဲပျက်စီးသွားခဲ့ရသလို ယခုတစ်ကြိမ်၌လည်း အတွင်းသစ္စာဖောက်ရှိနေပြီဖြစ်ရာ ကျိန်းသေတိုက်ခိုက် လုယက်နိုင်မည်ဟု အားလုံးယုံကြည်ထားကြ၏။

✷

လောကတွင် မထင်မှတ်သောကိစ္စများ ဖြစ်ပေါ်တတ်သည့် သဘောသဘာဝရှိပေ၏။

မည်သို့ပင် စီစဉ်ထားပါစေ မည်မျှစေ့စပ်သေချာပါစေ လွဲချော်မှုဟူသည် ရှိစမြဲဖြစ်၏။

ကျူးထင်းတို့ ၅ ဦးသည် ထင်းစန်းဂိုဏ်းမှ ရတနာများနှင့် သိုင်းကျမ်း သယ်ဆောင်လာသည့် သိုင်း ၅ ဂိုဏ်းမှ ဒုဂိုဏ်းချုပ်တို့အား လမ်းမှဖြတ်၍ တိုက်ခိုက်လုယက်ခဲ့ကြ၏။

တိုက်ပွဲပြင်းထန်စွာ ဖြစ်ပွားခဲ့၏။

ဒုဂိုဏ်းချုပ်တို့ သေဆုံးသွားကြသလို ကျိုမုနှင့်စုထံတို့လည်း သေဆုံးသွားကြ၏။

www.burmeseclassic.com

www.burmeseclassic.com



ကျူးထင်း ခါးကုန်းကြီးနှင့် လိုကျင်တို့သည်လည်း ဒဏ်ရာအပြင်းအထန် ရခဲ့ကြ၏။

မည်သို့ဆိုစေ ...

သူတို့သည် အောင်မြင်စွာ လုယက်နိုင်ခဲ့ကြပြီး အောင်ပွဲခံနိုင်ခဲ့ကြသည်။

သို့သော် ...

သူတို့နှင့် အဆက်အသွယ်ပြုလုပ်ထားသော အဖြူရောင်သိုင်းသမားကြီး သူတို့အပေါ် ထပ်မံသစ္စာဖောက်၍ သုတ်သင်ရှင်းလင်းပစ်ဖို့ ကြိုးစားခဲ့လေ၏။

ကျူးထင်းတို့သည် နောက်ထပ်တိုက်ပွဲတစ်ခုနှင့် ရင်ဆိုင်ခဲ့ကြရပြန်၏။

သူတို့သည် ဒဏ်ရာပြင်းထန်စွာ ရထားပြီဖြစ်ရာ သစ္စာဖောက် အဖြူရောင်သိုင်းသမားကြီးအား မယှဉ်နိုင်အောင် ဖြစ်ခဲ့ရ၏။

ထိုအချိန်တွင် လိုကျင်က မိုက်မိုက်ကန်းကန်း အသက်ချင်းလဲ၍ တိုက်ခိုက်ခဲ့ခြင်းကြောင့် အဖြူရောင်သိုင်းသမားကြီး အငိုက်မိ၍ သေဆုံးသွားခဲ့ရသည်။



ကျူးထင်းနှင့်ခါးကုန်းကြီးတို့သည် သေလုမျောပါး ဒဏ်ရာတို့ဖြင့် သိုင်းကျမ်းအပါအဝင် ရတနာပစ္စည်းများရရှိ၍ ထွက်ပြေးလာနိုင်ခဲ့၏။

ကျူးထင်းသည် မိမ်ထက် ဒဏ်ရာပြင်းသော ခါးကုန်းကြီးအား ပစ်မထားဘဲ လက်တွဲခေါ်လာခဲ့၏။

သူတို့သည် ကိုယ်လွတ်ရုန်းပြေးနိုင်သော်လည်း တောထဲတောင်ထဲတွင် သုံးရက်လုံး ပြေးလွှားပုန်းအောင်းနေခဲ့ပြီးနောက် ရရှိထားသည့် ဒဏ်ရာတို့ကြောင့် တောအုပ်တစ်နေရာ၌ ခြေကုန်လက်ပန်းကျ၍ သတိမေ့သွားကြလေသည်။

သူတို့ သတိပြန်ရလာသည့်အခါ သိုင်းကျမ်းနှင့် ရတနာပစ္စည်းတွေကို မတွေ့ရတော့ဘဲ လူတစ်ယောက်က သူတို့ကို ကယ်တင်ထားသည်ကို တွေ့ရလေ၏။

ကျူးထင်းအား ကယ်တင်ခဲ့သူမှာ ရွှေလက်ဝါးသိုင်းသမားကြီး ရှောင်ဖုံးဖြစ်၏။

✷

www.burmeseclassic.com

www.burmeseclassic.com



ကြက်ကလေးတစ်ကောင်သည် ကျူးထင်း၏ခြေထောက်ပေါ်မှ ထွက်ပြေးသွား၏။

ကျူးထင်းက တုပ်တုပ်မျှမလှုပ်ဘဲ ငြိမ်နေလိုက်၏။

လုရှီရောက်ရှိလာခြင်းကြောင့် အတိတ်မှဖြစ်ရပ်တို့ကို ပြန်ပြောင်းစဉ်းစားနေခဲ့မိခြင်း ဖြစ်သည်။

ရှောင်ဖုံးသည် သူ၏အသက်ကို ကယ်တင်ခဲ့သည့် ကျေးဇူးရှိပေသည်။ ထိုစဉ်က ရှောင်ဖုံးသာ ကူညီခြင်းမရှိလျှင် ယခုကဲ့သို့ အသက်ရှင်နေနိုင်မည် မဟုတ်ပါ။

တစ်နေ့နေ့ တစ်ချိန်ချိန်တွင် ကျေးဇူးပြန်ဆပ်မည်ဟု ကတိပြုခဲ့၏။ ပျောက်ဆုံးသွားသော ရတနာများနှင့် သိုင်းကျမ်းကိုမူ သူက မေ့ပစ်လိုက်လေ၏။

သိုင်းလောက၌ ဆက်လက်ကျင်လည် ကျက်စားခြင်းလည်း မပြုတော့ဘဲ ကျောင်းဟုန်မြို့တွင် ဓာတ်မြုပ်နေခဲ့၏။

သူက လက်တွဲခေါ်ခဲ့သော ခါးကုန်းကြီးသည် သူ၏ကျေးဇူးကိုမမေ့ဘဲ အစ်ကိုကြီးအဖြစ် သဘောထား၍ လာရောက်နေထိုင်ခဲ့၏။



ကျူးထင်းနှင့်ခါးကုန်းကြီးတို့၏ဘဝမှာ အထီးကျန်ဆန်လှပြီး ပျင်းရိဖွယ်ကောင်းလှပေ၏။

လုရှီရောက်လာတော့မှ ငြိမ်သက်နေသော ကန်ရေပြင်၌ ခဲလုံးတစ်လုံးချပြီး ဝဲဂယက်တို့ထသည့်ပမာ လှုပ်လှုပ်ရှားရှားဖြစ်လာရခြင်းဖြစ်သည်။

ကျူးထင်း သက်ပြင်းချလိုက်၏။

လုရှီအကြောင်းကို လိုက်စုံစမ်းနေသည့် ခါးကုန်းကြီး ပြန်လည်ရောက်ရှိလာသည့်အချိန်အထိ စိတ်ရှည်လက်ရှည် စောင့်ဆိုင်းနေလိုက်လေ၏။

* * *

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၂)

လမ်းပေါ်၌ အရောင်အသွေးစုံလင်စွာ ဝတ်ဆင်ထားကြသူများ ဥဒဟို သွားလာနေကြသည်။

တစ်မြို့လုံး စည်ကားသိုက်မြိုက်နေ၏။

လုရီက လမ်းဘေးသစ်ပင်တစ်ပင်အောက်တွင် ထိုင်ရင်း လမ်းသွားလမ်းလာတို့အား ငေးကြည့်နေမိ၏။

သူက မျှော်လင့်ချက်ဖြင့် ကျောင်းဟုန်မြို့သို့ လာခဲ့သည်။

သို့သော် ...

လမ်းတွင် ခါးပိုက်နှိုက်ခံရပြီး ဒုက္ခရောက်ခဲ့ရပြီဖြစ်လေ၏။

ကျူးထင်းက လက်မခံသည့်အခါ ရှောင်ဖုံးထံသို့ ပြန်ဖို့ပင် အခက်အခဲဖြစ်ရသည်။

သူ့ထံတွင် ငွေအနည်းငယ်သာ ရှိတော့သည် မဟုတ်ပါလား။



"ငါ ဘာလုပ်ရမလဲ"

လုရီ ထပ်တလဲလဲ ညည်းတွားနေမိသည်။

ထိုစဉ် ... သူ့အပေါ်သို့ လူရိပ်တစ်ခု မိုးကျလာခြင်းကြောင့် ဖျတ်ခနဲ ခေါင်းမော့ကြည့်လိုက်မိသည်။

ဤတွင် သူ၏ရှေ့သို့ ရောက်ရှိလာသူတစ်ဦးကို တွေ့မြင်လိုက်ရပြီး ...

"ဟင်'

လွှတ်ခနဲ ရေရွတ်လိုက်လေသည်။

အကြောင်းမှာ သူ၏ရှေ့သို့ ရောက်လာသူမှာ သူ့ကိုမောင်းနှင်ထုတ်ခဲ့သည့် ကျူးထင်း၏အိမ်မှ ခါးကုန်းကြီးဖြစ်နေသည် မဟုတ်ပါလား။

လုရီ ကပျာကယာ ထိုင်ရာမှ ထလိုက်သည်။

ခါးကုန်းကြီးက သူ့အား ခြေဆုံးခေါင်းဆုံးကြည့်ပြီး ...

'မင်း ဘာထိုင်လုပ်နေတာလဲ' ဟု မေးလေသည်။

လုရီ ခေါင်းခါလိုက်သည်။

"ဘာလုပ်ရမှန်းမသိလို့ ထိုင်ပြီး စဉ်းစားနေတာပါ ခင်ဗျာ"

"ဘာကွ"

www.burmeseclassic.com

www.burmeseclassic.com



"ဟို ... ဟို ... ကျွန် ... ကျွန်တော် ဘယ်သွားရမှန်းမသိလို့ပါ။ ဘာဆက်လုပ်ရမှန်း မသိတော့လို့ပါ"

ခါးကုန်းကြီးက ...

"မင်းက ငါတို့ဆီလာပြီး လိမ်ညာတာ မအောင်မြင်လို့ အကြံအိုက်နေတာပေါ့ ဟုတ်လား"

"ဟာ ... မဟုတ်ပါဘူး"

လုရီက ကမျာကယာ လက်ကာပြလိုက်သည်။ ခါးကုန်းကြီးက မဲ့၍ ... ထိုထက်ပို၍ အရှုပ်ဆိုးသွားလေသည်။

"မင်းက လိမ်ညာတာမဟုတ်ရင် အမှန်အတိုင်း ပြောတာပေါ့ ဟုတ်လား"

သူက လုရီထံမှ စကားနှိုက်ထုတ်နေခြင်း ဖြစ်သည်။

လုရီက ...

"ဟုတ်ပါတယ်၊ ဆရာကြီးကျူးထင်းဆီကို ဆရာရှောင်ဖုံးက လွှတ်လိုက်တာ အမှန်ပါပဲ"

ခါးကုန်းကြီးက ...

"နေပါဦး၊ မင်းနဲ့ရှောင်ဖုံးက ဘယ်လိုပတ်သက်လဲ ပြောပါဦး"



လုရီက ...

"ဆရာရှောင်ဖုံးရဲ့အသက်ကို ကျွန်တော့်အဖေက ကယ်ဖူးပါတယ်၊ ဖေဖေ ကွယ်လွန်သွားတဲ့အခါ ..."

အဖြစ်အပျက်တို့ကို ရှင်းပြလိုက်လေ၏။ ခါးကုန်းကြီးက စိတ်ဝင်စားစွာ နားထောင်နေသည်။

လုရီ၏စကားဆုံးသွားမှ ...

"မင်းပြောလို့သာ ကြားရတယ်၊ ယုံရခက်ခက်ပဲ"

ဟု ပြောလိုက်၏။

လုရီက ...

"ကျွန်တော် အမှန်အတိုင်း ပြောတာပါ ခင်ဗျာ၊ မယုံရင် ဆရာကြီးရှောင်ဖုံးဆီကို သွားပြီးမေးကြည့်နိုင်ပါတယ်"

ခါးကုန်းကြီး ခေါင်းခါလိုက်သည်။

"သွားမေးဖို့ မလိုပါဘူး၊ တစ်ခုတော့ရှိတယ်၊ မင်း ဘယ်မှ မသွားနဲ့ဦး၊ ဒါက အစ်ကိုကြီးကို အကျိုးအကြောင်း သွားပြောပြလိုက်ဦးမယ်"

"သူက မင်းရဲ့စကားကို ယုံကြည်ရင်တော့ မင်းကို လက်ခံလိမ့်မယ်"

www.burmeseclassic.com

www.burmeseclassic.com



လုရီ ဝမ်းသာသွားလေသည်။

"ကျွန်တော် အမှန်အတိုင်း ပြောတာပါ"

"အေးပါ၊ မင်း ဒီမှာပဲ စောင့်နေပါ၊ မကြာခင် ငါ ပြန်လာခဲ့မယ်၊ ဟုတ်ပြီလား"

"ကောင်းပါပြီခင်ဗျာ"

ခါးကုန်းကြီးက ချက်ချင်းထွက်သွားသည်။

လုရီ စိတ်လှုပ်ရှားနေသည်။

ကျူးထင်းက ယုံကြည်လက်ခံပေးပါစေဟု ဆုတောင်းနေမိလိုက်၏။

ကျူးထင်း ယုံကြည်မှသာလျှင် သူ့အတွက် မျှော်လင့်ချက်ရှိမည် မဟုတ်ပါလား။

ခါးကုန်းကြီးသည် လျင်မြန်စွာ ထွက်သွားပြီး တစ်ခဏအတွင်းမှာပင် မြင်ကွင်းမှ ပျောက်သွားသည်။

လုရီက လမ်းဘေးသစ်ပင်အောက်၌ ပြန်ထိုင်လိုက်သည်။

သူက ခါးကုန်းကြီး ပြန်ရောက်လာသည်အထိ စောင့်နေရန် ဆုံးဖြတ်လိုက်သည်။

သို့သော် ... ခါးကုန်းကြီးရောက်မလာမီ သစ်ပင်အောက်မှ



ထွက်သွားရမည့်အဖြစ်နှင့် ကြုံလိုက်ရသည်။

လူတစ်ယောက်က သူ့ထံသို့ လာနေသည်။

ထိုလူကိုမြင်လျှင် လုရီ ငေါက်ခနဲ ထရပ်လိုက်မိသည်။

✷

လုရီ မျက်လုံးပြူးနေသည်။

သူ့ထံသို့လာနေသူအား မျက်လုံးပြူး၍ ကြည့်နေမိသည်။

ထိုမျှမကသေး ...

"ငါ အိပ်မက်များ မက်နေတာလား" ...ဟု ရေရွတ်မိလေ၏။

အကြောင်းမှာ ...

သူ့ထံသို့လာနေသူမှာ ဟန်ကျူးမြို့ ဘုံကျောင်း၌ တွေ့ခဲ့ရသည့် အစိမ်းရောင်ဝတ်မိန်းကလေး ဖြစ်နေခြင်းကြောင့်ပင်။

ထိုမိန်းကလေးအား ငေးနေမိခဲ့ခြင်းကြောင့် သူ၏ငွေတို့ ခါးပိုက်နှိုက်ခံလိုက်ရသည် မဟုတ်ပါလား။

ယခု အစိမ်းရောင်ဝတ် မိန်းကလေးအား ဟန်ကျူးမြို့နှင့် အလှမ်းကွာဝေးသော ကျောင်းဟုန်မြို့၌ တွေ့ရပြီဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးသည် သူ့ထံသို့ပင် လှမ်းလာနေသည် မဟုတ်ပါလား။

လုရီက မျက်လုံးပြူး၍ ကြည့်နေစဉ်မှာပင် မိန်းကလေးက သူ၏အနီးသို့ ရောက်ရှိလာသည်။

ထိုမိန်းကလေးမှာ အိမ်ပြေးမလေး ဝမ်လိန်ဖြစ်သည်။

ဝမ်လိန်က လုရီနှင့် မလှမ်းမကမ်း၌ ရပ်လိုက်သည်။ ဝမ်လိန်က လုရီအား ခြေဆုံးခေါင်းဆုံး ကြည့်ပြီးလျှင် ...

"ရှင် ဒုက္ခရောက်နေတယ် မဟုတ်လား" ဟု မေးလာသည်။

လုရီက ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်ဗျာ"

ဝမ်လိန်က ပြုံးလိုက်သည်။

"ရှင်က ငေးတာကိုရှင့်"

"ကျူပ်"

"ရှင်က ငေးနေတော့ ခါးပိုက်နှိုက်ခံလိုက်ရတာပေါ့ မဟုတ်ဘူးလား"

လုရီ မျက်လုံးပြူးသွားလေသည်။

"ဒီကိစ္စကို ညီမက ဘယ်လိုလုပ်သိနေတာလဲ"



"သိတာပေါ့၊ ကျိန်ဘုံကျောင်းမှာ ရှင့်ကို ဝင်တိုက်သွားတဲ့ ခွေးလေးဆိုတဲ့လူက နှိုက်သွားတာ၊ ရှင်က ငေးနေတာကိုး"

အမှန်တော့ လုရီသည် သူမအား ငေးကြည့်နေခြင်းဖြစ်ကြောင်း ဝမ်လိန် သိထားလေ၏။

ထို့ကြောင့် ပြောပြီးသည်နှင့် မျက်နှာလေး ရှက်သွေးဖြန်း၍ နီရဲသွားပြီး ခေါင်းငုံ့ထားလိုက်သည်။

သူမသည် မိခင်ကြီးက အိမ်ထောင်ချပေးမည်ဆိုခြင်းကြောင့် အိမ်မှ ထွက်ပြေးလာခဲ့သူဖြစ်ပါသည်။

ဝမ်အမျိုးအနွယ်ကျေးရွာမှနေ၍ ဆိုင်းလောကသို့ ရောက်လာပြီး ခြေဦးတည့်ရာ လျှောက်သွားနေခြင်းဖြစ်သည်။

ကျိန်ဘုံကျောင်းသို့ရောက်လာသောအခါ မမျှော်လင့်ဘဲ လုရီနှင့် တိုးမိတိုက်မိခဲ့သည်။

လုရီ၏အရှုကြောင်ကြောင်အပြုအမူကြောင့် မကျေမနပ်ဖြစ်ခဲ့ရ၏။

သို့သော် ... လုရီ ခါးပိုက်နှိုက်ခံရပြီး ဒုက္ခရောက်သည့်အခါ စိတ်မကောင်းဖြစ်မိလေသည်။

သူမကို ငေးမောမိ၍ လုရီ ခံလိုက်ရခြင်း မဟုတ်ပါလား။

www.burmeseclassic.com

www.burmeseclassic.com



လုရီကို ကူညီရန် ဆုံးဖြတ်ပြီး ခွေးလေးနောက် လိုက်သွားခဲ့ခြင်းဖြစ်၏။

လုရီကို ကရုဏာသက်၍ ကူညီဖို့ ကြိုးစားမိခဲ့သည့် ဖြစ်ရပ်မှာ ထူးဆန်းနေ၏။

အဘယ်ကြောင့် သူမက လုရီအား ကရုဏာသက်မိရပါသနည်း။

ဝမ်လိန်သည် လုရီကိုတွေ့ရလျှင် ရင်ထဲ၌ ဖော်မပြနိုင်သော ခံစားချက်များ ဖြစ်ပေါ်လာသည်ကို ကိုယ့်ကိုယ်ကိုယ် နားလည်နေမိ၏။

ထို့အတူ ...

လုရီသည်လည်း ဝမ်လိန်ကို တွေ့မြင်ရသည့်အခါ စိတ်လှုပ်ရှား၍ ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်နေပါတော့သည်။

သူသည် သခင်မလေး ရှောင်မေနှင့် လက်ထပ်ရမည်ဆိုသောအခါ စိတ်လှုပ်ရှားခြင်းမဖြစ်မိသည့်အပြင် စိတ်ပျက်မိလေ၏။

ယခု ...

ဝမ်လိန်နှင့် တွေ့တော့မှ အမျိုးအမည်မသိသော ဝေဒနာ ခံစားလာရသည်မှာ အဘယ်ကြောင့်ပါနည်း။



အမှန်တော့ ...

သူတို့နှစ်ယောက်သည် မြင်မြင်ချင်း တစ်ယောက်ကိုတစ်ယောက် မေတ္တာသက်ဝင်မိကြခြင်း ဖြစ်ပေတော့သည်။

ဝမ်လိန်က ခေါင်းငုံ့ထားလိုက်သလို လုရီလည်း ခေါင်းငုံ့ထားလိုက်မိ၏။

သူက အငေးလွန်သဖြင့် ခါးပိုက်နှိုက်ခံရသည့်အဖြစ်ကို ဝမ်လိန်က သိသွားသဖြင့် ရှက်သွားသည်မဟုတ်ပါလား။

အတော်ကြာမှ နှစ်ယောက်သား ပြိုင်တူခေါင်းထောင်လိုက်မိကြ၏။

သူတို့သည် တစ်ယောက်ကိုတစ်ယောက်ကြည့်၍ ရှက်စနိုးနှင့် ပြုံးလိုက်ကြလေသည်။ လုရီက ...

"ကျုပ် ခါးပိုက်နှိုက်ခံရတာကို ညီမမြင်ပေမယ့် ကျုပ်က လုံးဝသတိမထားမိလိုက်ဘူး၊ အတော်ကို ရှက်ဖို့ကောင်းတာပဲ"

ဟု ပြော၏။

ဝမ်လိန်က ...

"ရှင် ခါးပိုက်နှိုက်ခံရတော့ တည်းခိုခန်းမှာ ရှင့်ရဲ့ပစ္စည်းတွေကို ထားပစ်ခဲ့ရတယ် မဟုတ်လားရှင့်"

www.burmeseclassic.com

www.burmeseclassic.com



လုရိက ...

"ဟုတ်ပါတယ်၊ ကျုပ်ဖြစ်ပျက်ခဲ့တဲ့ကိစ္စတွေကို ညီမ သိနေတယ်နော်"

အံ့ဩသည့်လေသံဖြင့် မေးလိုက်သည်။

ဝမ်လိန်က ...

"သိတာပေါ့ရှင်၊ ကျွန်မက ရှင့်ကို ကူညီဖို့ ကြိုးစားခဲ့တာပါ။ ဒါ ရှင့်ရဲ့ ပိုက်ဆံအိတ်မဟုတ်လား"

ပြောပြောဆိုဆို ပိုက်ဆံအိတ်တစ်လုံးထုတ်ပေး၏။ ထိုပိုက်ဆံအိတ်ကလေးကိုမြင်လျှင် လုရိ မယုံနိုင်အောင်ဖြစ်သွားပြီး ...

"ဒါ ကျုပ်ရဲ့ ပိုက်ဆံအိတ်ပါလား။ ညီမဆီကို ဘယ်လိုလုပ်ရောက်နေတာလဲ"

ဟု တအံ့တဩ ရေရွတ်လိုက်သည်။

ဝမ်လိန် နှုတ်ခမ်းစူလိုက်လေသည်။

"ဘာလဲ၊ ကျွန်မက ရှင့်ရဲ့ ပိုက်ဆံအိတ်ကို နှိုက်ယူထားတယ်လို့များ ထင်သလား"

ဟု ရန်တွေ့လိုက်လေသည်။

လုရိက ကပျာကယာ တောင်းပန်လိုက်လေသည်။



"ကျုပ်က ဒီလိုပြောတာ မဟုတ်ပါဘူး၊ ကျုပ် ပြောမှားဆိုမှားရှိရင် ခွင့်လွှတ်ပါ"

ဝမ်လိန်က ပြုံးလိုက်လေသည်။

"ကျွန်မက ခွေးလေးဆိုတဲ့ ခါးပိုက်နှိုက်နောက်ကို လိုက်သွားပြီး ရှင့်ရဲ့ ပိုက်ဆံအိတ်ကို ပြန်ယူလာခဲ့တာရှင့်၊ ရှင့်ရဲ့ ပိုက်ဆံတွေ ပြည့်မပြည့် စစ်ကြည့်လိုက်ပါဦး"

လုရိက ...

"ညီမရယ် ... ဘာကြောင့် ခါးပိုက်နှိုက်နောက်ကို လိုက်ရတာလဲ၊ အန္တရာယ်များပါတယ်၊ ကျုပ်ရဲ့ငွေတွေဆုံးလည်း အရေးမကြီးပါဘူး"

ဟု စိုးရိမ်သောလေသံဖြင့် ပြောလိုက်၏။

ဝမ်လိန်က ကျေနပ်သွားလေသည်။

"ကဲပါ ... ငွေတွေစုံမစုံ စစ်ကြည့်ပါဦး"

လုရိက ...

"ဟုတ်ကဲ့ပါဗျာ"

ပိုက်ဆံအိတ်ကိုဖွင့်၍ စစ်ဆေးကြည့်၏။ သူက ငွေလှူဖက်မှတ်ထက် ရှောင်ဖုံးပေးလိုက်သည့်စာကို အရေးတကြီး ရှာဖွေခြင်း

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်။

ထိုစာပျောက်မသွားသလို ငွေများလည်း တစ်ပြားတစ်ချပ်မှ မလျော့ဘဲ ရှိနေသည်ကို တွေ့ရသည်။

လုရီ ဝမ်းသာမိသည်။

"ကျေးဇူးပဲ ညီမရယ်၊ ငွေက အရေးမကြီးဘူး၊ ဒီစာကသာ အရေးကြီးတာပါ"

ဝမ်လိန်က ...

"ရှင့်ရဲ့စာကို ကျွန်မ တွေ့ပါတယ်၊ ချိတ်ပိတ်ထားတာပဲ မဟုတ်လား၊ ကျွန်မ ဖောက်ဖတ်မကြည့်ပါဘူးရှင်"

"ညီမကို ဖောက်ဖတ်ကြည့်တယ်လို့ ကျုပ်က ပြောတာ မဟုတ်ပါဘူး၊ ကျုပ်အတွက် အရေးကြီးတဲ့စာမို့ ပြောတာပါ"

သူမ စိတ်ဝင်စားသွားလေသည်။

"ဘာစာများမို့လဲ"

ဟု လွှတ်ခနဲ မေးလိုက်လေသည်။

လုရီက ...

"ကျုပ်ရဲ့ဆရာက သူ့မိတ်ဆွေဆီမှာ သိုင်းပညာဆက်သင်ဖို့ ရေးပေးတဲ့ မိတ်ဆက်စာပါဗျာ"



"ဪ"

သူမက ဦးခေါင်းတဆတ်ဆတ်ညိတ်လိုက်၍ ...

"ရှင့်ရဲ့ဆရာက ဘယ်သူလဲ"

ဟု မေးပြန်သည်။

သူမသည် လုရီနှင့်ပတ်သက်၍ စိတ်ဝင်စားမှုရှိသည်မှာ အထင်အရှားပေါ်လွင်နေသည်။ ဟန်ဆောင်၍ပင် မရနိုင်တော့ပေ။

သူက ...

"ကျုပ်ရဲ့ဆရာက ရှောင်မိသားစုခြံဝင်းက ရွှေလက်ဝါးရှင် ရှောင်ဖုံးပါ"

ဟု ပြောပြလိုက်လေသည်။

ဝမ်လိန်က သိုင်းလောကနှင့် ကင်းကွာနေသူ မဟုတ်ပါ။ ဝမ်မိသားစုကျေးရွာသည် သိုင်းလောကနှင့် အဆက်အသွယ်ရှိပြီး ဝမ်လိန်က ဦးရီးဝမ်လုံနှင့်လည်းကောင်း၊ အထိန်းတော်ကြီး ကျူခန်နှင့်လည်းကောင်း သိုင်းလောကသို့ မကြာခဏလိုက်ပါလာခဲ့လေရာ သိုင်းလောကမှ ထင်းရှားသော သိုင်းအဖွဲ့တို့နှင့် သိုင်းသမားများ အကြောင်းကို သူမ သိရှိနေခြင်းဖြစ်ပေတော့သည်။

ဝမ်လိန်က ...

www.burmeseclassic.com

www.burmeseclassic.com



"ရှင်ပြောတာ ထိုက်ယန်မြို့က သိုင်းဆရာကြီး ရှောင်ဖုံး မဟုတ်လား။ သူ့မှာ သိပ်ပြီးချောမောလှပတဲ့ ပင်တိုင်စံသမီးတော် လေးတစ်ပါး ရှိတယ်လေ၊ ဟုတ်ရဲ့လားရှင်"

လုရီ ပိုပြီး အံ့သြသွားလေသည်။

"လက်စသတ်တော့ ညီမက ဆရာကြီးရှောင်ဖုံးကို သိနေ တာကိုး"

ဝမ်လိန် ရယ်မောလိုက်လေသည်။

"ကျွန်မ သိချင်လို့ သိနေတာ မဟုတ်ပါဘူး၊ သခင်မလေး ရှောင်မေကြောင့်ပါ"

လုရီက ...

"ညီမနဲ့သခင်မလေးရှောင်မေတို့က သိကျွမ်းနေကြတယ် ဟုတ်လား"

ဝမ်လိန် ခေါင်းခါယမ်းလိုက်လေသည်။

"ကျွန်မတို့ တစ်ခါမှ မတွေ့ဖူးကြပါဘူးရှင်၊ သခင်မလေး ရှောင်မေကို တွေ့ဖူးတဲ့လူ သိုင်းလောကမှာ ခပ်ရှားရှားပဲ၊ ဒါကြောင့် ရှောင်မေဟာ နာမည်ကျော်နေတာပေါ့"

လုရီ တွေဝေသွားလေသည်။



ဝမ်လိန်က ဆက်ပြောလိုက်သည်။

"ရှောင်ဖုံးဟာ ရှောင်မေကို သိပ်ချစ်တယ်၊ ဒါကြောင့် အတင်းအကျပ် ချုပ်ချယ်ထားခဲ့တယ်၊ ရှောင်မေဟာ မြေမနင်း မင်း သမီးလေးလို ဖြစ်ခဲ့ရတယ်၊ သူ့ကို မမြင်ဘူးကြပေမယ့် သိပ်ချော သိပ်လှတယ်လို့ သိုင်းလောကက လူငယ်လူရွယ်တွေဆိုတာ ရေ တွက်လို့ မကုန်နိုင်ဘူးရှင့်"

လုရီ ပါးစပ်အဟောင်းသား ဖြစ်သွားပြီး ...

"ဒီလောက်တောင်ပဲလားဗျာ"

ဟု ရေရွတ်လိုက်မိလေသည်။ သူ၏အမူအရာကြောင့် ဝမ်လိန် ရယ်မောလိုက်လေသည်။ တစ်ဖန် ...

"ကျွန်မပြောတာထက်တောင် ပိုသေးတယ်၊ ဒါပေမဲ့ ဘယ် သူကမှ ရှောင်မေကို တွေ့ခွင့်ရအောင် မကြိုးစားရဲကြဘူး။ ဆရာကြီး ရှောင်ဖုံးဟာ သမီးနဲ့ပတ်သက်ရင် သိပ်ကိုသဝန်တိုတာ၊ သွားပြီး နှောင့်ယှက်ရင် ဘယ်သူ့ကိုမှ ချမ်းသာပေးမှာ မဟုတ်ဘူး၊ သူ့ရဲ့ ရွှေလက်ဝါးသိုင်းဟာ ပြိုင်ဘက်ကင်းတာကြောင့် သူ့ကိုကြောက်ပြီး ရှောင်မေကို တွေ့ချင်ကြပေမယ့် ဝေးဝေးက ရှောင်ရှားနေကြရတာ ပေါ့"

www.burmeseclassic.com

www.burmeseclassic.com



လုရီက …

“အတော်ကို အံ့ဩစရာကောင်းတယ်၊ ဒါတွေကို ကျုပ် မသိခဲ့ဘူး”

ဟု ညည်းတွားလိုက်သည်။

ဝမ်လိန်က …

“သိုင်းလောကမှာ ပို့တိုင်းကြိုက်တဲ့ နှင်းဆီခိုင်ဖြစ်နေတဲ့ လှူငယ်လှူရွယ်တွေတောင်မှ အနားမကပ်နိုင်တာရှင်”

လုရီက …

“မဟုတ်သေးဘူး၊ ကျုပ်က ရှောင်မေကို သာမန်မိန်းကလေးတစ်ယောက်လို ကိုယ့်ညီမလေးတစ်ယောက်လိုပဲ သဘောထားခဲ့တာ”

သူ၏စကားကြောင့် ဝမ်လိန် မျက်မှောင်ကုတ်သွားလေ၏။

လုရီအား ခြေဆုံးခေါင်းဆုံး အကဲခတ်ကြည့်လိုက်ပြီး …

“နေပါဦး၊ ရှင်က ရှောင်မေကို တွေ့ဖူးတယ် ဟုတ်လား”

ဟု မေးလိုက်လေသည်။

လုရီ ခေါင်းညိတ်လိုက်လေသည်။

“တွေ့ဖူးရုံတင် ဘယ်ကမလဲ”



ဟု ပြောလိုက်လေသည်။

ဝမ်လိန်က …

“ဒါဖြင့် ရှင်တို့ ဘယ်လိုပတ်သက်ခဲ့သလဲဆိုတာ ပြောပြပါလားရှင်”

သူမက မသိမသာ စကားနှိုက်ထုတ်လိုက်ခြင်း ဖြစ်သည်။

လုရီက …

“ပြောရမှာ အတော်ခက်ပါတယ်၊ ဘယ်လိုမှ မမျှော်လင့်တဲ့ အခြေအနေမျိုးနဲ့ ကြုံခဲ့ရတာပါ”

ဟု အစချီကာ ဖခင်ကွယ်လွန်သွား၍ ရှောင်ဖုံးထံသို့ အားကိုးတကြီး ရောက်လာပုံမှ အစပြု နောက်ဆုံးကျောင်းဟုန်မြို့သို့ ရောက်လာရသည်အထိ ရှင်းပြလိုက်သည်။

ဝမ်လိန်သည် ကြားဖြတ်မေးခြင်း၊ ဝင်ပြောခြင်း မပြုဘဲ ငြိမ်သက်စွာ နားထောင်နေ၏။

လုရီစကား ဆုံးတော့မှ …

“လက်စသတ်တော့ ရှင်က လောကပေါ်မှာ ကံအကောင်းဆုံးလူ ဖြစ်နေတာကိုး”

ဟု ပြော၏။

www.burmeseclassic.com

www.burmeseclassic.com



"ဗျာ"

သူ ကြောင်အမ်းအမ်း ဖြစ်သွား၏။

သူမက ...

"ဘာလဲ ... ကျွန်မပြောတာ မဟုတ်လို့လား"

"ကျူပ်က"

"ရှင်က ရှောင်မေနဲ့ လက်ထပ်ရမယ့်လူဆိုတော့ ကံကောင်းဆုံး လူပေါ့ရှင်"

သူမ၏စကားတွင် မကျေနပ်သည့်အသံ စွက်နေသည်။

သူ ခေါင်းခါသည်။

"မဟုတ်တာပဲ၊ ကျူပ်က ဘာလို့လက်ထပ်ရမှာလဲ"

"ဘာရှင့်"

သူ၏စကားကြောင့် ဝမ်လိန် အံ့သြသွားသည်။

လုရှီ၏အဖြစ်ကို သိရပြီး ရှောင်မေနှင့် လက်ထပ်ပေးရန် ရှောင်ဖုံးက စီစဉ်ထားမှန်း သိလိုက်ရသည့်အခါ သူမရင်ထဲ၌ မကျေနပ်ဖြစ်လာသလို ဒေါသလည်း ထွက်လာ၏။

သို့သော် လုရှီဆက်ပြောလိုက်သောစကားကြောင့် အံ့သြရခြင်း ဖြစ်ပေသည်။



လုရှီက ...

"ကျူပ်က ရှောင်မေကို ညီမလေးတစ်ယောက်လို သဘောထားတာပါ။ သူ့ကို လက်ထပ်မှာ မဟုတ်ပါဘူး"

ဟု ထပ်ပြော၏။

သူမ နှာခေါင်းရှုံ့ပြီး ...

"ရှင်က ရှောင်မေကို လက်ထပ်မှာမို့ ရှောင်ဖုံးခိုင်းတဲ့အတိုင်း ပညာဆက်သင်ဖို့ ဒီမြို့ကို လာခဲ့တာ မဟုတ်လား"

လုရှီက ...

"ကျူပ်က သူတို့နဲ့ ဝေးအောင် တမင်ထွက်လာတာပါ"

ဝမ်လိန်က ...

"ရှောင်ဖုံးက အတင်းအကျပ် စီစဉ်မယ်ဆိုရင်ရော"

"ကျူပ် ထွက်ပြေးမှာပေါ့"

သူ၏စကားကြောင့် ဝမ်လိန်၏ရင်ထဲ၌ မကျေနပ်သည့်စိတ်များ ပျောက်ကွယ်သွားပြီး ခစ်ခနဲ ရယ်မိသည်။

သူက ...

"ရှောင်မေကို ကျူပ်က ကိုယ့်ညီမလေးလိုပဲ သဘောထားပါတယ်၊ သူက ကျူပ်ကို လက်ထပ်ပေးမယ် ပြောတော့ ဆရာတော်ကို

www.burmeseclassic.com

www.burmeseclassic.com



အံ့ဩရအောင် ငြင်းမရလို့သာ ခေါင်းညိတ်လိုက်ရပေမယ့် ကျုပ်က ထွက်ပြေးဖို့ စိတ်ကူးပြီးသားပါ"

သူမက ရယ်မောလိုက်ပြီး ...

"နေပါဦး ... ရှင်က ဒီလောက် သတင်းကြီးနေတဲ့ ရှောင်မေကို လက်မထပ်နိုင်တာ ဘာသဘောလဲ၊ ရှင့်မှာ ချစ်သူများ ရှိနေလို့လား"

ဟု မေးလိုက်၏။

သူက ...

"ဟာ ... မဟုတ်တာ၊ ဘယ်က ချစ်သူမှ မရှိပါဘူးဗျာ၊ အိမ်ထောင်ပြုတယ်ဆိုတာ လွယ်တဲ့ကိစ္စမှ မဟုတ်ဘဲ၊ ကိုယ့်ရဲ့ သဘောမပါဘဲ သူတစ်ပါး စီစဉ်သမျှ နာခံရတဲ့ အိမ်ထောင်ရေးဟာ ဘယ်လိုလုပ် သာယာနိုင်မှာလဲ၊ မေတ္တာမပါရင် အလကားပဲ မဟုတ်လားဗျာ"

သူမ သက်ပြင်းချလိုက်သည်။

သူမကိုယ်တိုင်လည်း မေတ္တာမပါသော အိမ်ထောင်ရေးကို မလိုလားသဖြင့် အိမ်မှ ထွက်ပြေးလာခဲ့သည်မဟုတ်လား။

သူက .



"ကျုပ်ဟာ သိုင်းသမားတစ်ယောက်ဖြစ်လာအောင် ကြိုးစားပြီး အမျိုးအကျိုး၊ သိုင်းလောကအကျိုး ဆောင်ရွက်ရမယ်လို့ ဖေဖေ မကွယ်လွန်မီ မှာကြားသွားခဲ့တယ်၊ ဖေဖေ့ရဲ့ဆန္ဒအတိုင်း ဖြစ်မြောက်အောင် ကြိုးစားဆောင်ရွက်သွားဖို့ ကျုပ် ဆုံးဖြတ်ထားပါတယ်၊ ဆရာကြီး ရှောင်ဖုံးရဲ့ ကျေးဇူးရှိပေမယ့် သိုင်းပညာသင်ပြီးရင်တော့ ကျုပ်က ထိုက်ယန်မြို့ကို ပြန်တော့မှာ မဟုတ်ပါဘူး"

ဝမ်လိန်က ...

"ရှင် သေချာရဲ့လား"

"ကျုပ် ဆုံးဖြတ်ပြီးပါပြီ"

ဟု ပြတ်သားစွာ ပြောလိုက်၏။ သူမ သက်ပြင်းချလိုက်၏။

"ရှောင်ဖုံးက သူ့ကို အရှက်ခွဲတယ်ဆိုပြီး ရှင့်ကို ဒုက္ခပေးမယ်ဆိုရင်ရော"

ဟု မေးလိုက်၏။ လုရှီက အနည်းငယ် စဉ်းစားလိုက်ပြီး

"ဒီလိုလုပ်မယ်လို့ ကျုပ်တော့ မထင်ဘူး"

သူမက ...

"ဘာဖြစ်လို့လဲ"

သူက ...

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်က လူကဲမခတ်တတ်ပါဘူး၊ ဒါပေမဲ့ ... ဆရာကြီး ရှောင်ဖုံးဟာ သူ့သမီးနဲ့ လက်ထပ်ပေးမယ်လို့ ပြောပေမယ့် သူ့အမူအရာနဲ့ စကားသံက အသက်မပါသလို ဖြစ်နေတယ်၊ တကယ်ဆိုရင် ကျုပ်ကို ဒီလောက်ဇေးတွဲနေရာကို တစ်ယောက်တည်း ဘယ်လွှတ်သင့်ပါ့မလဲ၊ သူ့မှာ အကြောင်းတစ်ခုခုတော့ ရှိနေမယ်လို့ ကျုပ်ထင်မိတယ်၊ ဘာပဲဖြစ်ဖြစ်လေ ရှောင်ခြံနဲ့ ဝေးရင်ပြီးရောဆိုပြီး ကျုပ်ထွက်လာခဲ့တာ၊ ကျုပ်အဖေဆန္ဒအတိုင်း ဖြစ်အောင်လုပ်ဖို့သွားတာ၊ မိန်းမယူဖို့မှ မဟုတ်ဘဲ"

ဝမ်လိန် မျက်မှောင်ကုတ်သွား၏။ သူမသည် အကင်းပါးသူပီပီ သူ၏စကားထဲ၌ ထူးခြားမှုများ ပါရှိနေသည်ကို သတိပြုမိသည်။ သူမ အနည်းငယ် စဉ်းစားလိုက်ပြီး ...

"ကျူးထင်းဆိုတဲ့ နာမည်ကို ထင်ရှားတဲ့ သိုင်းသမားတွေထဲမှာတော့ ကျွန်မ မကြားဖူးဘူး၊ ထိပ်သီးလူဆိုးတွေရဲ့စာရင်းထဲမှာတော့ ပါနေတယ်ရှင့်၊ ရှောင်ဖုံးက တကယ်တမ်းသာ ရှင့်ကို သားမက်တော်ချင်ရင် သူ့အနားမှာပဲထားပြီး ပြိုင်ဖက်ကင်းတဲ့ သူ့ရဲ့ရွှေလက်ဝါးသိုင်းကို သင်ပေးသင့်တာပေါ့"

ဟု ပြောလိုက်၏။ လုရီက ...



"ကျုပ်တော့ မထင်ပါဘူးဗျာ၊ အိမ်ထိန်းကြီး ချိုထင်းက ရှောင်မေနဲ့မပတ်သက်ဘဲ ခပ်ကင်းကင်းနေဖို့ ပတ်သက်မိရင် ဒုက္ခရောက်မယ်လို့ မကြာခဏ သတိပေးနေတာပဲ၊ ဆရာကြီးရှောင်ဖုံးက သူ့သမီးနဲ့ လက်ထပ်ပေးမယ်ပြောတာ ဘယ်လိုမှ မယုံနိုင်စရာပဲ၊ ကျုပ်ကို လှည့်စားပြီး ပ,ထုတ်လိုက်တာဖြစ်မှာပါ"

ဝမ်လိန်က ...

"ရှင်မဆိုးဘူး၊ ရှောင်ဖုံးဟာ ရှင့်ကို သူ့သမီးနဲ့ တူတယ်၊ တန်တယ်လို့ ထင်မှာမဟုတ်ဘူး၊ ရှင့်ကို တစ်ဖက်လှည့်နဲ့ ပ,ထုတ်လိုက်တာ သေချာနေပြီ၊ ကဲ ရှင် ဘယ်လိုခံစားရသလဲ ပြောစမ်းပါဦး ရှင်"

သူ ရယ်လိုက်သည်။

"ဟဲ့ ဟဲ့ ဒါအမှန်ပဲဆိုရင် ကျုပ်က သိပ်ဝမ်းသာတာပေါ့ဗျာ၊ ကျုပ်လောက်ပျော်တဲ့လူ လောကမှာ ရှိမှာမဟုတ်ဘူး"

သူ၏စကားကြောင့် ဝမ်လိန်လည်း ရယ်မိ၏။

သူတို့နှစ်ဦးသည် ရင်းနှီးမှု ရှိလာကြ၏။

ဝမ်လိန်မှာ စိတ်ထားဖြူစင်သည့် သူ့အပေါ် ငိုရှိုင်းသော နွဲ့ တွယ်လာ၏။

www.burmeseclassic.com

www.burmeseclassic.com



သူမသည် လုရီအား အကဲခတ်ကြည့်လိုက်ပြီး ...

"အင်း ... သူက ရိုးသားတော့ ရှောင်ဖုံးရဲ့အကြံကို ဘယ်ရိပ်မိနိုင်ပါ့မလဲလေ၊ သူ့ကို ပထုတ်လိုက်တာ ကောင်းတဲ့အကြံ မဖြစ်နိုင်ဘူး၊ ကျူထင်းဆိုတဲ့လူဟာ ငါကြားဖူးတဲ့ လူဆိုးကြီးများ ဖြစ်နေမလား"

ဟု စိတ်ထဲတွေးလိုက်မိ၏။ လုရီက ...

"ကျုပ်ကို ကူညီတဲ့အတွက် ကျေးဇူးတင်ပါတယ်ဗျာ၊ ဒီစာသာမရှိရင် ဘာဆက်လုပ်ရမှန်းတောင် မသိတော့ဘူး'

ဟု ချိတ်ပိတ်ထားသော စာကိုပြ၍ ပြောလိုက်၏။

ဝမ်လိန်က ...

"ဒီစာကို ရှောင်ဖုံးက ပေးလိုက်တာ ဟုတ်လား"

"ဟုတ်ပါတယ်ဗျာ"

"ကျွန်မကြည့်လို့ မရဘူးလားဟင်"

"ဟာ ... မလုပ်ပါနဲ့၊ ကျုပ် တောင်းပန်ပါတယ်၊ ဘယ်လိုအကြောင်းနဲ့မှ ဖောက်ဖတ်ခြင်း မပြုရဘူး၊ ကျူထင်းလက်ထဲ ဘယ်လိုရောက်အောင် သွားပေးရမယ်လို့ ဆရာကြီးရှောင်ဖုံးက မှာလိုက်ပါတယ်"



သူ တောင်းပန်လိုက်၏။ သူမ သက်ပြင်းချလိုက်သည်။

"ဟုတ်ပါပြီ၊ ဒီစာဟာ သူ့ဒုက္ခရောက်စေမယ့် စာဆိုတာ သူ မသိသေးဘဲကိုး"

သူမ တွေးတောနေစဉ် ...

"ဟော ... ကျူထင်းအိမ်က ခါးကုန်းကြီးတောင်လာနေပြီ"

လုရီ၏အသံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရ၏။

သူမ လှမ်းကြည့်လိုက်ရာ ခပ်သွက်သွက် လှမ်းလာနေသည့် ခါးကုန်းကြီးတစ်ယောက်ကို တွေ့လိုက်ရ၏။ ဝမ်လိန်က ...

"ကဲ ... ကျွန်မသွားတော့မယ်၊ နောက်မှ တွေ့ကြသေးတာပေါ့"

ပြောပြီး လှည့်ထွက်သွား၏။

"ညီမ ... နေပါဦး"

သူက ဟန့်တားသော်လည်း မရတော့။

ဝမ်လိန်ထွက်သွားပြီး မကြာခင် ခါးကုန်းကြီး ရောက်ရှိလာ၏။

***

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၃)

ခါးကုန်းကြီးသည် လုရီအနီးသို့ ရောက်ရှိလာသည်။

လှမ်းထွက်သွားသည့် ဝမ်လိန်ကို ကြည့်ပြီး …

“မင်းက ဘယ်သူနဲ့ စကားပြောနေတာလဲ”

ဟု မေး၏။ လုရီက …

“ကျွန်တော့်မိတ်ဆွေတစ်ဦးပါ”

“ဘာ … မင်းမိတ်ဆွေ ဟုတ်လား၊ မင်းမိတ်ဆွေက ဒီမြို့မှာ ရှိနေတယ် ဟုတ်လား”

သူက စိတ်လှုပ်ရှားသလို မေးလာသည်။

လုရီ ခေါင်းခါလိုက်၏။

“ဒီမြို့က မဟုတ်ပါဘူး၊ ဟန်ကျုံးမြို့မှာ တွေ့ခဲ့တာပါ၊ ကျွန်တော့်ငွေတွေ ခါးပိုက်နှိုက်ခံရတာကို သူတွေ့လို့ ခါးပိုက်နှိုက်ဆီက ပြန်ယူလာပြီး လာပေးတာပါ”



သူက မယုံသင်္ကာဖြစ်လာ၏။

“မင်းပြောတာ ယုံနိုင်စရာမရှိပါဘူး၊ ထားပါတော့လေ အစ်ကိုကြီးကို ငါပြောပြီးပြီ၊ မင်းကိုခေါ်လာခဲ့လို့ ပြောတယ်”

“ဟင် … တကယ်လားဗျာ”

လုရီ ဝမ်းသာသွား၏။ လက်ထဲမှစာကို ထောင်ပြပြီး …

“ကျွန်တော် ပျောက်သွားတဲ့စာကို ပြန်ရပြီဗျ၊ ဟောဒီမှာလေ၊ ဒါဟာ ဆရာကြီးရှောင်ဖုံး ရေးပေးလိုက်တဲ့မိတ်ဆက်စာပဲ”

သူက …

“အော် … မိတ်ဆက်စာကို ပြန်ရပြီကိုး၊ ကောင်းပြီလေ အစ်ကိုကြီးနဲ့တွေ့ရင် ပေးလိုက်ပေါ့”

“ဟုတ်ကဲ့”

“ကဲ … လာ ကျုပ်နောက်လိုက်ခဲ့”

“ကောင်းပါပြီခင်ဗျာ”

လုရီသည် ခါးကုန်းကြီး ခေါ်ရာနောက်သို့ လိုက်ပါသွားလေသည်။

စိတ်ပျက်စရာကောင်းလှသော မြို့ဝင်းဆီသို့ လုရီ ဒုတိယအကြိမ် ရောက်ရှိသွားပြီဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



အိမ်ထဲ၌ ကျူးထင်းက အသင့်စောင့်နေသည်ကို တွေ့ရ၏။

ခါးကုန်းကြီးက ...

"လုရီကို ခေါ်လာပါပြီ အစ်ကိုကြီး"

ဦးညွှတ်၍ပြောသည်။

ကျူးထင်းက ...

"မင်းကို ကျုပ်က လက်မခံဘဲ မောင်းထုတ်လိုက်လို့ မင်း ဒုက္ခရောက်နေတယ်ဆိုတာ တကယ်ပဲလား"

ဟု မေး၏။

လုရီ ခေါင်းညိတ်၏။

"ဟုတ်ပါတယ်ခင်ဗျာ"

ကျူးထင်းက ...

"ဒါဖြင့် ဆရာကြီးရှောင်ဖုံးက ကျုပ်ဆီကိုလာဖို့ မင်းကို လွှတ်လိုက်တာ အမှန်ပဲပေါ့"

"အမှန်ပါပဲခင်ဗျာ၊ ကျွန်တော် လိမ်မပြောပါဘူး၊ ဟောဒီမှာ မိတ်ဆက်စာကို ပြန်ရလာပါပြီ"

ရှောင်ဖုံးပေးလိုက်သည့် မိတ်ဆက်စာကိုထုတ်ယူ၍ ပေး၏။

ကျူးထင်းက စာကို ယူလိုက်၏။



လုရီကို တစ်ချက်ကြည့်ပြီးမှ ဖောက်ဖတ်လိုက်၏။

လုရီက မလှုပ်မယှက် ရပ်နေ၏။

ကျူးထင်းသည် စာဖတ်ပြီး မျက်မှောင်ကုတ်၍ လုရီကို လှမ်းကြည့်သည်။

လုရီ ပြုံးပြလိုက်၏။

ကျူးထင်းက ခါးကုန်းကြီးထံ စာလှမ်းပေး၏။

"ဖတ်ကြည့်စမ်းပါဦး"

ခါးကုန်းကြီးက ယူဖတ်လိုက်၏။

တစ်လုံးသာရှိသော သူ၏မျက်ဝန်းအစုံမှာ အရောင်တဖိတ်ဖိတ် တောက်ပလာသည်။

ကျူးထင်းကို ကြည့်လိုက်ပြီး ...

"အစ်ကိုကြီး ထင်တဲ့အတိုင်း ဖြစ်နေပြီ"

ဟု ပြောလိုက်၏။

ကျူးထင်းက ...

"ရှောင်ဖုံးဟာ မြေခွေးတစ်ကောင်ပဲ"

"သူက ဓားငှက်လိုက်တာ အစ်ကိုကြီး ဘယ်လိုသဘောရသလဲ"

www.burmeseclassic.com

www.burmeseclassic.com



"သူ့စာထဲမှာ ရေးထားတာ ရှင်းနေတာပဲ"

"ဒါတော့ ကျုပ်တို့ကို အကျပ်ကိုင်တာပဲ၊ ကျုပ်တို့ရဲ့အား နည်းချက်ကို သိထားလို့ မကြာခဏအကျပ်ကိုင်ပြီး သူ့စိတ်တိုင်းကျ ခိုင်းနေမယ်ဆိုရင် ဘယ်လိုလုပ်မလဲ"

သူတို့နှစ်ယောက် တစ်ယောက်တစ်ခွန်း စကားပြောနေ သည်ကို လုရှိက ကြောင်အမ်းအမ်းဖြင့် နားထောင်နေ၏။

ကျူးထင်းတို့သည် အတန်ကြာအောင် တစ်ယောက်တစ် ခွန်း ပြောလိုက်ပြီးမှ ရပ်တန့်လိုက်၏။

လုရှိအား လှည့်ကြည့်လိုက်၏။

လုရှိက ပြုံးပြလိုက်၏။

သို့သော် ...

အေးတိအေးစက်နိုင်သော ကျူးထင်းနှင့် ခါးကုန်းကြီး၏ အကြည့်ကြောင့် ကျောချမ်းသွားရသည်။

ခါးကုန်းကြီးက ...

"အစ်ကိုကြီး ... ကျုပ်တို့ ဘယ်လိုလုပ်မလဲ"

ဟု ကျူးထင်းကို မေးလိုက်၏။

ကျူးထင်း သက်ပြင်းချလိုက်ပြီး ...



"ဒါဟာ ကြီးကျယ်တဲ့ကိစ္စတစ်ခုမှမဟုတ်တာ၊ သူပြောတဲ့ အတိုင်း ဆောင်ရွက်ပေးလိုက်တာ အကောင်းဆုံးဖြစ်မယ်"

ခါးကုန်းကြီးက ...

"သူခိုင်းတဲ့အတိုင်း အစ်ကိုကြီး လိုက်လုပ်နေမှာလား"

ဟု မကျေမနပ် ပြောလိုက်သည်။

ကျူးထင်းက ...

"ဒီတစ်ကြိမ်ပေါ့လေ"

"အစ်ကိုကြီး"

"နောက်မှ သူနဲ့ရှင်းတာပေါ့"

ခါးကုန်းကြီး သက်ပြင်းချလိုက်သည်။

"ကောင်းပြီလေ၊ ကျုပ်ပဲ တာဝန်ယူလိုက်မယ်"

ကျူးထင်း ခေါင်းညိတ်လိုက်သည်။

ခါးကုန်းကြီးက လုရှိဘက်လှည့်ကာ ...

"သွားစို့"

ဟု ပြောလိုက်၏။

လုရှိ ကြောင်အမ်းအမ်း ဖြစ်သွား၏။

"ဘယ်ကို သွားရမှာလဲဗျာ"

www.burmeseclassic.com

www.burmeseclassic.com



ဟု မေးလိုက်၏။

ခါးကုန်းကြီးက မျက်နှာထားတင်းတင်းဖြင့် …

"စကားမရှည်နဲ့ ငါ့နောက်လိုက်ခဲ့"

ဟု ငေါက်လိုက်ရာ လုရီ စောဒကမတက်ဝံ့တော့ချေ။

ခါးကုန်းကြီးခေါ်ဆောင်သွားရာနောက်သို့ ခပ်ကုပ်ကုပ်လေး လိုက်ပါသွားသည်။

ကျူးထင်းက မလှုပ်မယှက်ထိုင်ကာ ကျန်ရစ်ခဲ့သည်။

✷

ခါးကုန်းကြီးက ရှေ့မှဦးဆောင်၍သွားသည်။

လုရီက နောက်မှ ကုပ်ကုပ်လေး လိုက်သွားသည်။

သူတို့သည် ခြံဝင်းအနောက်ဘက်သို့ ဦးတည်နေခြင်းဖြစ်သည်။

ခြံအနောက်ဘက်မှ မြက်ပင်ရှည်ကြီးများ ဖုံးကွယ်နေသည်။

ထိုမြက်ပင်များကြားမှ ဖြတ်သွားရခြင်းဖြစ်သည်။

လုရီသည် ပတ်ဝန်းကျင်ကိုကြည့်ကာ စိုးရိမ်ထိတ်လန့်မှုတို့



ဖြစ်ပေါ်လာ၏။ ထို့ကြောင့် …

"ဘယ်ကိုသွားမှာလဲဗျာ"

ဟု မေးလေ၏။

ခါးကုန်းကြီးက လှည့်မကြည့်ဘဲ …

"မဝေးတော့ဘူး ရောက်ရင်သိမှာပေါ့"

ဟုပြောကာ ရှေ့ဆက်လှမ်းသွား၏။

လုရီလည်း လိုက်သွားရလေသည်။

မြက်တောကိုဖြတ်ပြီးသောအခါ သစ်ပင်များ အုံ့အုံ့ဆိုင်းဆိုင်းရှိသော တောင်ကုန်းလေးတစ်ခုသို့ ရောက်လာ၏။

ထိုတောင်ကုန်းလေးသို့ရောက်လျှင် လုရီ ထိတ်လန့်သွားလေသည်။

"ဟာ … သင်္ချိုင်းကုန်းပါလား"

ဟု လွှတ်ခနဲ အော်လိုက်သည်။

"တိတ်တိတ်နေစမ်း"

ခါးကုန်းကြီးက ငေါက်၏။ လုရီက …

"ဦးက"

"ဟော့ကောင် … မင်းပါးစပ်ပိတ်ထားလိုက်"

www.burmeseclassic.com

www.burmeseclassic.com



ခါးကုန်းကြီး၏အသံသည် မှိုးခြိမ်းသံပမာ ကျယ်လောင်စွာ ထွက်ပေါ်လာသည်။

လုရှီသည် ခါးကုန်းကြီးကို မနှစ်မြို့တော့ပါ။

"ကျွန်တော့်သိုင်းပညာ မသင်ပေးရင်နေပါ၊ ကျွန်တော် ပြန်တော့မယ်"

ဟု ပြောလိုက်သည်။

"ဟား ... ဟား ... ဟား"

ခါးကုန်းကြီးက ကျယ်လောင်စွာ ရယ်မောလိုက်သည်။

လုရှီကို စိုက်ကြည့်လိုက်ပြီး ...

"မင်းက သိုင်းပညာသင်ဖို့လာတာ ဟုတ်လား"

"ဟုတ်ပါတယ်ဗျာ"

"နေပါဦး၊ မင်းကို ဘယ်သူက သင်ပေးမှာမို့လဲ"

"ဆရာကြီးကျူးထင်းက သင်မပေးဘူးလား၊ ကျွန်တော့် ဆရာက စာရေးပေးလိုက်တာပဲ"

ခါးကုန်းကြီး ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်၊ မင်းရဲ့ဆရာက စာရေးပေးလိုက်တာ ဟောဒီမှာလေ"



လုရှီယူလာသောစာကို ပြလိုက်သည်။

လုရှီ ခေါင်းညိတ်လိုက်သည်။

"ဆရာရဲ့စာကို ဦးလည်း ဖတ်ပြီးသားပဲဗျာ"

ခါးကုန်းက ...

"ဒါပေါ့၊ ငါဖတ်ပြီးလို့ ပြောနေတာပေါ့၊ မင်းကတော့ မဖတ်ရသေးလို့ ပြောချင်ရာပြောနေတာ မဟုတ်လား"

"ဗျာ"

"မင်းဆရာက ဘာတွေရေးလိုက်သလဲဆိုတာ မင်းသိလား"

ထိုလူက လုရှီကိုကြည့်ကာ မေးလေသည်။

လုရှီက ...

"ဆရာက စာကိုဖောက်မဖတ်ရဘူး၊ ဆရာကြီးကျူးထင်း လက်ထဲကိုရောက်အောင် ထည့်ပေးရမယ်လို့ မှာလိုက်တယ်"

ထိုလူက ...

"သိပ်ကောင်းတာပေါ့၊ ကဲ ... မင်းဆရာရဲ့စာကို ဖတ်ကြည့်ချင်သေးလား"

လုရှီ ခေါင်းခါလိုက်သည်။

"ကျွန်တော် မဖတ်ချင်ပါဘူး"

www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့လဲကွ"

"ကျွန်တော် ဖတ်စရာမလိုဘူး ထင်လို့ပါ"

ထိုလူက ...

"လောကပေါ်မှာ မင်းလောက် ထုံတဲ့လူ ရှိမှာမဟုတ်ဘူး"

သူက ထိုလူအား မကျေမနပ်ဖြင့် ကြည့်လေသည်။

ထိုလူက ...

"ရော့ ... ဖတ်ကြည့်စမ်း၊ မင်းဆရာက မင်းအပေါ် ဘယ်လောက်ချစ်သလဲဆိုတာ သိရလိမ့်မယ်"

ဟု ပြောကာ စာကိုပစ်ပေးလိုက်သည်။

ရှောင်ဖုံး၏စာသည် သူ၏ခြေရင်း၌ ကျရောက်သွား၏။

သူ သက်ပြင်းချလိုက်သည်။

စာကို ကောက်ယူကာ မဖတ်ချင်ဘဲ ဖတ်ကြည့်လေသည်။

ထိုအခါ စာထဲ၌ ...

*ကျူးထင်း ...*

*အခုလာတဲ့လူငယ်ကို သုတ်သင်ပြီး အစဖျောက်လိုက်ပါ။*

*ရှောင်ဖုံး*



ဟု ရေးထားသည်ကို တွေ့ရသည်။

သူ မျက်လုံးပြူးသွား၏။

"ဟာ"

အထိတ်တလန့်အော်မိသည်။

လက်ထဲမှစာသည်လည်း လွတ်ကျသွားသည်။

"ဟား ... ဟား ... ဟား"

ထိုလူက ရယ်မောလေသည်။

လုရိုက မယုံနိုင်အောင် ဖြစ်နေ၏။

"ဒါ ... ဒါ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး"

ဟု ရေရွတ်လိုက်၏။

ခါးကုန်းကြီးက ...

"မင်းဆရာကိုယ်တိုင် ရေးပေးလိုက်တာပဲ၊ ဘာကြောင့် မဖြစ်နိုင်ရမှာလဲကွ"

"ကျွန် ... ကျွန်တော်"

"မင်းပြောပြတဲ့စကားတွေကို ကျုပ်က နားထောင်ပြီး အစ်ကိုကြီးနဲ့ ပြန်တိုင်ပင်ကြည့်ပြီးပြီ၊ ရှောင်ဖုံးဟာ သူ့သမီးကို အရမ်းချစ်တယ်၊ မင်းလို တောသားနဲ့ ဘယ်နည်းနဲ့မှ ပေးစားမှာမဟုတ်ဘူး

www.burmeseclassic.com

www.burmeseclassic.com



မင်းကို တမင် ရှောင်ခြကနေ ပ,ထုတ်လိုက်တာပဲလို့ တွက်မိပြီးပြီ၊ ခုတော့ ကျုပ်တို့ ထင်တဲ့အတိုင်း ဖြစ်နေပြီလေ”

လုရီမှာ ခြေဖျားလက်ဖျား အေးစက်လာ၏။

ရှောင်ဖုံးက သူ့အပေါ် အကောက်ကြံလိုက်ပြီ မဟုတ်ပါလား။

အဘယ်ကြောင့် ပြုလုပ်ရသနည်း။

ရှောင်မေနှင့် မနီးစပ်စေလိုကြောင်း ထင်ရှားပါသည်။

လုရီ ခေါင်းတွင်တွင် ခါယမ်းသည်။

“ကျွန်တော်ကလည်း သူ့သမီးကို မလိုချင်ပါဘူး၊ သူ့ဘာသာခေါ်ပြီး သူ့သမီးနဲ့ လက်ထပ်ပေးမယ်လို့ ပြောတာပါဗျာ”

ဟု ပြောလိုက်၏။

ခါးကုန်းကြီးက ...

“ဒါ မင်းတို့ကိစ္စပဲ ငါမသိဘူး၊ ငါသိတာက”

စကားတစ်ပိုင်းတစ်စဖြင့် ရပ်၍ လုရီအား စိုက်ကြည့်၏။

လုရီ နေရာမရှိအောင် ဖြစ်သွား၏။

ကပျာကယာ နောက်ဆုတ်လိုက်၏။

သူက ...



“ငါတို့လည်း ရှောင်ဖုံးကို သဘောမကျဘူး၊ ဒါပေမဲ့ ငါတို့ရဲ့ နောက်ကြောင်းရာဇဝင်တွေကို သူက သိနေတယ်၊ သူခိုင်းတာမလုပ်ရင် ငါတို့အကြောင်းကို ဖော်ထုတ်လိမ့်မယ်၊ မင်းကြောင့် ငါတို့ ဒုက္ခရောက်ရမှာကို မလိုတော့ မင်းကို ရှင်းပစတ်တာက ပိုမကောင်းဘူးလား”

လုရီက ...

“ကျွန်တော့်ကို သတ်ပစ်မယ် ဟုတ်လား”

“ဒါပေါ့”

“ခင်ဗျား ... ခင်ဗျားတို့ မတရားမလုပ်နဲ့”

လုရီက နောက်ဆုတ်၏။

“မင်းပြေးလို့ မလွတ်ပါဘူး”

ဟု ပြော၍ ရှေ့တိုးလာ၏။

လုရီ အသက်ဘေးနှင့် ကြုံနေရပြီဖြစ်သည်။

သူ့လက်မှ လွတ်ဖို့ မလွယ်တော့ပါ။

သူသည် လုရီအနီးသို့ ရိပ်ခနဲရောက်လာပြီး ...

“သေပေတော့”

ဟု အော်ငေါက်၍ လက်ဝါးဖြင့် ရိုက်ချလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"အောင်မယ်လေး"

လုရီ အထိတ်တလန့်အော်၍ သေရတော့မည်ဟု ယုံကြည်ကာ မျက်လုံးစုံမှိတ်ထားမိသည်။ ထိုစဉ် ...

"လူကြီးက ကလေးတစ်ယောက်ကို အနိုင်ကျင့်နေတာ မရှက်ဘူးလား"

စကားသံတစ်ချက် ထွက်ပေါ်လာသည်ကို ကြားရသည်။

ခါးကုန်းကြီး၏ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါသွားသည်။

လုရီအား ရိုက်ချလိုက်သော လက်ဝါးကို အလျင်အမြန် ပြန်လည်ရုပ်သိမ်း၍ ကပျာကယာ နောက်ဆုတ်၏။

ထို့နောက် ...

"ဘယ်သူလဲ ထွက်ခဲ့စမ်း"

ဟု အော်ငေါက်လိုက်၏။

ထိုအခါ မြက်ပင်ရှည်များကြားမှ ခုန်ထွက်လာသော မိန်းကလေးတစ်ယောက်ကို တွေ့လိုက်ရ၏။

ထိုမိန်းကလေးမှာ ဝမ်လိန်ဖြစ်သည်။

*



လုရီသည် ဝမ်လိန်ကို တွေ့ရသောအခါ ဝမ်းသာမိပြီး ...

"ဝမ်လိန်"

ဟု ခေါ်လိုက်သည်။ ဝမ်လိန်က ...

"ရှင် နောက်ဆုတ်လိုက်ပါ"

ခါးကုန်းကြီးနှင့် ရင်ဆိုင်လိုက်၏။

သူက မကျေမနပ်ဖြင့် ...

"မင်း ဘယ်သူလဲ၊ ဘာကြောင့် ... ကိုယ်နဲ့မဆိုင်တဲ့ကိစ္စထဲ ဝင်ရှုပ်ရတာလဲ၊ ဒုက္ခရောက်ချင်ပြီထင်တယ်"

ငေါက်လိုက်၏။

"ရှင်တို့ မတရားလုပ်ချင်တိုင်း လုပ်လို့မရဘူး၊ သူဟာ ကျွန်မမိတ်ဆွေရှင့်၊ ဘာကြောင့် မပတ်သက်ရမှာလဲ"

ခါးကုန်းကြီးက ...

"မင်း သေချင်နေပြီကိုး၊ ကောင်းပြီ သတိသာထားပေတော့"

စကားဆုံးလျှင် လက်နှစ်ဖက်ဆန့်တန်း၍ စတင်တိုက်ခိုက်လိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဝမ်လိန်ကလည်း ပြန်လည်တိုက်ခိုက်၏။

သချိုင်းမြေထဲ၌ ပြင်းထန်သော တိုက်ပွဲတစ်ခု ဖြစ်ပေါ်လာတော့သည်။

✷

ဝမ်လိန်နှင့်ခါးကုန်းကြီးတို့ သူတစ်ပြန် ကိုယ်တစ်ပြန် တိုက်ခိုက်နေကြ၏။

တိုက်ပွဲမှာ ကြောက်မက်ဖွယ်ကောင်းအောင် ပြင်းထန်၏။

လုရီက တိုက်ပွဲကို ပါးစပ်အဟောင်းသားဖြင့် ကြည့်၏။

သူမသာ ဝင်ကယ်ခြင်းမပြုလျှင် သူသေရမည်မှာ သေချာလှသည်။

သူမသည် သိုင်းပညာမဲ့သော မိန်းကလေးတစ်ဦးဖြစ်နေပါ၏။

ခါးကုန်းကြီးသည် သူမကိုကြည့်ရင်း မျက်မှောင်ကုတ်၏။

"ဒီမိန်းကလေးက ယဲ့ယဲ့ရှယ်ရှယ်နဲ့ သိုင်းပညာထူးချွန်နေပါလား။ မဖြစ်ဘူး သူ့ကို အရင်ရှင်းပစ်ဖို့ ကြိုးစားရမယ်"



တွေး၍ အင်္ကျီလက်အိုးကြား၌ ဝှက်ထားသော ဓားတစ်လက်ကို လျှပ်တစ်ပြက် ထုတ်ယူ၍ တိုက်ခိုက်လိုက်သည်။

သူက လက်နက်အသုံးပြုမည်ဟု ဝမ်လိန် မထင်မိခဲ့ချေ။

ထို့ကြောင့် အငိုက်မိသွားပြီး ...

'ဖွစ်'

"အင့်"

သူမ၏လက်မောင်းတွင် ဓားတစ်ချက် ရှပ်ထိသွား၏။

ဝမ်လိန် ကပျာကယာ နောက်ဆုတ်လိုက်၏။

"ဟား ဟား ဟား"

ခါးကုန်းကြီးက ဟားတိုက်ရယ်မောလိုက်၏။

ထိုစဉ် ...

"ခါးကုန်းကြီး ဘာဖြစ်နေတာလဲ"

အဝေးမှ ကျူးထင်း၏စကားသံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရ၍ ဝမ်လိန် မျက်နှာပျက်သွားသည်။

ကျူးထင်းပါ ရောက်လာပါက အခြေအနေဟန်မည်မဟုတ်ကြောင်း သဘောပေါက်မိ၏။

ထို့ကြောင့် ...

www.burmeseclassic.com

www.burmeseclassic.com



"သတိထား"

မြေပေါ်၌ ကျနေသည့် လက်နက်ပုန်းတစ်ခုကို ကောက်ယူ၍ ပြလိုက်၏။

ကျူးထင်းက ယူ၍စစ်ဆေးကြည့်သည်။

လက်နက်ပုန်းမှာ ခရေပွင့်သဏ္ဍာန်ပြုလုပ်ထားခြင်း ဖြစ်၏။

ကျူးထင်း၏ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါသွားသည်။

"ဒုက္ခပဲ"

ဟု ရေရွတ်၏။ သူ အံ့သြသွားပြီး ...

"ဘာဖြစ်လို့လဲ အစ်ကိုကြီး"

ကျူးထင်းက ...

"ဒီလက်နက်ပုန်းဟာ ဝမ်အမျိုးအနွယ်ကျေးရွာက မှုပိုင်အသုံးပြုတဲ့ လက်နက်ပုန်းပဲ"

ဝမ်အမျိုးအနွယ် ကျေးရွာဟူသော စကားကြောင့် သူ မျက်နှာပျက်သွား၏။ ကျူးထင်းက ...

"ဝမ်ကျေးရွာက လူတစ်ယောက်ဟာ လုရီဆိုတဲ့ ကောင်လေးနဲ့ ပတ်သက်နေပြီး တို့အကြောင်းကိုလည်း သိသွားပြီဆိုတော့ မလွယ်တော့ဘူးကွ"



သူက ...

"ဒါဖြင့် ဘယ်လိုလုပ်မလဲ အစ်ကိုကြီး"

ဟု အလောတကြီး မေး၏။

ကျူးထင်းက ...

"လုရီကို ကယ်သွားတာ မိန်းကလေးတစ်ယောက်တည်းပဲလား၊ တခြား ဘယ်သူပါသေးလဲ"

သူ ခေါင်းခါယမ်း၏။

"ဘယ်သူမှ မတွေ့ဘူး၊ သူတစ်ယောက်တည်းပဲ"

ကျူးထင်းက ...

"ဒါဆို တော်သေးတယ်၊ သူတို့နှစ်ယောက်ကို လိုက်ရှာပြီး သုတ်သင်ပစ်မှဖြစ်မယ်၊ သူတို့ ဘယ်ကိုပြေးလဲ"

"အရှေ့ဘက်ကို ပြေးကြတယ် အစ်ကိုကြီး"

"ကဲ ... ငါတို့ လိုက်သွားကြရအောင်"

"ကောင်းပြီ အစ်ကိုကြီး"

သူတို့နှစ်ယောက်သည် ဝမ်လိန်နှင့်လုရီတို့ ထွက်ပြေးရာ နောက်သို့ တစ်ဟုန်ထိုး ပြေးလိုက်ကြလေသည်။

ဝမ်အမျိုးအနွယ်၏သတင်းကို သူတို့ သိထားကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ဝမ်နှင့် ပြဿနာပေါ်ပေါက်လာလျှင် သူတို့ ဆက်ပြီး ဓာတ်မြှုပ်နေ၍ရတော့မည် မဟုတ်ပါ။

ထို့ကြောင့် သူတို့အကြောင်း မပေါ်ပေါက်ရလေအောင် လုရှီနှင့်ဝမ်လိန်တို့ကို သုတ်သင်ပစ်ရန် သဲကြီးမဲကြီးလိုက်သွားကြခြင်း ဖြစ်ပေသည်။

***



## အခန်း (၂၄)

ရှောင်ခြံဝင်း။

ရှောင်ခြံဝင်းသည် ခါတိုင်းနှင့်မတူဘဲ တိတ်ဆိတ်ခြောက်သွေ့နေသည်မှာ တစ်လခန့်ရှိသွားပြီဖြစ်သည်။

သိုင်းဆရာကြီးရှောင်ဖုံး နေမကောင်းသဖြင့် သိုင်းသင်တန်းကို ပိတ်ထားခြင်းကြောင့် ဖြစ်လေသည်။

သိုင်းသင်တန်းပိတ်ထားရာ ရှောင်မေသည် သီးသန့်ဆောင်အတွင်း၌ နေစရာမလိုတော့ချေ။

သူမသည် ခြံဝင်းအတွင်း၌ လွတ်လပ်စွာ သွားလာနေထိုင်နိုင်ပြီ ဖြစ်သည်။

သို့သော် ...

ရှောင်မေ ပျော်ပိုက်ခြင်းမရှိဘဲ ပို၍ပျင်းရိနေမိလေ၏။

အဘယ်ကြောင့်ဆိုသော် ...

www.burmeseclassic.com

www.burmeseclassic.com



လုရှီနှင့်တင်းတင်းတို့ မရှိတော့ခြင်းကြောင့်ဖြစ်သည်။

ဖခင်ဖြစ်သူလည်း နေမကောင်းသဖြင့် အခန်းတံခါးပိတ်ကာ အနားယူနေ၏။

ရှောင်မေ စကားပြောစရာဟူ၍ အိမ်ထိန်းကြီးချူထင်းနှင့် အလုပ်သမားများသာ ရှိပေသည်။

အလုပ်သမားများနှင့် စကားပြောရလျှင်လည်း သူမကို ကြောက်ရွံ့ရိုသေနေကြသဖြင့် စကားပြော၍ အရသာမတွေ့တော့ချေ။

ထို့ကြောင့် ...

ရှောင်မေသည် ပျင်းရိလာသည်နှင့် အိမ်ထိန်းကြီးထံသို့ သွားရောက် စကားပြောဆိုလေ၏။

ယခုလည်း ချူထင်းအား ခေါ်ယူကာ ဖခင်အကြောင်းကို မေးလေ၏။

"ဦးလေးချူထင်း ... အဖေ့ရဲ့အခြေအနေ ဘယ်လိုရှိသလဲ ပြောစမ်းပါဦး"

ထိုအခါ ..

ချူထင်းက ဦးညွတ်လိုက်၏။



"သခင်ကြီး နေထိုင်မကောင်းဖြစ်နေပေမယ့် မစိုးရိမ်ရပါဘူး။ ပင်ပန်းနွမ်းနယ်မှုကြောင့် ဖြစ်ပေါ်လာရတာပါ။ အနားယူလိုက်ရင် မကြာခင် နေကောင်းသွားမှာပါ သခင်မ"

ရှောင်မေ ပြုံးလိုက်၏။

"ကျွန်မကတော့ ကျွန်မနဲ့ မျက်နှာချင်းမဆိုင်မိအောင် အဖေ တမင်ရှောင်နေတာလို့ ထင်မိတာပဲ"

"ဟာ ... ဒီလိုမဟုတ်ပါဘူး သခင်မလေး"

သူမက ...

"ဦးလေး စဉ်းစားကြည့်လေ၊ အစ်ကိုလုရှီ ခရီးထွက်သွားပြီး နောက်နေ့ကစလို့ အဖေ နေမကောင်းတာပဲ မဟုတ်လား"

ချူထင်း ပါးစပ်ပိတ်ထားလိုက်၏။

သူမက ရယ်မောလိုက်သည်။

"အစ်ကိုလုရှီဟာ ကျေးတောသားတစ်ယောက်ပါ၊ ကျွန်မနဲ့ ဘယ်လိုမှ သဘောမတူနိုင်ဘူးဆိုတာ ကျွန်မ သိပါတယ်"

ချူထင်း မျက်နှာပျက်သွားပြီး ...

"သခင်မလေးရှယ် ... ဒီလိုတော့ မပြောပါနဲ့၊ သခင်ကြီး ဟာ"

www.burmeseclassic.com

www.burmeseclassic.com



သူ၏စကားမဆုံးခင် သူမက လက်ကာပြပြီး ကြားဖြတ်ပြောလေသည်။

"အစ်ကိုလုရီ အဝေးကိုရောက်သွားအောင် အဖေ တမင်စီစဉ်လိုက်တယ်ဆိုတာ ကျွန်မ သိပါတယ်၊ ခုတော့ ... ကျွန်မကိုယ် ကျွန်မလည်း ပြန်ပြီးဆန်းစစ်မိပါပြီ၊ ကျွန်မဟာ သူ့ကို တကယ်လက်ထပ်ချင်တာမှ မဟုတ်ဘဲ"

"ဟင်"

ချိုထင်း အံ့ဩသွားပြီး ...

"သခင်မလေးက လုရီကို လက်မထပ်တော့ဘူး ဟုတ်လား"

"ဟုတ်တယ်"

"သခင်မလေး ဘယ်လိုဖြစ်ရတာလဲဗျာ"

သူမ ပခုံးတွန့်လိုက်လေသည်။

"မပြောတတ်ဘူးလေ၊ ကျွန်မဟာ ဘယ်ယောက်ျားလေးနဲ့မှ မတွေ့ရတာ နှစ်ပေါင်းများစွာ ကြာခဲ့ပြီမဟုတ်လား၊ လုရီကိုတွေ့တော့ သူနဲ့ ရင်းရင်းနှီးနှီးနေလိုက်ရတော့ စိတ်ထဲ သာယာမိသွားတာပေါ့၊ ဒါပေမဲ့ သေသေချာချာ စဉ်းစားကြည့်တော့ လုရီလို ကျေးတောသားတစ်ယောက်ကို ကျွန်မလည်း သဘောမကျနိုင်ပါဘူး"



"ဖြစ်ရလေ သခင်မလေးရယ်"

ချိုထင်း ညည်းတွားလိုက်သည်။

သူမကြောင့် လုရီနှင့်တင်းတင်းတို့ ဒုက္ခရောက်သွားကြပြီဟု နားလည်ထားသည် မဟုတ်ပါလား။

ရှောင်မေက ...

"ကျွန်မလည်း လုရီကို လက်မထပ်ချင်တော့ဘူး ဆိုရင်ရော အဖေဟာ ဘာပြောမလဲဟင်"

ထိုစဉ် ...

"သမီး တကယ်ပြောတာလား"

နောက်ကျောဘက်မှ စကားသံထွက်ပေါ်လာသဖြင့် သူမနှင့် ချိုထင်းတို့ လှည့်ကြည့်လိုက်ရာ ရှောင်ဖုံးရောက်လာသည်ကို တွေ့လိုက်ရသည်။ ရှောင်မေ ပြုံးလိုက်သည်။

"အဖေ နေကောင်းသွားပြီကိုး"

ဟု လှမ်း၍နှုတ်ဆက်လိုက်သည်။

ရှောင်ဖုံးက အဖြေမပေးဘဲ ...

"သမီး တကယ်ပဲ လုရီကို စိတ်မဝင်စားတော့ဘူး ဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



ဟု မေးလေသည်။

ရှောင်မေက ...

"ဟုတ်တယ် အဖေ၊ သမီး သေသေချာချာ စဉ်းစားပြီးပြီ၊ သူ့လို ကျေးတောသားတစ်ယောက်ကို သမီး လက်မထပ်နိုင်ဘူး"

"ဝမ်းသာလိုက်တာ သမီးရယ်"

ရှောင်ဖုံး လှိုက်လှိုက်လှဲလှဲ ပြောလေသည်။

ရှောင်မေက ...

"သမီး နားလည်ပါပြီ အဖေ၊ တကယ်တော့ သမီးမှာ ဖြစ်ချင်တဲ့ဆန္ဒတစ်ခုတည်းပဲ ရှိပါတယ်"

"ဘာများလဲ သမီးရယ်"

"သမီး လွတ်လွတ်လပ်လပ်နေချင်တယ်၊ အပြင်လောကကို ထွက်ပြီး လည်ပတ်ချင်တယ်၊ ဒါမှမဟုတ်ရင် သမီး ရူးရလိမ့်မယ် အဖေ"

ရှောင်ဖုံး သက်ပြင်းချလိုက်သည်။

"အဖေလည်း သမီးအတွက် အချိန်ယူစဉ်းစားခဲ့ပါတယ်ကွယ်၊ သမီးကိုချစ်လွန်းလို့ ချုပ်ချယ်ထားမိတာ အမှားကြီးမှားနေပြီကို အဖေ နားလည်လာပါပြီ"



"ဟင် ... အဖေ တကယ်ပြောတာလားဟင်"

"တကယ်ပါသမီး"

"ဝမ်းသာလိုက်တာ အဖေရယ်"

ရှောင်မေ လှုပ်လှုပ်ရှားရှား ဖြစ်သွားသည်။

"ဒါ ... ဒါဆို ... သမီးကို အပြင်လောကထွက်ပြီး လည်ပတ်ခွင့် ပြုတော့မှာပေါ့နော်"

ရှောင်ဖုံး ခေါင်းညိတ်လိုက်သည်။

"ဖေဖေ ခွင့်ပြုပါ့မယ်၊ ဒါပေမဲ့ ... သမီး ကတိတစ်ခုတော့ ပေးရလိမ့်မယ်"

"ဟုတ်ကဲ့ ... ပြောပါ ဖေဖေ"

"သမီးဟာ ရှောင်ခြံဝင်း သခင်မလေးလို မသွားရဘူး၊ မထင်မရှား မိန်းကလေးတစ်ယောက်လို သွားရမယ်"

ရှောင်မေက ...

"အို ... ဒီလိုဆို ပိုကောင်းသေးတယ်၊ သမီးကို ရှောင်ခြံက မှန်းသိရင် လူတွေက ဂရုစိုက်နေကြလို့ လွတ်လွတ်လပ်လပ်သွားရမှာ မဟုတ်ဘူး။ သမီး ပိုသဘောကျတယ် ဖေဖေ"

ရှောင်ဖုံး ပြုံးလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမဲ့ ... သမီးတစ်ယောက်တည်း မသွားရဘူး၊ အိမ်ထိန်းကြီး အဖော်ခေါ်သွားရမယ်"

ရှောင်မေက ...

"သမီး သဘောမတူစရာ အကြောင်းမရှိပါဘူး၊ ဖေဖေ ကိုယ်တိုင်လိုက်ပို့ရင် ပိုကောင်းသေးတယ်၊ ဖေဖေ လိုက်ပို့ပါလားဟင်"

ဟု တောင်းပန်လိုက်သည်။

ရှောင်ဖုံး ခေါင်းခါမိသည်။

ထို့နောက် ...

"ဖေဖေလိုက်လို့မဖြစ်ဘူး၊ ဖေဖေ့မှာ အရေးကြီးတဲ့ကိစ္စတွေ ဆောင်ရွက်စရာရှိသေးတယ်၊ ဒါကြောင့် ... အိမ်ထိန်းကြီးနဲ့ သွားပါ၊ သူက သမီးကို အစစအရာရာ ကူညီစောင့်ရှောက်ပါလိမ့်မယ်"

ဖခင်ဖြစ်သူက ကြည်ဖြူစွာနှင့် ခွင့်ပြုသောကြောင့် သူမ စေတနာ မတက်လိုတော့ပါ။

"ကောင်းပါပြီ ဖေဖေ၊ သမီး ခရီးထွက်ဖို့ သွားပြီး ပြင်ဆင်လိုက်တော့မယ်နော်"



ရှောင်မေသည် ဝမ်းသာရွှင်မြူးစွာဖြင့် ပြေးထွက်သွားတော့သည်။

✱

ရှောင်မေ ထွက်သွားပြီ ဖြစ်သည်။ ချီထင်းသည် အပြောင်းအလဲကြီး ပြောင်းလဲသွားသော ရှောင်ဖုံးကိုကြည့်၍ မေးလိုက်၏။

"သခင်မလေးကို တကယ်ပဲ သွားခွင့်ပြုမှာလား သခင်ကြီး"

ရှောင်ဖုံး ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်၊ ကျုပ် သေချာစဉ်းစားပြီးပြီ၊ သူ့ကို ချစ်လွန်းလို့ မဖြစ်သင့်တာ မဖြစ်ရလေအောင် ချုပ်ချယ်ထားမိတယ်၊ သမီးဟာ အရွယ်ရောက်နေပါပြီ၊ လှောင်ချိုင့်ထဲက ငှက်ကလေးတစ်ကောင်လို မဖြစ်သင့်တော့ပါဘူး၊ ကျုပ်ရဲ့ချစ်ခြင်းဟာ သမီးလေးအပေါ်မှာ နှစ်သလိုဖြစ်နေရပြီ၊ သမီးလေး နေ့စဉ်နဲ့အမျှ စိတ်ဆင်းရဲနေရတယ်၊ ကြာရင် မဖြစ်သင့်တာတွေ ဖြစ်ကုန်တော့မယ်၊ ဒါကြောင့် ကျုပ်ရဲ့ဆုံးဖြတ်ချက်ကိုပြင်ပြီး သမီးလေး စိတ်ချမ်းသာအောင် ဖန်တီးဖို့ စီစဉ်လိုက်တာပါ"

www.burmeseclassic.com

www.burmeseclassic.com



ချိုထင်း သက်ပြင်းချလိုက်၏။

ရှောင်ဖုံးသည် သူ၏အမှားကို အချိန်မီ သိမြင်သွားခြင်းက ကံကောင်းခြင်းတစ်ရပ် မဟုတ်ပါလား။

ရှောင်ဖုံး၏စိတ်ထား ပြောင်းလဲလိုက်မည်ဆိုလျှင် ရှောင်ခြံဝင်းသည် ပို၍အေးချမ်းသာယာသွားမည်ဟု ယုံကြည်မိ၏။

ရှောင်ဖုံးက …

"ဒါပေမဲ့ … တင်းတင်းရဲ့ကိစ္စကိုရော ဘယ်လိုစီစဉ်လိုက်သလဲ"

ဟု မေး၏။

ချိုထင်းက ဦးညွှတ်လိုက်၏။

"သခင်ကြီး အပြစ်ပေးရင်လည်း ခံရမှာပဲ၊ ကျုပ်က တင်းတင်းကို လက်စမဖျောက်ဘဲ လွှတ်ပေးလိုက်ပါတယ်၊ ဇာတိရပ်ရွာ ပြန်ပြီး လုပ်ကိုင်စားသောက်ဖို့နဲ့ ရှောင်ခြံကို တစ်သက်လုံး ပြန်မလာဖို့ မှာလိုက်ပါတယ်၊ သူ့အတွက် ငွေကြေးအလုံအလောက် ထောက်ပံ့ပေးလိုက်ခဲ့တယ်"

ရှောင်ဖုံး လှုပ်လှုပ်ရှားရှား ဖြစ်သွား၏။

"ဒါ ဒါ တကယ်ပဲလား"



"တကယ်ပါ သခင်ကြီး"

"ကျုပ် ဝမ်းသာလိုက်တာ၊ ကျုပ်ရဲ့အတ္တစိတ်ကြောင့် အပြစ်မရှိတဲ့ တင်းတင်း ကံကောင်းလို့ သေရတော့မလို့၊ အိမ်ထိန်းကြီးကို ဘယ်လိုကျေးဇူးတင်ရမှန်းတောင် မသိဘူး"

ဟု လှိုက်လှိုက်လှဲလှဲ ပြောလေသည်။

ချိုထင်းက …

"သခင်ကြီးဟာ စိတ်ကောင်းနှလုံးကောင်းရှိတဲ့ လူတစ်ယောက်ပါ။ တစ်ချိန်က ဖြစ်ပျက်ခဲ့တဲ့ကိစ္စတွေကြောင့် စိုးရိမ်ပူပန်ပြီး သခင်မလေးကို အလားတူမဖြစ်ရလေအောင် စောင့်ရှောက်ထားတယ်ဆိုတာ ကျုပ် နားလည်သဘောပေါက်ပါတယ်၊ ဒါကြောင့် … တင်းတင်းရဲ့ကိစ္စမှာ အကောင်းဆုံးဖြစ်နိုင်မယ့် နည်းလမ်းတွေကို ရွေးပြီး စီစဉ်ခဲ့တာပါ။ သခင်ကြီးရဲ့အမိန့်ကိုမနာခံတဲ့ ကျုပ်ရဲ့သဘောနဲ့ လိုက် ခွဲပေးမယ့် သခင်ကြီးရဲ့အကျိုးကို မျှော်ကိုးပြီး လုပ်ကိုင်ဆောင်ရွက်ခဲ့တာပါ"

ရှောင်ဖုံး ဦးခေါင်းတဆတ်ဆတ် ညိတ်လိုက်၏။

ဝမ်းသာဝမ်းနည်း လေသံဖြင့် …

"လောကပေါ်မှာ ကျုပ်ကို နားလည်နိုင်တာ အိမ်ထိန်းကြီး

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်ပဲ ရှိပါတယ်လေ၊ ကျုပ် မှားနေပေမယ့် အမှန်အတိုင်းဖြစ်အောင် ဆောင်ရွက်ပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်၊ တင်းတင်းရဲ့ကိစ္စကတော့ ကျုပ် စိတ်အေးရပါပြီ၊ ဒါပေမဲ့ ... လုရီက"

လုရီအကြောင်းပြောရင်း စကားတစ်ပိုင်းတစ်စဖြင့် ရပ်ထားလိုက်သည်။

လုရီကိုလည်း သူက သေမင်းလက်သို့ ဝကွက်အပ်ခဲ့သည် မဟုတ်ပါလား။

ချိုထင်းက ...

"လုရီနဲ့ ပတ်သက်ပြီး ကျုပ် တားမြစ်ခဲ့ပါသေးတယ်၊ သခင်ကြီးဟာ"

"ဟုတ်တယ်၊ ကျုပ် မှားပြီ၊ ဒီကောင်လေးလည်း ဘာမှအပြစ်မရှိဘူး၊ မဖြစ်ဘူး သူ့နောက်ကိုလိုက်သွားပြီး အချိန်မီ တားဆီးရမယ်"

ချိုထင်း ဝမ်းသာသွားသည်။

"သခင်ကြီး တကယ်ပြောတာလားဟင်"

"တကယ်ပေါ့၊ လုရီအတွက် အန္တရာယ်မကျရောက်ပါစေနဲ့လို့ ဆုတောင်းရမှာပဲ၊ အိမ်ထိန်း ကျုပ်ရဲ့သမီးကို ဂရုစိုက်လိုက်ပါ"



"စိတ်ချပါ သခင်ကြီး"

ရှောင်ဖုံးသည် လုရီနောက်သို့ လိုက်သွားရန် ဆုံးဖြတ်လိုက်ပြီဖြစ်၍ ချက်ချင်းပင် ခရီးထွက်ရန် ပြင်ဆင်လိုက်သည်။

ချိုထင်းကား တစ်ချိန်က အဖြစ်အပျက်တစ်ခုကြောင့် စိတ်ထဲ နာကြည်းကာ လူ့စည်းဝိုင်းအပြင်သို့ ရောက်ရှိခဲ့သော ရှောင်ဖုံးတစ်ယောက် အမြင်မှန်ရလာသည်ကို ဝမ်းသာမဆုံးအောင် ဖြစ်နေလေသည်။

လုရီ၏အသက်ကို အချိန်မီ ကယ်တင်နိုင်ပါစေဟုလည်း ဆုတောင်းမိ၏။

✱ ✱ ✱

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၅)

လေပြည်လေညင်း ဖွေ့ယမ်းတိုက်ခတ်လာလျှင် ကန်ရေပြင်၌ လှိုင်းကြက်ခွက်ကလေးများ ထသွားလေသည်။

သင်းပျံ့သော ကြာပန်းရနံ့များလည်း လွင့်ပျံလာ၏။ ●

ရှောင်မေသည် ထင်ရှားသော စီးဂူရေကန်ကြီး၏အလှအပများကို ကြည့်ရှုရင်း ပျော်ရွှင်ကြည်နူးနေလေ၏။

ယခု ...

သူ့အတွက် လွတ်လပ်မှု အပြည့်အဝရရှိခဲ့ပြီဖြစ်လေသည်။

ချို့ထင်းနှင့်အတူ သိုင်းလောကတနံတလျားသို့ လှည့်လည်သွားလာခဲ့လေသည်။

သူမ မရောက်ဖူးသည့် အရပ်ဒေသများသို့ အရောက်သွား၏။

မစားဖူးသော အစားအသောက်များကို စားသည်။



သူမသည် လှောင်ချိုင့်ထဲမှ လွတ်မြောက်လာသော ငှက်ကလေးတစ်ကောင်ပမာ ရှိခဲ့လေသည်။

သို့သော် ...

သူမ၏ပျော်ရွှင်မှုသည် စည်းလွတ်ဝါးလွတ် ပျော်ရွှင်မှုမျိုးတော့ မဟုတ်ပါ။

သူမသည် ကိုယ့်ကိုယ်ကိုယ် ထိန်းသိမ်းနိုင်ပြီး ဖခင်ကြီး၏ မေတ္တာတရားကြီးမားပုံကို ကောင်းကောင်းကြီး နားလည်သဘောပေါက်ထားသော မိန်းကလေးတစ်ဦးဖြစ်သည်။

ချို့ထင်းက မလှမ်းမကမ်း၌ရပ်ကာ ရှောင်မေအား အနီးကပ် စောင့်ရှောက်လျက် ရှိသည်။

သူမသည် မှန်နှံ့သာခြယ်သခြင်းမပြုဘဲ သာမန်မိန်းကလေးတစ်ဦးကဲ့သို့ ချည်ကြမ်းအင်္ကျီဝတ်ဆင်ထားပြီး ရုပ်ဖျက်ထားသည်။

ချို့ထင်းကလည်း မထင်မရှား အဘိုးအိုတစ်ဦးအသွင် ရှိနေ၏။

အကယ်၍ ... သူမအား ရှောင်ခြံဝင်းမှ သခင်မလေးဖြစ်ကြောင်း သိရှိသွားမည်ဆိုလျှင် သိုင်းလောကတွင် အုတ်အော်သောင်းနင်း ဖြစ်သွားကြမည်မှာ သေချာပေတော့၏။

www.burmeseclassic.com

www.burmeseclassic.com



သူမသည် သာယာလှပသော စီးဂူကန်ဘောင်အတွင်း၌ လှေအပျော်စီးနေကြသူများကိုကြည့်ကာ လှေစီးလိုစိတ် ဖြစ်ပေါ်လာ၏။

ရှို့ထင်းအနီးသို့ လှမ်းသွားလိုက်ပြီး …

"ဦးလေးရှို့ထင် … ကျွန်မ လှေစီးချင်တယ်"

ဟု ပူဆာလေသည်။

ရှို့ထင်းက …

"သခင်မလေး ရေကူးတတ်တာမဟုတ်ဘဲ မစီးပါနဲ့လား၊ တော်ကြာ လှေမှောက်လို့ ဒုက္ခရောက်နေပါဦးမယ်"

ဟု တားမြစ်လိုက်၏။

ရှောင်မေက …

"အို … သူများတွေလည်း စီးနေကြတာပဲ၊ မှောက်စရာမရှိပါဘူး လာပါ အဘရယ်"

သူမ အတင်းတောင်းဆိုသည့်အတွက် ရှို့ထင်း မတတ်သာဘဲ လိုက်လျောလိုက်ရသည်။

နှစ်ယောက်သား လှေဆိပ်သို့သွားကာ လှေငှားရမ်းလိုက်ကြလေ၏။



လှေသမားတစ်ယောက်က သူတို့အား လှော်ခတ်ပို့ဆောင်ပေး၏။ စီးဂူကန်ဘောင်အတွင်း၌ လှေတစ်ပတ်စီးလိုက်သောအခါ ရှောင်မေ အလွန်ကျေနပ်သွားသည်။

သူမသည် ကလေးတစ်ယောက်ပမာ ပျော်ရွှင်မြူးတူးနေသည်ကို တွေ့ရသောအခါ ရှို့ထင်းလည်း ကျေနပ်သွား၏။

ကန်ရေပြင်ကို တစ်ပတ်ပတ်ပြီးနောက် လှေဆိပ်ကို ပြန်အလာတွင် အခြားလှေအပျော်စီးသူများ၏လှေများ ပြန်လည်ဝင်ရောက်လာသည်နှင့်ဆုံသဖြင့် လှေသမားက လှေကို အရှိန်သတ်ထားလိုက်သည်။

လှေကလေးများသည် တစ်စီးပြီးတစ်စီး လှေဆိပ်၌ ဆိုက်ကာ လှေစီးသူများ ဆင်းသွားကြ၏။

လူရှုပ်သလို လှေများ ရှုပ်သဖြင့် ရှောင်မေတို့၏လှေသမားသည် ကမ်းသို့မကပ်သေးဘဲ မလှမ်းမကမ်းမှနေပြီး လှေဆိုက်ကပ်နိုင်မည့်အချိန်ကို စောင့်နေလိုက်ခြင်းဖြစ်သည်။

ရှောင်မေက ကမ်းစပ်သို့မရောက်မီ ဟိုဟိုဒီဒီကြည့်ရင်း ရေတန်ထဲမှ ကြာပန်းများကို သဘောကျသွားသည်။

ထို့နောက် …

www.burmeseclassic.com

www.burmeseclassic.com



သူမသည် ကြာပန်းတစ်ပွင့်ကို မမီမကမ်းဖြင့် လှမ်းဆွဲလိုက်ရာ အရှိန်လွန်ပြီး ရေထဲသို့ ကျသွားလေသည်။

'ဝုန်း'

"အောင်မယ်လေး"

ရေမကူးတတ်သည့် ရှောင်မေသည် ချက်ချင်းပင် ရေအောက်သို့ မြုပ်သွား၏။

"ဟင်"

"ဟာ"

ရုတ်တရက်မို့ လှေသမားရော ချိုထင်းပါ ကြောင်သွားကြလေသည်။

ထိုအချိန်မှာပင် ...

'ဝုန်း'

မလှမ်းမကမ်းရှိ ကမ်းစပ်သို့ ဆိုက်ကပ်ရန် စောင့်ဆိုင်းနေသည့် လှေတစ်စင်းပေါ်မှ လူတစ်ယောက်က ရေထဲ ခုန်ဆင်းသည်ကို တွေ့လိုက်ရလေ၏။

ထိုလူသည် အသက်ကို ပဓာနမထားဘဲ ရှောင်မေကို ကြိုးစားဆယ်ယူလိုက်လေသည်။



မကြာပါချေ။

ရှောင်မေမှာ လှေပေါ်သို့ ပြန်လည်ရောက်ရှိလာတော့၏။ သူမသည် အကြောက်လွန်၍ သတိလစ်မေ့မြောနေသဖြင့် ချိုထင်းက သူတို့ငှားရမ်းထားသည့် တည်းခိုခန်းသို့ အမြန်ဆုံး ပြန်ရလေသည်။

ရှောင်မေအား အသက်ကယ်လိုက်သူကို ကျေးဇူးတင်စကားပြောဖို့ပင် သတိမရခဲ့ပါချေ။

"ဟပ်ချိုး"

ရှောင်မေက နှာချေလိုက်သည်။

သူမသည် ကောင်းစွာသတိရလာပြီဖြစ်၍ အအေးမိကာ အဖျားဝင်နေပြီဖြစ်၏။ သူမ၏တစ်ကိုယ်လုံး ချစ်ချစ်တောက် ပူလောင်နေသည်။

ထို့ကြောင့် ချိုထင်းက သမားတော်ရှာဖွေရလေသည်။

ရှောင်မေ ရေနစ်သည့်ကိစ္စနှင့်ပတ်သက်၍ ရှာက်မအေးနိုင်အောင် ဖြစ်ရတော့၏။

ရှောင်ဖုံးသာ သိရှိမည်ဆိုလျှင် မတွေးရဲစရာ မဟုတ်ပါလား။ သမားတော် လိုက်ရှာဖွေသည့်အခါ မမျှော်လင့်ဘဲ အခက်ကြုံရပြန်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



စီးဂူရေကန်အနီး၌ ရှိနေသော သမားတော်ကြီးမှာ ခရီးထွက်သွားသည်နှင့် ကြုံကြိုက်နေသည်။

ချိုထင်း ဘာမှမတတ်သာဘဲ တည်းခိုခန်းသို့ ပြန်လာရ၏။ တည်းခိုခန်းသို့ရောက်လျှင် လူငယ်တစ်ဦးက သူ့အား နှုတ်ဆက်လာလေသည်။

"ဦးနဲ့ပါလာတဲ့မိန်းကလေး သက်သာရဲ့လားခင်ဗျာ"

ချိုထင်းက ရည်ရည်မွန်မွန်ရှိသော လူငယ်ကို တအံ့တသြ ကြည့်လိုက်မိလေ၏။

ထိုလူငယ်က အပြာရောင် ပိုးဖဲအင်္ကျီကို သပ်သပ်ရပ်ရပ် ဝတ်ထား၏။ ပြုံးရွှင်ချိုသာသော မျက်နှာထား ရှိလေသည်။

ယောက်ျားပီသစွာ ချောမောခန့်ညား၍ ချမ်းသာကြွယ်ဝသော မိဘမျိုးရိုးမှ ဆင်းသက်ပေါက်ဖွားလာသူဖြစ်ကြောင်း ထင်ရှားလေသည်။

ချိုထင်းက ထိုလူငယ်ကိုကြည့်ကာ ရောင်မေ ရေနစ်စဉ်က ကယ်တင်ခဲ့သည့် လူငယ်ဖြစ်ကြောင်း မှတ်မိသွားလေသည်။

"လက်စသတ်တော့ မင်းကိုး"

လူငယ်က ...



"ဟုတ်ပါတယ်ခင်ဗျာ၊ ကျွန်တော့်နာမည် ကျိုရိုလို့ ခေါ်ပါတယ်၊ ဦးနဲ့ပါလာတဲ့ မိန်းကလေးဟာ ရေနစ်တုန်းက အကြောက်လွန်ပြီး သတိလစ်မေ့မြောသွားတယ်ဆိုတော့ စိုးရိမ်လို့ လိုက်လာတာပါခင်ဗျာ"

ချိုထင်းက ...

"ဟုတ်တယ်၊ သူ အခုဖျားနေပြီလေ၊ သမားတော် သွားပင့်တာလည်း မရခဲ့ဘူးကွဲ့"

လူငယ် (ဝါ) ကျိုရိုက ...

"မပူပါနဲ့ခင်ဗျာ၊ ကျွန်တော် ဆေးပညာတတ်မြောက်ပါတယ်၊ ကျွန်တော့်ကို ကုသခွင့်ပေးပါလား"

ချိုထင်းက အံ့သြသွားလေသည်။

"မင်း တကယ်ပြောတာလား"

"စိတ်ချပါ ခင်ဗျာ၊ မယုံရင် ဒီကလူတွေကို မေးကြည့်နိုင်ပါတယ်"

ဤတွင် သူတို့ပြောဆိုနေသည့်စကားများကို ကြားသည့် ဆိုင်ရှင်က ...

"ဟုတ်တယ်ဗျူ၊ ဒီလူငယ်က ဆေးပညာတတ်ကျွမ်းတယ်၊

www.burmeseclassic.com

www.burmeseclassic.com



ကျုပ်တို့ တည်းခိုခန်းကိုရောက်လာပြီး နေထိုင်မကောင်းဖြစ်တဲ့လူတွေကို သူကပဲ ဆေးကုပေးနေတာ၊ အားလုံး သက်သာပျောက်ကင်းသွားကြတယ်"

ဟု ထောက်ခံပြောဆိုလာသည်။ ချိုထင်းက ...

"လက်စသတ်တော့ မင်းလည်း တည်းခိုခန်းမှာ တည်းနေတာကိုး"

ကိုရှိက ...

"ဟုတ်ပါတယ် ခင်ဗျာ၊ ကျွန်တော် ဒီကိုရောက်နေတာ ၅ ရက်ရှိပါပြီ၊ ဒီကနေ့ ထွက်သွားတော့မလို့ပါပဲ၊ ဒါပေမဲ့ ... ဦးနဲ့ပါလာတဲ့မိန်းကလေးကို စိတ်မချတာကြောင့် ..."

"အို ... မသွားပါနဲ့ဦး၊ ကျုပ်တူမကို ဆေးကုပေးပါဦး"

ချိုထင်းက ကပျာကယာ တောင်းပန်လိုက်လေ၏။

ကိုရှိက ...

"ဟုတ်ကဲ့ပါ ခင်ဗျာ၊ ကျွန်တော် ဆေးကုပေးပါ့မယ်"

ဟု သဘောတူလိုက်လေသည်။

✱



တစ်ရက်။

နှစ်ရက်။

သုံးရက်။

သုံးရက်ဟူသော အချိန်အတွင်း ကိုရှိ ကုသပေးမှုကြောင့် ရှောင်မေ ကျန်းကျန်းမာမာဖြစ်လာသည်။

ချိုထင်း ဝမ်းသာမဆုံးအောင် ဖြစ်ရလေ၏။

ရှောင်မေသည်လည်း သူမ၏အသက်ကို ကယ်တင်ခဲ့သည့်အပြင် ဆေးကုပေးခဲ့သည့် ကိုရှိအပေါ် အလွန်ပင် ကျေးဇူးတင်သွားလေ၏။

သို့ဖြင့် ...

သူတို့သည် အချိန်တိုတိုအတွင်းမှာပင် ရင်းနှီးသွားကြ၏။

✱

ယနေ့။

ရှောင်မေသည် ... ကျန်းမာသွားပြီဖြစ်၍ ရွှင်ရွှင်လန်းလန်း

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေ၏။ ချိုထင်းသည် သူမကို လုံးဝစိတ်ချရသည်အထိ တည်းခိုခန်း၌ ဆက်လက်တည်းခိုစေရန် စီစဉ်ထားသည်။

ရှောင်မေသည် အခန်းထဲ၌ပင် နေခဲ့ရသည်မှာ အတော်ကြာပြီဖြစ်၍ ယနေ့တွင် အပြင်ဘက်သို့ ထွက်ခဲ့၏။

သူမသည် ကျိုရှိတည်းခိုသော အခန်းဆီသို့ လှမ်းကြည့်သည့်အခါ သော့ပိတ်ထားသည်ကို တွေ့လိုက်ရ၏။

ရှောင်မေ ရင်ထိတ်သွားသည်။

အနီးမှဖြတ်သွားသော ဆိုင်လုလင်အား မေးလိုက်သည်။

"ဒီအခန်းကလူ ဘယ်ရောက်သွားပြီလဲ၊ ပြောပါဦး"

ဆိုင်လုလင်က လှမ်းကြည့်လိုက်ပြီး ...

"ဪ ... ကျိုရှိဆိုတဲ့ အစ်ကိုလေးလား၊ ခုတင် အခန်းအပ်ပြီး ထွက်သွားပါပြီ"

"ဟင်"

သူမ လှုပ်လှုပ်ရှားရှား ဖြစ်မိသည်။

အခန်းထဲရှိ ချိုထင်းကိုပင် ဘာမှမပြောတော့ဘဲ တည်းခိုခန်းအပြင်သို့ ကပျာကယာ ပြေးထွက်ခဲ့သည်။

အပြင်ရောက်လျှင် ဟိုဟိုသည်သည် ရှာဖွေကြည့်၏။



ထိုအခါ ခပ်လှမ်းလှမ်း၌ ကျောခိုင်းကာ ထွက်သွားနေသော ကျိုရှိကို တွေ့လိုက်ရ၏။

"အစ်ကို"

သူမ၏အသံကြောင့် ကျိုရှိ လှည့်ကြည့်လာ၏။

သူမ ပြေးလာသည်ကိုမြင်လျှင် ခြေလှမ်းရပ်၍ စောင့်နေလိုက်သည်။

သူမသည် ကျိုရှိ့အနီးသို့ ရောက်သွားလျှင် ဟန်မဆောင်နိုင်တော့ဘဲ ကျိုရှိ၏လက်မောင်းကို ဆွဲကိုင်လှုပ်ရင်း ...

"အစ်ကို ... ဘာကြောင့် ကျွန်မတို့ကို နှုတ်မဆက်ဘဲ ထွက်သွားတာလဲ"

ဟု ပြစ်တင်ပြောဆိုလိုက်သည်။

သူ ခေါင်းခါ၏။

"ကျုပ်ကို ခွင့်လွှတ်ပါ ညီမရယ်၊ နှုတ်ဆက်ပြီး ထွက်သွားရအောင် ကျုပ် မဝံ့ရဲလို့ပါ"

"ရှင်"

"ဟုတ်တယ်၊ ကျုပ်က ညီမကို ..."

ကျိုရှိ စကားတစ်ပိုင်းတစ်စဖြင့် ရပ်ထား၏။

www.burmeseclassic.com

www.burmeseclassic.com



သူတို့နှစ်ယောက် ကြည့်မိလိုက်ကြသည်။

တွေ့ဆုံခဲ့ကြသည်မှာ မကြာသေးပါ။

သို့သော် ... ရှောင်မေသည် မေတ္တာစစ် မေတ္တာမှန်ကို ရှာဖွေတွေ့လိုက်ပြီ ဖြစ်၏။

ကိုရိုက ...

"ကျုပ် သွားရတော့မယ်၊ ကျုပ်ကြောင့် စိတ်မဆင်းရဲစေချင်ဘူး၊ ဒါကြောင့် နှုတ်မဆက်ဘဲ ထွက်လာခဲ့တာပါ။ ဝန်ခံရမယ်ဆိုရင် ညီမနဲ့ ဘယ်တော့မှ မခွဲဘဲ တစ်သက်လုံး နေချင်ပါတယ်ကွယ်"

သူမ ခေါင်းငုံ့ထားမိသည်။

ထိုစဉ် ...

"သခင်မလေး"

ခေါ်သံနှင့်အတူ ချိုထင်း ရောက်လာ၏။

သူတို့နှစ်ဦးက ချိုထင်းအား လှည့်ကြည့်လိုက်၏။

ချိုထင်းသည် ယေရာက ကြီးလာသူပီပီ တစ်ချက်ကြည့်လိုက်သည်နှင့် အခြေအနေကို သဘောပေါက်ပြီး မည်သို့ပြောရမှန်းမသိ ဖြစ်သွားသည်။

ကိုရိုက ဦးညွှတ်လိုက်၏။



"ဦးရယ် ကျွန်တော့်ကို ခွင့်လွှတ်ပါခင်ဗျာ၊ ကျွန်တော်က ညီမလေးကို အသက်ကယ်ခဲ့ရတယ်ဆိုပြီး အခွင့်အရေးယူတာ မဟုတ်ပါဘူး၊ ကျွန်တော် ..."

သူ၏စကားသံသည် လည်ချောင်းထဲ တစ်ဆို့ပျောက်ကွယ်သွားသည်။ ချိုထင်း သက်ပြင်းချလိုက်၏။

"ကိုရို ... မောင်ရင်လေးဟာ ချမ်းသာကြွယ်ဝတဲ့မျိုးရိုးက ဆင်းသက်လာတဲ့လူတစ်ယောက်ဆိုတာ ကျုပ် မြင်ရုံနဲ့ သဘောပေါက်ပါတယ်၊ ဒါပေမဲ့ ... ကျုပ်တို့ကတော့ အင်မတန်ဆင်းရဲနွမ်းပါးတဲ့ လူတွေဖြစ်တယ်၊ ဒါကြောင့် ... ကျုပ်တူမ စိတ်သောကရောက်ရမယ့်အလုပ်မျိုး မလုပ်ပါနဲ့လားကွယ်၊ ကျုပ် တောင်းပန်ပါတယ်"

ကိုရို ငြိမ်ကျသွား၏။

တစ်စုံတစ်ခုကို လေးနက်စွာ စဉ်းစားလိုက်သည်။

အတန်ကြာမှ ဆုံးဖြတ်ချက် ချပြီးဖြင့် ...

"ကျွန်တော့်အပေါ် အထင်မမှားစေချင်ပါဘူးခင်ဗျာ၊ ကျွန်တော်က ညီမလေးအပေါ် တကယ်မေတ္တာစစ် မေတ္တာမှန်ထားတယ်ဆိုတာ လက်တွေ့ပြပါ့မယ်၊ ဦး သဘောတူမယ်ဆိုရင် လက်ထပ်ပါ့မယ် ခင်ဗျာ"

www.burmeseclassic.com



ဟု ပြောၔ။ ချို့ထင်း ကျေနပ်သွားသည်။

ရှောင်မေ၏အသင့်လျော်ဆုံး လူတစ်ဦးနှင့် တွေ့ရပြီဟု ယုံကြည်မိလေသည်။

သို့သော် ... သူ့အနေဖြင့် သူမနှင့်ပတ်သက်၍ ဆုံးဖြတ်ပိုင်ခွင့် မရှိပါ။

ထိုစဉ် ...

'ခွပ်ခွပ် ... ခွပ်ခွပ်'

မြင်းခွာသံများ ထွက်ပေါ်လာပြီး မြင်းလှည်းတစ်စီးမောင်းနှင်လာသည်ကို မြင်ရသည်။

ထိုမြင်းလှည်းမှာ အဖိုးတန်ဇိမ်ခံမြင်းလှည်းဖြစ်၏။

မြင်းဖြူလေးကောင်ဆွဲပြီး ဝတ်ကောင်းစားလှဝတ်ဆင်ထားသူတစ်ဦးက မောင်းနှင်လာခြင်းဖြစ်သည်။

မြင်းလှည်းအိမ်နံရံဘက်တွင် သိမ်းငှက်ရုပ်ကြီးများ ရေးဆွဲထားသည်ကို တွေ့ရသည်။

ထိုမြင်းလှည်းအား မြင်လိုက်သည်နှင့် သိုင်းလောကတွင်ကျော်ကြားသည့် သိမ်းငှက်ငွေတိုက်ပိုင်ရှင်၏ မြင်းလှည်းဖြစ်သည်ကို ချို့ထင်း သိလိုက်လေသည်။



သိမ်းငှက်ငွေတိုက်ပိုင်ရှင်သည် ကျိုက်ကျိုတက်ချမ်းသာကြွယ်ဝသည့်အပြင် ထိပ်တန်းသိုင်းပညာရှင်တစ်ဦးလည်း ဖြစ်သည် မဟုတ်ပါလော။

ကျိုရို မျက်နှာပျက်သွားသည်။

ရှောင်မေ၏လက်ကို တင်းကျပ်စွာ ဆုပ်ကိုင်ထားသည်။

သိမ်းငှက်ငွေတိုက်ပိုင်ရှင်၏မြင်းလှည်းသည် မလှမ်းမကမ်းတွင် ရပ်တန့်သည်။

မြင်းလှည်းတံခါး ပွင့်သွားပြီး ဥပမိရပ် တည်ကြည်ခန့်ညားသည့်သူ ဆင်းလာ၏။

ထိုလူမှာ သိမ်းငှက်ငွေတိုက်ပိုင်ရှင် ကျိုစန်းဖြစ်သည်။

ကျိုစန်းနှင့်ကျိုရိုတို့ ရုပ်ချင်းဆင်ကြောင်း ချို့ထင်း သတိပြုမိသည့် တစ်ခဏတွင် အခြေအနေအရပ်ရပ်ကို နားလည်၏။

ကျိုရိုက ...

"ဖေဖေ"

ဟုခေါ်၍ ဦးညွှတ်သည်။

ကျိုစန်းက ကျိုရိုအား ရှောင်မေနှင့်တွဲလျက် တွေ့လိုက်ရသည့်အခါ မျက်မှောင်ကုတ်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



"သား ... မင်းက သတို့သမီး လိုက်ရှာနေတာ မဟုတ်လား။ ဘယ်လိုကြောင့် ဒီနေရာမှာ ရောက်နေတာလဲ"

ဟု မေးလာ၏။

ကျိုရိုက ...

"ကျွန်တော့်ရဲ့သတို့သမီးကို တွေ့ထားပါပြီ ဖေဖေ"

"ဘာကွဲ့"

"ဟောဒါ ကျွန်တော့်ရဲ့သတို့သမီးပါပဲ"

သူက ရှောင်မေကို ညွှန်ပြ၍ ပြောသည်။

သူမ၏မျက်နှာလေး နီရဲသွားပြီး ခေါင်းငုံ့ထားမိ၏။

ကျိုစန်း အံ့သြသွားသည်။

"သား ... မင်း ဘယ်လိုပြောလိုက်တာလဲ၊ မင်းကို ဝမ်မျိုးနွယ်က သခင်မလေး ဝမ်လီနီနဲ့ ထိမ်းမြားပေးဖို့ လူကြီးချင်း သဘောတူထားကြတယ်ဆိုတာ သိလျက်နဲ့ ဘယ်လိုလုပ်လိုက်တာလဲ"

ရှောင်မေ၏ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါသွား၏။

ကျိုရိုကိုလည်း မော့ကြည့်မိ၏။

ကျိုရိုက တည်ကြည်သောမျက်နှာဖြင့် ...

"ဒီကိစ္စဟာ လူကြီးချင်း သဘောတူပြီး စီစဉ်ကြတာပါ။



လူငယ်တွေ ရင်းနှီးမှု မရှိသေးပါဘူး၊ မေတ္တာမပါတဲ့ အိမ်ထောင်ရေးဟာ ဘယ်တော့မှ သာယာမှာ မဟုတ်ဘူးဆိုတာ ထင်ရှားပါတယ်၊ ခုတောင်မှ ဝမ်လီနီက လက်မခံနိုင်လို့ အိမ်က ထွက်ပြေးသွားပြီ မဟုတ်လား"

ကျိုစန်းက ...

"အင်းလေ ... ဝမ်လီနီကို လိုက်ရှာပြီး လက်ထပ်ပေးဖို့ စီစဉ်ကြတာပဲ မဟုတ်လား"

ကျိုရိုက ..

"ဝမ်လီနီကမှ ကျွန်တော့်ကို လက်မထပ်ချင်တာပဲ ဖေဖေ"

ကျိုစန်းက ...

"ဒါ ... အရေးမကြီးပါဘူး။ သားက ..."

ဖခင်ဖြစ်သူ၏စကားမဆုံးမီ ကျိုရိုက ကြားဖြတ်ပြော၏။

"ကျွန်တော်လည်း သူ့ကို လက်မထပ်နိုင်ပါဘူး"

ကျိုစန်း တွေဝေသွားမိ၏။ ကျိုရိုက ဆက်ပြောသည်။

"ကျွန်တော် ဒီမိန်းကလေးကို လက်ထပ်ဖို့ ဆုံးဖြတ်လိုက်ပြီ"

ရှောင်မေကို ညွှန်ပြ၏။

ကျိုစန်းက ...

www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပြီ၊ မိဘရဲ့စကား နားမထောင်ဘဲ ကိုယ့်သဘောနဲ့ကိုယ် လုပ်မယ်ဆိုရင် သားကို အမွေပြတ် စွန့်လွှတ်ရမှာပဲ"

သူက ...

"ဖေဖေပေးတဲ့ အပြစ်ဒဏ်ကို ကျွန်တော် ခံယူပါ့မယ်"

ကိုစိန်းက ...

"ဩော် ... သားက သူကလွဲရင် ဘယ်သူ့ကိုမှ လက်မထပ်နိုင်တော့ဘူးပေါ့ ဟုတ်လား"

"ဒါ ... အမှန်ပါပဲ"

"သား ဆုံးဖြတ်ပြီးပြီလား"

"ဟုတ်ကဲ့၊ ဆုံးဖြတ်ပြီးပါပြီ"

ကိုစိန်းသည် ရှောင်မေအား လှမ်းကြည့်လိုက်ပြီး ...

"နေပါဦး၊ ဒီမိန်းကလေးက ဘယ်သူလဲ၊ သူ့အကြောင်း သား ဘယ်လောက် သိထားပြီးပြီလဲ"

ဟု မေး၏။ သူက ...

"ကျွန်တော်က သူ့အပေါ်ကို မေတ္တာစစ်နဲ့ ချစ်ပါတယ်၊ သူကလည်း ကျွန်တော့်ကို မေတ္တာစစ်နဲ့ မြတ်နိုးတယ်ဆိုတာ သိထားပြီးပါပြီ၊ ဒါထက်ပိုပြီး တခြားဘာမှ မလိုတော့ဘူး"



သူ၏စကားအဆုံးတွင် ...

"ဟား ဟား ဟား"

ကိုစိန်းက ရယ်လေ၏။

ချိုထင်းက အခြေအနေကို စောင့်ကြည့်မိ၏။

ကိုရို၏စကားများ ကြားရသည့်အခါ ကြက်သီးမွေးညင်း ထသွား၏။

ရှောင်မေနှင့်ထိုက်တန်သူမှာ ကိုရိုသာဖြစ်ကြောင်းကို နိုင်မာစွာ ယုံကြည်မိသည်။

ကိုစိန်းက ရယ်ပြီးလျှင် ချိုထင်အား လှမ်းမေးလာ၏။

"မိတ်ဆွေက ဒီမိန်းကလေးနဲ့ ပတ်သက်နေလား"

ချိုထင်းက ...

"ဟုတ်ပါတယ်"

ကိုစိန်းက ...

"ကျုပ်သားကို ဝမ်သခင်မလေးနဲ့ လက်ထပ်ပေးဖို့ စီစဉ်ထားတယ်၊ ဒါပေမဲ့ ... ကျုပ်သားက ဒီမိန်းကလေးကိုပဲ သဘောကျတော့ ခက်ပြီ၊ ခင်ဗျားတို့ ဘယ်သူဘယ်ဝါ ဖြစ်တယ်၊ ဘယ်မျိုးရိုးက ဖြစ်တယ်ဆိုတာ မသိနိုင်ဘူးလားဗျာ"

www.burmeseclassic.com

www.burmeseclassic.com



ချိုထင်းက ...

"ကျုပ်တို့ဟာ အညတရဖြစ်တယ်ဆိုရင်ကော မိတ်ခွေ ဘယ်လိုသဘောထားမလဲ"

ဟု ပြန်မေးသည်။

ကိုစန်း သက်ပြင်းချလိုက်သည်။

ကိုရိုဘက် လှည့်ကာ ...

"သား ... သချာတယ်နော်"

ကိုရိုက ...

"သေချာပါတယ် ဖေဖေ"

ကိုစန်းက ...

"ကောင်းပြီ၊ သားဆုံးဖြတ်ပြီးပြီဆိုရင် ဘယ်လိုအတန်းအလွှာကပဲဖြစ်ဖြစ် လက်ခံနိုင်ပါတယ်"

ထိုစကားကြားလျှင် ချိုထင်း ပင့်သက်ရှိုက်မိသည်။

ရင်တထိတ်ထိတ်နှင့် ဖြစ်နေကြသည့် ကိုရိုနှင့်ရှောင်မေတို့လည်း ဝမ်းသာသွားကြ၏။ ကိုစန်းက ဆက်ပြော၏။

"ဒါပေမဲ့ ... လက်ထပ်ပေးဖို့ စီစဉ်ထားတဲ့ကိစ္စ ဖျက်သိမ်းတာကို ဝမ်သခင်မ သိအောင် အကြောင်းကြားရဦးမယ်၊ ဒီကိစ္စကို ဖြေရှင်းပြီးမှ သားတို့ကိစ္စကို ဆောင်ရွက်လို့ရမယ်"



ကိုရိုက ရှောင်မေ၏လက်ကိုဆွဲ၍ ဒူးထောက်ချလိုက်၏။

နှစ်ဦးသား ကိုစန်းအား ကန်တော့လိုက်ကြသည်။

ကိုစန်းက ရယ်လိုက်၏။

"ဟား ဟား ဟား ... ချွေးမလောင်း ရှာပါဆိုတော့ မရှာဘူး၊ ဖေဖေစီစဉ်ပေးမယ်ဆိုတော့မှ ရအောင်ရှာတယ်၊ တော်လိုက်တဲ့သား"

သူ့စကားကြောင့် ချိုထင်းပါ ပြုံးမိသည်။

ရှောင်မေအတွက် ကိုရိုထက် ပို၍ ထိုက်တန်သူမရှိတော့မှန်း နားလည်မိရကား ရှောင်ဖုံး အပြစ်ပေးမည်ကိုပင် မကြောက်ဘဲ ...

"ကျုပ် အမှန်အတိုင်း ဝန်ခံပါရစေခင်ဗျာ၊ ကျုပ်ဟာ ရှောင်မိသားစုခြံဝင်းက အိမ်ထိန်းကြီးတစ်ယောက် ဖြစ်ပါတယ်၊ သူကတော့ ရွှေလက်ဝါး သိုင်းသမားကြီးရှောင်ဖုံး တစ်ဦးတည်းသော သမီးလေး ရှောင်မေပါပဲ"

ဟု မှန်ရာကို ဖွင့်ပြောသည်။

ဤတွင် ဖိုဆို၍ ယင်ဖိုမျှပင် မသမ်းရအောင် ထိန်းသိမ်း

www.burmeseclassic.com

www.burmeseclassic.com



စောင့်ရှောက်ခံထားရသည့် သူမ၏သတင်းကို ကြားဖူးကြသည့် ကျိုကို တို့သားအဖ လှုပ်လှုပ်ရှားရှား ဖြစ်ကြသည်။

ကျိုစန်းက တဟားဟား ရယ်မောပြီး …

"ငါ့သားက ဘယ်ခေလို့လဲ၊ ဖေဖေရှာပေးတာကို မယူဘဲ လောကပေါ်မှာ အရှားဆုံးဆိုတဲ့ မိန်းကလေးကိုမှ ရအောင်ယူခဲ့တာ ကိုး"

ဟု ချီးကျူးပြောဆို၏။

ချိုထင်း၊ ကျိုရှိနှင့် ရှောင်မေတို့လည်း မနေနိုင်ကြတော့ဘဲ ရယ်လိုက်ကြ၏။

ဝန်းကျင်တစ်ခုလုံး ရယ်သံတို့ဖြင့် ဖုံးလွှမ်းသွားလေ၏။

✱ ✱ ✱



## အခန်း (၂၆)

နေဝန်းနီမှာ နောက်ဘက်တွင် ငုပ်လျှိုးပျောက်ကွယ်သွားပြီ ဖြစ်သည်။

နေရောင်ခြည် ကွယ်ပျောက်သွားသည်နှင့် အမှောင်ထုက ချဉ်းနင်း ဝင်ရောက်လာ၏။

ဝန်းကျင်တစ်ခုလုံး မှောင်မည်းသွားမှ ကောင်းကင်ပေါ်တွင် လဝန်းထွက်ပေါ်လာ၏။

လရောင်ဖြာကျလာသည့်အခါ ဝန်းကျင်တစ်ခုလုံး သာယာ လှပစွာ၍လာသည်။

လုရှီနှင့် ဝမ်လိနိ်တို့သည် တောလမ်းအတိုင်း ပြေးလာခဲ့ပြီး တစ်နေရာအရောက်တွင် …

"အမေ့"

ဝမ်လိနိ်သည် ခြေလှမ်းပိမ်းယိုင်၍ လဲကျမလိုဖြစ်ရ၏။

www.burmeseclassic.com

www.burmeseclassic.com



"ညီမ"

လုရီက ကမ္ဘာကယာ ဖေးမထားလိုက်၏။

ဤတွင် ...

"အို"

ဟန်ချက်ပျက်သွားသည့် ဝမ်လိန်သည် သူ၏ရင်ခွင်ထဲသို့ ရောက်ရှိသွားသဖြင့် လွှတ်ခနဲ အော်မိသည်။

မည်သို့ဆိုစေ သူမသည် ပြန်ရုန်းထွက်ခြင်းမရှိဘဲ လုရီ၏ ရင်ခွင်ထဲ၌ မှီခိုထားလိုက်ရ၏။

သူကလည်း အလိုက်သင့် ထွေးပွေ့လိုက်သည်။

သူ၏ရင်ထဲ ဖော်မပြနိုင်သည့် ခံစားချက်များ ဖြစ်ပေါ်လာ၏။

ရင်ထဲ တထိတ်ထိတ် လှုပ်ရှားလာသည်။

သို့သော် ဝမ်လိန်၏ခန္ဓာကိုယ်လေးက အေးစက်လာသည်ကို သတိပြုမိသည့်အခါ ရင်ထိတ်သွား၏။

"ညီမ"

လွှတ်ခနဲခေါ်၍ သူမအား ကြည့်မိသည်။

ထိုအခါ ...



"အင့်"

သူမ၏နှုတ်ဖျားမှ မပွင့်တပွင့် ညည်းညူသံ ထွက်ပေါ်လာ၏။ သူမ သတိမရတစ်ချက် ရတစ်ချက် ဖြစ်နေသည်ကို တွေ့လိုက်ရသည်။

"ညီမ ဘယ်လိုဖြစ်ရတာလဲ"

ဝမ်လိန် သတိဝင်လာအောင် လှုပ်၍ မေးလိုက်သည်။

ဝမ်လိန်က ...

"ကျွန်မ အဆိပ်မိသွားပြီ ထင်တယ်"

ဟု ညည်းတွားမိသည်။

"ဟာ"

လုရီ အထိတ်တလန့် အော်လိုက်သည်။

သူမ၏လက်မောင်းမှ ဒဏ်ရာကို ကြည့်လိုက်သောအခါ သွေးမည်းများ စီးကျနေသည်ကို တွေ့မြင်ရသည်။

"ဒုက္ခပါပဲ"

လုရီ ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်မိသည်။

ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်သောအခါ မလှမ်းမကမ်းတွင် ဘုံကျောင်းပျက်တစ်ခုရှိသည်ကို မြင်လိုက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



လုရီက ...

"ညီမ ဘာမှမပူနဲ့၊ မကြာခင် ညီမရဲ့ဝေဒနာ သက်သာ ပျောက်ကင်းရမှာပါ"

ဟု နှစ်သိမ့်လိုက်၏။

ထိုစဉ်မှာပင် ...

"အင့်"

ဝမ်လိန်သည် မဟန်နိုင်တော့ဘဲ ဒူးများ ပျော့ခွေကာ လဲကျလေသည်။

"ညီမ"

လုရီက ကပျာကယာ ဖေးမထားရသည်။

သူမ၏အခြေအနေ မဟန်တော့မှန်း သိလျှင် ပခုံးပေါ်ကာ၍ ဘုံကျောင်းပျက်ဆီ ပြေးသွားလိုက်သည်။

ဘုံကျောင်းပျက်ထဲသို့ရောက်လျှင် လေကွယ်ပြီး လုံခြုံသော နံရံထောင့်တစ်နေရာ၌ ဝမ်လိန်အား သက်သောင့်သက်သာ ထားလိုက်သည်။

တစ်ဖန် ... ထင်းခြောက် သစ်ကိုင်းခြောက်တို့ စု၍ မီးပုံ တစ်ခုပြုလုပ်လိုက်၏။



များမကြာမီ မီးတောက်မီးလျှံတို့ ထွက်ပေါ်လာကာ မီးပုံ တစ်ခု ဖြစ်ပေါ်လာ၏။

မီးပုံမှအလင်းရောင်နှင့် နွေးထွေးမှုကိုရလာသည်။ လုရီက ဝမ်လိန်ကို အကဲခတ်ကြည့်သည်။

ဝမ်လိန်မှာ သတိရတစ်ချက် မရတစ်ချက်ဖြစ်ကာ တအင်းအင်း ညည်းညူနေသည်ကို တွေ့ရသည်။ လုရီ ဗျာများသွား၏။

"အဆိပ်မိထားတာဆိုတော့ ဒီအတိုင်း ကြည့်နေလို့ မဖြစ်ဘူး"

ဟု ရေရွတ်လိုက်သည်။

ဆုံးတောရွာ၌နေစဉ်က သူ၏ဖခင်သည် မြွေကိုက်ခံရသည့် လူနာတစ်ဦးကို မြွေဆိပ်ကို စုပ်ထုတ်၍ ကုသပေးခဲ့ဖူးသည်ကို ပြန်လည်မြင်ယောင်လာ၏။

ထို့ကြောင့် ရှည်ရှည်ဝေးဝေး စဉ်းစားမနေဘဲ ဝမ်လိန်၏ အနီး၌ထိုင်ချလိုက်ပြီး ဒဏ်ရာမှသွေးတို့ကို ပါးစပ်ဖြင့် စုပ်ယူပစ်လိုက်၏။

အဆိပ်သွေးတို့ကို စုပ်ယူလိုက် ထွေးချလိုက် တစ်ဖန် ပြန်ပြီး စုပ်ယူလိုက်ဖြင့် အကြိမ်ကြိမ် ပြုလုပ်ပေး၏။

www.burmeseclassic.com

www.burmeseclassic.com



ထမင်းတစ်အိုးကျက်ခန့် ကြာသောအခါ သွေးမည်းတို့ ကုန်စင်သွား၍ သွေးများ နီရဲကာလာသည်ကို တွေ့လိုက်ရ၏။

လုရီ ဝမ်းသာသွားသည်။

"အဆိပ်ကုန်လောက်ပေပြီ"

ဟု တွေး၍ မီးတောက်နေသော သစ်ကိုင်းခြောက်တစ်ခုကို ယူ၍ ဘုံကျောင်းပျက်အပြင်သို့ ထွက်လာခဲ့သည်။

တောထဲတောင်ထဲ၌ အဆိပ်ကိုနိုင်နင်းသော ဆေးဘက်ဝင် ဘယဆေးပင်တို့ ရှိနေတတ်သည် မဟုတ်ပါလား။

လုရီသည် ဆေးဆရာ၏သား ဖြစ်သည့်အပြင် တောထဲတောင်ထဲ၌ နေထိုင်လာသူဖြစ်၍ ဘယဆေးပင်များအကြောင်းကို ကောင်းစွာသိထားသည်။

မကြာပါချေ။ လုရီက သူလိုချင်သည့် သစ်ရွက်အချို့နှင့် နွယ်ပင်အချို့ ရရှိလိုက်သည်။

ထိုသစ်ရွက်နှင့် နွယ်ပင်များကို ချေမွ၍ အရည်ထုတ်ယူပြီး ဝမ်လိန်၏ဒဏ်ရာတွင် လိမ်းပေးလိုက်၏။

သူမအတွက် စိတ်ချရပြီဟု ယူဆတော့မှ နံရံကိုမှီ၍ အသာထိုင်ချ၏။



ပြေးရလွှားရ စိတ်မောလူမောဖြင့် အတော်ပင်ပန်းနွမ်းနယ်နေပြီ ဖြစ်ပါသည်။

စိတ်ဒုံးဒုံးချ၍ အနားယူလိုက်လျှင် တစ်ခဏအတွင်းမှာပင် မှေးခနဲ အိပ်ပျော်သွားလေသည်။

လုရီ ပြန်နိုးလာသည့်အခါ မိုးစင်စင်လင်းနေပြီဖြစ်သည်ကို တွေ့မြင်လိုက်ရသည်။

*

မိုးစင်စင်လင်းပြီ ဖြစ်လေသည်။

ကျေးငှက်ကလေးတို့သည် ဘာသာဘာဝ နံနက်ခင်းတေးကို သီဆိုနေကြသည်။

အေးမြလတ်ဆတ်သော လေပြည်တို့သည် နံနက်ခင်းတွင် သုန်ဟုန်ညင်းညင်း တိုက်စတ်နေသည်။

လုရီ မျက်လုံးဖွင့်လိုက်သည့်အခါ မိုးလင်းနေပြီဖြစ်သည်ကို တွေ့ရလျှင် ...

"ဟိုက်"

www.burmeseclassic.com

www.burmeseclassic.com



ကပျာကယာ ခုန်ထလိုက်လေသည်။

ဝမ်လိန်ကိုပင် လှမ်းကြည့်လိုက်သည်။

ဝမ်လိန်ကို မတွေ့ရတော့ပါ။

"ဟင် ... သူ ဘယ်ရောက်သွားပါလိမ့်"

လုရီက ဟိုဟိုသည်သည် ကြည့်လိုက်သည်။

ဘုံကျောင်းအတွင်း၌ ဝမ်လိန် ရှိမနေပါချေ။

လုရီ စိုးရိမ်သွားပြီး ဘုံကျောင်းအပြင်ကို ပြေးထွက်၏။

ဝမ်လိန်သည် တောထဲမှရရှိသော သစ်သီးအချို့ကို ယူကာ လှမ်းလာနေသည်ကို တွေ့ရသည်။

"သြော် ... အစ်ကိုတောင် နိုးနေပြီပဲ"

သူမ လူကောင်းပကတိ ရှိနေသည်ကို တွေ့ရမှ လုရီ သက်ပြင်းချမိသည်။

"ကျုပ်က ညီမပျောက်သွားလို့ စိုးရိမ်လိုက်ရတာ၊ ညီမရဲ့ ဒဏ်ရာ သက်သာသွားပြီလား"

ဝမ်လိန်က ...

"သက်သာသွားပါပြီ၊ အစ်ကိုသာ မကယ်ရင် ညီမတော့ ဒုက္ခရောက်မှာသေချာတယ်"



လုရီက ...

"ညီမက ကျုပ်ကိုကယ်ရင်း ဒုက္ခရောက်ခဲ့ရတာပါ။ ညီမရဲ့ ကျေးဇူးသာ ကျုပ်အပေါ်မှာ ရှိတာပါ"

ဟု ကပျာကယာ ပြောလိုက်သည်။ ဝမ်လိန်က ...

"ခါးကုန်းကြီးရဲ့အဆိပ်က အတော်ပြင်းတာပဲ၊ ညီမရဲ့ အတွင်းအားတွေ ပျောက်သွားတယ်၊ ဒါကြောင့် ဒီမှာ ခဏနေပြီး အတွင်းအားလေ့ကျင့်ရဦးမယ်"

ဟု ပြောလာသည်။

လုရီက ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်လိုက်ရာ လူသူကင်းဝေးပြီး အေးချမ်းသောနေရာတစ်ခုဖြစ်သည်ကို တွေ့ရသဖြင့် ကျေနပ်သွားသည်။

"ညီမသဘောပဲလေ"

ဟု သဘောတူလိုက်သည်။

ထို့နောက် ... ဝမ်လိန်ရှာဖွေလာသော သစ်သီးတို့ကို နှစ်ဦးသား စားကြ၏။

ပြီးလျှင် ဝမ်လိန်က ဘုံကျောင်းအတွင်းသို့ဝင်၍ အတွင်းအား လေ့ကျင့်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



လုရီက ဘုံကျောင်းအပြင်မှ စောင့်နေလိုက်လေသည်။

သုံးရက်။

သုံးရက်ဟူသောအချိန်သည် မျက်စိတစ်မှိတ် လျှပ်တစ်ပြက်အတွင်း ကုန်ဆုံးသွားသည်ဟု ထင်မှတ်ရသည်။

ဝမ်လိန်နှင့်လုရီတို့ ဘုံကျောင်းပျက်လေးသို့ ရောက်ရှိလာခဲ့ကြသည်မှာ သုံးရက်ရှိသွားပြီ ဖြစ်၏။

ဝမ်လိန်သည် အဆိပ်ဒဏ်ကြောင့် အတွင်းအား ပျောက်ကွယ်သွားရာမှ ဂရုစိုက်ပြီး ပြန်လည်လေ့ကျင့်လိုက်သည့်အခါ တဖြည်းဖြည်းနှင့် အတွင်းအားကို ပြန်လည်အသုံးပြုနိုင်သည့် အခြေအနေသို့ ရောက်ရှိလာ၏။

တစ်နေ့တွင် ဝမ်လိန်က ...

"အစ်ကို ဒီကနေ့ နောက်ဆုံးအနေနဲ့ လေ့ကျင့်ပြီးရင် ကျွန်မအတွင်းအားကို အပြည့်အဝ ပြန်အသုံးပြုလို့ရပါပြီ၊ ဒီနေ့ဟာ အရေးကြီးတာမို့ ကျွန်မအတွင်းအား လေ့ကျင့်နေချိန်မှာ အနှောင့်အယှက်ပေါ်ပေါက်မလာအောင် ဂရုစိုက်ပေးစေချင်ပါတယ်ရှင်"

ဟု မှာကြားလိုက်၏။

လုရီ ခေါင်းညိတ်လိုက်၏။



"စိတ်ချ ညီမ အတွင်းအားလေ့ကျင့်နေချိန်မှာ မှဲ့တစ်ပေါက်မစွန်းရလေအောင် ကျုပ် ကာကွယ်စောင့်ရှောက်ထားပါ့မယ်"

ဟု ကတိပြုလိုက်၏။

ထို့နောက် ...

ဘုံကျောင်းအပြင်ဘက်သို့ထွက်ကာ စောင့်ရှောက်နေလိုက်၏။

နေမွန်းတည့်တော့မည် ဖြစ်၏။

ဝမ်လိန်က အတွင်းအား လေ့ကျင့်နေဆဲ ...

နေမွန်းတည့်ချိန် ကျော်လွန်သွားသည်နှင့် သူမ၏အတွင်းအား လေ့ကျင့်မှု ပြီးဆုံးသွားလိမ့်မည် ဖြစ်ပေ၏။

လုရီသည် တောထဲမှ ယုန်ကလေးများကိုဖမ်းကာ မီးကင်ထားလိုက်၏။

ယုန်ကင်မှ ထွက်ပေါ်လာသော အမွှေးနံ့က ဗိုက်ထဲ တကြုတ်ကြုတ်မြည်အောင် ဆွဲဆောင်လာ၏။

သို့သော် ... လုရီက မစားသေးဘဲ ဝမ်လိန်ကို စောင့်နေလိုက်၏။ ထိုစဉ် ...

"မွှေးလိုက်တဲ့အနံ့"

www.burmeseclassic.com

www.burmeseclassic.com



စကားသံတစ်ချက် ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေ၏။ တောထဲတောင်ထဲ လူတစ်ယောက်၏အသံကို ကြားရသဖြင့် မီးပုံအနီးထိုင်ကာ ငိုင်နေသော လုရီ သတိဝင်လာ၏။

ဆတ်ခနဲ ခေါင်းထောင်ကြည့်လိုက်သော လူနှစ်ဦး လာနေသည်ကို မြင်လိုက်ရ၏။

ထိုလူနှစ်ယောက်ကိုတွေ့လျှင် ထိတ်လန့်သွားပြီး ...

"ဟာ"

လွှတ်ခနဲ အော်လိုက်မိ၏။

ခါးကုန်းကြီးနှင့် ကျူးထင်းတို့ လိုက်လာကြပြီ မဟုတ်ပါလား။ သူသည် ဝမ်လိန်အတွက် စိုးရိမ်သွားပြီး ကပျာကယာ ထကာ လမ်းပိတ်ထားလိုက်၏။

"ခင်ဗျားတို့ ရှေ့မတိုးနဲ့"

ခါးကုန်းကြီးနှင့် ကျူးထင်းတို့က ရယ်လိုက်ကြ၏။

ခါးကုန်းကြီးက ...

"ချေးကောင်လေး၊ ဒီတစ်ခါ မင်း ဘယ်ပြေးမလဲ၊ ဝင်ရှော်သွားတဲ့ ဟိုကောင်မလေးရော"

ဟု အသံဝါကြီးဖြင့် အော်ငေါက်လိုက်၏။



သူက ...

"ရပ်လိုက်၊ ရှေ့မတိုးနဲ့"

သူက မည်သို့ပင် အော်ပြောလိုက်သည်သည်ဖြစ်စေ ခါးကုန်းကြီးနှင့်ကျူးထင်းတို့က ရှေ့တိုးလာကြ၏။

ခါးကုန်းကြီးက ...

"ချေးကောင်လေး ... မင်း သေရမယ်မှတ်ထား"

ဟု ကြိမ်းမောင်းလိုက်၏။

သူက ...

"ကျုပ်က ခင်ဗျားတို့ကို ဘယ်လိုမှ ဒုက္ခပေးခဲ့တာ မဟုတ်ဘူး။ ကျုပ်ကို ဘာကြောင့် ဒုက္ခပေးချင်နေတာလဲ"

ဟု ခံပြင်းစွာ ပြောလိုက်၏။

ခါးကုန်းကြီးက ...

"ငါတို့က ဒုက္ခပေးတာမဟုတ်ဘူး၊ မင်းမကျေနပ်ရင် ရှောင်ဖုံးကို သွားပြော၊ ရှောင်ဖုံးက မင်းကို ရှင်းပစ်ဖို့ စာရေးပေးလိုက်တာ မင်း တွေ့သားပဲ"

သူ မည်သို့ပြန်ပြောရမှန်းမသိ ဖြစ်သွား၏။

ကျူးထင်းက သက်ပြင်းချလိုက်ပြီး ...

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်တို့ဟာ တစ်ချိန်က သိုင်းလောကမှာ ဆိုးသွမ်းသောင်းကျန်းခဲ့ကြတယ်၊ ဒါကို ရှောင်ဖုံးက သိနေတယ်၊ သူကသာ ကျုပ်တို့အကြောင်း ဖော်ထုတ်လိုက်ရင် သိုင်းသမားတွေဟာ ကျုပ်တို့ဆီကို ချက်ချင်းရောက်လာပြီး ဒုက္ခပေးကြလိမ့်မယ်၊ ဒီလိုအဖြစ်မျိုးကို ကျုပ်တို့ အဖြစ်မခံနိုင်ဘူး၊ ဒါကြောင့် ရှောင်ဖုံးကျေနပ်အောင် သူခိုင်းသမျှ လုပ်ရမှာပဲ"

ဟု ရှင်းပြလိုက်၏။ သူက ...

"လက်စသတ်တော့ ဒီလိုကိုး၊ ရှောင်ဖုံးက ခိုင်းတိုင်း လုပ်နေရမယ်ဆိုရင် တစ်နေ့မဟုတ်တစ်နေ့ ခင်ဗျားတို့လည်း ဒုက္ခရောက်ရမှာပဲ"

ကျူးထင်းက ခေါင်းညိတ်လိုက်၏။

"ဒါကို ကျုပ်သိပါတယ်၊ မင်းကို သုတ်သင်ပြီးတာနဲ့ ရှောင်ဖုံးကိုလည်း သုတ်သင်ပစ်ရမှာပဲ"

သူက ...

"ခင်ဗျားတို့ လုပ်ချင်တိုင်းလုပ်လို့ မရဘူး"

ဟု ပြောကာ မီးပုံထဲမှ မီးလောင်နေသော တုတ်တစ်ချောင်းကို ဆွဲယူကာ ခုခံတိုက်ခိုက်ရန် အသင့်ပြင်ထား၏။



"ဟား ... ဟား ... ဟား"

ခါးကုန်းကြီးက ဟားတိုက်ရယ်မောလိုက်၏။

သူ့အား တိုက်ခိုက်ဖို့ ခုန်ဝင်လာ၏။

"သွားစမ်း"

သူ၏လက်ထဲမှ မီးတုတ်ကိုယူကာ လွှင့်ပစ်လိုက်ပြီး လက်ဝါးဖြင့် ရိုက်ချပြန်ပြင်လိုက်၏။ ထိုစဉ် ...

"ရပ်လိုက်စမ်း"

ဟန့်တားသံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရသည်။

ခါးကုန်းကြီး ကြောင်အမ်းအမ်းဖြစ်ကာ နောက်ဆုတ်လိုက်သည်။ ကျူးထင်းကလည်း လှည့်ကြည့်လိုက်၏။

ထိုအခါ ... လူတစ်ယောက် လျှောက်လာနေသည်ကို တွေ့လိုက်ရ၏။

"ဆရာကြီး ရှောင်ဖုံး"

သူက လွှတ်ခနဲ ခေါ်လိုက်၏။

မှန်ပေသည်။ ရှောင်ဖုံး ရောက်ရှိလာပြီဖြစ်သည်။

✷

www.burmeseclassic.com

www.burmeseclassic.com



ခါးကုန်းကြီးနှင့်ကျူးထင်းတို့ တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ပြီး ရှောင်ဖုံးအား မသိမသာ ဝိုင်းရံထားလိုက်ကြ၏။

ရှောင်ဖုံးက ...

"ကျုပ် အချိန်မီရောက်လာလို့ တော်သေးတာပေါ့၊ မင်းတို့ဟာ သူ့ကို ရှင်းပစ်စရာမလိုတော့ဘူး"

သူ့အား ညွှန်ပြကာ ပြောလိုက်၏။

ကျူးထင်း မျက်မှောင်ကုတ်သွားပြီး ...

"ကျုပ်တို့က မိတ်ဆွေရဲ့အမိန့်အတိုင်း တစ်သဝေမတိမ်း လိုက်နာဆောင်ရွက်နေကြတာပဲ၊ မိတ်ဆွေက ဘယ်လိုဖြစ်ပြီး သဘောထားပြောင်းလဲသွားတာလည်း ပြောစမ်းပါဦး"

ဟု မေးလိုက်၏။

ရှောင်ဖုံးက ...

"ကျုပ်သမီးနဲ့ပတ်သက်ပြီး သူ့အပေါ် အထင်လွဲမိလို့ပါ။ ခုတော့ ကျုပ်အမှားဆိုတာ သဘောပေါက်လိုက်ပါပြီ၊ သူ့ကို သုတ်သင်ရှင်းလင်းစရာ မလိုတော့ပါဘူး"

ခါးကုန်းကြီးက ...



"ဒါဆိုလည်း ကျုပ်တို့ ပင်ပန်းစရာမလိုတော့ဘူးပေါ့"

ဟု ရယ်မောလိုက်၏။

ရှောင်ဖုံးက ...

"ကျုပ် သူ့ကိုခေါ်သွားမယ်"

ဟု ပြောကာ သူ့ထံသို့လှမ်းသွားရန် ဟန်ပြင်လိုက်၏။

ထိုစဉ် ...

ကျူးထင်းနှင့်ခါးကုန်းကြီးတို့မှာ တစ်ယောက်ကိုတစ်ယောက် မျက်ရိပ်ပြကာ ရှောင်ဖုံးအား ညှပ်ပူးညှပ်ပိတ် တိုက်ခိုက်ကြလေ၏။

ရှောင်ဖုံးမှာ အငိုက်မိသွားကာ ...

"ဝုန်း"

"အား"

အဝေးသို့ လွင့်စဉ်သွားလေသည်။

*

ရှောင်ဖုံး အငိုက်မိ၍ မမျှော်လင့်ဘဲ ခံရသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျူးထင်း၏လက်ဝါးရိုက်ချက်မိကာ အဝေးသို့ လွင့်စဉ်၏။

"ဟား ဟား ဟား"

"ဟား ဟား ဟား"

ကျူးထင်းနှင့်ခါးကုန်းကြီးတို့ ရယ်လိုက်ကြ၏။ ရှောင်ဖုံး ကပျာကယာ လူးလိမ့်ထ၍ နှုတ်ခမ်းမှ ယိုစီးကျလာသည့် သွေးတို့ကို သုတ်လိုက်ပြီး ...

"မင်း ဘယ်လိုလုပ်တာလဲ"

မယုံနိုင်စွာ မေးသည်။ ကျူးထင်းက ...

"ကျုပ်တို့အကြောင်းသိထားတဲ့ ခင်ဗျားကို ရှင်းပစ်နိုင်မှ ကျုပ်တို့အတွက် နောက်ကြောင်းအေးရမယ် မဟုတ်လား"

ခါးကုန်းကြီးက ...

"ခင်ဗျား သေဖို့သာပြင်ထားတော့"

ဟု ကြုံးဝါး၍ တိုက်ခိုက်လိုက်လေသည်။

ကျူးထင်းကလည်း ပြေးဝင်လာသည်။ သူတို့နှစ်ယောက် ပေါင်း၍ ရှောင်ဖုံးကို တိုက်ခိုက်လိုက်ကြသည်။

ရှောင်ဖုံးမှာ ထိပ်သီးသိုင်းသမားကြီးတစ်ဦးဖြစ်ရာ ကျူး ထင်းတို့ကို မှုမည်မဟုတ်ပါ။



သို့သော် အလစ်အငိုက် တိုက်ခိုက်ခံရ၍ အထိနာရထားသည်ဖြစ်ရာ အနိုင်ယူဖို့မဆိုထားနှင့် ခုခံရန်ပင် ခက်ခဲသွားသည်။

ထိုအချိန်မှာပင် ...

"ယား"

ညာသံပေးသံနှင့်အတူ ဘုံကျောင်းပျက်ထဲမှ လူရိပ်တစ်ခု ခုန်ထွက်လာကာ ရှောင်ဖုံးနှင့်အတူ လက်တွဲတိုက်ခိုက်သည်။

ရှောင်ဖုံး အားတက်သွားပြီး ကျူးထင်းတို့ကို ပြတ်သားစွာ ရင်ဆိုင်လိုက်လျှင် ...

'ဝုန်း'

"အား"

အော်ဟစ်သံတို့ ထွက်ပေါ်လာပြီး ကျူးထင်းနှင့် ခါးကုန်းကြီးတို့ မြေပေါ်သို့ လဲကျသွားကြလေတော့သည်။

✸

ကျူးထင်းနှင့် ခါးကုန်းကြီးတို့ မြေပေါ်လဲကျ၍ အဆိုက် ဓာတ်သိမ်းသွားကြပြီ ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



လုရီက ရှောင်ဖုံးနှင့်လက်တွဲတိုက်ခိုက်သူကို ကြည့်လိုက်ရာ ဝမ်လိန်ဖြစ်နေသည်ကို တွေ့ရလျှင် ဝမ်းသာသွားလေသည်။

"ညီမ"

"အစ်ကို"

အန္တရာယ်မှ လွတ်မြောက်လာကြပြီဖြစ်ရာ သူတို့သည် ဟန် မဆောင်နိုင်ကြဘဲ တစ်ယောက်ကိုတစ်ယောက် ပွေ့ထက်ထား လိုက်ကြလေသည်။

"အဟမ်း"

ရှောင်ဖုံးက ချောင်းဟန့်လိုက်မှ လူချင်းခွဲလိုက်ကြလေ၏။ ရှောင်ဖုံးသည် လုရီကို ကြည့်လိုက်ပြီး ...

"ကျုပ်က မင်းကို လုပ်ကြံဖို့ ရည်ရွယ်ပြီး ကျူးထင်းဆီကို လွှတ်လိုက်မိတယ်၊ ကျုပ်ရဲ့အမှားကို ခွင့်လွှတ်ဖို့ တောင်းပန်ပါတယ်"

ဟု ပြောလာလေသည်။

လုရီက ...

"ဦးဟာ အကြောင်းတစ်ခုခုကြောင့် အထင်မှားပြီး ခုလို လုပ်ခဲ့တယ်ဆိုတာကို ကျွန်တော် သဘောပေါက်ပါတယ်"

ရှောင်ဖုံးက ...



"ဟုတ်ပါတယ်ကွယ်၊ တစ်ချိန်က ကျုပ်ဟာ သိုင်းလောက မှာ ကျင်လည်ကျက်စားချင်တဲ့ အာသီသ ပြင်းထန်ပြီး အိမ်မေကာင်ခဲ့ ဘူး။ ဇနီးနဲ့သမီးကို ပစ်ထားခဲ့မိတယ်၊ ကျုပ်ရဲ့ဇနီးသည်ဟာ အထီး ကျန်ဘဝနဲ့ နေရတာကို ငြီးငွေ့ပြီး ဖောက်ပြန်ခဲ့တယ်၊ သမီးလေးကို ထားပစ်ခဲ့ပြီး ထွက်ပြေးသွားခဲ့တယ်၊ အဲဒီနာကြည်းချက်ကြောင့် ကျုပ်က သမီးလေးကို ချုပ်ချယ်ထားပြီး ပတ်သက်လာတဲ့လူတွေကို မကောင်းကြံမိတာပါကွယ်"

သူ၏ခါးသီးသောခံစားချက်ကို ဖွင့်ပြောလေသည်။

လုရီမှာ ရှောင်ဖုံးအား မုန်းတီးခြင်း မရှိသည့်အပြင် ကရု ဏာသက်သွားလေသည်။

ရှောင်ဖုံးက ...

"ကျုပ်မှားခဲ့တာကို နောင်တရပြီး မင်းကို အချိန်မီ ကယ် တင်နိုင်အောင် လိုက်လာခဲ့တာပါ၊ ကျုပ်အမှားကို ခွင့်လွှတ်စေချင် ပါတယ်"

ဟု တောင်းပန်လာ၏။ သူက ...

"ကျွန်တော် ခွင့်လွှတ်ပါတယ်၊ ဘယ်လိုမှ သဘောမထား ပါဘူးခင်ဗျာ"

www.burmeseclassic.com

www.burmeseclassic.com



ဟု ရိုးရိုးသားသားပင် ပြောလေ၏။

ရှောင်ဖိုးမှာ ဝမ်းသာလွန်းသဖြင့် မျက်ရည်များပင် စီးကျလာသည်။

✱

လေပြည်လေညင်း ငွေ့ယမ်းတိုက်ခတ်နေ၏။

တောပန်းပင်များသည် လေယူရာ ယိမ်းနွဲ့နေကြသည်။

ပန်းရနံ့များကလည်း ဝန်းကျင်တစ်ခုလုံး သင်းပျံ့မွှေးကြိုင်နေ၏။

ဝန်းကျင်တစ်ခုလုံး သာယာလှပနေ၏။

လုရှီနှင့်ဝမ်လိန်တို့မှာ လက်ချင်းတွဲကာ တောလမ်းအတိုင်း လျှောက်လှမ်းလာကြ၏။

သူတို့၏ရင်ထဲ၌ ပျော်ရွှင်ကြည်နူးမှုများ ဖြစ်ပေါ်နေ၏။

တစ်ယောက်သဘောထားကို တစ်ယောက်က နားလည်ကာ ချစ်သူဘဝ ရောက်သွားကြပြီး မဟုတ်ပါလား။

ရုတ်တရက် ...



နှစ်ယောက်သား ရှေ့ဆက်သွား၍မရအောင် အဟန့်အတားတစ်ခု ဖြစ်ပေါ်လာ၏။

သူတို့၏သွားရာလမ်းပေါ်၌ လူတစ်ယောက်က လမ်းပိတ်ဟန့်တားနေခြင်းဖြစ်၏။

ထိုလူကိုမြင်လျှင် ...

"ဟင် ... ဦးလေးဝမ်လို"

ဝမ်လိန် ထိတ်လန့်စွာ ရေရွတ်လိုက်၏။

လမ်းပိတ်ထားသူမှာ ဝမ်လိုဖြစ်၏။

ဝမ်လိုက မျက်နှာထားတင်းတင်းဖြင့် ...

"ဒီတစ်ခါတော့ မင်း ထွက်ပြေးလို့မရတော့ဘူး"

ဟု ဝေါက်လိုက်သည်။

သူမ မကျေမနပ်ဖြစ်သွား၏။

"ကျွန်မ ထွက်မပြေးဘူး၊ ဒါပေမဲ့ အိမ်ကိုလည်း မပြန်ဘူး"

"ဘြော်"

ဝမ်လိုက ဦးခေါင်းတဆတ်ဆတ် ညိတ်လိုက်ပြီး ...

"အိမ်မပြန်ချင်ဘူး ဟုတ်လား၊ ကောင်းပြီ၊ ဘာကြောင့် မပြန်ချင်ရတာလဲ ပြောစမ်းပါဦး"

www.burmeseclassic.com

www.burmeseclassic.com



ဟု မေးလိုက်၏။

သူမက ...

"ကျွန်မ မချစ်မနှစ်သက်တဲ့လူနဲ့ လက်မထပ်ချင်လို့ပေါ့"

ဝမ်လုံက ...

"ကောင်းပြီ၊ မင်းမချစ်တဲ့လူကို လက်ထပ်စရာမလိုတော့ဘူးဆိုရင်ရော"

"ရှင်"

"သူမ သိမ်းငှက်ငွေတိုက်ပိုင်ရှင် ကျိုစန်းက မင်းအမေနဲ့ လာတွေ့သွားပြီးပြီ"

"ဟင် ... သူ ... သူက ဘာတွေပြောသွားသလဲ"

သူမက အထိတ်တလန့် မေးလိုက်၏။

ဝမ်လုံက မှဲ့ပြုံးပြုံးလိုက်ပြီး ...

"သူ့သား သိမ်းငှက်မင်းသားလေး ဇကျိုရှိဟာ သူ့ရဲ့ချစ်သူ မိန်းကလေးတစ်ယောက် ခိုးပြေးသွားလို့ သားသမီးချင်း လက်ထပ်ပေးဖို့ကိစ္စကို ဖျက်သိမ်းဖို့ လာပြီးတောင်းပန်သွားတာပဲ"

"ဟင် ... ဒါ ... ဒါ တကယ်လား"

"တကယ်ပေါ့"



သူမက ထခုန်မတတ် ဝမ်းသာသွားလေ၏။

"ဟား ... ဟား ... ဟား"

ဝမ်လုံ သဘောကျစွာ ရယ်လိုက်ပြီး ...

"ဘယ်လိုလဲ၊ မင်း ကျေနပ်သွားပြီ မဟုတ်လား"

သူမ ခေါင်းညိတ်လိုက်၏။

"သိပ်ကို ကျေနပ်တာပေါ့ ဦးလေးရယ်"

ဝမ်လုံက ...

"ဒါဖြင့် အိမ်ကိုပြန်လိုက်ခဲ့ရမယ်၊ လက်ထပ်စရာ မလိုတော့ဘူး"

သူမက ...

"ဟင့်အင်း"

"ဘာဖြစ်လို့လဲ"

သူမက ငြင်းလိုက်သဖြင့် ဝမ်လုံ အံ့သြသွား၏။

သူမက ...

"ကျွန်မ လက်ထပ်တော့မှာမို့ပါ"

"ဘာ"

သူမက လုရှီအား ညွှန်ပြလိုက်ပြီး ...

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မက သူနဲ့ လက်ထပ်တော့မယ်လေ"

ဟု ပြောလျှင် ...

"ဟေ"

ဝမ်လုံ ပါးစပ်အဟောင်းသား ဖြစ်သွားလေ၏။

သူမနှင့်လုရှီတို့မှာ ဝမ်လုံကိုကြည့်ကာ ရယ်မောလိုက်၏။

သူတို့၏ရယ်မောသံသည် တိုက်ခတ်လာသော လေပြည်နှင့်အတူ အဝေးသို့တိုင် လွင့်ပျံ့သွားတော့၏။

မကြာမီ လောကကြီးတစ်ခုလုံး သာယာလှပလာတော့မည် ဖြစ်လေသည်။

ဝတ္တုအောင်

www.burmeseclassic.com